နန့်ချစ်ကြည်စာပေ

စာအုပ်များစုဝေးရာ

# ချစ်သူ မုန်းသူများသည့် ကျော်ကြားသူများ

ဒေါက်တာမတင်ဝင်း

(ပညာရေး၊ တက္ကသိုလ်)




စာအုပ်များစုဝေးရာ

ချစ်သူ မုန်းသူများသည့် ကျော်ကြားသူများ

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ၊
အုပ်ရေ ၁၀၀၀၊

အဖုံးပန်းချီ သန်းမြင့်အောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၀၀၉၇၉၀၅၁၀ နှင့်
စာမူခွင့်ပြုချက် အမှတ် ၄၀၁၁၁၁၀၅၃၀ တို့အရ
[illegible]မောင်ဝင်း (၃၇၇၄) ဝင်းရတနာစာပေ၊ ၃၃ အက်ဖ်၊
[illegible]၊ ၇ ဗိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍
မျက်နှာဖုံးနှင့် အတွင်းစာသား ဦးအောင်ထက် (ဝ၈၀၀၃) အောင်ပါရမီ
[illegible]၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်က ပုံနှိပ်သည်။

စာအုပ်ချုပ် ကိုဇော်ဝင်း
တန်ဖိုး ၁၇၀၀ ကျပ်

# မာတိကာ


စာရေးသူ အမှာ ၄

၁။ မဟာခံသော အလက်ဇန္ဒာ ၈

၂။ အသောက မောရိယ မဟာရာဇာ ၅၄

၃။ ဂျူးလီးယပ်စ် ဆီဇာ ၁၀၀

၄။ မဟာပီတာ ၁၄၄

၅။ ပထမမြောက် နပိုလီယံ ၁၉၀

## စာရေးသူ့အမှာ

စာရေးသူသည် ငယ်စဉ်ကတည်းက ရာဇဝင်ကို နှစ်ခြိုက်သဘောကျသူ ဖြစ်ခဲ့ပါသည်။ ထိုသို့ရာဇဝင်ကို နှစ်ခြိုက်သဘောကျခြင်းသည် သူ့အလိုအလျောက် ဖြစ်လာသည် မဟုတ်ပါ။ အလွန့်အလွန် ငယ်စဉ်ကတည်းက ပုံပြင်အဖြစ် ကြားခဲ့ရသော ရာဇဝင်ပါ ထူးခြားသောပုဂ္ဂိုလ်များ၏ အကြောင်းသည် ဆွဲဆောင်မှု အားကောင်းစွာဖြင့် စိတ်ထဲတွင် ဝင်ရောက်ကိန်းအောင်းနေခဲ့ပါသည်။ သားသမီးများ ကူ ကူမများအပါအဝင် မိမိတို့ဝန်းကျင်ရှိ သူငယ် သူငယ်မများကို လိမ္မာစေချင် ယဉ်ကျေးစေချင် ဗဟုသုတရှိစေချင်သော ရည်ရွယ်ချက်ဖြင့် အေးချမ်းသော ချိုမြသာယာသောအသံဖြင့် ညစဉ်ညတိုင်း ပုံပြောခဲ့သော မိကြီး မိထွေးများ အဘိုးအဘွားများ၏ ကျေးဇူးဂုဏ်သည် ကြီးမားလှပါသည်။ စာရေးသူ ကျောင်းမတက်မီကတည်းက စာရေးသူ၏ စိတ်အစဉ်တွင် သိမြင်ရိမှုသောကမင်းကြီးက စိုးမိုးခဲ့ပြီးဖြစ်ပါသည်။

ကျောင်းစတင်နေရပြီဟုဆိုကတည်းက သင်ရိုးတွင်ပါဝင်သော ရာဇဝင်ကြောင်းများစွာကို အထူးစိတ်ပါဝင်စားစွာ နားထောင်မှတ်သားကျင့် ရှိလာသည်မှာ မူလကတည်းက ပုံပြင်များကို နှစ်ခြိုက်သောဓာတ်ခံ ရှိခဲ့သောကြောင့် ဖြစ်ပါသည်။ ထိုသို့ စာရေးသူ၏ မူလဓာတ်ခံကို ဆရာကောင်းတို့၏ သင်ပြမှုက ပိုမိုမြင့်တင်ပေးနိုင်ခဲ့ပါသည်။

ကျွန်မတို့အား ဘာသာရပ်အမျိုးမျိုးကို သင်ကြားပို့ချပေးခဲ့သော ဆရာများသည် စာသင်ဆရာများ မဟုတ်ကြပါ။ စာကိုသာ သင်၍ စိတ်ကို မသင်သောဆရာများသည် ကျောင်းသား၏ စာအုပ်ထဲသို့သာ စာရောက်စေအောင် ကြိုးစားတတ်ကြပါသည်။ စာရေးသူနှင့် ကြုံဆုံခဲ့ရသော ဆရာများသည် စာကိုအခြေခံ၍ စိတ်ကိုသင်သောဆရာများ ဖြစ်ကြပါသည်။ စာကိုသင်ရာတွင် ကျောင်းသားများ၏ စာအုပ်ထဲသို့ စာရောက်စေသည်ထက် စာထဲမှ အနှစ်သာရများကို စာရေးသူတို့ကိုယ်တိုင် တွေးတောထုတ်နုတ်တတ်

စာအုပ်များစုဝေးရာ



အောင် လေ့ကျင့်ပေးခဲ့ကြပါသည်။ ဥပမာတစ်ခုကို တင်လိုပါသည်။ ဆရာဦးသိန်းလှိုင်က ပုဂံခေတ် ကိုးကွယ်ယုံကြည်မှုအကြောင်းကို ကျွန်မတို့အား အရေးခိုင်းပါသည်။ ကျွန်မသည် ငယ်စဉ်က စာကိုအထပ်ထပ်ဖတ်လေ့ရှိပါသည်။ ဖတ်ရင်း အလွတ်ရတတ်ပါသည်။ ထို့ကြောင့် ဆရာပေးသော အိမ်စာကို စီကုံးရေးသားရာတွင် ထိုစဉ်ကပြဋ္ဌာန်းသော ဆရာဦးမောင်မောင်ကြီး၏ 'လောကီထုပ္ပတ် လူတို့ဇာတ်' စာအုပ်ထဲတွင် ပါသည့်အတိုင်း တစ်လုံးမကျန် ပြန်၍ရေးလိုက်ပါသည်။ အထူးသဖြင့် မည်းညစ်သည့် စီဝရံနှင့် တာတေလန် အကျင့်ဆိုးလှသော ရှင်သိုးတကာ့ထိပ်ခေါင်ကြီး ရှင်မထီး တို့ကဲ့သို့ဆိုသော စာကိုလည်း ကြိုက်လှသောကြောင့် အရင်းအတိုင်းပင် ရေးသားဖြေဆိုလိုက်ပါသည်။ လက်ရေးကိုလည်း လှပအောင် ကြိုးစားရေးလိုက်ပါသည်။ ဆရာထံမှ စာအုပ်ပြန်ရလျှင် အမှတ်များမည်ဟုလည်း မျှော်လင့်ခဲ့ပါသည်။

စာအုပ်ပြန်ရသည့်အချိန်တွင် အမှတ်ပေးထားခြင်းမရှိဘဲ အမှန်တကယ်တော်သူများသည် ကျောင်းသုံးစာအုပ်ပါ စာများကို အရင်းအတိုင်း ပြန်၍ရေးသားသူများ မဟုတ်ကြ။ စာထဲတွင်ပါသော အနှစ်သာရများကို နားလည်ကြသူများဖြစ်သည်။ ထိုသို့နားလည်ထားသည်တို့ကိုလည်း မိမိတို့၏ ကိုယ်ပိုင်အရေးအသားဖြင့်သာ ပြန်လည်တင်ပြရမည်ဖြစ်သည်ဟူသော မှတ်ချက်ရှည်ကြီး ပါလာပါသည်။ ဆရာဦးသိန်းလှိုင်သည် ဆရာမြင့်လောက် ကြာကြာ ဆရာတော်ခွင့်မရသော်လည်း စာရေးသူ၏ ပညာဆည်းပူးနည်း၊ ပြန်လည်တင်ပြနည်းတို့ကို ကောင်းစွာပြုပြင်သွန်သင်ခဲ့သော ဆရာတော် ဆရာကောင်းတစ်ဦး ဖြစ်ပါသည်။

ဆရာမြင့်သည် စာရေးသူ မကြာခဏ တင်ပြရေးသားဖူးခဲ့သည့်အတိုင်း စာကိုအကြောင်းပြု၍ အတွေးကိုသင်သော ဆရာတော် ဆရာကောင်းကြီးတစ်ဦး ဖြစ်ပါသည်။ ဆရာ၏ သမိုင်းသင်ကြားနည်းသည် သမိုင်းဝင်လူသားများကို အသက်ဝင်အောင် ရှင်သန်လှုပ်ရှားလာအောင် သူတို့၏ စိတ်နေသဘာဝကို စာရေးသူတို့ကဲ့သို့ ကျောင်းသားငယ်များ နားလည်လာအောင် စိတ်ကိုသင်သောနည်း ဖြစ်ပါသည်။

စာရေးသူသည် ကံကောင်းလေစွဟု မိမိကိုယ်ကို မကြာခဏပြောမိ

[illegible] ကြုံခဲ့သောကြောင့်ဖြစ်ပါ [illegible] စာဖတ်သည့်အခါတိုင်း တွေးပါသည်။ သမိုင်းကို [illegible] အဘယ့်ကြောင့် ဤကဲ့သို့ ဆောင် [illegible] မှားသလောဟူသော သုံးသပ်ချက်ဖြင့် ပြန်၍ပြန်၍ [illegible] ထိုသို့သောနည်းဖြင့် ဖတ်ထားသောအကြောင်းအရာများ [illegible] ကောက်ချက်များပါထည့်သွင်း၍ တင်ပြရေးသား [illegible] ထိုသို့ စာရေးသူ ကောက်ချက်ချထားသမျှသည် အမြဲအစဉ် [illegible] ပြောရန်ခက်ခဲပါသည်။ အကြောင်းအချက် အသစ်များကို [illegible] ပြင်ဆင်တင်ပြရလေ့ရှိပါသည်။ သို့သော် တကယ်တကယ်စင် [illegible] ကောက်ချက်ချမိသည့်အဖြစ်နှင့် မကြုံခဲ့ရပါ။

[illegible] သမိုင်းဖြစ်ရပ်တိုင်း၌ တွေ့ရတတ်သော [illegible] အကျိုးဆက်များ၏ ဆက်သွယ်ပုံကို လေ့လာနိုင်မှသာ [illegible] ဖြစ်ပါသည်။ သမိုင်းဝင်ပုဂ္ဂိုလ်များကိုလည်း သူတို့ခေတ်၏ [illegible] ထင်ဟပ်၍ မြင်သင့်ပါသည်။ ကောက်ချက်ချသင့်ပါသည်။ [illegible] မြင်ခြင်းဖြင့် ယနေ့ခေတ်တွင် အသုံးဝင်ပါမည်လောဟု [illegible] မြင်တတ်ပါက ထိုအမြင်ကို ယနေ့ [illegible] သုံး၍ရနိုင်ပါသည်။ တစ်ခေတ်ကပုဂ္ဂိုလ်များကို ယနေ့ခေတ်အမြင် [illegible] ပုံပန်းကျနသောလူသားကို မြင်နိုင်မည်မဟုတ်သဖြင့် [illegible] သုံးနိုင်မည်မဟုတ်ပါဟု တင်ပြလိုပါ [illegible]

[illegible] လူငယ်လူရွယ်များအထိ တွေးတောစဉ်းစား [illegible] စိတ်ကိုသင်ပေးလိုက်နိုင်ပါမှ ကျောင်းသင်ခန်း [illegible] သို့ရောက်သည်အထိ ကိုယ်ထူကိုယ်ထ ပညာရှာ [illegible] ဖြစ်သည်။ စာရေးသူသည် ဆရာများက ထိုသို့ [illegible] ရသည်ဖြစ်၍ ယနေ့တိုင် စာသင်သားတစ်ဦးအဖြစ် [illegible] စာဖတ်လေ့ရှိပါသည်။ ယခုတင်ပြသည့် သမိုင်းဝင် [illegible] ကိုလည်း ငယ်စဉ်ကတည်းက အခုအထိ အထပ်



ထပ် ဖတ်ခဲ့ပြီးဖြစ်ပါသည်။ အမြင်အမျိုးမျိုးဖြင့် မြင်ကြသည်ကိုလည်း စိတ်ဝင်စားဖွယ်ဖတ်ရှုလေ့လာရပါသည်။ စာရေးသူသည် အလက်ဇန္ဒာ၊ အသောက၊ ဂျူလီးယပ်စ်ဆီဇာ၊ မဟာပီတာနှင့် နပိုလီယံတို့ ၅ ဦးကို **'ချစ်သူ မုန်းသူများသည် ကျော်ကြားသူများ'** အဖြစ် သတ်မှတ်ခဲ့သည်မှာ လုံလောက်သော အကြောင်းရှိပါသည်။ ကျော်ကြားသူတိုင်းသည် သူတို့၏စိတ်နေသဘာဝ သူတို့၏လုပ်ရပ်ကိုလိုက်၍ ကျော်ကြားခြင်းဖြစ်ပါသည်။ ထိုသို့ကျော်ကြားစေခဲ့သော သူတို့၏လုပ်ရပ်များကြောင့် တိုးတက်ဖွံ့ဖြိုးသူများလည်း ရှိမည်။ နစ်နာသူများလည်းရှိမည်။ တိုးတက်ဖွံ့ဖြိုးသူများ၏ ချစ်ခြင်းကိုလည်း ခံယူရမည်။ နစ်နာသူများ၏ မုန်းတီးခြင်းကိုလည်း ခံယူရမည်မှာ သေချာပါသည်။ သမိုင်းစဉ်တွင်လည်း သူတို့၏လုပ်ရပ်များကြောင့် အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့မည်။

ထိုထိုသောအကြောင်းများကြောင့် အချိန်ကာလ၏ခြားနားမှု နေရာဒေသ၏ အကွာအဝေးတို့ကို ကျော်ဖြတ်ကာ ယခုတိုင် ချစ်သူ မုန်းသူများလည်း ရှိနေနိုင်ပါသည်။ စာရေးသူသည်ပင် ထိုသူများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ချစ်သည်လည်းရှိ မုန်းသည်လည်းရှိနေသောကြောင့် ထိုသူတို့၏အကြောင်းကို အခုတ်တရ ရှာဖွေဖတ်ရှု ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

စာဖတ်သူ လူငယ်များသည် ထိုထိုသောအကြောင်းအရာများကို ရှာဖွေဖတ်ရှုရန် အခွင့်အရေးမရသဖြင့် ထိုသူများ ဖတ်ရှုစေလိုသော စေတနာသက်ရောက်ကာ ရေးပါသည်။ စာရေးသူတွေးသည့်အတိုင်း လိုက်၍တွေးရမည်ဟု မဆိုလိုပါ။ သို့သော် မည်သည့်အကြောင်းအရာကိုပဲဖြစ်ဖြစ် မြင်မိကြားမိ ဖတ်ရှုမိပါက မတွေးဘဲမနေပါနှင့်။ ရဲရဲသာတွေးလိုက်ကြစေချင်ပါသည်။ ထိုသို့တွေးတောတတ်ခြင်းမှသည် ဆင်ခြင်သုံးသပ်သည့်အား တိုးတက်ဖွံ့ဖြိုးလာစေချင်ပါသည်။ မိမိဘာသာ တွေးတောစဉ်းစားရင်း နိုင်လုံသည်ထက် နိုင်လုံအောင် အထောက်အထားရှာခြင်း၊ စီကာစဉ်ကာ တင်ပြခြင်းတို့ဖြင့် မိမိတို့၏အရည်အချင်းကို မြှင့်တင်နိုင်စေချင်ပါသည်။ လူကြီးတစ်ယောက်အနေဖြင့် အချိန်မီပါ့မလားဟု စိုးရိမ်စိတ်ဖြင့် တင်ပြနေသော အကြောင်းအရာများကို ဖတ်ရှုခြင်းဖြင့် မိမိတို့အချိန်ကို အမှတ်ထင်ထင် သုံးကြည့်စေချင်ပါသည်။ နှောင်တ မရစေရပါဟု တာဝန်ယူပါသည်။

စာအုပ်များစုဝေးရာ



မဟာခံသော အလက်ဇန္ဒာ

## မဟာခံသော အလက်ဇန္ဒာ

### အလက်ဇန္ဒာနှင့် မိတ်ဆက်မိခြင်း

အလက်ဇန္ဒာမင်းမဟာ၏ ဘဝဇာတ်ကြောင်းသည် စိတ်ဝင်စားဖွယ် ကောင်းလှသည်။ စာရေးသူတို့ငယ်စဉ်က သင်ယူခဲ့ရသော ဘာသာရပ် သင်ရိုးများသည် ကိုလိုနီခေတ် သင်ရိုးများ၏ အကြွင်းအကျန်များဖြစ်ရာ မိမိတို့နိုင်ငံမှ သူရဲကောင်းမင်းများ၏အကြောင်းထက် ဥရောပမှ သူရဲကောင်းများ၏အကြောင်းကိုသာ တခမ်းတနားဖော်ပြထားသည်တို့ကိုသာ သင်ယူခဲ့ရသည်။

အလက်ဇန္ဒာနှင့်ပတ်သက်၍ အသက်အလွန်ငယ်သေးသော ၁၄ နှစ်ခန့် အရွယ်ကတည်းက အစွမ်းအစရှိသော မင်းသားငယ်အဖြစ် စာရေးသူကို ဖတ်ခဲ့ရသည်။ သူ၏ခမည်းတော် ဖိလစ်ထံသို့ အရှေ့ဘက်မင်းနေပြည်တစ်ခုမှ ဆက်သလိုက်သော မြင်းတစ်ကောင်သည် အလွန်ဆတ်သည်။ ထိုမြင်းကို စီးနင်းရန် ကြိုးစားသူတိုင်း မည်သူမျှကုန်းနှီးပေါ်အထိ တက်ရောက်ခြင်း မပြုနိုင်ဘဲ မြင်းကခါ၍ အချခံနေရသည်ကို မင်းသားငယ် အလက်ဇန္ဒာက မြင်နေရသည်။ မင်းသားငယ်သည် သူတက်ရောက်စီးနင်းနိုင်ပါက မြင်းကို သူ့အားပေးမည်လောဟု ခမည်းတော်ကိုမေးခဲ့သည်။ ခမည်းတော်က ပေးမည်ဟုဆိုသည့်အချိန်တွင် မင်းသားက မြင်း၏ဇက်ကြိုးကို ရုတ်တရက်ဆွဲ၍ မြင်းကို အရှေ့ဘက်သို့မျက်နှာမူသည်အထိ လှည့်လိုက်သည်။ ထို့နောက် သူပါ မြင်းကုန်းနှီးပေါ်သို့ တစ်ပါတည်းတက်ကာ မြင်း၏ ဇက်ကြိုးကို နိုင်အောင်ဆွဲ၍ လိုသလိုစိုင်းကာ စီးလေတော့သည်။ ထိုမြင်း၏ အမည်မှာ ဗျူဆဲဖာလပ်စ် (Bucephalus)ဖြစ်သည်။ ထိုသို့သော အလက်ဇန္ဒာ၏ စွမ်းရည်ကို မြင်ရသည်နှင့် ခမည်းတော်ဖိလစ်က ပီတိဖြစ်လွန်း၍ မျက်ရည်ကျခဲ့သည်ဟု ဆိုသည်။ ထိုမြင်းနှင့် အလက်ဇန္ဒာတို့သည် နှစ်ပေါင်း ၂၀ ခန့် မခွဲခွာဘဲ နေခဲ့ကြသည်ဟု ဆိုသည်။

ထိုကဲ့သို့သော ဇာတ်ကြောင်းသည် စာရေးတို့ကဲ့သို့ ငယ်ရွယ်သော သူများအတွက် စံပြုသူရဲကောင်းတစ်ယောက် မွေးဖွားပေးလိုက်နိုင်သော ဇာတ်ကြောင်းဖြစ်သည်။ စာရေးသူသည် အလက်ဇန္ဒာ၏အကြောင်းကို ဆက်လက်သင်ယူခဲ့ရခြင်း မရှိသော်လည်း သူ၏အကြောင်းကိုမူ ကြီးကြား ထိုးသို့ ဖတ်နေရသည်။ ဖတ်၍လည်းကောင်းပါသည်။ သို့သော် ရင့်ကျက်မှု ထိုးဖောက်လာသည်နှင့်အမျှ ဆန်းစစ်သောအတွေးများ ပေါ်ပေါက်လာသည်။

လူတစ်ဦးတစ်ယောက်၏ ကြီးကျယ်မှုသည် သူ၏ဘဝဇာတ်ကြောင်း အစိမ့်ကည်းကို ဖတ်ရုံဖြင့် မပိုပြင်နိုင်ပါ။ ထို့ကြောင့် အလက်ဇန္ဒာ ပေါ်ပေါက် လာသောအချိန်တွင် ပတ်ဝန်းကျင်ဒေသ၌ မည်သည့်အခြေအနေမျိုး ရှိနေ ခဲ့သည်ဆိုသည့်အချက်ကို လေ့လာရန် လိုအပ်ပါသည်။

## မက်ဆီဒိုးနီးယားနိုင်ငံနှင့် ဂရိမြို့ပြနိုင်ငံများ

ဂရိကျွန်းဆွယ်၏ မြောက်ဘက်တွင်ရှိသော မက်ဆီဒိုးနီးယားနိုင်ငံ သည် ကုန်းတွင်းပိတ်နိုင်ငံတစ်ခု ဖြစ်သည်။ ထိုနိုင်ငံ၏တောင်ဘက်ရှိ ဂရိ ကျွန်းဆွယ်ပေါ်တွင် ထင်ရှားသောအေသင်၊ စပါတား၊ သီးဘီး၊ ကိုးရင့် စသည့်မြို့ပြနိုင်ငံငယ် (City-states) များ တည်ရှိသည်။ ထိုမြို့ငယ်များသည် ဂရိကျွန်းဆွယ်၏ ပထဝီဝင်အခြေအနေကြောင့် တစ်မြို့နှင့်တစ်မြို့ တောင် တန်းများ ခြားနေသော မြေပြန့်လွင်ပြင်များတွင် တသီးတခြားစီ တည်ရှိ နေပြီး အဆက်အဆံကျဲပါးသည်။ အစောပိုင်းက အရေးကြီးသည့် အခြေ အနေများနှင့် ကြုံရသည့်အခါ မြို့နိုင်ငံအချင်းချင်း ရိုင်းပင်းတတ်ကြသော် လည်း နောက်ပိုင်းတွင် တစ်စတစ်စနှင့်သွေးကွဲလာကြသည်။ ဂရိတို့ သွေး ကွဲကာ အချင်းချင်းတိုက်ခိုက်နေခဲ့ကြသည့် အချိန်အတောအတွင်းတွင် ဂရိ မြို့ပြနိုင်ငံများ၏ မြောက်ဘက်ကုန်းတွင်းပိတ်ဖြစ်ကာ မဖွံ့ဖြိုးခဲ့သော မက် ဆီဒိုးနီးယားသည် ခေါင်းဆောင်တစ်ဦး၏ ကြိုးပမ်းမှုကြောင့် စည်းရုံးစပြု လာခဲ့သည်။ ထို ခေါင်းဆောင်၏အမည်မှာ ဖိလစ်ဖြစ်ကာ ဥရောပသမိုင်း



တွင် (Philip of Macedonia) ဟုကျော်ကြားသည်။ ထိုသူသည် သူ့ထက်ပင် ကျော်ကြားလာမည့် အလက်ဇန္ဒာ၏ ဖခင်တော် ဖြစ်သည်။

မက်ဆီဒိုးနီးယားတွင် နေထိုင်သောသူများသည် ဂရိတို့နှင့် မျိုးရင်း တူသော အာရိယန်များဖြစ်သည်။ ဂရိစကားကိုပင် ပြောဆိုကြသည်။ အချို့ မှာ ဒိုးရီးယင်းသွေးပါသော်လည်း သူတို့ကိုယ်သူတို့ ဂရိလူမျိုးဟူသော အမှတ် သညာကိုသာ ကိုင်တွယ်ထားတတ်ကြသည်။ သို့သော် မြေယာဖြင့် အသက် မွေးကာ အနေအထိုင်အားဖြင့် သူတို့သတ်မှတ်ထားသော ယဉ်ကျေးမှုဆိုင်ရာ အရည်အချင်းမရှိသော မက်ဆီဒိုးနီးယန်းလူမျိုးတို့ကို ဂရိတို့က အထင်အမြင် သေးခဲ့ကြသည်။ 'ကျွန်ဆိုရင်တောင်မှ ကျွန်ကောင်းမထွက်သည့်နိုင်ငံ' ဟု ဂရိလူမျိုး နိုင်ငံရေးခေါင်းဆောင်ဖြစ်သူ ဒီမိုစ်သင်းနီးစ် (Demosthenes) က ဆိုသည်။ ဒီမိုစ်သင်းနီးစ်သည် ယနေ့ခေတ် မီဒီယာများမှ ထုတ်လွှင့်သော စကားများနှင့်ဆင်သည့် စွပ်စွဲချက်အမျိုးမျိုးတို့ဖြင့် ဖိလစ်ကိုရော မက်ဆီဒိုးနီး ယားနိုင်ငံငယ်ကိုပါ ထိပါးပုတ်ခတ်လိုက်သည်မှာ သူ၏စကားများကို ယုံ ကြည်ကိုးစားမိသော သူများသည် ဖိလစ်ကို များစွာအထင်အမြင်သေးသွား တတ်ကြသည်။ ဒီမိုစ်သင်းနီးစ်သည် စကားကို မဆင်မခြင် မထောက်မညှာ ပြောတတ်သော (Orater) တစ်ယောက်၊ နှုတ်ကို စည်းမစောင့်သောသူ တစ်ယောက်ဖြစ်သည်ကို ထည့်သွင်းစဉ်းစားမိပါက သူ၏အသားလွတ် စွပ် စွဲချက်များဖြစ်သည့် ဖော်ပြရန်ပင် ခက်ခဲသော သူ၏စွပ်စွဲမှုများဖြင့် ဖိလစ် ၏ထက်မြက်မှုကို ဖုံးလွှမ်းရန် ကြိုးစားခြင်းကို လက်ခံမည်မဟုတ်ချေ။

စနစ်တကျ စဉ်းစားတွေးတောကြည့်ပါက မက်ဆီဒိုးနီးယားသည် ကျွန်ကောင်းတောင်မှ မထွက်လောက်အောင် ညံ့ဖျင်းသည့်နိုင်ငံဟုဆိုပါက အရစ်စ်တိုတယ်လ်ကဲ့သို့သော ဒဿနပညာရှင် ထွက်ပေါ်လာမည်မဟုတ်ချေ။ ဖိလစ်သည် အသောက်အစား များသောသူ ဖြစ်ကောင်းဖြစ်မည်။ သို့သော် ပညာမဲ့သူမဟုတ်ချေ။ ထိုသို့ပြောနိုင်သည်မှာ သူ၏လူရွေးမှန်ခြင်း၊ သားဖြစ် သူကို ထိန်းကျောင်းမွေးမြူတတ်ခြင်း၊ ပညာရေးကို နိုင်ငံရေးတွင် ပဓာန ကျသောကိစ္စအဖြစ် သတ်မှတ်လုပ်ဆောင်ခြင်းစသည့် အရည်အသွေးများကို ထောက်ထား၍ဆိုသော အဆိုဖြစ်သည်။

ဒီမော့စသင်နီးစ်ကလည်း ဖိလစ်ကိုတိုက်ခိုက်နေရသည်မှာ အကြောင်းရှိသည်။ ဂရိမြို့ပြနိုင်ငံအချင်းချင်း၏ စည်းရုံးရေးပျက်ပြားနေချိန်တွင် ဖိလစ်သည် မက်ဆီဒိုးနီးယားကို စည်းရုံးနေပြီဖြစ်သည်။ သူ၏အန္တိမဦးတည်ချက်မှာ စည်းရုံးထားသောဂရိနိုင်ငံတော်ကြီးတစ်ခုကို တည်ထောင်ရန်ဖြစ်သည်။ ခေါင်းဆောင်မှုကိုမူ မက်ဆီဒိုးနီးယားက ရယူမည်ဖြစ်သည်။

## မက်ဆီဒိုးနီးယားဘုရင် ဖိလစ်

ဖိလစ်သည် သူ၏သားတော် အလက်ဇန္ဒာအတွက် စစ်ရေး နိုင်ငံရေး လမ်းကြောင်းကို ခင်းပေးသွားသူဖြစ်သည်ဟု ဆိုနိုင်သည်။ အကယ်၍ သူသည် ၄၇ နှစ်အရွယ်တွင် လုပ်ကြံခြင်းမခံရပါက သူ၏လမ်းကို သူကပင် ဦးဆောင်ကာ သားတော်ကို လမ်းပြမည်ဖြစ်သည်။ ဖိလစ်သည် ထက်မြက်သော စစ်ဘုရင်ဖြစ်သည်ဟူသော အချက်သည် သူ၏သားတော်အတွက် နည်းပြဆရာ (Tutor) အဖြစ် ဆောင်ရွက်ရန်ရွေးချယ်ထားသော ဆရာသည် အရစ္စတိုတယ် (Aristotle)ဖြစ်သည် ဆိုသည့်အချက်လည်းပါဝင်သည်။ အရစ္စတိုတယ်လ်သည် ဖိလစ်၏နန်းတော်တွင် သမားတော်အဖြစ် တာဝန်ထမ်းဆောင်နေသူ၏ သားဖြစ်သည်။

ဖိလစ်သည် ဂရိနိုင်ငံ အေသင်မြို့တွင် လိုင်စီယမ် (Lyceum) အမည်ရှိကျောင်းတော်ကို တည်ထောင်ကာ စာပေသင်ကြားပို့ချနေသူ အရစ္စတိုတယ်လ်နှင့်လည်း သားတော်ကို မည်သို့မည်ပုံ ပညာသင်ကြားပေးသင့်သည့် အကြောင်းမှစ၍ များစွာသောအကြောင်းများကို ဆွေးနွေးခဲ့ပေလိမ့်မည်။ အကျိုးဆက်မှာ အလက်ဇန္ဒာ၏ ရှေးဦးပိုင်း ဆောင်ရွက်ချက်များအပေါ်တွင် များစွာလွှမ်းမိုးခဲ့သော အရစ္စတိုတယ်လ်၏ အတွေးအခေါ်များသည် ဖိလစ်နှင့်တောင် ဆွေးနွေးခဲ့သော အကြောင်းအရာများဖြစ်မည်မှာ တွက်ဆ၍ရနိုင်စရာအကြောင်းဖြစ်သည်။ ဖိလစ်သည် ပထမဦးစွာ မက်ဆီဒိုးနီးယားဝန်းကျင်ရှိ သီးခြားကျဲကျဲရှိနေသော လူမျိုးစုများ၏ ဒေသများကို စစ်ရေးစည်းရုံးမှုပြု၍ မက်ဆီဒိုးနီးယားနှင့် တသားတည်းဖြစ်စေသည်။



ဖိလစ်သည် ဘီစီ ၃၅၉ ခုတွင် နန်းတက်ခဲ့သူဖြစ်သည်။ မင်းဖြစ်၍ ၃ နှစ်အကြာတွင် အလက်ဇန္ဒာကိုမွေးခဲ့သည်။ အလက်ဇန္ဒာ အသက် ၂၀ တွင် လုပ်ကြံခံရသည်ဖြစ်ရာ နန်းစံသက် ၂၃ နှစ်ရှိမည်ဖြစ်သည်။ သူသည် သားဖြစ်သူ အလက်ဇန္ဒာ၏ အကြီးတော်ဖြစ်ရန် အရစ်စ်တိုတယ်လ် တစ်ယောက်သာရှိ၍ သူ့ကိုရွေးချယ်ခဲ့ခြင်းမဟုတ်ချေ။ အိုင်ဆိုကရာတီးစ် (Isocrates) ကလည်း ဖိလစ်ထံသို့ လာရောက်ချဉ်းကပ်ခဲ့သေးသည်။ အကြောင်းမှာ အိုင်ဆိုကရာတီးစ်သည် ဂရိတို့၏အင်အားကြီးမားသော နိုင်ငံရေး ပါတီဝင်တစ်ဦး ဖြစ်သောကြောင့်ဖြစ်သည်။ ထိုပါတီမှာ ဟယ်လင်နစ်များ တစ်သားတည်းစည်းရုံးရေးပါတီ (Pan-Hellenic Party)ဖြစ်သည်။ ထိုပါတီတွင် အစီအစဉ်များကို ဦးဆောင်ရေးသားသူမှာ အိုင်ဆိုကရာတီးစ် ဖြစ်သည်။ ဟယ်လင်နစ်ဆိုသည့် ဝေါဟာရမှာ ဂရိလူမျိုးအားလုံးကို ခြုံ၍ ခေါ်ဆိုသော ခန့်ညားသည့်အမည်ဖြစ်သည်။

အေသင်မှအများစုကမူ ဖိလစ်ကိုဆန့်ကျင်ကြပါသည်။ အေသင်သားတို့သည် ကုန်သွယ်ရေးလုပ်ငန်းဖြင့် ကြီးပွားလာကြသူများဖြစ်သည်။ သူတို့သည် မူလက ပါရှန်တို့၏ကျူးကျော်မှုကို ခံခဲ့ရသည်။ အခြားဂရိမြို့ပြနိုင်ငံများ အထူးသဖြင့် စပါတန်နိုင်ငံမှ လီယိုနီးဒပ်စ် ဦးဆောင်သော မျိုးချစ်များ၏ အသက်ပေးကာကွယ်မှုကြောင့် ပါရှန်တို့၏စိုးမိုးခြင်းမှ လွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ပါရှန်ရန်ကိုကာကွယ်ရန် အေသင်ဦးဆောင်သော ဂရိအမျိုးသားများ၏ ရေတပ်အဖွဲ့ချုပ် ပေါ်ပေါက်ခဲ့သော်လည်း အေသင်၏ ဗိုလ်ကျစိုးမိုးမှုကြောင့် ဂရိမြို့ပြနိုင်ငံအချင်းချင်းများ၏အကြားတွင် စည်းလုံးမှု ပျက်ပြားခဲ့သည်။ ထို့ကြောင့်သာလျှင် ဖိလစ်ကဲ့သို့သော မြောက်ပိုင်းဒေသမှ မင်းတစ်ပါးက ဟယ်လင်နစ်သားများကို တစ်သားတည်း စည်းရုံးသည်အထိ ကြိုးစားရန် စိတ်အားထက်သန်လာရခြင်းဖြစ်သည်။

ဖိလစ်သည် ပါရှန်များနှင့် စည်းဝါးကိုက်ရန် ကြိုးစားနေသော အေသင်မြို့ကို ဘီစီ ၃၃၈ ခုတွင် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ အေသင်ကိုသိမ်းပိုက်ပြီးသည့်နောက် ဖိလစ်က ငြိမ်းချမ်းရေးသာမက အေသင်သားများအပေါ်တွင် များစွာညှာတာခဲ့သည်။ ဖိလစ်နှင့် သူ၏သားတော် အလက်

နေ့ကျီးသည် ဂရိဘာသာစကား ဂရိစာပေနှင့် ဂရိအတွေးအခေါ်များကို လေ့လာခဲ့ကြသည်။ ဂရိတို့၏ကြီးကျယ်မြင့်မြတ်မှုဟူသမျှကို ကိုယ်ပိုင်အဖြစ် အလေးအမြတ်ပြုခဲ့ကြလေသည်။ ထိုနှစ်မှာပင် ဂရိမြို့ပြနိုင်ငံအားလုံးက ဖိလစ်ကို ပါရှားကိုတိုက်ခိုက်ရာတွင် ဦးဆောင်တိုက်ခိုက်ရန် (Captain-general) အဖြစ် ရွေးခြယ်တင်မြှောက်ခဲ့ကြသည်။

## ဖိလစ်၏ကြင်ယာတော် အိုလမ်ပီယပ်စ်

ဖိလစ်နှင့်သားတော်အလက်ဇန္ဒာကို လူသိများသော်လည်း အိုလမ်ပီယပ်စ်ကို လူသိနည်းသည်။ ထိုသို့သမိုင်းစဉ်တွင် များစွာထင်ရှားခြင်းမရှိခဲ့သော အိုလမ်ပီယပ်စ်ကြောင့် ဖိလစ်ရော သူ၏သားတော် အလက်ဇန္ဒာပါ စိတ်ရောကိုယ်ပါ အနှာတရဖြစ်ခဲ့ရသည်။ နိုင်ငံကို ဦးဆောင်ခေါင်းရွက်ပြုကြသောသူများအနေဖြင့် စိတ်ရောကိုယ်ပါ အနှာတရဖြစ်ကြသည့်အခါတွင် သူတို့၏လုပ်ဆောင်ချက်များ မှားယွင်းကာ သူတို့၏နိုင်ငံရေးဘဝတွင်လည်း များစွာထိခိုက်နစ်နာခဲ့ကြသည်။ ထို့ကြောင့် အိုလမ်ပီယပ်စ်၏ အကြောင်းကို လေ့လာသင့်သည်။

ဖိလစ် ရင်ဆိုင်ရသော ပြဿနာသည် ပြည်တွင်းရေးထက်ခက်သော အိမ်တွင်းရေးဖြစ်နေခြင်းသည် သူ၏ဘဝကိုလည်း တိုတောင်းစေသည်။ သူနှင့် သူ၏သားတော်တို့အကြားတွင်လည်း စိမ်းကားစေသည်။ ထိုအိမ်တွင်းရေးမှာ အလက်ဇန္ဒာ၏မယ်တော်ဖြစ်သူ အိုလမ်ပီယပ်စ်နှင့် ပဓာနအားဖြင့် သက်ဆိုင်သည်။

အိုလမ်ပီယပ်စ်သည် မက်ဆီဒိုးနီးယား၏ အနောက်ဘက် ပြည်နယ်တစ်နယ်ဖြစ်သော အီပီးယပ်စ်မှ မင်းသမီးတစ်ပါး ဖြစ်သည်။ မက်ဆီဒိုးနီးယားလိုပင် ဂရိအနွယ်များ နေထိုင်ကြသည့်နယ်ဖြစ်သည်။ ဖိလစ်နှင့် အိုလမ်ပီယပ်စ်တို့သည် ဆာမိုသရေ့စ်နယ် (Samothrace) ရှိ နတ်ပွဲတစ်ပွဲတွင် သောက်စားပျော်ပါးရင်း တွေ့ဆုံခဲ့ကြသည်။ သူတို့သည် များ



မပြေးမီမှာပင် ထိမ်းမြားခဲ့ကြသည်။ ပလူတပ်ခ် (Plutarch) ၏ အဆိုအရမှ ချစ်ခြင်းမေတ္တာကို အရင်းတည်ထားသော ထိမ်းမြားခြင်းဖြစ်သည်ဟု ဆိုသည်။ အိုလမ်ပီယပ်စ်သည် ဖိလစ်ဘုရင် မေတ္တာထားနိုင်လောက်အောင် တစ်နည်းဆိုလျှင် ဖိလစ်ကိုဆွဲဆောင်နိုင်လောက်အောင် ရုပ်ရည်လှပသည်ဟု ခန့်မှန်းနိုင်သည်။ ခန့်မှန်းစရာမလိုသော သမိုင်းအချက်အလက်များအရ ဆိုရသော် အိုလမ်ပီယပ်စ်သည် လှပ်လှပ်ခတ်ခတ်နေတတ်သည်။ စိတ်သဘောထားလည်း ကြမ်းတမ်းခက်ထန်သလောက် သေးသိမ်သည်။ ထိုခေတ်က လူအချို့လိုက်စားသော အောက်လမ်းပညာကိုလည်း ဆရာတစ်ဆူဖြစ်သည်အထိ လိုက်စားခဲ့သူဖြစ်သည်ဟု ဆိုသည်။ သူလိုက်စားသော အောက်လမ်းပညာအရ တိရစ္ဆာန်များ၏ အသွေးအသားများနှင့်လည်းကောင်း လူ၏အသွေးအသားနှင့်လည်းကောင်း ယဇ်ပူဇော်ရသည်။ ထိုအဆင့်အထိ ရောက်အောင် သူ၏အောက်လမ်းပညာ အဆင့်မြင့်သည်ဟုဆိုလျှင် သူ့ပတ်ဝန်းကျင်တွင် အဆင့်မြင့်ကောင်း မြင့်ပေလိမ့်မည်။ သူသည် မြွေဟောက်များကိုလည်း မွေးထားနိုင်သည်။ လိုသလိုလည်း စေခိုင်းနိုင်သည်ဟုဆိုရာ သူ့လိုလူနှင့် ဆက်ဆံရမည့် ရင်ဆိုင်ရမည့်အလုပ်မှာ ဝန်လေးဖွယ်ရာကောင်းမည်ဟု ယူဆရသည်။

သူ၏ နန်းတော်အခန်းများတွင် တစ်ခန်းဝင်တစ်ခန်းထွက်ဖြင့် မြွေဟောက်များ သွားလာနေတတ်သည်ဟု ဆိုသည်။ ထိုမျှလောက်သော အကြောင်းများကို လေ့လာမိသည်နှင့် ချစ်ခြင်းမေတ္တာကို အရင်းတည်ကာ လက်ထပ်ခဲ့ကြသော ဖိလစ်နှင့်အိုလမ်ပီယပ်စ်တို့သည် သားဖြစ်သူအလက်ဇန္ဒာ ကြီးပြင်းလာလေလေ သဘောထားကွဲပြားလာလေလေ ဖြစ်ရသည်မှာ မထူးဆန်းသောအကြောင်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။ အကြောင်းမှာ ဖိလစ်သည် ဂရိနိုင်ငံ တစ်ခုပြီးတစ်ခုကို စည်းရုံးကာ (Pan-Hellenic Empire) တည်ထောင်ရန် စိုင်းပြင်းနေပြီဖြစ်သည်။ မက်ဆီဒိုးနီးယန်းလူမျိုးများကို အထင်သေးသော ဂရိလူမျိုးတို့က လက်ခံလာသည့်တိုင် ယဉ်ကျေးမှု အဆင့်မနိမ့်သောလူမျိုးအဖြစ် မက်ဆီဒိုးနီးယန်းများကို မြှင့်တင်ပေးရန် ကြိုးစားနေသည့်

အချိန်တွင် အိုလမ်ပီယပ်စ်ကြောင့် မျက်နှာပျက်ရမည်ကို ဖိလစ် မလိုလား နိုင်တော့ပါချေ။

သူ၏နန်းတော်သို့ ပညာရှင်များ နိုင်ငံရေးသမားများ ဝင်ထွက် သွားလာနေချိန်တွင် အိုလမ်ပီယပ်စ်၏ခြေမှုများကို မြင်သွားပါက ဖိလစ်၏ ဂုဏ်သိက္ခာများ ပျက်ပြားနိုင်ချေရှိပါသည်။

ဖိလစ်သည် သားဖြစ်သူအလက်ဇန္ဒာနှင့် များစွာရင်းနှီးခွင့် မရနိုင် ချေ။ သူသည် စစ်ထွက်နေရတတ်သည်။ ထိုအချိန်များတွင် အိုလမ်ပီယပ်စ် က သားတော်ကို မသင့်လျော်သောစကားများ ပြောထားလေ့ရှိသည်ဟု ဆိုသည်။ အလက်ဇန္ဒာသည် ဖိလစ်၏ သားမဟုတ်။ နတ်ဘုရားတစ်ပါး၏ သားဖြစ်သည်ဟူသော စကားမျိုးသည် သားဖြစ်သူနှင့် ဖခင်ဖြစ်သူတို့၏ အကြားတွင် များစွာစိမ်းကားသွားစေနိုင်သည့် စကားမျိုးဖြစ်သည်။ ခမည်း တော်ကို သူ၏ဖခင်အရင်းအခြာမဟုတ်ဟု ထင်မြင်ခြင်းသည် ဖခင်၏ လုပ် ရပ်များကို အထင်မကြီးနိုင်သော ဆိုးကျိုးကို ဖြစ်ပွားစေသည်။ သူ၏ကိုယ် ကို နတ်ဒေဝတာတစ်ဦး၏ သားဖြစ်သည်ဟူသောအယူကို စွဲမှတ်ယုံကြည် သွားသည့်အတွက် အရစ်စ်တိုတယ်လ်၏ တပည့်ရင်းဖြစ်သည့်တိုင် ဘဝင် မြင့်သော သူ၏ကိုယ်ကို နတ်မျိုးနွယ်ဟု ထင်မြင်ယူဆလာသော သူတစ်ဦး အဖြစ်သို့ ရောက်သွားခဲ့လေသည်။

ထို့ကြောင့် စစ်ရေး နိုင်ငံရေး အောင်မြင်မှုများရရှိနေသော ခမည်း တော်၏ အောင်မြင်မှုများနှင့်ပတ်သက်သော သတင်းစကားများကို ကြား သည့်အခါတိုင်း အလက်ဇန္ဒာသည် ဝမ်းမြောက်ဝမ်းသာမဖြစ်နိုင်ဟု သိရ သည်။ ဖခင်၏အောင်ပွဲများနှင့်ပတ်သက်၍ ဣဿာ မစ္ဆရိယစိတ်များ ဖြစ် ပေါ်ခဲ့သည့်အကြောင်းကို သူက သူ၏ရဲမက်များအား ပြောကြားသည့်စကား အရ သိနိုင်သည်။ နယ်တစ်နယ်ပြီး တစ်နယ် သိမ်းပိုက်နိုင်ကြောင်းကို ကြားရသည်နှင့် 'မင်းတို့ ငါတို့ အောင်ပွဲခံစရာမရှိအောင် ငါ့ခမည်းကတော့ အကုန်လုံးကို လိုက်သိမ်းနေတော့တာပဲ'ဟု ပြောတတ်သည်ဟုဆို [illegible]



## အလက်ဇန္ဒာ ဖိလစ် လုပ်ကြံခံရခြင်း

ထိုသို့သောစကားများကို ပြောနေသော အလက်ဇန္ဒာသည် ၁၆ နှစ်ပြည့်သည့်အချိန်ကတည်းက မင်းငယ်တစ်ပါးအဖြစ် ခမည်းတော်က စေခိုင်းထားသည့်တာဝန်များကို ထမ်းဆောင်နေရပြီဖြစ်သည်။ ဖိလစ်သည် သူ၏ခေတ်ထက်စော၍ အမြင်ကျယ်သောသူတစ်ယောက် ဖြစ်သည်ကို ဤ အချက်တစ်ချက်ဖြင့်ပင် သက်သေပြရန် လုံလောက်နေပေသည်။ သို့သော် သူ့လက်နှင့်ရေးသမျှကို နှုတ်ဖြင့်လိုက်လံဖျက်ဆီးနေသော မိခင်အိုလမ်ပီ ယပ်စ်ကြောင့် သားအဖတို့၏အကြားတွင် မေတ္တာယှက်သွယ်နိုင်ခြင်း၊ ရင်းနှီး ကျွမ်းဝင်ချစ်ခင်နိုင်ခြင်း ကင်းသည်ထက်ကင်းလာလေသည်။

ထိုအချိန်တွင် ဖိလစ်၏ဘက်မှလည်း အမှားတစ်ခုကို ကျူးလွန်လိုက် လေသည်။ ထိုအမှားမှာ ထိုခေတ်က ပဒေသရာဇ်များအဖို့ များစွာဆန်းလှ သည်မဟုတ်သော နောက်အိမ်ထောင်ပြုခြင်းပေတည်း။ အိုလမ်ပီယပ်စ်သည် သားဖြစ်သူကိုခေါ်ကာ မိဘရပ်ဌာနီကို ပြန်သွားခဲ့သည်။ ဖိလစ်သည် သားဖြစ် သူကို မက်ဆီဒိုးနီးယားသို့ ပြန်လာအောင် ချော့မော့၍ ခေါ်ထားခဲ့သည်။

ဖိလစ် လက်ဆက်လိုက်သူမှာ ကလီယိုပါထရာဟု အမည်တွင်သည်။ ထိုအမည်သည် မက်ဆီဒိုးနီးယားအမည် ဖြစ်သည်။ အီဂျစ်ဘုရင်မ ကလီယို ပါထရာ၏ဖခင်မှာ အလက်ဇန္ဒာ၏စစ်သူကြီးတစ်ဦးဖြစ်သူ တိုလမီ၏သမီး ဖြစ်ရာ သူ၏အမည်မှာ မက်ဆီဒိုးနီးယားသူဖြစ်သဖြင့် ကလီယိုပါထရာ ဟု တွင်နေခြင်းဖြစ်သည်။ ကလီယိုပါထရာသည် သားယောကျ်ားကလေး တစ်ဦးကို မျက်နှာမြင်၍ မကြာခင်မှာပင် ဖိလစ်သည် လုပ်ကြံခြင်းကို ခံခဲ့ရသည်။ သမီးဖြစ်သူ၏မင်္ဂလာပွဲသို့ လက်နက်ကိုင်စွဲခြင်းမရှိဘဲ ဝတ်စုံ အဖြူကိုဝတ်ကာ ပေါ့ပေါ့ပါးပါးတက်ရောက်လာသော ဖိလစ်သည် ဓားဖြင့် ထိုး၍ လုပ်ကြံခြင်းကိုခံခဲ့ရသည်။ လုပ်ကြံသူမှာ လက်လွတ်ထွက်ပြေး၍ မြင်းပေါ်သို့မတက်နိုင်မီ ခြေထောက်သည် နွယ်များနှင့်ငြိကာ လဲလေတော့ သည်။ ထို့ကြောင့် မင်းချင်းများ၏လက်တွင် အသက်ကုန်ခဲ့ရသည်။

ဖိလစ်မရှိသည့်နောက်တွင် အိုလမ်ပီယပ်စ်သည် မက်ဆီဒိုးနီးယားသို့ ပြန်လာလေသည်။ သူပြန်လာလာချင်း လုပ်ဆောင်သည့်အလုပ်များမှာ ထိတ်လန့်ဖွယ်ရာကောင်းသည့်ပြင် ရက်စက်ဖွယ်လိလိလည်း ဖြစ်ပေသေးသည်။ ကာလစင်တွင် ရှိနေသေးသော လူသတ်သမား၏အလောင်းကို ချစေကာ ကောင်းမွန်စွာသင်္ဂြိုဟ်၍ ဖိလစ်ကို မြှုပ်နှံသကဲ့သို့ မြှုပ်နှံစေခဲ့သည်။ ထို့ပြင် မသေက ပန်းခေါက်ကိုခံစားရင်း နို့စို့ကလေးငယ်ကိုပိုက်ချီထားသော ကလီယိုပါတရာ၏ ရင်ခွင်တွင်းမှ ကလေးငယ်ကို အိုလမ်ပီယပ်စ် ကိုယ်တိုင်သတ်သည်။ ကလေးသေဆုံးပြီးသည့်နောက် မိခင်ဖြစ်သူကို လည်ပင်းညှစ်၍ သတ်ပြန်သည်ဟုဆိုသည်။ အောက်လမ်းပညာကို လိုက်စားသူတစ်ယောက်အနေဖြင့် ထိုကဲ့သို့သော လုပ်ရပ်များကို အလွယ်တကူလုပ်ဆောင်နိုင်သည်မှာ မဆန်းလှချေ။

ထိုအချိန်တွင် အလက်ဇန္ဒာသည် မက်ဆီဒိုးနီးယားတွင် မရှိပေ။ မက်ဆီဒိုးနီးယားသို့ ပြန်ရောက်သည့်အချိန်တွင် မိခင်ဖြစ်သူ၏သေးသိမ်မှုများ ရက်စက်မှုများကြောင့် သားဖြစ်သူကိုယ်တိုင် မကြာခဏထိတ်လန့်ခဲ့ရသည်ဟု ပလူတာခ် (**Plutarch**)၏ ရေးသားချက်များတွင် ဆိုသည်။

သို့သော် အလက်ဇန္ဒာ အသက် ၂၀ အရွယ်တွင် မင်းအဖြစ်ကို ရယူနိုင်ခြင်းသည် သူ၏ဆောင်ရွက်ချက်ကြောင့်သာ ဖြစ်သည်ဟု အိုလမ်ပီယပ်စ်က ဆိုကောင်းဆိုမည်။ မည်သို့ပင်ဖြစ်စေ စစ်မြေပြင်မှ ရရှိသည့် အဖိုးတန်ပစ္စည်းဟူသမျှကို မိခင်ထံသို့ အလက်ဇန္ဒာက ပို့ပေးခဲ့သည်ဟု ဆိုသည်။

## ဖိလစ်ထံမှ အလက်ဇန္ဒာ ဆက်ခံခဲ့ရသော ကောင်းမွေများ

အထက်ပါအကြောင်းအရာများသည် စာရေးသူ ဖတ်ခဲ့ဖူးသော စာများတွင် ပါသည့်အကြောင်းအရာများ ဖြစ်သည်။ အလက်ဇန္ဒာသည် ယခုနှင့်ခေတ်ပြိုင်များထက် အဘက်ဘက်က ထက်မြက်သော မင်းယောကျ်ားတစ်ယောက်ဖြစ်သည်။ ထိုသို့သော ထက်မြက်ထူးချွန်သူတစ်ယောက် ဖြစ်လာဖို့မှာ ဖခင်ကိုစ်ရိုက်ကောင်းဖြင့်သာ မလုံလောက်ပေ။ တစ်နည်းနည်းဖြင့် ထိန်းဆောင်ပေးသူ၊ လေ့ကျင့်ပေးသူများ ရှိရမည်ဖြစ်သည်။ သူ၏အကြောင်းကို ရေးသားထားသော သမိုင်းများတွင် သူ၏ခမည်းတော် ဖိလစ်၏အကြောင်းမှစ၍ ပြောကြသည်။ ထိုအကြောင်းမှာလည်း မပြောပါက မဖြစ်နိုင်ချေ။ အကြောင်းမှာ ဖိလစ်၏လက်ထက်မှသာ မက်ဆီဒိုးနီးယားမင်းနိုင်ငံ ပေါ်ပေါက်ခဲ့သည်။ ထိုမင်းသည် ထိုခေတ်က အခြားသူများ မသုံးသေးသည့် စစ်ချီတက်နည်းတစ်ခုအဖြစ် **Phalanx** ကို သုံးခဲ့လေသည်။ ထိုနည်းမှာ လှံတိုများ၊ ဓားတိုများကို သုံးနေသည့်အချိန်တွင် လှံရှည်ကိုင်သည့် တပ်သားများကို အတန်းလိုက် ရှေ့နောက်ခပ်စိပ်စိပ် စီတန်း၍ လှံရှည်များကို ကိုင်ကာ ချီတက်စေခြင်းဖြစ်သည်။ ရှေ့ဆုံးတန်းမှ တပ်သားသည် ရန်သူက သူ့ကိုပစ်ခတ်ထိုးခုတ်သည့်အချိန်တွင် နောက်သို့ပြန်လှည့်ရန် အခွင့်မသာနိုင်ချေ။ သူ၏နောက်တွင် တပ်သားတစ်ယောက် ကပ်လျက်ပါနေမည်ဖြစ်သည်။ ထိုကဲ့သို့ အနံ့ရော အလျားပါ တစ်စုတစ်စည်းတည်း စနစ်တကျဖွဲ့စည်းချီတက်ရင်း လိုအပ်လျှင်လိုအပ်သလို တန်းကို ဘေးနှစ်ဖက်သို့လည်းကောင်း၊ နောက်ဘက်သို့လည်းကောင်း ချဲလိုက်နိုင်သည်။ ထိုနည်းဖြင့် ရန်သူ၏အနေအထားကိုလိုက်၍ မိမိတို့၏တပ်ကို ပြင်ဆင်နိုင်သည်။ ထို **Phalanx** များ၏ တစ်ဖက်တစ်ချက်တွင် မြင်းစီးတပ်သားများ လိုက်ပါလေ့ရှိသည်။ အလက်ဇန္ဒာတို့ခေတ်ထက် များစွာစောသော ခေတ်များတွင် ဂရိတို့သည် မြင်းစီးတပ်သားများကို စစ်တိုက်ရာတွင် သုံးလေ့မရှိပေ။ ဥပမာ ထရိုဂျင်စစ်ပွဲအတွင်းက နာမည်ကြီးဂရိစစ်သူကြီးများဖြစ်သော အာခီးလီးစ်တို့ပါဝင်သည့်တပ်များတွင် မြင်းလေးကောင်က,သော ရထားများကို သုံးလေ့ရှိသည်။ အလက်ဇန္ဒာတို့ခေတ်တွင် မြင်းစီးတပ်သားများကို စတင်အသုံးပြုလာကြသည်။

တစ်ခုသတိပြုရမည်မှာ မြင်းပေါ်တွင် ကုန်းနှီးပါသော်လည်း ခြေနင်းကွင်းကို မသုံးတတ်သေးသဖြင့် မြင်း၏ဇက်ကြိုးကိုသာ အားထား၍ အသုံးပြု

ကြရသည်ဖြစ်ရာ တိုက်ရေးခိုက်ရေးတွင် များစွာအားရှိလှသည် မဟုတ်ချေ။ ထိုမြင်းစီး တပ်မြင်းပေါ်မှ မြားများဖြင့် ပစ်ခတ်တိုက်ခိုက်နိုင်ချေရှိသည်။ ဘေးမှနေ၍ ရန်သူများမချဉ်းကပ်နိုင်ရန် ကာကွယ်နိုင်သည်။ ရန်သူများ ထွက်ပြေးသည်ကို လိုက်၍တိုက်နိုင်သည်။ တစ်ချိန်တည်းမှာပင် မိမိတို့၏ တပ်ဖွဲ့စည်းပုံကို မပျက်အောင်ထိန်းနိုင်သည်။ (ခြေနင်းကွင်းကို စတင်သုံးသည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ အေဒီ တစ်ရာစုလောက်မှ စတင်အသုံးပြုခဲ့သည်ဟု ပဏ္ဍစ်နေရူး ရေးသားသော Glimpses of World History တွင် ပါသည်။

## စစ်ဘုရင် အလက်ဇန္ဒာ

ခမည်းတော်နတ်ရွာစံသည်နှင့် အသက် ၂၀ သာရှိသေးသော အလက်ဇန္ဒာသည် အင်အားတောင့်တင်းသော တပ်များကို ပိုင်ဆိုင်သည့် သေနင်္ဂဗျူဟာ နည်းဗျူဟာအရ သူ့ခေတ်တွင် ရှေ့ကပြေးနေသော တပ်တို့၏ သေနာပတိ ဖြစ်လာလေသည်။

အလက်ဇန္ဒာ၏လက်ထက်တွင် လက်နက်တစ်မျိုး တိုး၍အသုံးပြုခဲ့သည်။ ထိုလက်နက်မှာ Catapult ဟုခေါ်သော လောက်လွှဲစက်ကို တိုက်ပွဲများတွင် ထည့်သွင်းအသုံးပြုခြင်းဖြစ်သည်။ လောက်လွှဲစက်ဆိုသည်မှာ ကျောက်ခဲလုံးကြီးများ ထည့်ထားသော တောင်းကဲ့သို့သောအရာ၏ အရင်းတွင် ဝန်ရိုးပါသည်။ ထိုတောင်းကြီးကို အောက်တွင် ဘီးများတပ်ထားသည့် စင်အပေါ်ပိုင်းတွင် တပ်ဆင်ထားသည်။ အမြင့်ကို လိုသလိုပြောင်းလဲနိုင်အောင် တန်းများပါသည်။ ဝန်ရိုးကိုလွှဲ၍ပေးခြင်းဖြင့် တောင်းထဲမှ ကျောက်ခဲများသည် ရန်သူတပ်များပေါ်သို့ ကျလေသည်။ ထိုလောက်လွှဲစက်များကို အလက်ဇန္ဒာ၏အရင်က မြို့များကို ဝန်းရံတိုက်ခိုက်ရာတွင် မြို့တွင်းသို့ ကျောက်ခဲများ စဉ်ဆက်မပြတ်ပစ်သွင်းရန်သာ သုံးခဲ့ကြသည်။ အလက်ဇန္ဒာက ခေတ်ဟောင်းပစ္စည်းကို နည်းသစ်ဖြင့် သုံးလိုက်ခြင်းဖြင့် သူ၏တပ်များသည် အောင်ပွဲအလီလီကို ဆွတ်ခူးနိုင်သည်။



ဤသို့သော အလက်ဇန္ဒာ၏လုပ်ဆောင်ချက်များသည် သူ၏ခမည်းတော်ကို သူ့အနေဖြင့် မည်မျှပင် ချစ်ခင်လေးစားမှု ကင်းမဲ့ခဲ့သည်ဖြစ်စေ ခမည်းတော်၏လုပ်ဆောင်ချက်များကို သူ၏တီထွင်ကြံဆမှုများဖြင့် ရောနှော၍ သုံးခဲ့ကြောင်းကို သိရလေသည်။ ထိုအချက်သည်လည်း သူ၏ဉာဏ်စွမ်းရည် မည်မျှထက်မြက်ခဲ့သည်ကို ပြသနေသောလုပ်ရပ်များဟု ဆိုနိုင်သည်။ သို့သော် သူ၏စိတ်မှာမူ ဒဏ်ရာရထားပြီးပြီဖြစ်၍ မောက်မာသူ၊ မာနကြီးလွန်းသူ၊ သံသယကြီးမားသူ၊ စိတ်ဖောက်ပြန်သူ တစ်ယောက်အဖြစ်ကြီးပြင်းလာခဲ့သည်။ တစ်နည်းဆိုသော် ထိုအဖြစ်သည် ထက်မြက်သည့်တိုင်သူ့ခေတ်နှင့်သူဟူသော ဆင်ခြေဖြင့် သောက်စားမူးယစ်တတ်သော မိမိ၏မိသားစုကို မိမိနိုင်အောင် မထိမ်းသိမ်းနိုင်သော ခမည်းတော်ထံမှ ဆိုးမွေဖြစ်သည်ဟုလည်းကောင်း သားနှင့်အဖကြားတွင် အထင်အမြင်လွဲမှားအောင် သွန်သင်မှုမှားယွင်းသော မယ်တော်၏ နည်းပေးလမ်းပြ မှားယွင်းမှုတို့၏ ဆိုးကျိုးဆက်များ ဖြစ်သည်ဟုလည်းကောင်း ကောက်ချက်ချနိုင်သည်။

## အလက်ဇန္ဒာ၏ ရှုးသွပ်သော ရက်စက်မှုများ

အလက်ဇန္ဒာကို ဂရိမြို့ပြနိုင်ငံများက သူ၏ခမည်းတော်အား ပေးအပ်ထားသည့် Captain-general ရာထူးကို ဆက်လက်၍ ပေးခဲ့ကြသည်။ သူသွားရောက်တိုက်ခိုက်သော ဒင်းနူးဘ်မြစ်ကမ်းခြေဒေသများ၏ အကြောင်းကို ချန်ရစ်၍ ဂရိကျွန်းဆွယ်ပေါ်ရှိ သီးဘီးစ်မြို့ကို တိုက်ခိုက်သိမ်းပိုက်သည့်နည်းကို တင်ပြလိုသည်။ သီးဘီးသည် အေသင်မြို့ပြနိုင်ငံ၏ ထောက်ခံမှုကို မရသည့်နိုင်ငံဖြစ်ရာ အလက်ဇန္ဒာကိုလည်း ထိုမြို့က မထောက်ခံသောကြောင့် အလက်ဇန္ဒာနှင့် သူ၏တပ်များက ဝင်ရောက်တိုက်ခိုက်သည်။ လူယက်ဖျက်ဆီးကြသည်။ ရက်ရက်စက်စက် ဖျက်ဆီးချေမှုန်းခဲ့ကြသည်။

အလက်ဇန္ဒာ၏အမိန့်ဖြင့် နတ်ဘုရားကျောင်းဆောင်နှင့် ကဗျာဆရာကြီး ပင်ဒါ Pindar ၏အိမ်မှတစ်ပါး အခြားသော လူနေအိမ်ခြေအားလုံးကို

မြေပြင်တွင် တစ်သားတည်းဖြစ်အောင် ဖြိုချစေခဲ့သည်။ ကဗျာဆရာကြီး ပင်ဒါ၏ အိမ်ကို မဖျက်ဆီးဘဲ ချန်ထားသည်မှာ သူသည် အရစ်စ်တိုတယ်လ်၏ တပည့်ပီပီ စာပေကဗျာများကို ချစ်သူဖြစ်သောကြောင့် စာဆို၏ အိမ်ကို ယက်ညှာသောအားဖြင့် ထားရစ်သည်ဟုဆိုသည်။ တစ်အိမ်တည်း ထီးထီး ကျန်ရစ်ခြင်းဖြင့် ကဗျာဆရာသည် ရပ်တည်နိုင်ခြင်းမရှိသည်ကို သူမစဉ်းစား နိုင်အောင် တစ်ဖက်စောင်းနင်းဖြစ်နေသည်မှာ မှုမမှန်ချေ။

သီးဘီးမြို့ကို ဖျက်ဆီး၍ လူပေါင်းသုံးသောင်းကို ကျွန်များအဖြစ် ရောင်းချပစ်လိုက်ခြင်း၊ အနှစ်တည်းဟူသော ပစ္စည်း ဥစ္စာရတနာများကို သိမ်းယူခြင်းစသည့် အလက်ဇန္ဒာ၏ လုပ်ရပ်များကြောင့် ဂရိကမ္ဘာတစ်ခုလုံး ထိတ်လန့်ကာ ကြက်သေသေသွားကြသည်ဟုဆိုသည်။ ဂရိတို့ရွေးချယ်လိုက်သည့် ခေါင်းဆောင်သည် ရက်စက်သူ အကြမ်းဖက်သူဖြစ်သည် ဆိုသည့် အချက်ကို လှစ်ဟပြသလိုက်သည့် လုပ်ရပ်ဖြစ်သည်။ ဂရိတို့သည် သီးဘီးစ်၏ နမူနာကိုကြည့်ကာ ပုန်ကန်ထကြွရန် ဝံ့စားတော့မည်မဟုတ်ဟု ယူဆသော် ရနိုင်သည်။ ထို့အတူ ဂရိတို့သည် လူမျိုးချင်းမတူသည့်အပြင် သူတို့ကိုစိုးမိုး လိုသည့် ပါရှန်များကို သွားရောက်တိုက်ခိုက်တော့မည့် အလက်ဇန္ဒာကို သီးဘီးတိုက်ပွဲသတင်းကို ကြားပြီးသည့်နောက်တွင် ကူညီခြင်းမပြုတော့ချေ။ ငြိမ်သက်စွာ နေထိုင်ကြသော်လည်း အားတက်သရော ကြိုးဆိုကူညီခြင်းမရှိ ကြတော့ချေ။

## လူတစ်ကိုယ် စိတ်နှစ်ခွနှင့် အလက်ဇန္ဒာ

သီးဘီးစ်တွင် ရက်စက်စွာသတ်ဖြတ်မှုများ လုယက်မှုများဖြင့်သာ သူ၏ စိတ်ထားကို ဖော်ပြခဲ့သည်မဟုတ်သေးချေ။ ပလူတာ့ခ်၏ မှတ်တမ်း တွင် ပါသော အလက်ဇန္ဒာ၏ လုပ်ရပ်မှာလည်း သူ၏ စိတ်ထားဟန်ချက် ကင်းမဲ့နေမှုကို သိသာစေခဲ့သည်။ သီးဘီးစ်တွင် မက်ဆီဒိုးနီးယန်းတပ်သား တစ်ယောက်နှင့် သီးဘီးမြို့တော်သူတစ်ယောက်တို့၏ ဖြစ်ရပ်ကို တင်ပြပါ



ဦးမည်။ မက်ဆီဒိုးနီးယန်းတပ်သားသည် လုယက်ဖျက်ဆီးရင်း တွေ့ရှိရ သည့် သီးဘီးမြို့တော်သူတစ်ယောက်ကို ကျူးကျော်စော်ကားပြီးနောက် ရွှေငွေများ မည်သည့်နေရာတွင်ဝှက်ထားသည်ကို ပြသရန် တောင်းဆိုသည်။ ထိုအမျိုးသမီးက ရေတွင်းထဲတွင် ဝှက်ထားပါသည်ဟုဆိုကာ ရေတွင်းအနီး သို့ ထိုမက်ဆီဒိုးနီးယန်းတပ်သားကို ခေါ်သွားပြီးနောက် ရေတွင်းထဲသို့ တွန်းချကာ သတ်ဖြတ်လိုက်သည်။ မက်ဆီဒိုးနီးယန်းများက ထိုအမျိုးသမီး ကို ဖမ်းဆီးကာ အလက်ဇန္ဒာ၏ ရှေ့မှောက်သို့ ခေါ်သွားခဲ့သည်။ အမျိုးသမီး ကလည်း ဂရိအမျိုးသမီးပီပီ နှုတ်မှုရေးရာ ကောင်းစွာတတ်ပွန်သဖြင့် အဖြစ် အပျက်များကို စီကာပတ်ကုံး အလက်ဇန္ဒာအား ပြောပြခဲ့သည်။

မြို့သူမြို့သားအများကို ရက်စက်စွာသတ်မိန့်ပေးခဲ့သည့် အလက်ဇန္ဒာ သည် ထိုအမျိုးသမီး၏ စကားကို နားထောင်ကာ သိမ်းယူထားသမျှကို ပြန်၍ပေးခဲ့သည့်ပြင် သူ၏ တပ်သားကို သတ်သည့်အတွက်လည်း အပြစ်မပေး ခဲ့ချေ။ ထိုအမျိုးသမီးသာမက သူ၏ မိသားစုကိုပါ လွတ်လပ်ရေးပေးခဲ့လေ သည်။

ထိုအပြုအမူသည် ရက်ရောသော သက်ညှာသောမင်းတစ်ပါး၏ အပြုအမူဟု သာမန်အားဖြင့် ဆိုနိုင်သည်။ သို့သော် ရေတွင်းထဲကျသေသည့် တပ်သားအပါအဝင် အားလုံးသောမက်ဆီဒိုးနီးယန်းတပ်သားတို့သည် မူလက အလက်ဇန္ဒာ ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်ကိုသုံးကာ သူတို့ စိတ်ကြိုက်လုပ်ဆောင်ခဲ့ခြင်းသာဖြစ်သည်။ ထိုကဲ့သို့ အမိန့်ပေးခဲ့သောသူ သည် သူ၏ တပ်ကို သူပြန်နင်းသင့်သလောဟူသော ပြဿနာကို မည်သို့ဖြေ ကြမည်နည်းဟု ထိုခေတ်က သူ၏ နောက်လိုက်များလည်း စဉ်းစားတတ်မည် မဟုတ်ချေ။ ယခုကဲ့သို့ နာကြည်းမှုများကို မေးမိန့်စွာ တွေးတောယူရသည့် နှစ်ပေါင်း ၂၃၀၀ ခန့်ကြာမှ အလက်ဇန္ဒာကို အကဲဖြတ်ရာတွင် သူသည် စိတ်နှစ်ခွရှိသူ ဖြစ်သည်။ သူ၏ ရက်ရောမှုကို ခမ်းကြီးနားကြီးပြသကာ ထူးခြား သူဖြစ်ချင်သည်ဟုသာ ကောက်ချက်ချနိုင်သည်ဖြစ်၍ အမှန်တရားနှင့် ဟပ် မိပါမည်လောဟု စဉ်းစားစရာဖြစ်နေလေသည်။ အိုလမ်ပီယပ်စ်၏ ရှုးသွပ်

သောရက်စက်မှုများ၊ ဖိလစ်၏ စိတ်ထားမှန်ကန်မှုများ၊ အရစ်စ်တိုတယ်လ်၏ ဆင်ခြင်တုံတရားများသည် အချိုးမပြေစွာ အလက်ဇန္ဒာကို လွှမ်းမိုးနေသည်ဟုလည်း ကောက်ချက်ချနိုင်ပေသည်။ သီးဘီးအမျိုးသမီးသည် အလက်ဇန္ဒာ၏ ရှေ့မှောက်တွင် စကားပြောခြင်းမှာ သူနှင့်သူ၏မိသားစု လွတ်မြောက်စေချင်၍လည်း ဖြစ်ဟန်မတူ။ ပစ္စည်းဥစ္စာများ ပြန်လည်ရလိုမှုလည်း ဖြစ်ဟန်မတူချေ။ ဆွေးမြေ့ကြေကွဲနေသည့်တိုင် သိက္ခာစောင့်သူတို့၏ ရဲရင့်ခြင်းဖြင့်သာ ပြောသင့်သည်တို့ကို ပြောခဲ့ခြင်းဖြစ်ဟန်တူသည်။ မြို့တော်တစ်ခုလုံးပျက်သုဉ်းသွားကာမှ သူ၏အနေဖြင့်လည်း သေသော်မှတည့် ဘြော်ကောင်း၏ဟုသာ ခံစားနေရမည်ဟု တွေးတောရပေသည်။

သီးဘီးစ်ကို ထိုကဲ့သို့ တိုက်ခိုက်ဖျက်ဆီးမိသဖြင့် အလက်ဇန္ဒာသည် နောင်တရခြင်းမရှိချေ။ ဂရိမြို့တော်တစ်ခုဖြစ်သည့် တိုင်ယာ Tyre . Gaza, အပြင် အိန္ဒိယမြို့တော်တစ်ခုတို့ကိုလည်း ထိုနည်းတူစွာ ရက်ရက်စက်စက် ဖျက်ဆီးခဲ့သည်။ အိန္ဒိယတွင် ထိုသို့ရက်စက်သည်ကို ပြန်လည်ခုခံသဖြင့် သူကိုယ်တိုင်ဒဏ်ရာရကာ လဲကျခဲ့သည်။ ထို့ကြောင့် ထိုမြို့ကို ဖျက်ဆီးရာတွင် ကလေးကစ၍ တစ်ယောက်မျှမကျန်အောင် သတ်ဖြတ်ခဲ့လေသည်။ ထိုသို့သတ်ဖြတ်၍ လက်စားချေခြင်းကို ထောက်၍ သူ၏အကြောက်တရားမှာ ခန့်မှန်း၍မရအောင် ကြီးမားခဲ့သည်ကို ဖော်ပြနေသည်ဟု မှတ်ယူနိုင်သည်။

## စစ်ပရိယာယ်ကြွယ်ဝသည့် အလက်ဇန္ဒာ

အလက်ဇန္ဒာသည် မူအားဖြင့် သူ၏မဟာမိတ်များဖြစ်သည့် ဂရိမြို့ပြနိုင်ငံများထံမှ အကူအညီကို မရနိုင်တော့ချေ။ သို့သော် သူ၏ဖခင်လက်ထက်ကတည်းက ပဓာနဦးတည်ချက်ဖြစ်သည့် ပါရှားသို့ သွားရောက်တိုက်ခိုက်ရန်ကိစ္စကိုမူ ရပ်ဆိုင်းထား၍ မရနိုင်ချေ။ အကြောင်းမှာ ပါရှားနှင့်ဂရိမြို့ပြနိုင်ငံတို့သည် ရှေးပဝေသဏီကတည်းက ရန်ကြွင်းရန်စရှိသည်။ အေသင်တွင် အိုလံပစ်ပွဲတော်ကျင်းပနေစဉ် ပါရှန်များ လာရောက်တိုက်ခိုက်



[illegible] ပထမမြောက် ဒရိုင်းယပ်စ်က ဂရိကို လာရောက်တိုက်ခိုက်ခြင်းမှာ [illegible]ရာမှ ပေါ်ပေါက်သော ပြဿနာကြောင့်ဖြစ်သည်ဟု လတ်[illegible]ကြောင်းရင်းကို ထောက်၍ ဆိုနိုင်သည်။ ဂရိကျွန်းပေါ်တွင် နေထိုင်[illegible]ဖြင့် အေရှမိုင်းနားသို့သွားရောက်ကာ မြို့ပြတည်ထောင်၍ [illegible] ဂရိကိုလိုနီများနှင့် ဒရိုင်းယပ်စ်ပိုင် နယ်မြေများထိစပ်လာရာမှ [illegible]ကြသည်။ ထိုကိုလိုနီများက ဂရိကျွန်းမကြီးပေါ်ရှိ မြို့ပြနိုင်ငံများမှ [illegible]ကိုတောင်းကာ ပါရှားကို ပြန်လည်တိုက်ခိုက်တတ်သည်။ ပါရှား [illegible] ဒရိုင်းယပ်စ် သည် သူ၏ပတ်ဝန်းကျင်ရှိ နယ်များကို လက်အောက်ခံ [illegible] အလွယ်တကူသိမ်းခဲ့နိုင်ပါလျက် ဂရိကျွန်းမကြီးပေါ်မှ မိခင်မြို့ပြနိုင်ငံ [illegible] အကူအညီတောင်းကာ ပြန်လည်ခုခံသော ဂရိကိုလိုနီကြောင့် ဂရိကျွန်း [illegible] လာရောက်တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုဆုံးဖြတ် [illegible] မမေ့ရန် နေ့စဉ်ပွဲတော်တည်တိုင်း အရှင်မင်းကြီး ဂရိကျွန်းမကြီးကို [illegible]ရောက်တိုက်ခိုက်ရန် မမေ့စေချင်ပါဘုရားဟု လျှောက်ထားခိုင်းလေ့ရှိ [illegible]ဆိုသည်။ ဘီစီ ၄၉၀ တွင် ဒရိုင်းယပ်စ်ကိုယ်တိုင် ဦးဆောင် [illegible]ခိုက်သော်လည်း မအောင်မြင်ခဲ့ချေ။ နောက်ပိုင်းတွင် သူ၏သားဖြစ်သူ [illegible] လာရောက်တိုက်ခိုက်သော်လည်း အရာမထင်ခဲ့ချေ။ လတ်တလော [illegible]ရင်းကသာ နယ်မြေချင်းထိစပ်ရာမှ ပေါ်ပေါက်လာသော ရန်စစ်ဟု [illegible]နေသော်လည်း ပဓာနအကြောင်းရင်းမှာ ထိုသို့ဟုတ်ဟန်မတူချေ။ [illegible]သည် ကြွယ်ဝကြသည်၊ နယ်မြေကျယ်ဝန်းစွာ ချဲ့ထွင်နိုင်ခဲ့ကြသည်။

သို့သော် နယ်မြေကျဉ်းမြောင်း၍ ကြွယ်ဝခြင်းလည်းမရှိသည့် အနေ[illegible]သော ဂရိများ၏ လက်အောက်မခံနိုင်သောမာန်သည် သူတို့၏ [illegible]လိုစိတ်ကို ထိပါးခဲ့ဟန်တူသည်။ ထို့ကြောင့် ရန်စကျူးကျော်လို [illegible] ပြင်းထန်စွာဖြင့် ဂရိကို လာရောက်ထိပါးခဲ့ခြင်း ဖြစ်ဟန်တူသည်ဟု [illegible]နိုင်ပေသည်။

ထိုသို့ ပထမမြောက် ဒရိုင်းယပ်စ် မအောင်မြင်ခဲ့ခြင်းနှင့် ပတ်သက်၍ [illegible]ကြောင်းပြချက် အမျိုးမျိုးရှိသည်၊ တစ်ခုမှာ ခရီးလမ်းပမ်းအဆက်အသွယ်

ကြပ်းတမ်းခြင်း၊ နောက်တစ်ခုမှာ ပါရှန်တို့ စုဆောင်းခေါ်ငင်ခဲ့သူများသည် ပါရှန်လက်အောက်သို့ ကျရောက်နေသော ကိုလိုနီများမှ လူများဖြစ်ခြင်းစသည့် ပါရှန်တို့၏ဘက်မှ အားနည်းချက်များကြောင့်လည်း ဖြစ်သည်။ ဂရိတို့သည် ပထဝီဝင်အခြေအနေအရ သီးခြားစီနေထိုင်ကြသော မြို့ပြနိုင်ငံများကို စုစည်း၍ ခေါ်ဆိုသော လူမျိုးများဖြစ်သော်လည်း အရေးကြီးသည့်အချိန်တွင် သွေးနီးသည်။ ဥပမာ ပထမအကြိမ် ပထမဒရိုင်းယပ်စ် ဦးဆောင်သည့် ပါရှန်တို့ စတင်တပ်ချသည့်နေရာမှာ မာရသွန်ဟု အမည်တွင်သော ရွာငယ်ကလေးဖြစ်သည်။ ထိုမာရသွန်မှ ခြေမြန်တပ်သားတစ်ဦးသည် စပါတာသို့ တောက်လျှောက်ပြေးကာ အေသင်ကို ရန်သူတို့ ဝိုင်းရံနေပြီဖြစ်ကြောင်း အကြောင်းကြားသည်။ ထိုသို့သောစကားကို ပြောအပြီးတွင် မာရသွန်ခြေမြန်တော်သည် အမောဆို့၍ သေရှာလေသည်။ စပါတာကလည်း တပ်ကူလွှတ်ခဲ့သည်။ သို့သော် အေသင်မြို့သားများသည် စပါတန်တပ်များမရောက်ခင် ဒရိုင်းယပ်စ်၏ တပ်များကို တွန်းလှန်လိုက်နိုင်ပါသည်။

စပါတားသို့ အသက်စွန့်သွားရသည်အထိ ပြေးသွားကာ အကြောင်းကြားသူ မာရသွန်ရွာသားဖြစ်သူကို ဂုဏ်ပြုသောအားဖြင့် ခေတ်သစ်တွင် ပြန်လည်ကျင်းပသော အိုလံပစ်ပွဲတော်များတွင် တာဝေးပြေးပွဲကို မာရသွန်ပြေးပွဲဟု ခေါ်ဆိုခဲ့ကြသည်။

ထိုသို့အရေးကြီးလျှင် သွေးနီးတတ်သော ဂရိများအဖို့ ပါရှန်များကို တိုက်ဖို့ရန် စုစည်းခေါ်ဆောင်ခြင်းခံရသဖြင့် တပ်ဖွဲ့များတွင် ပါခဲ့ခြင်းမဟုတ်။ မိမိတို့နိုင်ငံနှင့် နိုင်ငံသားများကို သူ့ကျွန်အဖြစ်သို့ မရောက်စေရန် စိတ်ပါလက်ပါ တိုက်ခိုက်မည့်သူများဖြင့် ဖွဲ့စည်းထားသူများဖြစ်သည်။ ပါရှန်များကို အနိုင်ရလိုစောလည်း ပြင်းထန်သည်၊ အနိုင်ရမှသာ ဂရိများ သူ့ကျွန်အဖြစ်မှ လွတ်ကင်းမည်ဖြစ်သည်။ ထို့ဖြင့် ဂရိတို့သည် ကိုယ့်မြေကိုယ်ပတ်ဝန်းကျင်တွင် နေထိုင်ရင်း အဝေးမှချီတက်လာသည့် ရန်သူများကို တိုက်ရသဖြင့် တပန်းသာခဲ့လေသည်။ ထိုထိုသောအကြောင်းများကြောင့် ဒရိုင်းယပ်စ် စစ်ရှုံးရခြင်း ဖြစ်သည်။



ပါရှန်များသည် ဂရိများကို အနိုင်မရမချင်း တိုက်ခိုက်ရန် စိတ်ဇောပြင်းထန်စွာဖြင့် ပြင်ဆင်နေခဲ့ကြလေသည်။ ထိုသို့ ပြင်ဆင်နေခဲ့ကြသည့်အလျှောက် ပထမဒရိုင်းယပ်စ် မရှိတော့သည့်အချိန်သို့ ရောက်သည့်တိုင် ပါရှားတို့၏ကျူးကျော်မှုကို ဂရိတို့ ခံခဲ့ကြရသေးသည်။

ဘီ စီ ၄၈၀ တွင် ပထမ ဒရိုင်းယပ်စ်၏သားဖြစ်သူ ဇားဇီးက ဂရိကျွန်းဆွယ်သို့ လာရောက်တိုက်ခိုက်ပြန်သည်။ ထိုမင်းသည် ဂရိကို ကုန်းလမ်းမှ လာရောက်ခြင်းမပြုဘဲ ရေကြောင်းကျွမ်းကျင်သော ဖိုနီးရှန်းလူမျိုးတို့ကို သိမ်းသွင်းစည်းရုံးပြီးနောက် ဟယ်လက်စပွန့် ရေလက်ကြားကိုဖြတ်ရန် လှေများကို တည်ဆောက်စေသည်။ ထိုလှေများကိုဆက်ကာ တံတားထိုးစေပြီးနောက် သူ၏တပ်များကို ဖြတ်စေသည်။ ထို့ပြင် သင်္ဘောများကိုလည်း အသုံးပြုခဲ့သည်။

သို့သော် ဇာဇီးသည်လည်း ဂရိစစ်တွင် အနိုင်ရတော့မည်ဟု ထင်ရသည့်အနေအထားမှ အရှုံးဖြင့်ရင်ဆိုင်ကာ ပါရှားသို့ ပြန်လည်ဆုတ်ခွာခဲ့ရသည်။ အကြောင်းမှာ သာမိုပီလေးတောင်ကြားတွင် လူ ၅၀၀ (တချို့အထောက်အထားများက ၃၀၀ ဟုဆိုသည်) မျှဖြင့် ခုခံသော စပါတန်ဘုရင် လီယိုနီးဒတ်စ်၏တပ်ကို ရင်ဆိုင်နေရသောကြောင့် အချိန်ကြာသွားသဖြင့် အေသင်မြို့သားများ ဆလားမစ်စ်ကျွန်းသို့ ရွှေ့ပြောင်းဆုတ်ခွာသွားနိုင်ခဲ့သည်။ လူမရှိသောမြို့ကို ဇာဇီးတို့က မီးတိုက်နိုင်ခဲ့သော်လည်း လူများကို သိမ်းပိုက်ကာ ကျွန်အဖြစ်ရောင်းချခြင်း၊ ကျွန်ပြုခြင်းစသည်တို့ မလုပ်နိုင်ခဲ့သည့်ပြင် ဆလားမစ်စ်ကျွန်းမှ အေသင်များနှင့် ကျန်ဂရိအင်အားများ စုစည်းကာ ရေတပ်ဖြင့် ဝိုင်းဝန်းတိုက်ခိုက်သော ဇာဇီးတို့ကို တွန်းလှန်လိုက်နိုင်ခဲ့ကြသည်။ ထိုကဲ့သို့ ဂရိများနှင့် ကျောင်းတော်ကရန်စရှိနေသော ပါရှန်များနှင့် အလက်ဇန္ဒာတို့၏ တိုက်ပွဲများသည် ပြင်းထန်ခဲ့မည်မှာ ကြိုတင်ခန့်မှန်းနိုင်လောက်သော ဖြစ်ရပ်များသာဖြစ်သည်။

## စစ်ရေးကျွမ်းကျင်သော အလက်ဇန္ဒာ

အလက်ဇန္ဒာဘုရင်၏ ဟန်ချက်မညီသော ကနဦးလုပ်ရပ်များကို တင်ပြခဲ့ပြီဖြစ်သည်။ ထိုသို့သော အကြောင်းများရှိသော်လည်း အလက်ဇန္ဒာ၏ စစ်ရေးကျွမ်းကျင်မှုကို သံသယပွားစရာမလိုပေ။ သူ၏အသက်မှာ စစ်ဆင်ရေး စတင်ချိန်တွင် ၂၂ သာရှိသေးသော်လည်း သူသည် ၁၆ နှစ်သားကတည်းက ခမည်းတော်၏လေ့ကျင့်ပေးမှုကို တရားဝင်ခံယူထားခဲ့ရသည့် မင်းသားဖြစ်သည့်အားလျော်စွာ စစ်စိတ်စစ်သွေးဖြင့် တက်ကြွနေမည့်ပြင် စိတ်ဓာတ်အားဖြင့်လည်း ထက်မြက်နေမည်ဖြစ်သည်။ သီးဘီးတွင် သူလုပ်ခဲ့သော လုပ်ရပ်များကြောင့် အေသင်နိုင်ငံသားများအပါအဝင် ဂရိများက ပါရှားသို့ချီတက်ရာတွင် သူ့ကိုအကူအညီမပေးဘဲ နေခဲ့ကြသည်။ ဤတွင် သူ၏ စစ်စိတ်စစ်သွေးမှာ ပို၍တက်လာနိုင်သည်။

သူ ယခုရင်ဆိုင်ရတော့မည့်သူများမှာ ပါရှန်များဖြစ်သည်။ ပါရှန်တို့သည် ဘီစီ ၄၉၀ ၌ ဒရိုင်းယပ်စ်(၁) နှင့် သူ၏သားတော် ဇာဇီးတို့လာရောက်တိုက်ခိုက်စဉ်က ကုန်းတွင်းသားများပီပီ ရေကြောင်းအင်အားမရှိခဲ့ချေ။ သို့သော် နောက်ပိုင်းတွင် ဖိုနီးရှန်းများကို စိုးမိုးနိုင်လာကြသည့်ပြင် ရေတပ်အင်အားကို အေဂျီယန်ပင်လယ်တွင် ထားနိုင်သည်အထိ အားကောင်းလာသည်။ အလက်ဇန္ဒာသည် ဂရိတို့က အေဂျီယန်ပင်လယ်ကိုဖြတ်ကာ အေရှမိုင်းနားသို့ သွားရောက်ရန် ရေတပ်သင်္ဘောများကို အလက်ဇန္ဒာအား မပေးအပ်ဘဲ တင်းတင်းမာမာနေခဲ့ကြသည်။ အလက်ဇန္ဒာကလည်း သူတို့ထံမှ အကူအညီကို တောင်းခံခြင်းမရှိဘဲ ဂရိကျွန်းဆွယ်၏ အရှေ့ဘက်ရှိ ဟယ်လက်စပွန့် (Hellespont) ယခု ဒါဒင်နယ် (Dadenell) အထိ ကုန်းကြောင်းအတိုင်း ချီတက်သွားခဲ့လေသည်။ ထို့နောက် အေရှမိုင်းနားရှိ ပါရှန်တို့၏ ဆိပ်ကမ်းမြို့များကို တစ်မြို့ပြီးတစ်မြို့ သိမ်းယူရန် စီစဉ်ခဲ့သည်။ ထိုနည်းဖြင့် ပါရှန်တို့၏ရေကြောင်းဌာနချုပ်များကို ဖျက်ဆီးရန် ကြံစည်ခဲ့သည်။



ထိုကဲ့သို့ အလက်ဇန္ဒာရည်ရွယ်ထားသည့်အတိုင်း ပါရှန်တို့က လိုက်၍မလုပ်ဘဲ အလက်ဇန္ဒာ၏စစ်ကြောင်းကို ဖြတ်တောက်တိုက်ခိုက်ကြမည်ဆိုပါက အလက်ဇန္ဒာအတွက် အခက်ကြုံရမည်ဖြစ်သည်။ သို့သော် ပါရှန်တို့သည် အလက်ဇန္ဒာ၏ တပ်အင်အားကို မှားယွင်းစွာခန့်မှန်း၍ တပ်ချင်းယှဉ်ခဲ့ကြသည်။ ဘီစီ ၃၃၄ တွင် ဂရန်နီးကပ်စ်တွင် (Granicus) ပါရှန်တို့က အလက်ဇန္ဒာ၏တပ်ထက် အနည်းငယ်မျှ အင်အားသာသောတပ်ဖြင့် အလက်ဇန္ဒာကို ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။ ပါရှန်တို့၏တပ် ပျက်ခဲ့လေသည်။ ထိုအချိန်တွင် အလက်ဇန္ဒာသည် အေရှမိုင်းနား (ယခု တူရကီ) ဒေသရှိ ကြွယ်ဝသောမြို့များကို တစ်မြို့ပြီးတစ်မြို့ တိုက်ခိုက်ကာ အနိုင်ယူခဲ့လေသည်။ ထိုမြို့များ၏အမည်မှာ Sardis, Ephesus,Miletus, Halicarnassus ဟူ၍ဖြစ်ရာ အသံထွက်များကို နားထောင်လိုက်သည်နှင့် ဂရိမြို့များဟု သိနိုင်လေသည်။ အေရှမိုင်းနားတွင် ဂရိတို့သည် ဇာတိမြေ၏ ကျဉ်းမြောင်းမှုကြောင့် ကုန်သွယ်ရောင်းဝယ်ရင်း တစ်စတစ်စ အခြေချနေထိုင်ခဲ့ကြသည်ဖြစ်ရာ ဂရိမြို့အများအပြားသည် အေရှမိုင်းနားတွင် ရှိနေခဲ့သည်။ သူတို့သည် အစောပိုင်းက မိခင်ဂရိမြို့ပြများအပေါ်တွင် တွယ်တာစိတ်ပြင်းပြ၍ ဂရိယဉ်ကျေးမှုကို ထိန်းသိမ်းခဲ့သော်လည်း ကြာရှည်လာသည့်အခါ မိမိတို့၏မြို့ရွာများ ဖွံ့ဖြိုးထွန်းကားရေးကိုသာ စိတ်ဝင်စား၍ လာရောက်အုပ်စိုးသည့် ပါရှန်များနှင့်လည်း သင့်တင့်စွာနေခဲ့ကြသည်။

ပါရှန်တို့သည် ဂရိကျွန်းမကြီးနှင့် အလက်ဇန္ဒာ၏တပ်များကြားတွင် ကျောက်ချထားကာ ခြိမ်းခြောက်လျက်ရှိသော်လည်း အလက်ဇန္ဒာကို တိုက်ခိုက်ခြင်း မပြုခဲ့ကြချေ။ ဘီစီ ၃၃၃ တွင် အလက်ဇန္ဒာသည် ရေကြောင်းဌာနချုပ်များဖြစ်သည့် ပင်လယ်ဆိပ်ကမ်းမြို့များကို တစ်မြို့ပြီးတစ်မြို့တိုက်ခိုက်ချေမှုန်းပြီးနောက် ယခုအချိန်တွင် (Alexdretta) အလက်ဇန်ဒရက်တား ပင်လယ်ကွေ့ဟုခေါ်သည့်နေရာတိုင်အောင် ခရီးပေါက်ခဲ့သည်။ ပင်လယ်ကမ်းခြေနှင့် အလက်ဇန္ဒာကို တိုက်ခိုက်ရန် စောင့်နေသော ပါရှန်ဘုရင် တတိယမြောက် ဒရိုင်းယပ်စ်၏ တပ်မကြီးအကြားတွင် တောင်ကုန်း

များ ခြားလျက်ရှိနေလေသည်။ အလက်ဇန္ဒာသည် ရန်သူတို့ မရိပ်စားမိအောင် ရန်သူတို့၏ တပ်များကိုကျော်ကာ နေရာယူထားလိုက်သည်။ ထောက်လှမ်းခြင်းနှင့်ပတ်သက်၍ ပါရှန်တို့လောက် ညံ့သည့်သူများ ထိုအချိန်က မရှိဟုဆိုနိုင်သည်။

အကြောင်းမှာ ဒရိုင်းယပ်စ်၏တပ်သည် အလက်ဇန္ဒာ၏ မက်ဆီဒိုးနီးယန်းတပ်များကဲ့သို့ စစ်ရေးလေ့ကျင့်မှုမရှိသော စစ်ရေးအတွေ့အကြုံမရှိသော ရရာလူကို ဆွဲယူထည့်သွင်းဖွဲ့စည်းထားသဖြင့် စည်းကမ်းမရှိသော လူများစုဖြင့် ဖွဲ့စည်းထားသော တပ်ကြီးဖြစ်သည်။ ထိုသို့ဖြစ်ရသည်မှာ ပါရှန်အင်ပါယာ၏ ကျယ်ပြောသော လက်အောက်ခံနယ်များမှ လူများကို တပ်တွင်းသို့သွင်းကာ ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။ လူအင်အားများသော်လည်း စစ်ရေးစွမ်းရည်နည်းပါးသော တပ်ကြီးဖြစ်သည်။ ထို့ပြင် မောင်းမမိသံများနှင့် အထိန်းအယများ ကချေသည်များ သီချင်းသည်များ စားတော်ကဲများစသည့် စစ်ပွဲနှင့်လားလားမှ မသက်ဆိုင်သောသူများကို ပါရှန်ဘုရင်က ခေါ်ဆောင်ခဲ့ပြန်သည်။ အလက်ဇန္ဒာ၏တပ်များကို သူတို့ပါရှန်ဘုရင်က မည်သို့မည်ပုံ ချေမှုန်းသည်ကိုကြည့်ရန် ခေါ်ဆောင်လာခြင်းဖြစ်သည်ဟု ဆိုသည်။

ပါရှန်တပ်များဆိုသည်မှာလည်း အထက်တွင်ဖော်ပြသကဲ့သို့ ပါရှန်လူမျိုးမဟုတ်သော လူမျိုးစုံပါဝင်သည့် တပ်ကြီးဖြစ်ပေရာ တပ်တစ်တပ်နှင့်တစ်တပ် ပူးပေါင်းဆောင်ရွက်ရန် မဖြစ်နိုင်ချေ။ ဒရိုင်းယပ်စ်သည် ဂရိကျွန်းဆွယ်နှင့် အလက်ဇန္ဒာ၏တပ်များကို ဖြတ်တောက်မည်ဟူသော ဦးတည်ချက်ဖြင့် တောင်ကုန်းများကို တောင်ကြားလမ်းများမှဖြတ်ကာ ပင်လယ်ကမ်းခြေသို့ ဆင်းသက်လာခဲ့သည်။ ပင်လယ်ကမ်းခြေနှင့် တောင်ကုန်းများအကြားရှိ အစ်ဆပ်စ်လွင်ပြင်တွင် ဒရိုင်းယပ်စ် တပ်ချရပ်၍ မပြီးမီမှာပင် အလက်ဇန္ဒာသည် သူချီတက်နေသောလမ်းကြောင်းမှ ရုတ်တရက်ပြန်၍ကွေ့ကာ ပါရှန်တပ်အား တိုက်ခိုက်ချေမှုန်းလေတော့သည်။ မြင်းတပ်နှင့်ခြေလျင်တပ် Phalanx တို့သည် ရန်သူတပ်များကို အစိတ်စိတ်ကွဲအောင်



တိုက်ခိုက်ချေမှုန်းလေတော့သည်။ ထွက်ပြေးသူများကိုလည်း လိုက်လံချေမှုန်းလေရာ ပါရှန်တပ်များ အပျက်စီးကြီးပျက်စီးလေတော့သည်။ ဒရိုင်းယပ်စ်သည် မောင်းမမိသံများကို ချန်ထားရစ်ကာ မြင်းကသောစစ်ရထားဖြင့် ထွက်ပြေးလေသည်။ အလက်ဇန္ဒာသည် ဒရိုင်းယပ်စ်ကို လိုက်လံဖမ်းဆီးခြင်းမပြုဘဲ လွှတ်ထားလိုက်သည်။ ကျန်ရစ်ခဲ့သော ပါရှန်မင်းသမီးများကို ယဉ်ကျေးစွာဆက်ဆံသည်။ သဘောထားကြီးသူဖြစ်ကြောင်း ပြသသည်။ သူသည် ထိုအချိန်က သူ၏စိတ်ကိုတည်ကြည်စွာ ထိန်းသိမ်းထားနိုင်သည်။ သူ၏ဦးတည်ချက်ကို မပျက်စေဘဲ ဆက်လက်ချီတက်ရာ ဖော်ပြခဲ့သည့်အတိုင်း တိုင်ယာနှင့် ဆစ်ဒုံမြို့များသို့ ရောက်ရှိခဲ့သည်။ ဆစ်ဒုံက လက်နက်ချသည်။ တိုင်ယာက ခုခံသည်။ ထို့ကြောင့် တိုင်ယာမြို့မှာ အထိနာသည်။

အလက်ဇန္ဒာသည် စစ်ရေးကျွမ်းကျင်သော မင်းတစ်ပါးဖြစ်ကြောင်း သက်သေပြနိုင်ပြီဖြစ်သည်။ အသက် ၁၆ နှစ်သားက သူ၏ခမည်းတော်ကို ဘော့စပါးရပ်စ် (Bosperous) ကမ်းခြေရှိ ဘိုင်ဇမ်တီယမ် (Byzantium) ၏တပ်မြို့က တွန်းလှန်ခဲ့သည်ကို သူကိုယ်တိုင် မြင်ခဲ့ရဖူးသည်။ ဘိုင်ဇမ်တီယမ်သည် နယ်ဗူခတ်နက်ဇာမင်းမဟာ (Nebuchadnezzar the Great) ကို ၁၄ နှစ်တိုင်တိုင် ခုခံတွန်းလှန်လိုက်သော မြို့ဖြစ်သည်။ ထို့ပြင် အလက်ဇန္ဒာကိုယ်တိုင် ဟာလီကာနား ဆပ်စ်ရဲတိုက်မြို့ (Citadel of Herlicanersus) ကို ကိုယ်တိုင်တိုက်ခိုက်ဖူးသော အတွေ့အကြုံရခဲ့ပြီဖြစ်သည်။ တိုင်ယာ Tyre မြို့သည် ပင်လယ်ထဲတွင်တည်ရှိသော ကျွန်းပေါ်တွင် တည်ထားသောမြို့ဖြစ်သည်။ ကမ်းစပ်မှ မိုင်ဝက်ခန့်ဝေးသည်။ တိုင်ယာရေတပ်မတော်ကလည်း အင်အားကြီးမားကာ အာခံရန်အသင့်ရှိနေသည်။

ထိုကဲ့သို့သောမြို့ကို တိုက်ခိုက်အနိုင်ယူရန် ကောင်းစွာပြင်ဆင်ရမည်ဖြစ်ကြောင်း အလက်ဇန္ဒာ သိနားလည်သည်။ ထို့ကြောင့် အလက်ဇန္ဒာသည် ရိုဒ်စ်ကျွန်းများနှင့် ဆိုက်ပရပ်စ်မှ အင်ဂျင်နီယာများကို စုဆောင်းသိမ်းသွင်းလာခဲ့ခြင်းဖြစ်သည်။ ဆီဒုံရေတပ်ကလည်း သူ့ဘက်တွင် ရောက်ရှိပြီဖြစ်သည်။ ဆိုက်ပရပ်စ်ဘုရင်ကလည်း ရေတပ်သင်္ဘော ၁၂၀ ဖြင့် အလက်ဇန္ဒာထံသို့ လာရောက်ပူးပေါင်းလေသည်။

အလက်ဇန္ဒာ၏ အစီအမံများတွင် ကုန်းပေါ်မှ ကျွန်းအထိ တပ်များ ကူးသွားနိုင်သော ယာယီတံတားခင်း (Pier) ရန် အစီအမံပါဝင်သည်။ ယခုခေတ်တိုင် တစ်ပိုင်းတစ်စအားဖြင့် တွေ့မြင်နိုင်သေးသော ရေကာတာကို လည်း အလက်ဇန္ဒာက တည်ဆောက်ခဲ့သည်။ တိုင်ယာမြို့နှင့်နီးစပ်သော ထိုရေကာတာအပိုင်းပေါ်တွင် အလက်ဇန္ဒာက မျှော်စင်များ မြို့တံခါး ဆောင့် ဖြိုရာတွင် သုံးသည့်လက်နက်စင်များ (battaring-rams) ကို တည်ဆောက် သည်။ မြို့ရိုးများတွင်ကပ်၍ သင်္ဘောများကို ကျောက်ချထားသည်။ ထို သင်္ဘောများပေါ်တွင်လည်း ထိုမြို့ရိုးဖြိုသည့်စက်များနှင့် မျှော်စင်များကိုပါ တည့်သွင်းတည်ဆောက်ထားသည်။

တိုင်ယာမြို့သားများကလည်း အလက်ဇန္ဒာ၏ သင်္ဘောများကို မီးဖောင်များသုံးကာ ပြန်လည်တိုက်ခိုက်သည်။ ထို့ပြင် သူတို့၏သင်္ဘောဆိပ် နှစ်ခုမှလည်း နည်းဗျူဟာအမျိုးမျိုးသုံးကာ တိုက်ခိုက်ခဲ့ကြသည်။ တိုင်ယာ မြို့သားများက ဆိုက်ပရပ်စ်သင်္ဘောများကို ဖျက်ဆီးရန် လျှပ်တစ်ပြက် ထိုးစစ်တစ်ခုလုပ်ရာတွင် တိုင်ယာတို့ဘက်မှ များစွာအထိနာခဲ့ကြသည်။ သူတို့၏သင်္ဘောများစွာသည် ချေမှုန်းခြင်းခံခဲ့ရသည်။ စစ်သင်္ဘောများစွာကို လည်း အလက်ဇန္ဒာတို့ဘက်မှ သိမ်းယူနိုင်ခဲ့ကြသည်။ နောက်ဆုံးတွင် တိုင်ယာမြို့ရိုးများကို ဖြိုချနိုင်ခဲ့ကြသည်။ အလက်ဇန္ဒာ၏တပ်များသည် သူတို့၏ သင်္ဘောအပျက်အစီးများထဲမှ ထိုးထွက်ကာ မြို့ရိုးပေါ်သို့ တွယ် တက်၍ တိုင်ယာမြို့ကို ချေမှုန်းခဲ့ကြသည်။ တိုင်ယာမြို့ကို အလက်ဇန္ဒာ တို့သည် ၇ လတိုင်တိုင် ဝိုင်းရံလုပ်ကြံခဲ့ရသည်။ ထို့ကြောင့် အစောပိုင်းက တင်ပြခဲ့သော အထိနာသည့်မြို့စာရင်းတွင် တိုင်ယာမြို့ ပါဝင်နေခြင်း ဖြစ် သည်။ (ယခု ကမ္ဘာ့သတင်းများတွင် ထင်ရှားနေသော ဂါဇာ) ဂါဇာမှာ နှစ်လသာ ဝိုင်းရံခဲ့ရသော မြို့ဖြစ်သည်။ ထိုမြို့နှစ်မြို့စလုံးတွင် အလက်ဇန္ဒာ ၏အမိန့်ဖြင့် လူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ကြသည်။ အသက် ရှင်လျက် ကျန်ရစ်သူများကို ကျွန်များအဖြစ် ရောင်းချလိုက်ကြသည်။ မြို့ နှစ်မြို့စလုံးကို ညက်ညက်ကျေအောင် ဖျက်ဆီးလိုက်ကြသည်။



## နေမင်း၏သားတော်စိတ်ဝင်သွားသည့် အလက်ဇန္ဒာ

ဘီစီ ၃၃၂ ခုတွင် အလက်ဇန္ဒာ အီဂျစ်သို့ ဝင်ရောက်ခဲ့သည်။ ထိုသို့ဝင်ရောက်နိုင်ခြင်းကြောင့် မြေထဲပင်လယ်ကို ကောင်းစွာ စိုးမိုးနိုင်ခဲ့ပြီ ဟု ဆိုနိုင်သည်။ ဂရိသည် အလက်ဇန္ဒာကို အကူအညီမပေးဘဲ မည်သည့် လမ်းသို့ လိုက်ရမည်မှန်း မသေချာမရေရာဘဲ နေခဲ့ရာမှ အလက်ဇန္ဒာ အီဂျစ် သို့ဝင်နိုင်ပြီဟု ဆိုသည့်အချိန်တွင်မှ ဂရိများသည် အလက်ဇန္ဒာကို တစ်ခဲနက် ထောက်ခံကြကာ မက်ဆီဒိုးနီးယန်းများနှင့် တစ်သားတည်းဖြစ်သွားလေ သည်။

အီဂျစ်တို့ကလည်း မူလကတည်းက အလက်ဇန္ဒာကို ကြိုဆိုနေ ကြသူများ ဖြစ်သည်။ အကြောင်းမှာ အီဂျစ်သည် နှစ်ပေါင်း ၂၀၀ မျှ ပါရှန်တို့၏လက်အောက်တွင် နေခဲ့ရသည်ဖြစ်ရာ အလက်ဇန္ဒာ ရောက်လာ ခြင်းသည် သခင်အသစ်တစ်ယောက် ပြောင်းသည်သာဖြစ်၍ အကောင်းဘက် သို့ ပြောင်းသည်ဟု သူတို့ကယူဆကြသောကြောင့် ဖြစ်သည်။ အီဂျစ်သည် ဝင်လာသော မက်ဆီဒိုးနီးယန်းများကို ဆန့်ကျင်ခြင်းမပြုသဖြင့် အလက်ဇန္ဒာ တို့သည် သတ်ဖြတ်ဖျက်ဆီးခြင်း လုံးဝမပြုလုပ်ရဘဲ သိမ်းယူနိုင်ခဲ့သော နိုင်ငံဖြစ်သည်။

အလက်ဇန္ဒာသည် အီဂျစ်တို့ကိုးကွယ်သော နတ်ဘုရားများကို အလွန်ကြည်ညိုလေးစားစွာ လက်ခံသောမင်းတစ်ပါး ဖြစ်ခဲ့သည်။ သူသည် မိမိများကို ဖျက်ဆီးခြင်းမပြုသည့်ပြင် ရောက်လေရာရာက ဘုရားကျောင်း များကိုလည်း လေးစားစွာ ဝင်ရောက်ပူဇော်ခဲ့သည်။ သူ၏ရက်ရောခြင်း လေးစားရိုသေခြင်းတို့သည် ဂရိသွေးနှောသူဖြစ်ခြင်း အရစ်တိုတယ်လ်၏ တပည့်အဖြစ် ယုတ္တိဗေဒကိုကောင်းစွာလေ့လာခဲ့ခြင်းတို့ လုံးဝမသက်ဆိုင် သော သူတစ်ယောက်၏ အပြုအမူများဖြစ်နေလေသည်။ သူ၏စိတ်တွင် မိခင်အိုလမ်ပီယပ်စ်၏စကားကို ပြန်လည်အမှတ်ရနေဟန်တူသည်။ မိခင် ၏စကားအတိုင်း သူသည် နတ်ဘုရားတစ်ပါး၏ သားတော်ဖြစ်လေမည်လား ဟုလည်း ထင်ယောင်ထင်မှားဖြစ်နေဟန်တူသည်။ အီဂျစ်မှ ဆီဝါ(Siwa)

စာအုပ်များစုဝေးရာ

သဲကန္တာရအတွင်းရှိ အေမွန်-ရာ Ammon- Ra ဘုရားကျောင်းသို့ သွားရောက်ခဲ့သည်။ ထိုသဲကန္တာရအတွင်းရှိ ဆီဝါအိုအေစစ် (Siwa Oasis) အထိ ရောက်ရှိရန် မိုင် ၄၀၀ ခန့် ချီတက်ရသည်။ စစ်ဆင်ရေးနှင့် မသက်ဆိုင်သော ခရီးကြမ်းကြီးဖြစ်သဖြင့် စစ်ပန်းနိုင်သော စစ်ရေးအင်အားကို ပြုန်းတီးစေသော ခရီးဖြစ်သည်။ ထိုခရီးကို သွားခဲ့သည့်အကြောင်းရင်းကို ခန့်မှန်းရသော် အလက်ဇန္ဒားသည် သူ၏ကိုယ်ကို လူသားပင်လော၊ နတ်ပင်လောဟု စောကြောလိုစိတ် ပြင်းပြနေဟန်တူသည်။ ကြီးမားခန့်ထည်၍ အိုဟောင်းပျက်ယွင်းနေသော ပိရမစ်များ၊ စဖင့်များ (Piramids & Sphinx) ကလည်း အလက်ဇန္ဒား၏စိတ်ကို အတိတ်ဖြစ်ရပ်များအား ပြန်၍တွေးမိစေရန် များစွာတွန်းအားပေးနေပုံပေါ်သည်။ အလက်ဇန္ဒားသည် အေမွန်-ရာ ဘုရားကျောင်းမှ ပြန်ထွက်လာသည့်အချိန်တွင် ရှေးဟောင်းဒေသ ရှေးဟောင်းအဆောက်အဦများသို့ သွားရောက်ဖူးသည့်သူတိုင်း ခံစားရသော အံ့သြခြင်း၊ အတွေးများဖြန့်ကြက်ကာ ထူးခြားစွာဝင်စားခြင်းတို့ဖြင့် စိတ်ပျံ့လွင့်နေသည့်အချိန်တွင် အီဂျစ်နတ်ဆရာတစ်ပါးက အေမွန်၏သားတော် ဟုကြွေးကြော်လိုက်သည်။ ထိုသို့သော ပတ်ဝန်းကျင် အခြေအနေများကြောင့် အလက်ဇန္ဒား၏ နတ်ဘုရားသားတော်ဟူသော စိတ်အစွဲသည် မြင့်သည်ထက်မြင့်လာလေတော့သည်။ အလက်ဇန္ဒား၏စိတ်တွင် သူသည် သာမန်လူသား မဟုတ်တော့ပြီ။ မြင့်မြတ်သော နတ်ဘုရားတစ်ပါး၏သားတော်၊ ဖာရိုအနွယ် နတ်ဘုရားတစ်ပါးဖြစ်သော အေမွန်ရာ၏သားတော် ဖြစ်သွားပေသည်။ နောက်ပိုင်းတွင် မြှောက်ပင့်ခံရဖန်များလာခြင်း၊ ပိုင်အရက်ကို စွဲစွဲမက်မက်သောက်လာခြင်းတို့ကြောင့် စိတ်ကြီးဝင် ဘဝင်မြင့်မှုသည် သိသာသည်ထက် သိသာလာသည်။

## အလက်ဇန္ဒား၏ စိတ်နေမှန်သော လုပ်ဆောင်ချက်များ

အီဂျစ်ကဲ့သို့ လူ၏စိတ်ကိုပြောင်းလဲစေတတ်သော ပတ်ဝန်းကျင်တွင်



အလက်ဇန္ဒားသည် စိတ်ကြီးဝင် ဘဝင်မြင့်ရုံဖြင့် ၄ လတာမျှသာ ကြာမြင့်သည့်ကာလကို ကုန်လွန်စေခဲ့သည် မဟုတ်ပေ။ သူ၏ကိုယ်ရည်ကိုယ်သွေးတွင် ထူးခြားဆန်းပြားသော ဆန့်ကျင်ဘက်ဖြစ်သော အရည်အချင်းများ ပေါင်းစပ်ပါဝင်နေသည်။ ထိုသို့ဖြစ်လာသည်မှာလည်း သူ၏ခမည်းတော် မယ်တော်နှင့် အကြီးတော်တို့သည် သူတို့နည်းနှင့်သူတို့ ထူးခြားသောသူများ ဖြစ်နေခဲ့သောကြောင့် ဖြစ်သည်။

သူသည် မြေထဲပင်လယ်ထဲသို့ စီးဝင်သော မြစ်မွာတစ်ခု၏အဝတွင် အလက်ဇန္ဒြီးယား Alexandria ဟု အမည်ပေးထားသည့် မြို့ကြီးတစ်မြို့ကို တည်ထောင်ခဲ့သည်။ မြေထဲပင်လယ်၏ ကူးသန်းရောင်းဝယ်မှုအရပ်ရပ်သည် ရေကြောင်းမှ ဝင်ထွက်ရန်လွယ်ကူသော ပင်လယ်ပြင်ကို မေးတင်ထားသည့် အလက်ဇန္ဒြီးယားကဲ့သို့သော မြို့ကြီးပေါ်ထွန်းလာပြီးသည့်နောက် အီဂျစ်သည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ အလက်ဇန္ဒြီးယားသည် ယခုခေတ်တိုင်အောင် ဝင် အကြီးကျယ်ဆုံးသော မြို့ကြီးတစ်မြို့အဖြစ် ရပ်တည်နေနိုင်ခဲ့သည်။ ထိုမြို့တွင် ကုန်ကူးသန်းရောင်းဝယ်ရေးသာ ထွန်းကားသည် မဟုတ်ချေ။ ထင်ရှားသော ရှေးဟောင်းစာကြည့်တိုက်နှင့် ပြတိုက်ကြီးလည်း ရှိသည်။ ထို့ကြောင့် အလက်ဇန္ဒြီးယားသို့ ကုန်သည်များအပြင် ပညာရှင်များလည်း လာရောက်ကျက်စားလေ့ရှိကြသည်။

တိုင်ယာကိုသိမ်းပိုက်ပြီးကတည်းက တိုင်ယာ၏မြောက်ဘက် ဆုဆာ Susa အနီးတွင် အလက်ဇန္ဒရက်တား Alexandretta အမည်ဖြင့် ဆိပ်ကမ်းမြို့တစ်မြို့ တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ထိုအလက်ဇန္ဒရက်တားမြို့သည်လည်း စည်ကားသောမြို့တစ်မြို့ ဖြစ်ခဲ့သည်။

ထိုသို့သော မင်းတစ်ပါးလုပ်ဆောင်ဖွယ်ရှိသည့် ကိစ္စများကို လုပ်ဆောင်ခြင်းသည် အလက်ဇန္ဒားကို ဖိလစ်၏သားတော် စင်စစ်ဖြစ်ကြောင်းနှင့် အရစ်စ်တိုတယ်လ်၏ တပည့်ကောင်းဖြစ်ကြောင်း ညွှန်ပြနေသောပြယုဂ်များ ဖြစ်ပေသည်။

## စစ်ကြောင်းသို့ ပြန်လည်ရောက်ရှိသွားသော အလက်ဇန္ဒာ

ဘီစီ ၃၃၁ ခုတွင် အလက်ဇန္ဒာသည် သူသိမ်းပိုက်ပြီးခဲ့ပြီဖြစ်သော တိုင်ယာမြို့သို့ ပြန်လည်ရောက်ရှိလာသည်။ ထို့နောက် ဆီးရီးယားသဲကန္တာရ၏ဘယ်ဘက်ခြမ်းမှနေ၍ အဆီးရီးယား (Assyria) သို့ချီတက်လေသည်။ ထိုအဆီးရီးယားတွင်တည်ရှိသော နင်နီဗာ (Neniveh) မြို့ပျက်ကြီးအနီးတွင် သူ၏အလာကို တပ်ချ၍စောင့်နေသော ပါရှန်စစ်တပ်ကို တွေ့ရသည်။ ထိုစစ်တပ်မှာ အစ်ဆပ်စ်စစ်ပွဲကာလကတည်းက ချရပ်ထားသော စစ်တပ်ဖြစ်သည်။ ထိုအချက်ကို ထောက်ခြင်းအားဖြင့် တပ်တွင်ပါသောသူများ၏စိတ်အထားမှာ တက်ကြွခြင်းလျော့ပါးနေမည်ဖြစ်ကြောင်း သိနိုင်သည်။ ထိုတပ်များမှာ ပါရှန်တပ်တို့၏ထုံးစံအတိုင်း သောင်းပြောင်းရောရာ လူများဖြင့်စုစည်း၍ ဖရိုဖရဲဖွဲ့ထားသော တပ်များဖြစ်သည်။ ထိုတပ်များ၏ အဓိကအင်အားမှာ မြင်းလေးကောင်က,သော ရထားဖြစ်သည်။ ထိုရထားမှာ အလက်ဇန္ဒာတို့၏လက်ထက်တွင် ခေတ်မမီတော့သော စစ်သုံးယာဉ်အဖြစ်သို့ ရောက်သွားပြီဖြစ်သည်။

ထိုရထားတွင် မြင်းလေးကောင်တွဲထားသည်။ အပြင်ဘက်မှ မြင်းနှစ်ကောင်မှာ သီးခြားကြိုးများဖြင့်တွဲထားသည်ဖြစ်၍ အတွင်းဘက်မှ မြင်းများကို အကာအကွယ်ပေးရန်အတွက်သာ ရထားတွင် က,၍ထားခြင်းဖြစ်သည်။ အကယ်၍ ထိုအပြင်ဘက်မှမြင်းများသည် ရန်သူ၏လက်နက်ထိပါက သီးခြားကြိုးကိုဖြတ်ချ၍ မြင်းကိုလွှတ်ထား ပစ်ထားလိုက်ခြင်းဖြင့် ပြေးနေသောစစ်ရထားကို မထိခိုက်စေနိုင်ပေ။ သို့သော် အတွင်းဘက်မှ မြင်းနှစ်ကောင်အနက် တစ်ကောင်ကောင်ကို ရန်သူ၏လက်နက် ထိသွားပါက ထိုစစ်ရထားကို ဆက်၍သုံးရန်မဖြစ်တော့ဘဲ ပစ်ထားခဲ့ရမည်ဖြစ်သည်။

ဒရိုင်းယပ်စ်တွင် စစ်ရထားစင်းရေ ၂၀၀ ရှိသည်။ ထိုစစ်ရထားများသည် ယခင်က တကွဲတပြားစီချီတက်သည့် ခြေလျင်တပ်ဖွဲ့များ၊ စစ်ရထား



[illegible] အသုံးဝင်ကောင်းဝင်မည်ဖြစ်သော်လည်း Phalanx [illegible] အစုအစည်းကြီးကြီးဖြင့် ချီတက်လာသော အလက်ဇန္ဒာ၏ [illegible]များနှင့် ရင်ဆိုင်ရာတွင် အသုံးမဝင်တော့ချေ။

နင်နီဗာမြို့ဟောင်းအနီးရှိ ထိုအာဘဲလာ Abela စစ်မျက်နှာတွင် [illegible]ယားစစ်သည်တော်များနှင့် ရင်ဆိုင်ရသည့်တွင် ပါရှန်စစ်တပ်[illegible]သွားသည်။ ပါရှန်တပ်များသည် ဖုန်တစ်ထောင်းထောင်းထနေသော စစ်မျက်နှာမှ ဆုတ်ခွာထွက်ပြေးရာတွင် စစ်နိုင်သူ မက်ဆီဒိုးနီးယန်းများက [illegible]သတ်ဖြတ်လိုက်သည်မှာ ညသို့မှောင်သွား၍ မမြင်ရတော့သည့်[illegible]ရောက်မှ သတ်ဖြတ်ခြင်း ရပ်ဆိုင်းသွားသည်ဟုဆိုသည်။ ဒရိုင်းယပ်စ်[illegible]မှ စစ်ရထားဖြင့် လွတ်မြောက်အောင် ပြေးသွားနိုင်ခဲ့သည်။ အာဘဲလာစစ်ပွဲသည် ဘီစီ ၃၃၁ ခု အောက်တိုဘာလ တစ်ရက်နေ့တွင် ဖြစ်ပွားသည်[illegible]ကျကျဆိုနိုင်သည်မှာ စစ်ပွဲမတိုင်မီ ၁၁ ရက်ကတည်းက လကြပ်[illegible]ဟုဆိုသည်။ ထိုလကြပ်သည့်အတွက် နှစ်ဖက်စလုံးမှ ရှေ့ဖြစ်ဟောသူ[illegible] များစွာစိတ်လှုပ်ရှား၍ မှတ်တမ်းတင်ထားသောကြောင့် ဖြစ်သည်။

ဒရိုင်းယပ်စ်သည် မြောက်ဘက်သို့ဆုတ်ခွာထွက်ပြေးကာ မဲဒီးစ် (Medes) သို့ဝင်သည်။ အလက်ဇန္ဒာသည် သူ၏နောက်သို့မလိုက်ဘဲ မြစ်နှစ်သွယ်မြစ်ဝှမ်းမှ ဘေဘီလုံသို့ ဦးတည်ကာချီတက်ခဲ့သည်။

ဘေဘီလုံသည် ကိုဧဥပဒေများကို တစ်စုတစ်စည်းတည်း ကျောက်ထက် အက္ခရာတင်ခဲ့သဖြင့် ထင်ရှားသော ဟမ်မူရာဘီဘုရင် Hammurabi၊ နဗူခဒ်နေဇာသဂရိတ် Nabuchadnezzar the Great နှင့် Nabonidus တို့ စိုးစံခဲ့သော မြို့တော်များတည်ရှိခဲ့ရာ ဒေသဖြစ်သည်။ ထိုမြို့များသည် နင်နီဗာကဲ့သို့ မြို့ပျက်မြို့ဟောင်းအဖြစ်သို့ မရောက်ရှိသေးဘဲ လူနေစည်ကားနေဆဲဖြစ်သည်။ ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် အချက်အခြာကျသဖြင့် ထင်ရှားကာ လူနေအိမ်ခြေ များဆဲဖြစ်သည်။ အလက်ဇန္ဒာခေတ်မှ ဟမ်မူရာဘီခေတ်အကြားတွင် နှစ်ပေါင်း ၁၇၀၀ ကွာဟချက်မှာကား ရှေးဟောင်း Bel-Marduk ဘုရားကျောင်းသည် ပျက်စီးယိုယွင်းကာ အဆောက်အဦအသစ် ဆောက်လိုသူများက ကျောက်တုံးများကို လာရောက်ကောက်ယူ

နေကြသော ကျောက်ကျင်းကြီးသဖွယ် ဖြစ်နေခြင်းပင်တည်း။ သို့သော် Chaldean ဘုရားကျောင်းစောင့် ဘုန်းကြီးများမှာ အနည်းနှင့်အများ ညစ်ကြီးမားသော သူများဖြစ်နေသေးရာ အလက်ဇန္ဒာသဂရိတ်က ဘုရားကျောင်းကို ပြင်ပေးပါမည်ဟု ကတိပေးသည်အထိ စည်းရုံးရေး ကောင်းခဲ့ကြသည်။

## စိတ်ကြီးဝင်သွားပြန်သည့် အလက်ဇန္ဒာ

အလက်ဇန္ဒာသည် ဘေဘီလုံမြို့တော်မှ ဆူဆာ Susa သို့ ဆက်လက် ချီတက်ခဲ့သည်။ ထိုမြို့မှာ ပါရှန်တို့ထက်စောသော အီလမ်မိုက် (Elamite) အနွယ်လူမျိုးများ၏ မြို့တော်ဟောင်းဖြစ်သည်။ အလက်ဇန္ဒာ ချီတက်သည့်အချိန်တွင် ပါရှန်တို့၏ မြို့တော်ဖြစ်နေပေပြီ။ ထိုမြို့သူ မြို့သားများကလည်း ပါရှန်နှင့်မက်ဆီဒိုးနီးယန်းတို့ လက်ပြောင်းသည့်ကိစ္စကို ထူးခြားစွာ ခံစားခြင်းမရှိကြချေ။ အလက်ဇန္ဒာသည် ပါဆီပိုလစ် Persepolis မြို့တော်အထိသွားရောက်ခဲ့သည်။ အလက်ဇန္ဒာ၏ ဦးတည်ချက်မှာ ဂရိတို့နှင့်မကြာခဏ ပဋိပက္ခဖြစ်ခဲ့ကြသော ပါရှန်အင်အားကြီးနိုင်ငံသို့ ရောက်အောင်ချီတက် လုပ်ကြံရန်ဖြစ်သည်။

ပါရှားသို့ ရောက်သည့်အချိန်အထိ အလက်ဇန္ဒာသည် ရောက်လေရာရာမှ သိမ်းပိုက်ရရှိသည့် ပစ္စည်းများနှင့် ထူးခြားသောပစ္စည်းများကို နောက်တန်းရှိ ပုဂ္ဂိုလ်နှစ်ဦးထံသို့ ပြန်၍ပို့ဆောင်နေခဲ့သည်။ တစ်ဦးမှာ သူ၏မယ်တော် အိုလမ်ပီယပ်စ်ဖြစ်ပြီး လက်ဝတ်ရတနာနှင့် အဝတ်အစားကဲ့သို့သော ပစ္စည်းများကို ပို့ပေးရလေသည်။ နောက်တစ်ဦးမှာ အကြီးတော်ဖြစ်သူ အရစ်စ်တိုတယ်လ်ဖြစ်၍ သဘာဝသိပ္ပံကို စိတ်ဝင်စားသော ဆရာကြီးထံသို့ အလက်ဇန္ဒာ ရောက်လေရာရာဒေသမှ ထူးခြားသည့် အပင်အသီးနှင့် ရှေးဟောင်းပစ္စည်းများ ဓာတ်သတ္တုများကို ပေးပို့ရသည်ဟု ဆိုလေသည်။

ထိုသို့သမားရိုးကျ စစ်ဘုရင်တို့ လုပ်လေ့ရှိသည့် စစ်ပွဲမှာ အနှစ်



[illegible]သည့်အလုပ်များကို လုပ်ဆောင်နေရင်း သူ၏ရဲဘော်ရဲဘက်[illegible] စိတ်[illegible]သောချင်း မတိုက်ဆိုင်နိုင်သည့်အလုပ်များကို အလက်ဇန္ဒာ [illegible]လုပ်ဆောင်လာသည်။ အထူးသဖြင့် ဆိုးရွားလာသည်မှာ ပါဆီပိုလစ်မြို့[illegible]ရောက်တွင် လုပ်ဆောင်သည့်အလုပ်များဖြစ်သည်။ အလက်ဇန္ဒာသည် ပါရှားသို့ရောက်သည်တွင် အရှေ့တိုင်းမင်းများကို သူတို့၏ [illegible] ကျေးတော်မျိုး ကျွန်တော်မျိုးများက နတ်တစ်ပါးဟု ယူဆသည့်အတိုင်း သူ၏လူများကပါ လက်ခံယူဆကြစေချင်သည်။ တင်ပြခဲ့သည့်အတိုင်း ဒီဂျစ်၏အတွေ့အကြုံကြောင့် အလက်ဇန္ဒာ၏စိတ်သည် စိတ်ကြီးဝင် ဘဝင်မြင့်လာပြီဖြစ်ရာ ပါရှားကဲ့သို့ ချမ်းသာကြွယ်ဝလွန်းသောနိုင်ငံကို ပိုင်စိုးလာသည့်အချိန်တွင် စိတ်နေမြင့်လိုက်သည်မှာ ဂရိဝတ်စုံများအစား ပါရှန်ဝတ်စုံများကို ပြောင်း၍ဝတ်ဆင်လာသည်အထိ ဖြစ်ခဲ့သည်။ သူသည် ဂရိနွယ်ဖွား မက်ဆီဒိုးနီးယန်းလူမျိုးဖြစ်သည်။ ဂရိတို့သည် ပါရှန်းတို့၏ မျက်စိတွင် စူးဝင်သည့်ဆူးတစ်ချောင်းပမာ ဖြစ်ခဲ့ရသည်မှာ အနေအစားလည်း နိမ့်သားသည်။ သို့သော် အတွေးအခေါ် အယူအဆ ဆန်းကြယ်သည်။ ဂရိကျွန်းမကြီးတွင် အနေကျဉ်းမြောင်းသဖြင့် အခြားဒေသများသို့ သွားရောက်ကာ အခြေချ၍ မြို့တည်နေထိုင်သောသူများကပင် ဂရိယဉ်ကျေးမှုကိုသာ လက်ခံကျင့်သုံးသည်။ အရေးကြုံပါက ကျွန်းမကြီးပေါ်ရှိ ဂရိမြို့ပြနိုင်ငံကိုသာ အားကိုးသည်ဟူသော ထူးခြားသည့် သဘာဝကို ပယ်ဖျက်ချင်သဖြင့် အေသင်သို့ လာရောက်တိုက်ခိုက်ခြင်းဖြစ်သည်။ ထိုသို့တိုက်ခိုက်သည်မှာ တင်ပြပြီးသည့်အတိုင်း ဘီ စီ ၄၉၀ ခန့်က ဖြစ်သည်။

အလက်ဇန္ဒာသည် သူ၏အမျိုးအနွယ်များ၏ ရိုးသားခြင်း၊ ပကာသနမပက်မောခြင်း၊ စိတ်နေရိုးသားခြင်း၊ ဆန်းစစ်ဝေဖန်တတ်သော စိတ်နေသဘာဝကို အားပေးခြင်းစသည်တို့ထက် ပါရှန်တို့၏ ကြွယ်ဝခြင်း၊ အဝတ်အစားဖုံညားခြင်း၊ နတ်တစ်ပါးကဲ့သို့ မာန်မာနထားခြင်း၊ လက်အောက်ခံများထက် သူက ဘုန်းတန်ခိုးကြီးမားသည်ဟု ယူဆခြင်းတို့ကို ချက်ချင်းအတုယူကာ သူ့ထံသို့ဝင်ရောက်ရသည့် သူ၏လူများကိုပင် သူ၏ခြေထောက်ကို နမ်း၍

အလေးပြုနှုတ်ဆက်စေသည်အထိ စိတ်ကြီးဝင်ခဲ့လေသည်။ သူသည် ပါရှန်အမျိုးသမီး ၉၀ နှင့် သူဦးဆောင်သော မက်ဆီဒိုးနီးယန်းစစ်သူကြီး ၉၀ တို့ကို လက်ဆက်သည့်မင်္ဂလာပွဲကိုလည်း ပါဆီပိုးလစ်စ်တွင် တစ်ခမ်းတနားကျင်းပပေးခဲ့သည်။ သူက ဒရိုင်းယပ်စ်၏ သမီးတော်နှင့်လက်ဆက်ခဲ့သည်။ ထိုမင်္ဂလာပွဲနှင့်ပတ်သက်၍ တွေးတောစရာအကြောင်းအချက်ကား များလှသည်။ ပါရှန်အမျိုးသမီးများသည် အလိုမတူဘဲ လက်ထပ်ရသည်ဆိုပါက ကြီးစွာသော မတရားမှုဖြစ်သည်။ ပါရှန်အမျိုးသားအနေဖြင့်လည်း မိမိတို့၏ချစ်သူများ နှမသားချင်းများကို မက်ဆီးဒိုးနီးယန်းများက စစ်နိုင်သဖြင့်ကောက်ယူလက်ထပ်ခြင်းကို နှစ်မြို့မှုမရှိနိုင်ချေ။

ဤလုပ်ရပ်သည် လက်အောက်ခံအဖြစ်သို့ ရောက်သွားသည့် နိုင်ငံက လူများနှင့်သွေးနှောကာ ပိုမိုချစ်ကြည်ရင်းနှီးစေလို၍ လုပ်ဆောင်သည်ကိစ္စဟုတ်မဟုတ် မည်သူမှမသိနိုင်ချေ။ အလက်ဇန္ဒာသည် ဒေသများကိုအောင်မြင်အောင် တိုက်ခိုက်ရုံမျှမက ထိုဒေသမှ လူသူများနှင့်သွေးနှောခြင်း၊ ယဉ်ကျေးမှုများ ရောနှောခြင်းစသည်တို့ကို လုပ်ဆောင်ခြင်းဖြင့် ပိုမိုထူးခြားသည်ဟု ဆိုကြသူများလည်း ရှိသည်။ မက်ဆီဒိုးနီးယားနိုင်ငံက ပါရှားနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းထက် ပိုမိုမြင့်မားသော အစဉ်အလာတစ်ခုကိုတည်ဆောက်ခြင်းဖြစ်သည် ဟုဆိုသည်။ ထိုကဲ့သို့ ရာထူးမြင့်မားသော လူ ၉၀ သာမက မက်ဆီဒိုးနီးယန်း တပ်သားထောင်နှင့်ချီ၍ ပါရှန်အမျိုးသမီးများနှင့် လက်ထပ်ပွဲကျင်းပရာတွင် ဘုရင်အလက်ဇန္ဒာက လက်ဖွဲ့များပေးသည်ဟု ဆိုသည်။

ထို့ပြင် အလက်ဇန္ဒာသည် ပါရှန်များ၊ ပါသီးယန်းများ ဘက်က်ထရီးယန်းများ စသည့်လူမျိုးစုများမှ စစ်သားများစု ဆောင်းသည်။ ထို့နောက် Phalanx & cavalary ကဲ့သို့သော မက်ဆီဒိုးနီးယန်းများ၏ ထူးခြားသော စစ်ဆင်နည်းများကို သင်ကြားပေးသည်ဟုဆိုသည်။

ပလူတာ့ခ် (Plutarch) ၏အဆိုအရ အလက်ဇန္ဒာသည် တရားဝင်လက်ထပ်ကာ သားသမီးများပွားစီးစေခြင်းဖြင့် အာရှနှင့် ဥရောပကို သွေး



နှောစေလိုဟန်တူသည်။ ထိုသို့သောအဆိုသည် တိုင်းတစ်ပါးသား မိမိတို့၏ လက်အောက်ခံဖြစ်ကာစ လူမျိုးများကို မက်ဆီဒိုးနီးယန်းများ၏ မူပိုင်စစ်ဆင်နည်းများကို သင်ကြားပေးခြင်းနှင့်ပေါင်းသော် မိမိ၏အမျိုးသား မက်ဆီဒိုးနီးယန်းများ၏ သူ့အပေါ်ထားသော စိတ်နေသဘာဝကို လက်မခံလိုတော့သဖြင့် ဆွေမျိုးရင်းခြာများကို ပဲ့ထုတ်ရန် ကြံစည်ချက်တစ်ခုဟုသူ့ခေတ်က မက်ဆီဒိုးနီးယန်းအများစုက မှတ်ယူကြသည်ဟုဆိုသည်။

အလက်ဇန္ဒာနှင့် ဘေးချင်းယှဉ်ကာ အတူတိုက်ခဲ့ကြသော စစ်သူကြီးများသည် အလက်ဇန္ဒာကို သူတို့၏ခေါင်းဆောင် သူတို့၏ဘုရင်အဖြစ် နှစ်ခြိုက်စွာ လက်ခံခဲ့ကြသူများဖြစ်သည်။ သို့သော် အတွေးအခေါ်ရောအပြုအမူပါ ပြောင်းလဲသွားသော အလက်ဇန္ဒာကိုမူ သူတို့မနှစ်သက်ကြတော့ချေ။ သူတို့ချင်းစုစည်းကာ အလက်ဇန္ဒာကိုအန်တုမည့် အရိပ်အရောင်များလည်း ပေါ်ခဲ့သည်။ သူ့ကို တော်လှန်အန်တုလိုသော မက်ဆီဒိုးနီးယန်းများကို အလက်ဇန္ဒာက ပါရှားမှထွက်ခွာသွားလိုက သွားရန်ပြောခဲ့သည်။ ထိုသို့ပြောသဖြင့် ထွက်သွားရန်မှာမူ ခက်ခဲလှသည်။ ခရီးကဝေး၍ လမ်းကလည်းကြမ်းကာ လူမျိုးစုပေါင်းများစွာ၏လက်ထဲတွင် လူတစ်စုမှာ အလျှင်အမြန်သေဆုံးနိုင်သည်။ ထို့ကြောင့် အလဇန္ဒာကို မလိုလားကြောင်း ပြသမိသော မက်ဆီးဒိုးနီးယန်းတပ်သားများသည် အလက်ဇန္ဒာ၏ရှေ့မှောက်တွင် ဒူးထောက်၍ တောင်းပန်ရသည်ဟုဆိုသည်။

အလက်ဇန္ဒာကမူ လက်ဦးမှုယူကာ ရဲဘော်ရဲဘက်များကို ရှင်းလင်းသတ်ဖြတ်ခဲ့သည်။ ထိုကဲ့သို့ ရှင်းလင်းခြင်းခံရသူများထဲတွင် ပါမဲနီးယိုးနှင့်သူ၏သား ဖိလိုတပ်စ် Permenio & son Philotus တို့ဖြစ်ကြသည်။ အရစ်စ်တိုတယ်လ်၏ တူတော်သူ ကာလစ်သင်းနီးစ် Callisthenes သည် အလက်ဇန္ဒာနှင့် ချစ်ခင်ရင်းနှီးသူဖြစ်သည်။ ပါရှားသို့မရောက်မီက စစ်မြေပြင်တိုင်းတွင် ဘေးချင်းယှဉ်ကာ တိုက်ခိုက်ခဲ့သူဖြစ်သည်။ ထိုသူသည် အလက်ဇန္ဒာ၏ စိတ်ပြောင်းနေသည့်အကြောင်းကို သိမည်ဖြစ်သော်လည်း ကျိုးကြောင်းဆင်ခြင်တုံတရား လုံးဝကင်းမဲ့သွားသည်အထိ ဖြစ်သွားမည်ဟု

ထင်ဟန်မတူချေ။ ထို့ကြောင့် ပါဆီပိုလစ်စ်ကို သိမ်းပိုက်ပြီးနောက် ပွဲသဘင်ခံကာ သောက်စားမူးယစ်ရင်း ပါဆီပိုလစ်နန်းမြို့ကို မီးတင်ရှို့ရန် မီးတုတ်ကိုယမ်းနေသော အလက်ဇန္ဒာ၏လက်ကိုဆွဲ၍ ဟန့်တားလိုက်သည်။ ကာလစ်သင်းနီးစ်သည် အလက်ဇန္ဒာ၏ ဓားဖြင့်ပိုင်းခြင်းကိုခံရကာ သေဆုံးခဲ့သည်။ အရစ်စ်တိုတယ်လ်နှင့် အလက်ဇန္ဒာတို့၏အကြားမှ ဆက်ဆံရေးလည်း ပျက်ပြားသွားခဲ့သည်။

ထို့ပြင် ကလိတပ်စ် Clitus ဆိုသူသည်လည်း ကြေကွဲဖွယ်ရာကောင်းသည့်နည်းဖြင့် သေဆုံးခဲ့ရသည်။ ကလိတပ်စ်သည် အလက်ဇန္ဒာကို ဂရင်နီးကပ်စ် Grenicus တိုက်ပွဲတွင် အသက်ဘေးမှ ကယ်တင်ခဲ့သူဖြစ်သည်။ ထိုသူက ပါရှန်အဝတ်အစားများကို ဝတ်ဆင်ခြင်းနှင့်ပတ်သက်၍ ထောက်ပြဝေဖန်ခဲ့ရာ အလက်ဇန္ဒာက ဒေါသအမျက်ချောင်းချောင်းထွက်ကာ ဂရင်နီးကပ်စ်ကို ကိုယ်တိုင်သတ်ဖြတ်ခဲ့သည်။ အလက်ဇန္ဒာသည် စစ်အောင်မြင်မှု အဆင့်မြင့်လာလေလေ အသောက်အစား များလာလေလေဖြစ်သည်။ သူသည် သေရည်အရက်သောက်စားခြင်းဖြင့် မူးယစ်နေရုံမျှမက အောင်မြင်ခြင်းဖြင့်လည်း မူးယစ်နေသည်ဖြစ်ရာ ကောရာစ်များ လုပ်ဆောင်ရမည့် သိမ်းပိုက်ပြီးနယ်မြေများ၏ အုပ်ချုပ်ရေး ပြန်လည်တည်ထောင်ရေး စည်းရုံးရေးတို့ကို အတည်တကျရှိလာအောင် ချက်ချင်းမလုပ်ဆောင်နိုင်ဘဲ ဖျက်ဆီးခြင်း သတ်ဖြတ်ခြင်း သောက်စားခြင်းများဖြင့် သံသရာလည်နေလေသည်။

## ဦးတည်ချက်မဲ့နေသော အလက်ဇန္ဒာ

မဟာအလက်ဇန္ဒာ၏ ပဓာနဦးတည်ချက်မှာ အေသင်ကိုလာရောက်တိုက်ခိုက်ဖူးသော ပါရှန်များကိုနှိမ်နင်း၍ ဂရိအမျိုးသားများကို ညီညာစုစည်းထားသော Pan-Hellenic Empire ထူထောင်ရန်ဖြစ်သည်။ ပါရှားကို သိမ်းပိုက်ပြီးပြီဖြစ်၍ ထိုဦးတည်ချက်ကိုအောင်မြင်အောင် အကောင်အထည်ဖော်၍ ရပြီဟုဆိုနိုင်သည်။ သို့သော် အလက်ဇန္ဒာသည် ထိုဦးတည်ချက်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။ အောင်မြင်မှုတွင် ယစ်မူးနေခြင်း၊ အရက်သေစာ သောက်စားခြင်း၊ မိမိ၏ရဲဘော်ရဲဘက် အသက်ပေးထားသူချင်းကိုပင် မညှာတာဘဲ သတ်ဖြတ်မိခြင်းစသည်တို့ကြောင့် ဝေ့ဝေသောစိတ်ဖုံးလွှမ်းကာ စိတ်မချမ်းသာနိုင်ဟု ခန့်မှန်းရသည်။ စိတ်ချမ်းသာခြင်းမရှိသူများသည် ဦးတည်ချက်ကို မေ့လျော့တတ်သည်။ ဝေ့ဝေလစ်ဟာနေသောစိတ်ကို ချမ်းသာလိုချမ်းသာငြား ထင်ရာယောင်ထင်မှားဖြင့် အလုပ်များစွာ ထပ်မံလုပ်ဆောင်တတ်ကြသည်။ ထို့ကြောင့် ပါရှားကို အောင်မြင်ပြီးသည့် အလက်ဇန္ဒာသည် သူ၏မက်ဆီဒိုးနီးယန်းစစ်တပ်နှင့် ၇ နှစ်ကြာအောင် ပါရှား၏မြောက်ဘက်နှင့် အရှေ့ဘက်နယ်များသို့ သွားရောက်လှည့်လည်တိုက်ခိုက်နေပြန်သည်။ ပထမသော် ထိုကဲ့သို့ မြောက်ဘက်သို့ ချီတက်နေခြင်းသည် ထွက်ပြေးလွတ်မြောက်နေသေးသော တတိယမြောက် ဒရိုင်းယပ်စ်ကို လိုက်လံဖမ်းဆီးခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ဒရိုင်းယပ်စ်၏ ကံကြမ္မာကလည်း ဆိုးရွားလှသည်။ မအောင်မြင်သော အာဘဲလာ (Abela) တိုက်ပွဲအပြီးတွင် သူ၏လက်အောက်ခံများက သူ့ကို ဖမ်းဆီးခေါ်ဆောင်သွားဟန်တူသည်။ သူ၏အားနည်းချက် သူ၏ညံ့ဖျင်းသောကွပ်ကဲမှုများကြောင့် စစ်ရှုံးရသည်ဟုဆိုကာ သူသည် သုံ့ပန်းအဖြစ် သူ၏လူများလက်သို့ ကျရောက်သွားဟန်တူသည်။ သူ၏လက်အောက်ခံနယ်စားတစ်ဦးဖြစ်သော ဘက်ဆပ်စ် Bessus ကို ဒရိုင်းယပ်စ်၏စစ်သူကြီးများက ဘုရင်အဖြစ်တင်မြှောက်ခဲ့သည်။ ဘုရင်သစ်နှင့် သူ၏စစ်သည်များ လုပ်ဆောင်ရသည့်အလုပ်မှာလည်း တပြေးတည်း ပြေးနေရခြင်းဖြစ်သည်။

ဘက်ဆပ်စ်တို့သည် ပြေးရင်းလွှားရင်း သူတို့နှင့်ပါလာသော အထုပ်အပိုးများ အမျိုးသမီးများစသည်ဖြင့် ခရီးလမ်းကို နှောင့်နှေးစေသော အရာဟူသမျှကို လမ်းတွင်ပစ်ထားခဲ့ကြသည်။ မက်ဆီဒိုးနီးယန်း တပ်သားတစ်ယောက်သည် လမ်းနှင့်ဝေးသော ရေကန်တစ်ခု၏အနီးတွင် ရပ်ထားသော

မြည်းဆွဲသည့်ရထားတစ်စင်းကို ချဉ်းကပ်လေ့လာသည့်အခါ ရထားထဲတွင် မင်းတကာ့မင်းဟု အမည်ခံထားခဲ့သော ဒရိုင်းယပ်စ်သည် ဓားဒဏ်ရာများဖြင့် သေအံ့မူးမူးဖြစ်နေသည်ကို တွေ့ခဲ့ရသည်။ အလက်ဇန္ဒာ မရောက်ခင်အထိ ရှေတောင်းသောက်သေးသော်လည်း အလက်ဇန္ဒာရောက်သည့်အချိန်တွင် ဒရိုင်းယပ်စ် အသက်ကုန်ခဲ့ပြီ ဖြစ်သည်။

အကယ်၍ အလက်ဇန္ဒာသည် မိမိ၏ဦးတည်ချက်ကို အလေးထားသူ ဖြစ်ပါက ပါရှားနှင့် အရှေ့မိုင်းနားရှိ ဂရိကိုလိုနီများ အကျုံးဝင်သော သိမ်းပိုက်ပြီးသည့်နိုင်ငံများ ဂရိကျွန်းဆွယ်ပေါ်ရှိ မြို့နိုင်ငံများကို စုစည်းရန်အတွက် ဆက်လက်လုပ်ဆောင်ရန်သာ အားထုတ်သင့်သည်။ သို့သော် အလက်ဇန္ဒာ ဆက်လက်လုပ်ဆောင်ခဲ့သည်မှာ ကက်စပီယန်ဝန်းကျင်ဒေသများ၊ ဟီရတ်၊ တာကစ်စတန်၊ ဆမာကန်စသည့် ဒေသများအထိ ခရီးဆန့်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် အာဖဂန်နစ္စတန်၏မြို့တော် ကာဘူးသို့ရောက်သည်။ အရှေ့ဘက် နိုင်ဘာတောင်ကြားလမ်း (Khyber Pass) မှ အိန္ဒိယသို့ ဝင်ရောက်ခဲ့လေသည်။

အလက်ဇန္ဒာက မက်ဆီဒိုးနီးယားသို့ မပြန်သေးဘဲ အိန္ဒိယသို့ ဆက်လက်ချီတက်မည်ဖြစ်ကြောင်း အမိန့်ပေးလိုက်သည့်အချိန်တွင် တပ်များ၌ ရောက်လေရာရာအရပ်မှ တိုက်ခိုက်ယူငင်လာသော ပစ္စည်းများ များပြားစွာ စုဆောင်းပြီးဖြစ်နေသည်။ သူတို့သည် ပါရှားထက်ပို၍ဝေးသော ဒေသသို့ သွားရဦးမည်ဟု မထင်ခဲ့ချေ။ ထို့ကြောင့် အိမ်ပြန်ရတော့မည် အထင်ဖြင့် သိမ်းကျုံးယူဆောင်ခဲ့သည့်ပစ္စည်းများကို ရောက်သည့်နေရာတွင် ချပစ်ခဲ့ရသည်ဟု ဆိုသည်။ ထိုစဉ်ကပင် အိန္ဒိယသည် ကြွယ်ဝသောဒေသ ဖြစ်ကြောင်း ကျော်ကြားပြီးဖြစ်မည်မှာ ယုံမှားဖွယ်မရှိပေ။ မိုဟန်ဂျူဒါရိုနှင့် မြစ်နှစ်သွယ်မြစ်ဝှမ်းဒေသတွင် ထွန်းကားခဲ့သော ဥရုရ်မြို့တို့သည် ကုန်စည်ကူးသန်းမှုဖြင့် ဆက်သွယ်မှုရှိခဲ့ကြောင်းသိရသည်။ ထိုစဉ်က အာရိယာန်များသည်ပင် အိန္ဒိယသို့ မဝင်သေးချေ။ ဂရိနိုင်ငံများလည်း လူသူလေးပါးဖြင့် စည်ကားခြင်း မရှိသေးချေ။



အိန္ဒိယတိုက်ငယ်၏ အနောက်မြောက်ပိုင်းဒေသတွင် မက်ဆီဒိုးနီးယန်းတို့နှင့် အိန္ဒိယတိုင်းသားတို့၏ ပြင်းထန်သောစစ်ပွဲကြီးများ ဖြစ်ပွားခဲ့သည်။ အိန္ဒိယတိုက်မှ အရပ်မြင့်မား၍ တိုက်ရည်ခိုက်ရည်ကောင်းလှသော ပိုးရပ်စ် (Porus) ဟူသော ဘုရင်နှင့် ရင်ဆိုင်၍တိုက်ခဲ့ရခြင်း ဖြစ်သည်။ ဆင်များ မြင်းများဖြင့် အိန္ဒိယစစ်တပ်များက တွန်းလှန်သည့်တိုင်အောင် မက်ဆီဒိုးနီးယန်းများက အနိုင်ရခဲ့သည်။ ထိုစစ်ပွဲမှာ အိန္ဒုမြစ်ဝှမ်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အလက်ဇန္ဒာနှင့်အတူ ပါခဲ့သောသူတချို့သည် အိန္ဒုမြစ်အထက်ပိုင်းဒေသတစ်ခုတွင် အခြေချ၍ နေရစ်ခဲ့ကြသည်။

အလက်ဇန္ဒာသည် အိန္ဒိယ၏နာမည်ကျော် ဗာရာဏသီကဲ့သို့သော အတွင်းဘက်ရှိမြို့များသို့ ဆက်လက်ချီတက်လိုသော်လည်း သူ၏တပ်သားများက ငြင်းဆိုခဲ့ကြသောကြောင့် အိန္ဒုမြစ်ကို ဖောင်များဖြင့်စုန်ဆင်း၍ တပ်များကိုပြန်နုတ်ခဲ့လေသည်။ အိန္ဒုမြစ်ဝတွင် တပ်များကို နှစ်ပိုင်းခွဲခဲ့သည်။ ပင်မတပ်ကြီးက ပါရှန်ပင်လယ်ကွေ့ရောက်သည်အထိ ကုန်းပေါ်မှ ချီတက်ခဲ့ရသည်။ ခြောက်သွေ့သော သဲကန္တာရအတွင်းတွင် ရေပြတ်သဖြင့် လူသူအများ သေဆုံးခဲ့သည်။ ကျန်တပ်မှာမူ ပင်လယ်ပြင်မှ ရွက်လွှင့်ကာ အလက်ဇန္ဒာ၏ တပ်မကြီးကို ပါရှန်ပင်လယ်ကွေ့၏အဝတွင် လာရောက်ပူးပေါင်းခဲ့သည်။

စစ်ပွဲတစ်ပွဲပြီးတစ်ပွဲ နွှဲခဲ့သော အလက်ဇန္ဒာသည် ၆ နှစ်တာကာလအတွင်း လူအမျိုးမျိုးတို့ကို လက်အောက်ခံများအဖြစ် သိမ်းပိုက်နိုင်ခဲ့သည်။ ဒရိုင်းယပ်စ်၏အလောင်းကို ဘီစီ ၃၃၀ တွင်မြင်ခဲ့ရသည်။ ပါရှား၏မြို့တော် ဆူဆာသို့ ဘီစီ ၃၂၄ တွင် ပြန်လည်ရောက်ရှိသည်။

ပါရှားသို့ရောက်သည်နှင့် သူသိမ်းပိုက်ခဲ့သော နိုင်ငံတော်၏ အခြေအနေမှာ ဆိုးရွားနေလေသည်။ လက်အောက်ခံဒေသများ၏ မင်းများသည် မိမိတို့ကိုယ်ပိုင်တပ်များကို မိမိတို့စိတ်ကြိုက်ဖွဲ့စည်းလျက် ရှိသည်။ ဘက်ထရီးယားနှင့် မီဒီးယား Bactria & Media တို့သည် တော်လှန်ပုန်ကန်လျက်ရှိသည်။ မက်ဆီဒိုးနီးယားတွင် အလက်ဇန္ဒာ၏မယ်တော် အိုလမ်

ဝီယပ်စ် က အုပ်ချုပ်ရေးတွင် ဝင်ရှုပ်ပါနေသဖြင့် အစိုးရအဖွဲ့မှာ အခက်တွေ့နေလေသည်။ ဘုရင့်ဘဏ္ဍာစိုးသည် ဘဏ္ဍာတိုက်ထဲမှ သယ်ယူ၍ရသမျှကို သယ်ယူကာ လမ်းကြောင်းတစ်လျှောက်တွင် လာဘ်ထိုး၍ ဂရိသို့ ထွက်ပြေးခဲ့သည်။ ထိုဘဏ္ဍာများသည် အေသင်မြို့ပြနိုင်ငံတွင်ရှိနေသော ဒီမိုသင်နီးစ် (Demotheneses) ၏လက်တွင်းသို့ သက်ဆင်းသွားသည်ဟုလည်း သိရသည်။ ထိုသို့သောအခြေအနေကို သိလိုက်ရသည့် အလက်ဇန္ဒာသည် စစ်အပွဲပွဲနွှဲခဲ့ရသည့်အမောထက် ပို၍မောပေလိမ့်မည်ဟု ခန့်မှန်းရသည်။

## မဟာအလက်ဇန္ဒာကို သုံးသပ်ခြင်း

**မဟာ**အလက်ဇန္ဒာသည် စစ်တိုက်ရာတွင် ယခင်ကသုံးခဲ့သော နည်းများထက်ပို၍ တိုးတက်ကောင်းမွန်သောနည်းများကို သုံးနိုင်ခဲ့သည်။ ထိုသို့စစ်ဆင်ရေးတွင် မဟာဗျူဟာ နည်းဗျူဟာအသစ်များကို တွင်ကျယ်စွာ သုံးနိုင်ခဲ့သည်မှာ သူ၏ခမည်းတော် ဖိလစ်၏သားဖြစ်သောကြောင့်ဟု ကောက်ချက်ချနိုင်ပေသည်။ သူသည် ပါရှားကို ၆ နှစ်မျှကြာအောင် သိမ်းပိုက်ထားနိုင်ခဲ့သည်။ ထိုအချိန်က သူ၏အသက်သည် ၃၁ နှစ်သာ ရှိသေးသည်။ စစ်ရေးမှတစ်ပါး အခြားသော အုပ်ချုပ်ရေးပိုင်းဆိုင် ရာကိစ္စများကို သူသည် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ နယ်များကိုသိမ်းပြီးနောက် နယ်စားမြို့စားများကို အသစ်ခန့်အပ်သည့် ကိစ္စမှတစ်ပါး အခြားထူးခြားသော လုပ်ငန်းများကို မလုပ်နိုင်ခဲ့ချေ။

အလက်ဇန္ဒာ သိမ်းပိုက်ပြီးသည့်နောက်ပိုင်းတွင်လည်း ပါရှားရှိလမ်းမှ ဆိပ်ကမ်းမြို့များမှာ ယခင် ဆိုင်းရပ်စ်ဘုရင် King Cyrus of Persia ကြီး၏လက်ထက်ကအတိုင်းပင် ရှိနေသေးသည်ဟု အိပ်ချ် ဂျီ ဝဲလ်စ်က ဆိုပါသည်။ ဤနေရာတွင် အထူးသတိရမိသည်မှာ ရေနံသမိုင်း အရ ဆိုင်းရပ်စ်သည် ဂရိများနှင့်စစ်တိုက်ရာတွင် ရေနံချေးအလုံးများကို မြားထိပ်တွင်တပ်၍ ပစ်သဖြင့် ဂရိတို့၏သင်္ဘောများ မီးလောင်ခဲ့ကြရသ

စာအုပ်များစုဝေးရာ



ဟု ဖတ်မိမှတ်မိပါသည်။ အလက်ဇန္ဒာ၏အကြောင်းကို ရေးသားကြသူများသည် ထိုအကြောင်းကို ထည့်သွင်းရေးသားခဲ့ခြင်းမရှိပေ။ အလက်ဇန္ဒာ၏ စစ်ရေးသမိုင်းတွင် မြေတွင်းမှ အက်ကြောင်းအတိုင်း မြေပေါ်သို့ ပန်းထွက်ကာ မီးဟုန်းဟုန်းတောက်လောင်နေသော ရေနံဓာတ်ငွေ့မီးတောက်များ အကြောင်းနှင့် မီးနတ်ကိုကိုးကွယ်သော ပါရှန်များ၏အကြောင်းများ မပါဝင်ပေ။ ထိုအချိန်တွင် ရေနံချေး၏အသုံးကို ပါရှန်များ သိနေသည်မှာမှု သေချာသည်။

အလက်ဇန္ဒာသည် အီဂျစ်တွင်လည်း ပါရှားတွင် ဆောင်ရွက်သည့် အတိုင်း နယ်စားပယ်စားများကို လူပြောင်း၍လည်းကောင်း လူဟောင်းကိုပင် ပြန်လည်ခန့်ထားခြင်းဖြင့်လည်းကောင်း နေမြဲအတိုင်းနေသော အုပ်ချုပ်ရေး စနစ်ကို သုံးစွဲခဲ့လေသည်။ အိန္ဒိယတွင် ပိုးရပ်စ်ကို ဂရိများက သူတို့၏ လက်အောက်ခံဟု ခေါ်ဆိုသော်လည်း ပိုးရပ်စ်သည် ယခင်ကတည်းက ဆောင်ရွက်ခဲ့သည့်အတိုင်း ကိုယ့်မင်းကိုယ်ချင်းအနေဖြင့်ပင် အုပ်ချုပ် ဆောင်ရွက်နေခဲ့ပေသည်။

အလက်ဇန္ဒာသည် မြို့တော်သစ်များကို တည်ထောင်ခဲ့သည်မှာ မှန်ပါသည်။ ဖော်ပြခဲ့သည့်အတိုင်း အလက်ဇန်ဒြီးယားနှင့် အလက်ဇန္ဒရက်တားတို့အပြင် သူ၏အမည်ကိုမှည့်ဆိုထားသော မြို့တော်ပေါင်း ၁၇ မြို့ပင် ရှိသည်ဟုဆိုသည်။ အမည်များမှာ ဒေသအလိုက် ပြောင်းလဲချက်များ ရှိနေလေသည်။ Candahar (Iskender) နှင့် ဆီကန်ဒရာဘက် Secunderabad မြို့များမှာ အလက်ဇန္ဒာ တည်ထောင်ခဲ့သောမြို့များမှ ကျန်ရစ်သော မြို့များဖြစ်သည်ဟု ဆိုသည်။

အလက်ဇန္ဒာသည် မြို့သစ်များတည်ခဲ့သည်မှာ မှန်ပါသည်။ သို့သော် ကုန်းလမ်း ရေလမ်းများကို ခေတ်မီတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိချေ။ သူသည် စစ်ရေးစွမ်းရည်ဖြင့် နိုင်ငံကိုချဲ့ထွင်ရန်သာ စိတ်စောလျက်ရှိပြီး ကြီးမားကျယ်ပြန့်သော အင်ပါယာတစ်ခုကို တည်ထောင်ရန် အတွက် တွေးတောစဉ်းစားနိုင်ရန် အကြံဉာဏ်ကောင်းပေးမည့်သူများကို

လည်း အနီးအနားမှာ မထားခဲ့ချေ။ အကြီးတော် အရစ်စ်တိုတယ်လ်နှင့်လည်း အဆက်အဆံပြတ်တောက်သွားသည်။ သူ၏စိတ်ကို မထိန်းနိုင်သဖြင့်လည်း ပါမင်နီယိုနှင့် သူ၏သားဖြစ်သူ ဖီလိုတပ်စ်တို့ကဲ့သို့ သစ္စာရှိသူ အတွေ့အကြုံများသူများလည်း သေဆုံးကုန်ခဲ့ပြီဖြစ်ရာ သူ့အတွက် စီမံကိန်းများ မည်သို့ရေးဆွဲပေးရမည်ကို သိသူနည်းပါးကုန်ပြီ ဖြစ်သည်။

## စစ်ရေးအောင်မြင်မှုများကို ကောင်းစွာအသုံးမချနိုင်ခဲ့သည့် အလက်ဇန္ဒာ

အလက်ဇန္ဒာသည် စစ်ရေးတွင် အောင်မြင်ခဲ့သူဖြစ်သော်လည်း သူ၏အောင်မြင်မှုများကို အကျိုးကျေးဇူးရှိအောင် အသုံးမချတတ်ခဲ့သည့်အကြောင်း တင်ပြခဲ့ပြီဖြစ်သည်။ စစ်၏သဘောမှာ သူ့ဘက်ကိုယ့်ဘက်မှ ထက်မြက်သူများ ကျဆုံးတတ်သဖြင့် အလက်ဇန္ဒာသည် လူကောင်း သူကောင်းများကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ထိုမျှသာမက သူကိုယ်တိုင် လက်လွန်သွားသဖြင့် သေဆုံးရသူများလည်း ရှိကြသေးသည်။ စစ်ဗျူဟာကြွရည်ဖြစ်နေသော အလက်ဇန္ဒာသည် သိမ်းပိုက်ပြီးနိုင်ငံများကို တိုးတက်အောင် မလုပ်နိုင်ခဲ့သည်ကို တင်ပြခဲ့ပြီးဖြစ်သည်။ စစ်ရေးတွင်သာမက နိုင်ငံရေးနှင့်ပတ်သက်၍ သိသူ တတ်သူများကလည်း အလက်ဇန္ဒာ၏ စိတ်ပြောင်းလဲမှု မြန်ဆန်ခြင်းကြောင့် အကြံဉာဏ်မပေးဝံ့ကြချေ။

ခေတ်ပြိုင်သမိုင်းဆရာများ၏ အဆိုကိုထောက်ပြကာ ရေးတတ်သော အိပ်ဂျီဝဲလ်စ်က အလက်ဇန္ဒာသည် ပညာရေးဖြင့် နိုင်ငံတော်များကို ကျစ်လျစ်စေရမည်ကို သတိလည်းထားဟန်မတူ။ ဆောင်ရွက်ခြင်းလည်း မပြုခဲ့ဟု ဆိုသည်။ သူ၏အသက်မှာ ၃၁ နှစ်သာရှိသေးသည်မှာ မှန်၏။ သို့သော် ၃၁ နှစ်ပင်မရှိသေးသော ဖိလစ်သည် သူ၏သားဖြစ်သူ အလက်ဇန္ဒာ၏ ပညာရေးကို စနစ်တကျစီစဉ်ခဲ့ပြီးဖြစ်သည်ကို သတိရသင့်သည်ဟုလည်း အိပ်ဂျီဝဲလ်စ်က ဆိုသည်။



အလက်ဇန္ဒာသည် အစဉ်အလာကို တည်ဆောက်ခြင်းမပြုခဲ့ချေ။ သူသည် သူ၏ကြီးမြတ်ခြင်းကို ဖော်ကျူးသော Legend များကိုသာ စီမံထုတ်လွှင့်လေ့ရှိသည်။ သူသည် နောက်ပိုင်းတွင် သူ၏ကြီးကျယ်မြင့်မြတ်မှုကို ပြောသူများနှင့်သာ သင့်တင့်သောသူတစ်ယောက် ဖြစ်လာသည်။

သူ၏ရုပ်ပုံများမှာ နုနယ်ငယ်ရွယ်၍ တင့်တယ်ပါသည်။ အာရိယန်သွေးနှောသူတစ်ယောက်အနေဖြင့် ချောမောမည်မှာ သေချာလှသည်။ သို့သော် အသက် ၂၀ မှ ၃၃ နှစ်အကြားတွင် မည်သည့်ပုံတွင်မှ မုတ်ဆိတ်မပါသော ပုံများကိုသာ သွန်းလုပ်စေသည်။ သူသည် သူ၏ပုံများစွာကို ရေးဆွဲစေခဲ့သည်။ သွန်းလုပ်စေခဲ့သည်။ သူကိုယ်တိုင်လည်း လူငယ်ကလေးတစ်ယောက်၏ပုံကို အရာအမိဖမ်းကာ လုပသော ဆံပင်အခွေအလိပ်များဖြင့် နုနယ်သော ပုံများကိုသာ ချန်ထားရစ်ခဲ့သည်။ ထိုကာလအတောအတွင်းတွင် ဥရောပသားများသည် အလက်ဇန္ဒာဘုရင်၏ အတုကိုယူကာ မုတ်ဆိတ်မထားဘဲနေသော ဖက်ရှင်ထွန်းကားခဲ့သည်ဟု ဆိုသည်။ အရွယ်၏ကောင်းခြင်း နုပျိုခြင်း ချောမောခြင်း လန်းဆန်းခြင်း တက်ကြွခြင်းတို့ဖြင့် မြင်သူအများကို ဖမ်းစားနိုင်လေ့ရှိရာ အလက်ဇန္ဒာသည် အရစ်စ်တိုတယ်လ်၏ တပည့်ဖြစ်ပါလျက် အပြင်ပန်းမှ ရုပ်ရည်ကိုသာ အားကိုး၍ ကေရာဇ်လုပ်ရန် ကြံစည်ရင်း နောက်ပိုင်းနှစ်များတွင် အကျိုးမဲ့စွာ နေထိုင်ခဲ့သည်။ အသက် ၃၃ နှစ်တွင် သူသည် အရက်သေစာကို ပိုမိုသောက်သုံးလာသည်။ သူ့တွင် မေ့ပစ်ချင်စရာကောင်းသော နောင်တများစွာ ရှိခြင်းသည်လည်း အရက်သောက်ကြူးခြင်း၏ အကြောင်းရင်းတစ်ရပ် ဖြစ်နိုင်သည်။

## အဆုံးစွန် သုဉ်းသွားသော အလက်ဇန္ဒာ၏ အမျိုးအဆွေများ

အလက်ဇန္ဒာသည် မက်ဆီဒိုးနီးယားသို့ အပြန်ခရီးတွင် တစ်ထောက်နားသော ဘေဘီလွန်တွင် အရက်သောက်လွန်ကာ အဖျားဝင်၍ သေဆုံးခဲ့

သည်။ သေဆုံးသောခုနှစ်မှာ ဘီ စီ ၃၂၃ ခုဖြစ်သည်။ သေဆုံးချိန်တွင် သူ၏အသက်မှာ ၃၃ နှစ်သာ ရှိသေးသည်။ သူ၏ ကမ္ဘာတစ်ခုလုံးကို ပေါင်းစုကာ ဧကရာဇ်နိုင်ငံထူထောင်ရေး စိတ်ကူးယဉ်အိပ်မက်သည်လည်း လေသယ်ဆောင်သော တိမ်တောင် တိမ်ရိပ်များပမာ ပါးလျှလွင့်ပျောက်သွားခဲ့သည်။ ဧကရာဇ်မရှိတော့ပြီဟူသော သတင်းပြန့်နှံ့သွားသည်နှင့် သူ၏နိုင်ငံတော်သည် တစ်နယ်တစ်မင်းဖြစ်ကာ အတယ်တယ်အမယ်မယ် ကွဲသွားခဲ့သည်။

အလက်ဇန္ဒာသည် စမာကန်သူ ရိုဇန်နာနှင့် ကလေးရသည်။ စမာကန်သူက လက်ဦးမှုယူကာ ဒရိုင်းယပ်စ်၏သမီးဖြစ်သူကို သတ်ဖြတ်စေခဲ့သည်။ ရိုဇန်နာ၏သားမှာ အလက်ဇန္ဒာကွယ်လွန်ပြီးနောက်မှ မွေးဖွားသည်။ အလက်ဇန္ဒာဟုပင် အမည်ပေးခဲ့သည်။ ရိုဇန်နာရော သားဖြစ်သူပါ ၃၁၁ ခုတွင် လုပ်ကြံခံရပြန်သည်။ အလက်ဇန္ဒာ၏ နောက်ဆုံးကျန်ရစ်သော သားဖြစ်သူ ဟာကျူလီမှာလည်း လုပ်ကြံခံရသည်။ အလက်ဇန္ဒာ၏ အဖေတူ အမေကွဲဖြစ်သူ များစွာဖွံ့ဖြိုးခြင်းမရှိသည့် အေရီဒီးယပ်စ်ကိုလည်း သတ်ဖြတ်ကြသည်။

ဆိုးသွမ်းချင်တိုင်း ဆိုးသွမ်းနေခဲ့သော အလက်ဇန္ဒာ၏မယ်တော် အိုလမ်ပီယပ်စ်ကိုလည်း သူ၏သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည့် သားချင်းများက လက်တုံ့ပြန်ကာ သတ်ဖြတ်လိုက်ကြလေသည်။

## အလက်ဇန္ဒာနှင့် မဟာဟူသော အမည်အရည်

အလက်ဇန္ဒာသည် မင်းမဟာအဖြစ် သမိုင်းတွင် ရေးသားခြင်း ခေါ်ဆိုခြင်း အချို့သောသူများက ချီးကျူးရေးသားခြင်းခံခဲ့ရသည့် မင်းတစ်ပါးဖြစ်သည်။ သူသည် ထက်မြက်သော ရဲစွမ်းသတ္တိရှိသော စစ်ဘုရင်တစ်ပါးဖြစ်သည်မှာ အငြင်းပွားရန် မလိုပေ။ စစ်ရေးစွမ်းရည် ပြည့်ဝသည်။ စစ်ပွဲများတွင် ငယ်ရွယ်သူပီပီ ကိုယ်တိုင်ဝင်ရောက်စွန့်စားတတ်သည်။ အောင်ပွဲများလည်း ရသည်။ သို့သော် ဧကရာဇ်တစ်ပါး မင်းတစ်ပါးအနေဖြင့် မဟာ



ဖွဲ့ကို ထိုက်ထိုက်တန်တန် ခံယူရန်မသင့်ဟူသော အဆိုကို စာရေးသူက လက်ခံပါသည်။

အလက်ဇန္ဒာသည် စစ်ရေးစွမ်းရည် ထက်မြက်သော်လည်း ဦးတည်ချက် တိတိကျကျမထားဘဲ မိမိ၏အစွမ်းအစကို အကိုးစားလွန်သည်။ စိတ်စေရာနောက်သို့ ကောက်ကောက်ပါအောင်လိုက်တတ်သည်။ ထို့ကြောင့် အချိန်ကုန် လူပမ်းဖြစ်ကာ အင်အားကြီးမားသောနိုင်ငံကို ထူထောင်နိုင်ခွင့်သည် အဟောသိကံ ဖြစ်သွားလေသည်။

အလက်ဇန္ဒာကို လေးစားသူများက အလက်ဇန္ဒာသည် ဟယ်လင်နစ် ယဉ်ကျေးမှုကို အီဂျစ်သို့လည်းကောင်း အာရှသို့လည်းကောင်း ပျံ့နှံ့စေခဲ့သည်ဟု ဆိုလေသည်။ ဟယ်လင်နစ်ယဉ်ကျေးမှုသည် အလက်ဇန္ဒာ မပေါ်ပေါက်ခင်ကတည်းက အီဂျစ်သို့လည်းကောင်း အေရှမိုင်းနားသို့လည်းကောင်း သွားရောက်နေထိုင်ခဲ့ကြသော ဂရိလူမျိုးများနှင့်အတူ ပျံ့နှံ့ပြီးဖြစ်နေသည်ဟု ခန့်မှန်းနိုင်သည်။ အလက်ဇန္ဒာ၏နောက်ပိုင်းတွင် ဆက်ခံသော မင်းများ၏လက်ထက်တွင် ဂရိယဉ်ကျေးမှုသည် လက်အောက်ခံဘဝသို့ ရောက်ခဲ့ဖူးသော သူများထံသို့ ပိုမိုပျံ့နှံ့သွားမည်မှာ သေချာသည်။

အလက်ဇန္ဒာ သေဆုံးရမှုသည် အရက်သောက်လွန်ကာ ဖျားနာ၍ သေဆုံးရသည်ဟုသာ မှတ်သားထားသော်လည်း သံသယပွားမည်ဆိုက ပွားနိုင်စရာအကြောင်း အလုံအလောက်ရှိနေပေသည်။ ပါရှားသို့ ရောက်ကတည်းက အလက်ဇန္ဒာနှင့် သူ၏မက်ဆီဒိုးနီးယန်း ရဲဘော်ရဲဘက်များ အယူအဆကွဲပြားခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် မကျေမနပ်ဖြစ်ခဲ့ရသည်။ အိန္ဒိယသို့ သွားရောက်တိုက်ခိုက်ခြင်းသည် စစ်ရေးအရ အကျိုးမဲ့သော လုပ်ရပ်တစ်ခုဖြစ်သည်။ သူ၏စိတ်အလိုအတိုင်း ဖြစ်အောင်ဆောင်ရွက်တတ်သော အလက်ဇန္ဒာသည် သူ၏ရဲမက်များက ငြင်းဆိုသည်ကို အလိုလိုက်ကာ အိန္ဒိယမြစ်ကြောင်းအတိုင်း စုန်ဆင်း၍ တပ်ကိုရုပ်သိမ်းခဲ့သည်မှာ သူ၏ဘက်တွင် ကိုးစားနိုင်သော အရည်အချင်းရှိသည့်လူများ မရှိတော့သည့်အဖြစ်ကိုလည်းကောင်း၊ သူ့ဘက်သို့လိုက်သူ အရေအတွက်မှာလည်း များများစားစား

မရှိတော့သည်ကိုလည်းကောင်း သိနားလည်သွားသောကြောင့်ဟု ဆိုနိုင်သည်။ သူသည် အိန္ဒိယမှပြန်အထွက်တွင် သူ၏ကြီးကျယ်မြင့်မားမှုကိုပါ ထားပစ်ခဲ့ရသည်ဟု ဆိုနိုင်လေသည်။

## သုံးစိတ်ကွဲသွားသော အလက်ဇန္ဒာ၏ နိုင်ငံတော်

စာရေးသူတို့ ငယ်စဉ်ကပင် အလက်ဇန္ဒာ ကွယ်လွန်ချိန်၌ သူတိုက်ခိုက်သိမ်းပိုက်ခဲ့သော နိုင်ငံတော်မှာ သုံးစိတ်ကွဲသွားသည်ဟု သိရှိမှတ်မိထားခဲ့သည်။ အိန္ဒိယအပါအဝင် အာရှတိုက်ဘက်မှ နယ်များကို ဆီလုကပ်စ် (Seleucus) က သိမ်းပိုက်ခဲ့သည်။ အီဂျစ်နိုင်ငံကို တိုလမီက သိမ်းပိုက်ခဲ့သည်။ မက်ဆီဒိုးနီးယားနှင့် ဂရိကို အန်တီဂိုးနပ်စ် (Antigonus) က သိမ်းပိုက်ခဲ့သည်။

ဆီလုကပ်စ် သိမ်းပိုက်ခဲ့သော အာရှတိုက်ဟုဆိုရာတွင် မြေထဲပင်လယ်နှင့် မြစ်နှစ်သွယ်မြစ်ဝှမ်းဒေသတစ်ခုလုံးကို သိမ်းပိုက်ခဲ့သော်လည်း နောက်ဆုံးတွင် ဆီးရီးယားကို အနိုင်နိုင်ထိန်းထားရသည့် အခြေသို့ ရောက်ခဲ့သည်။ အိန္ဒိယတိုက်ငယ်တွင်းသို့ အလက်ဇန္ဒာ ဝင်ရောက်စဉ်ကပင် ပိုးရပ်စ်ဟု ဂရိတို့ကခေါ်သော အိန္ဒိယတိုက်သားတို့၏ခေါင်းဆောင်သည် အမည်အားဖြင့်သာ မက်ဆီဒိုးနီးယား၏ လက်အောက်ခံ မင်းတစ်ပါးဖြစ်သော်လည်း အိန္ဒိယကို အလက်ဇန္ဒာမရောက်မီက အနေအထားအတိုင်း စီမံအုပ်ချုပ်ကာ နေခဲ့လေသည်။ အလက်ဇန္ဒာ၏နိုင်ငံတော်ကို သိမ်းပိုက်ခဲ့သော သူ၏စစ်သူကြီးများသည် အချင်းချင်း မစည်းရုံးနိုင်ခဲ့သဖြင့် နောက်ဆုံးတွင် အင်အားသစ်ဖြစ်သော ရိုမန်တို့၏လက်အောက်သို့ ကျရောက်ရလေသည်။

သမိုင်းပညာရှင် ဟီရိုဒိုးတပ်စ်သည် ထိုအဖြစ်အပျက်ကို သုံးသပ်ကာ သင်ခန်းစာတစ်ခု ထုတ်ခဲ့သည်။ လူတစ်ယောက်ချင်းတွင်ဖြစ်စေ၊ နိုင်ငံတစ်ခုချင်းတွင်ဖြစ်စေ အဆင့်သုံးဆင့်ရှိတတ်သည်။ အောင်မြင်မှုနှင့် အောင်မြင်မှု၏ ရလဒ်များဖြစ်သော မောက်မာခြင်း ရက်စက်ခြင်း၊ ထိုမောက်မာရက်စက်ခြင်း၏ ရလဒ်ဖြစ်သော ကျဆုံးခြင်းတို့ ဖြစ်ကြသည်။



အလက်ဇန္ဒာသည်လည်း အမှန်တကယ် စစ်ရေးစွမ်းရည် ထက်မြက်သော စစ်သူကြီးတစ်ဦးဖြစ်သည်။ သူ့ခေတ်က သူချဲ့ထွင်ခဲ့သော နယ်လောက် ကျယ်ပြန့်သောနယ်ကို ချဲ့ထွင်ရန်မည်သူမှ မတတ်နိုင်ခဲ့သေးချေ။ သူသည် ကျယ်ပြန့်သောနယ်ကို အောင်မြင်စွာ ချဲ့ထွင်နိုင်ခဲ့သည်။ သို့သော် စကြာစ်မင်းအဖြစ် မအောင်မြင်သေးခင် ဟီရိုဒိုးတပ်စ်ဆိုသကဲ့သို့ အောင်မြင်ခြင်း၏ ရလဒ်များဖြစ်သော မောက်မာမှု ရက်စက်မှုများကို အလက်ဇန္ဒာသည် မထိန်းနိုင်မသိမ်းနိုင်ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျဆုံးခြင်းနှင့် ရင်ဆိုင်ခဲ့ရသည်။

သူ၏ စစ်သူကြီးများသည်လည်း သူတို့၏ခေါင်းဆောင်ဖြစ်သူ အလက်ဇန္ဒာ ရှေ့ကပြသွားသော အမှားအယွင်းများကို သင်ခန်းစာမယူနိုင်ဘဲ နယ်မြေများကို ပိုင်စိုးသည်နှင့် မောက်မာသောစိတ် တစ်ကိုယ်ကောင်းဆန်သောစိတ်ဖြင့် မိမိတို့တစ်ဦးချင်း ကောင်းစားရေးကိုသာ လိုက်စားကြသည်ဖြစ်ရာ နောက်ဆုံးတွင် စုစည်းခြင်းကင်းမဲ့သော မက်ဆီဒိုးနီးယား ဂရိ၊ အီဂျစ်နှင့် ဆီးရီးယားအပါအဝင် အရှေ့မိုင်းနားကို ရိုမန်များက တစ်နယ်ပြီး တစ်နယ် သိမ်းပိုက်ခြင်းကို ခံခဲ့ကြရလေသည်။ ။



အသောက မောရိယ မဟာရာဇာ

စာအုပ်များစုဝေးရာ

## အသောက မောရိယ မဟာရာဇာ

### စားလွှတ်အစား ဓမ္မကိုပြောင်း၍ ကိုင်စွဲသည့် ထူးခြားသော စစ်ဘုရင်

စာရေးသူတို့သည် အိန္ဒိယကို မဇ္ဈိမတိုင်းဟု ခေါ်ဆိုကြသည်။ ထိုမဇ္ဈိမတိုင်းသည် ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထား၍ ကိုးကွယ်ဆည်းကပ်ကြသည့် မြတ်စွာဘုရားရှင် ပွင့်တော်မူရာဒေသဖြစ်သည်။ ထိုဒေသတွင် မင်းဆက်ပေါင်းများစွာ ပြောင်း၍ မင်းပေါင်းများစွာ အုပ်စိုးခဲ့ကြသည်။ အိန္ဒိယနိုင်ငံသမိုင်းကို အထူးပြုကာလေ့လာဖတ်ရှုကြသော သူများမှသာ မည်သည့်ခေတ်တွင် မည်သည့်မင်းအုပ်ချုပ်ခဲ့သည်ကို သိမည်ဖြစ်သည်။ သို့သော် သမိုင်းကို ကောင်းစွာမလေ့လာဖူးသော မြန်မာနိုင်ငံသား သက်ကြီးရွယ်အိုများကအစ အသောကမဟာရာဇာကို သိရှိမှုသောကမင်းတရားကြီးဟူ၍ အလေးအမြတ် ခေါ်ဆိုကာ အသိအမှတ်ပြုကြသည်။ လေးစားကြည်ညိုကြသည်။ ထိုကဲ့သို့ အများ၏ကြည်ညိုခြင်းကို ခံရသူ မင်းတစ်ပါးဖြစ်လာရသည့်အကြောင်းကို လေ့လာဆန်းစစ်ကြည့်သင့်လှပေသည်။

အသောကမဟာရာဇာ၏အကြောင်းကို အလက်ဇန္ဒာ၏အကြောင်းနှင့် ရှေ့နောက်ဆင့်၍ ဆက်စပ်လေ့လာရခြင်းသည် အကြောင်းအကျိုးဆက် စပ်မှုရှိသည်။ တင်ပြခဲ့သည့်အတိုင်း အလက်ဇန္ဒာ၏ အာရှဒေသနယ်မြေများကို ဆက်ခံသောသူမှာ ဆီလုကပ်စ်ဖြစ်သည်။ သူ့ကို တွန်းလှန်လိုက်သော ချန္ဒြဂုပ္ပတမောရိယသည် အသောကမဟာရာဇာ၏ ခမည်းတော်ဘက်မှ အဘိုးတော်တော်စပ်သူ ဖြစ်နေသောကြောင့် ဖြစ်သည်။

အိန္ဒိယတိုက်ငယ်သည် ကျယ်ပြောသော ဒေသကြီးတစ်ခုဖြစ်သည်။ ထိုဒေသထဲတွင် ယခုအခါ ဘီဟာနယ်ဟု တွင်သောနယ်တွင် ရှေးယခင်က

မာဂဓတိုင်းဟူသော တိုင်းတစ်တိုင်းထွန်းကားခဲ့သည်။ ထိုမာဂဓတိုင်း၏ မြို့တော်မှာ ပါဋလိပုတ်မြို့တော်ဖြစ်သည်။ ယခုအခါ ပတ္တနားနယ် ဟုခေါ်သည်။

အလက်ဇန္ဒာ အိန္ဒိယတိုက်ငယ်အတွင်းသို့ ဝင်ရောက်လာပြီးနောက် ထွက်ခွာသွားသည့်အချိန်စသည့် အချိန်ပိုင်းလောက်က ထိုမာဂဓတိုင်းတွင် နန္ဒဟူသောဘွဲ့အမည်ဖြင့် မင်းဆက်တစ်ဆက် စိုးစံ၍နေလေသည်။ ထိုမင်းဆက် စိုးစံနေချိန်တွင် အလက်ဇန္ဒာ ဝင်ရောက်လာသည်ဖြစ်ရာ ထိုသို့ဝင်ရောက်လာချိန်တွင် နန္ဒမင်းဆက်ဘုရင်တစ်ပါးက သူနှင့်ဆွေမျိုးနီးစပ်တော်သည်ဟု ယူဆဖွယ်ရှိသော ချန္ဒြရဂုပ္ပတဆိုသူ ပါးနပ်လိမ္မာသော ထက်မြက်တက်ကြွသော မျှော်လင့်ချက်ကြီးကြီးမားမားထားတတ်သော သူငယ်တစ်ဦးကို သဘောမတွေ့သဖြင့် နယ်နှင်ဒဏ်ပေးလိုက်သည်။ ချန္ဒြရဂုပ္ပတသည် တက္ကသိလာဟုခေါ်တွင်သော မြောက်ဘက်ပိုင်းဒေသကို ထွက်ခွာသွားခဲ့သည်။ ထိုဒေသသည် အလက်ဇန္ဒာ ဝင်ရောက်လာသော လမ်းကြောင်းပေါ်တွင် ရှိနေသည်ဖြစ်ရာ ချန္ဒြရဂုပ္ပတက အလက်ဇန္ဒာကဲ့သို့သော ပုဂ္ဂိုလ်ကို မြင်တွေ့ရန် စိတ်ဝင်စားသည်။

ချန္ဒြရဂုပ္ပတသည် နယ်နှင်ဒဏ်ကိုခံရာတွင် သူနှင့်အတူ ဗစ်ရှ်နုဂုပ္ပတ (Visnugupta) ဟု ခေါ်တွင်သော ဗြာဟ္မဏတစ်ဦးလည်း ပါလာခဲ့သည်။ ထိုသူ့ကို စာဏကျ (Chanakya) ဟုလည်းခေါ်တွင်သည်။ မြန်မာစာပေတွင် စာဏကျနီတိသည် ထင်ရှားသောနီတိကျမ်း တစ်ကျမ်းဖြစ်သည်။

ထိုနီတိဆရာ ဗြာဟ္မဏနှင့် အကြံကြီးသော ချန္ဒြရဂုပ္ပတတို့သည် သူတို့၏စိတ်ကူးစိတ်သန်းများ အောင်မြင်မည်ဟုဆိုပါက မည်သည့်အရာကိုမှ မကြောက်တတ်ကြသူများဖြစ်သည်။ အခက်အခဲ အတားအဆီးများကိုလည်း သူတို့ကပင် ကြုံချင်တွေ့ချင် ကျော်လွှားချင်စိတ်တို့ဖြင့် ထက်မြက်တက်ကြွနေကြသည်ဖြစ်ရာ အလက်ဇန္ဒာ ဝင်လာရာလမ်းသို့ သွားရောက်ခဲ့ကြသည်။ လေ့လာကြည့်ရှုခဲ့ကြသည်။ ချန္ဒြရဂုပ္ပတသည် အလက်ဇန္ဒာ၏ ခမ်းနားသောအောင်မြင်မှုကို များစွာအားကျခဲ့ဟန်တူသည်။ သူ့တွင် လိုအပ်



သလို တိုင်ပင်နိုင်သော အဖော်တစ်ယောက်ကလည်း အကြံကောင်းဉာဏ်ကောင်းများကို ပေးခဲ့ပေလိမ့်မည်။ သူတို့အဖို့ အလက်ဇန္ဒာ ပြန်လည်ထွက်ခွာခြင်းမပြုမီ လုပ်ဆောင်ရမည့်အလုပ်တို့ကို တွက်ဆကာ အချိန်ကို စောင့်နေရုံသာ ဖြစ်သည်။

အလက်ဇန္ဒာသည် အိန္ဒုမြစ်ကြောင်းအတိုင်း အိန္ဒိယမှ ပြန်လည်ထွက်ခွာသွားသည့်အချိန်တွင် ဂရိနယ်စောင့်တပ်မတစ်ခုကို ချထားခဲ့သည်။ ဆုတ်ခွာသွားသော်လည်း အိန္ဒိယ၏အနောက်မြောက်နယ်ကို မက်ဆီဒိုးနီးယား ၏လက်အောက်ခံနယ်အဖြစ် သတ်မှတ်ခဲ့သည့်သဘော ဖြစ်သည်။ အလက်ဇန္ဒာ ပြန်လည်ထွက်ခွာပြီးနောက် မကြာမီမှာပင် ချန္ဒြရဂုပ္ပတနှင့် စာဏကျတို့ လိုလားစောင့်တနေသော သတင်းတစ်ခု တက္ကသိလာနယ်သို့ ရောက်လာခဲ့သည်။ အလက်ဇန္ဒာကွယ်လွန်သွားသည့်သတင်း ဖြစ်ပေသည်။ ထိုအချိန်တွင် ချန္ဒြရဂုပ္ပတနှင့် စာဏကျတို့သည် သူတို့၏ဝန်းကျင်တွင်ရှိသော တိုင်းတစ်ပါးသားတို့၏လက်အောက်သို့ မကျရောက်လိုသည့်သူများကို စုဆောင်းကာ ဂရိတပ်မကို တိုက်ခိုက်နှင်ထုတ်လိုက်နိုင်ကြသည်။ ထို့နောက် အင်အားကြီးမားအောင် ထပ်မံ၍ လူသူစုဆောင်းကာ သူ့ကို နယ်နှင်ဒဏ်ပေးခဲ့သော နန္ဒမင်းဆက်ကို ဖြုတ်ချခဲ့သည်။

ထိုကဲ့သို့ မင်းပြောင်းမင်းလဲဖြစ်သည်မှာ ဘီစီ ၃၂၂ ခုနှစ်တွင် ဖြစ်သည်။ အလက်ဇန္ဒာ ကွယ်လွန်ပြီးနောက် ၅ နှစ်ကြာ အချိန်အတောအတွင်း ဖြစ်ပွားသွားခြင်းပေတည်း။ ထိုခုနှစ်သည် ချန္ဒြရဂုပ္ပတ မောရိယမင်းဆက်စောင်ပေါ်ပေါက်လာသော ခုနှစ်ဖြစ်ပေသည်။ အိန္ဒိယဝန်ကြီးချုပ်ဖြစ်ခဲ့သော ပဏ္ဍစ်နေရူး၏အဆိုအရ ချန္ဒြရဂုပ္ပတအမည်တွင် မောရိယဟူသော အမည်တစ်ခု ထပ်၍ထည့်ကာ ခေါ်ဆိုရခြင်း၏အကြောင်းရင်းကို ဂနသေချာစွာရှင်းမပြနိုင်ပေ။ သို့သော် ချန္ဒြရဂုပ္ပတ မောရိယဟူသော အမည်သည် ထင်ရှားသောမင်းဆက်တစ်ခု၏ အမည်ဖြစ်လာသည်။ သူ၏နောက် နှစ်ပေါင်းရာချီသည့်အချိန်တွင် ပေါ်ပေါက်လာသော ချန္ဒြရဂုပ္ပတမင်းနှင့်လည်း ကွဲပြားခြားနားမှုရှိသောကြောင့်လည်း အဆင်ပြေသောအမည်ဖြစ်သည်ဟု ဆိုသည်။

အိန္ဒိယတိုက်ငယ်သည် ကျယ်ပြောသော နယ်မြေဒေသကြီးတစ်ခု ဖြစ်သည်။ ရှေးပဝေသဏီကဆိုသော် ထိုနယ်မြေကြီးတစ်ခုလုံးကို သိမ်းကျုံး စုစည်း၍ အုပ်စိုးရန်မှာ ထက်မြက်သောခေါင်းဆောင်တိုင်း မျှော်မှန်းခဲ့ကြ ကြိုးပမ်းခဲ့ကြမည့် ကိစ္စတစ်ရပ်ဖြစ်သည်။ ချန္ဒြဂုတ္တမောရိယ မင်းဆက်၏ လက်ထက်တွင် ထိုသို့အိန္ဒိယတိုက်ငယ်တစ်ခုလုံးကို စုစည်းအုပ်စိုးနိုင်ခွင့်နှင့် များစွာနီးစပ်သောအနေအထားသို့ ရောက်ခဲ့ပေသည်။ ထိုသို့သော အင်အားကို တည်ဆောက်ရန်မှာ တစ်ခဏချင်းနှင့် ပြည့်စုံအောင်မြင်ခြင်း မရှိနိုင်ချေ။ နီးစပ်ရာဒေသများကို စုစည်းနိုင်ရမည့်ပြင် နိုင်ငံတော်တစ်ခုတွင် ရှိအပ်သည့် အရည်အချင်းများနှင့်လည်း ပြည့်စုံအောင် ဆောင်ရွက်ကာ တည်ငြိမ်အေးချမ်း မှုရှိအောင် အုပ်ချုပ်ရဦးမည်ဖြစ်ပေသည်။

ထိုသို့နိုင်ငံတော်တစ်ရပ်ထူထောင်ရန် စိုင်းပြင်းနိုင်သည်အထိ ပတ်ဝန်း ကျင်ကို စည်းရုံးနိုင်ပြီဖြစ်သော ချန္ဒြဂုတ္တမောရိယ၏ အကြောင်းကို ဆီလုကပ်သည် ကောင်းစွာသိဟန်မတူချေ။ လုံးဝမသိခြင်းလည်း ဖြစ်နိုင် သည်။ ဆီလုကပ်သည် အလက်ဇန္ဒာ၏ ပိုင်နက်ဟုသတ်မှတ်သော အာရှ တိုက်ဘက်မှ နယ်မြေများကို သူပိုင်သည်ဟုယူဆကာ ပြန်လည်သိမ်းယူရန် ရည်ရွယ်ချက်ဖြင့် သူ၏တပ်ဖြင့် အိန္ဒုမြစ်ကိုဖြတ်ကျော်ကာ အိန္ဒိယတိုက်ငယ် အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။

ဆီလုကပ်စ်ကဲ့သို့သော ရှေးကျသည့်ကာလက ပေါ်ပေါက်ခဲ့သည့် နယ်ချဲ့၏စိတ်တွင်းတွင်လည်း သူတို့ဝင်ရောက်တိုက်ခိုက်ခဲ့သော နယ်တိုင်း သည် အချိန်မရွေး သွားရောက်တိုက်ခိုက်၍ ရနိုင်သည်ဟု ခပ်လွယ်လွယ် တွေးတောခဲ့ဟန်တူသည်။

သို့သော် ထိုတစ်ခေါက်ပြန်၍ အိန္ဒိယသို့ဝင်လာခြင်းသည် အလွန် မှားယွင်းသော လုပ်ရပ်တစ်ခုဖြစ်ကြောင်း ဆီလုကပ်စ် သိသွားခဲ့သည်။ ချန္ဒြဂုတ္တ မောရိယ၏တပ်များက ဆီလုကပ်စ်၏တပ်များကို အိန္ဒိယ တိုက်ငယ်အတွင်းမှ နောက်ကြောင်းသို့ တရကြမ်း ပြန်လည်ဆုတ်ခွာသွား ရလေအောင် တိုက်ထုတ်လိုက်သဖြင့် ဆီလုကပ်စ်နှင့် သူ၏တပ်တို့သည်



မူလက သူတို့သိမ်းခဲ့သော အိန္ဒိယတိုက်ငယ်အတွင်းရှိ နယ်များကိုသာမက ဂန္ဓာရတိုင်းရှိ ကာဘူး၊ ဟီရတ်အစရှိသည့် မြို့များအဝင်အပါ နယ်အချို့ကို လည်း မောရိယတို့၏လက်တွင်း၌ ထားခဲ့ရလေသည်။ ဂန္ဓာရဆိုသည်မှာ ယခုခေတ် အာဖဂန်နစ္စတန်ဖြစ်ကာ ယခင်က လွန်စွာဖွံ့ဖြိုးသော ဒေသတစ်ခု ဖြစ်လေသည်။ ယခုအခါတွင် ခြောက်သွေ့သောသဲကန္တာရအတိဖြင့် ပြီးသည့် အာဖဂန်နစ္စတန်သည် ယခင်က ဖွံ့ဖြိုးသည်ဟုဆိုရခြင်းမှာ မြေအနေအထား ကလည်း ယနေ့ခေတ် အာဖဂန်နစ္စတန်လောက် မခြောက်သွေ့သေးသည့်ပြင် ယနေ့ခေတ်ထိပင် ရှိနေသေးသော သစ်သီးသစ်နှံစိုက်ပျိုးခြင်းကလည်း ထိုစဉ် က အိန္ဒိယအထိ လာရောက်ရောင်းဝယ်နိုင်အောင် ထွန်းကားခဲ့သည်။ ထို့ပြင် အနောက်နှင့်အရှေ့တိုင်း ပါရှားနှင့် စိန့်တိုင်း၊ မဇ္ဈိမဒေသတို့မှ ကုန်သည်များ ဖြတ်သန်းရာ ကုန်ရောင်းကုန်ဝယ်စည်ကားသော နယ်လည်းဖြစ်သည်။ ထို့ ကြောင့် အာဖဂန်နစ္စတန်သည် ထွန်းကားကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ သည်။

ချန္ဒြဂုတ္တမောရိယသည် ဆီလုကပ်စ် (Seleucus) ဦးဆောင် သော တိုင်းတစ်ပါးသားတို့ကို တိုက်ခိုက်နှင်ထုတ်လိုက်ပြီးသည့်နောက် ပါတလိပုတ်ကို မြို့တော်အဖြစ်ထားကာ မောရိယလက်နက်နိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ထိုမြို့တော်၏ ဂင်္ဂါမြစ်ကို မျက်နှာမူထားသော မျက်နှာ စာသည် ၉ မိုင်ရှည်လျားသည်။ မြို့တံခါးမကြီးများမှာ ၆၄ ခုရှိကာ မြို့ဝင်ပေါက်အသေးစားများမှာ ၁၀၀ ကျော်သည်။ အိမ်များကို သစ်သားများ ဖြင့်သာ ဆောက်လုပ်လေ့ရှိသဖြင့် မီးကာကွယ်ရေးအတွက် အစီအမံများ စနစ်တကျ ပြုလုပ်ထားသည်။ လမ်းမကြီးတစ်လျှောက်တွင် ရေပြည့်အိုးများ ထောင်နှင့်ချီ၍ စီတန်းထားလေသည်။ ထိုရေအိုးများမှာ မီးလောင်ခဲ့သော် ငြိမ်းသတ်ရန်ဖြစ်သည်။ အိမ်တိုင်းတွင်လည်း ရေအိုးများ ထားရှိစေသည်။ မီးငြိမ်းရန် မီးကပ် မီးချိတ်များ လှေကားများအစရှိသည့် မီးသတ်ရန်ပစ္စည်းများ အသင့်ထားရှိစေသည်။

လမ်းမများပေါ်တွင် အမှိုက်မပစ်စေရ။ ပစ်ခဲ့သော် ဒဏ်တတ်လေ

သည်။ လမ်းပေါ်တွင် ရွှံ့တင်ကာ ရေဝပ်နေလျှင်လည်း ထိုနေရာတွင် နေ ထိုင်သောသူကို ဒဏ်တတ်လေသည်။ ထိုနည်းဖြင့် ပါဋလိပုတ်နေပြည် တော်နှင့် အခြားမြို့တော်များမှာ သန့်ရှင်းသာယာလှပနေသည်ကို ဆီလု ကပ်စ်က သူ၏သံတမန်အဖြစ် စေလွှတ်ထားသော မီးဂတ်စ်သင်းနီးစ် (Megasthenes) ၏မှတ်တမ်းများအရ သိရခြင်းဖြစ်သည်။

ချန္ဒြရဂုပ္တသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၂၀၀ ကျော်က ပါတလိ ပုတ်ကို အုပ်စိုးခဲ့ခြင်းဖြစ်သည်။ သူသည် ၂၄ နှစ် ထီးနန်းစိုးစံကာ ဘီစီ ၂၉၆ ခုတွင် ကွယ်လွန်ခဲ့သည်။ ချန္ဒြရဂုပ္တသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀ ခန့်စော၍ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ချန္ဒြရဂုပ္တမောရိယ၏ အကြောင်းကို တင်ပြရာတွင် စာဏကျ (Chanakya) ခေါ် ကောတိလျ (Kautilya) ဖြစ်ပွားဏ၏အကြောင်းကို ထည့် သွင်းတင်ပြမှသာ ပြည့်စုံမည်ဖြစ်သည်။ ကောတိလျသည် (Arthashastra) အာသသျှတ္တရခေါ် နိုင်ငံရေးသိပ္ပံကျမ်းတစ်ကျမ်းကို ရေးသားခဲ့သည်။ သူသည် ချန္ဒြရဂုပ္တမောရိယ၏ လက်နက်နိုင်ငံတော် တည်ထောင်ခြင်း၊ တိုးတက် ဖွံ့ဖြိုးစေခြင်းနှင့် ထိန်းသိမ်းခြင်းစသည့်လုပ်ငန်းတို့တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်ခဲ့သော ပညာရှင်တစ်ဦးဖြစ်သည်။ သူ၏ကျမ်းတွင် သူ၏ အတွေးအခေါ်များကိုသာမက ကိုယ်တိုင်ဆောင်ရွက်ခဲ့သော အတွေ့အကြုံ တို့ကို ထည့်သွင်းရေးသားထားခဲ့ခြင်း ဖြစ်ဟန်တူသည်။

ပဋ္ဌာစ်နေရှူး၏အဆိုအရ ကောတိလျကို အိန္ဒိယ၏ (Machiavelli of India) ဟုပင် ခေါ်ဆိုခဲ့ကြသည်ဟု ဆိုသည်။ သို့သော် ကောတိလျသည် အရှေ့တိုင်းမှ ဓလေ့အတိုင်း ဧကရာဇ်၏ရှေ့တော်မှောက်တွင် မိမိကိုယ်ကို နှိမ့်ချစွာဆက်ဆံ၍ အကြံကောင်း ဉာဏ်ကောင်းများကို လေးမြတ်စွာ ပေးခဲ့ သော ပညာရှိသုခမိန်တစ်ပါးပင် ဖြစ်သည်။ သူသည် ရဲစွမ်းသတ္တိရှိသူဖြစ်၍ အကွက်ချတတ်သူလည်းဖြစ်သည်။ မာန်ကြီး၍ ကလဲ့စားချေတတ်သူလည်း ဖြစ်သည်။ အသေးအဖွဲကစ၍ မမေ့တတ်။ သူ၏အလုပ်တာဝန်ကို မျက်ခြေ မပြတ်တတ်။ ရန်သူများကို နှိမ်နင်းရာတွင် လိုအပ်သည့်နေရာက ပါဝင်ခဲ့



သည်။ လက်နက်နိုင်ငံတော်ကို ရှေ့သို့ရောက်အောင် မောင်းနှင်နိုင်မည့် စက်ကြိုးများကို လက်တွင်ထိန်းရင်း ဧကရာဇ်ကိုချစ်ခင်စွာ သွန်သင်ဆောင် ရွက်ခဲ့သူဖြစ်သည်။

ကောတိလျသည် ရိုးသားစွာ အလွန်ဖြောင့်မှန်စွာ တိကျသော စည်း မျဉ်း စည်းကမ်းနှင့် နေခဲ့သူတစ်ဦးဖြစ်သည်။ သူသည် ခမ်းကြီးနားကြီး စည်းစိမ်ခံ၍ နေရမည့်ကိစ္စကို မနှစ်သက်ချေ။ သူ၏တာဝန်များကို ကျေပွန် အောင် ထမ်းဆောင်ပြီးသည့်နောက် သူသည် ငြိမ်သက်တိတ်ဆိတ်စွာ လူသူ များနှင့် ကင်းကင်းရှင်းရှင်းနေလေ့ရှိသည်။ ကောတိလျခေါ် စာဏကျသည် သူလုပ်ချင်သောကိစ္စဟူသမျှကို မရ ရအောင် လုပ်လေ့ရှိသူဖြစ်သည်။ အမှား အမှန် အကောင်းအဆိုးကိုပင် ခွဲခြားလေ့မရှိဘဲ လိုချင်သည်ကို ရအောင် ယူလေ့ရှိသည်။ သို့သော် သူသည် ဦးတည်ချက်သို့ရောက်သည့်အချိန်အထိ သင့်တော်သောနည်းလမ်းများကို မသုံးပါက အဆုံးသတ်မကောင်းနိုင်သည့် အကြောင်းကို ကောင်းစွာသိသည့် ပညာရှင်ဖြစ်သည်။ စစ်နှင့်ပတ်သက်၍ သူကဆိုသည်မှာ 'စစ်ဆိုသည်မှာ နိုင်ငံရေးမူဝါဒကို အခြားသောနည်းလမ်း တစ်ခုဖြင့် ဆက်လက်လုပ်ဆောင်ခြင်းဖြစ်သည်' ဟူ၏။ ကောတိလျခေါ် စာဏကျက ပြောသည်မှာ စစ်သည် နိုင်ငံရေး၏အဆုံးသတ် မဟုတ်စေသင့်။ နိုင်ငံအုပ်ချုပ်သူအနေဖြင့် စစ်၏ရလဒ်ကို နိုင်ငံတိုးတက်ခြင်းအတွက် ဖြစ်စေ ရန် ကြိုးစားရမည်ဟုလည်း ဆိုပြန်သည်။ နိုင်ငံကိုအုပ်ချုပ်သူက စစ်ပွဲ၏ ရလဒ်သည် နိုင်ငံတော်၏အကျိုးကို ပိုမိုတိုးတက်စေရန် ဦးတည်ရမည်။ ရန်သူတို့ကို ဆုံးရှုံးစေရုံ ပျက်စီးစေရုံသာ ဦးတည်သည့်စစ် မဖြစ်စေရဟု လည်းဆိုသည်။

နှစ်ဖက်စလုံးအတွက် အထိနိုက်အပျက်အစီးကိုသာ ဆောင်ခဲ့သော စစ်ပွဲသည် ဦးဆောင်သော အုပ်ချုပ်သူ၏ မွဲတေခြင်းကို ပြဆိုသည်။ စစ်ပွဲကို တိုက်ခိုက်ရာတွင် လက်နက်ကိုင်တပ်ဖွဲ့များက တိုက်ခိုက်သည်မှာ မှန်သည်။ သို့သော် လက်နက်ကိုင် တိုက်ပွဲများထက်ပို၍ အရေးကြီးသည်မှာ မဟာ ဗျူဟာအရ အဆင့်မြင့်ခြင်းဖြစ်သည်။ အဆင့်မြင့်သော မဟာဗျူဟာသည်

စာအုပ်များစုဝေးရာ

ရန်သူ၏စိတ်ဓာတ်ကို ညှိုးနွမ်းအောင် လုပ်ဆောင်တတ်ရမည်။ ရန်သူ၏တပ်များကို ကစဥ့်ကလျားဖြစ်စေ၍ တိုက်ပွဲမဝင်ခင်ကပင် ကျဆုံးစေရမည်။ သို့မဟုတ် ကျဆုံးလုနီးဖြစ်စေရမည်။

စည်းကမ်းတင်းကျပ်သလောက် လုပ်ရဲကိုင်ရဲရှိလှသော စာဏကျသည် ထက်မြက်သော ဉာဏ်ရည်မြင့်သောရန်သူကို ချေမှုန်းရန်ထက် သိမ်းသွင်းရန် စိတ်ထက်သန်သည်။ သူ၏အောင်မြင်ခြင်းအတွက် လုပ်နည်းလုပ်ဟန်တစ်ခုမှာ ရန်သူများအကြားတွင် စိတ်ဝမ်းကွဲပြားစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ စာဏကျက ချန္ဒြဂုတ္တကို တိုက်ပွဲအပြီးတွင် ရန်သူခေါင်းဆောင်အား သက်ညှာစွာဆက်ဆံရန် နားချခဲ့သည်ဟုဆိုသည်။ ထို့ပြင် စာဏကျကိုယ်တိုင်က သူ၏အဆောင်အယောင် ရာထူးရာခံများကို ပြိုင်ဘက်ဖြစ်သူ၏မှူးကြီးမတ်ရာတစ်ယောက်သို့ အပ်နှင်းလိုက်သည်ဟုဆိုသည်။

ဤသို့ဖြင့် စစ်ပွဲအပြီးတွင် ရှုံးနိမ့်သောကြောင့် သိမ်ငယ်ခြင်း၊ ဖိနှိပ်ခံရခြင်းကြောင့် မုန်းတီးခြင်းစသည့် ဆန့်ကျင်ဘက်ခံစားမှုများ မဖြစ်ပေါ်တော့ဘဲ ပြေပြစ်သောပေါင်းစည်းခြင်းများသည် နိုင်ငံတော်အတွက် ခိုင်မြဲသော ရေရှည်တည်တံ့နိုင်သော အုတ်မြစ်များဖြစ်လာလေတော့သည်။ ဤနည်းဖြင့် နိုင်ငံတော်သည် သူ့အတွက် အကြီးဆုံးရန်သူကို နှိမ်နင်းရုံမျှမက သူ့ဘက်ပါအောင် စည်းရုံးပြီးဖြစ်သွားလေသည်။

ထိုသို့သော ပညာရှင် အကြီးတော်တစ်ဦးကို ရရှိထားသော ချန္ဒြဂုပ္တ မောရိယသည် အောင်မြင်သော ဧကရာဇ်တစ်ပါးဖြစ်လာသည်မှာ မဆန်းပေ။ သူ၏လက်ထက်တွင် ဂရိတို့အခြေချသော ဒေသအသီးသီးရှိ ဘုရင်များနှင့် သံတမန်အဆက်အသွယ်များ ထားရှိနိုင်ခဲ့သည်။ ဆီလုကပ်စ်နှင့်လည်းကောင်း တိုလမီနှင့်လည်းကောင်း သံတမန်လဲလှယ်ကြသည်။ ကက်စပီယန်ပင်လယ်နှင့် ပင်လယ်နက်တစ်ဝိုက်တွင် ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုရှိရာ အိန္ဒိယမှကုန်များကို အရှေ့အလယ်ပိုင်းသို့လည်းကောင်း ဥရောပသို့လည်းကောင်း သယ်ယူရောင်းချကြလေသည်။ အရှေ့အလယ်ပိုင်းသည် ထိုစဉ်က မြေသြဇာကောင်းသည်။ ချန္ဒြဂုပတပိုင်ဆိုင်သော မြင်းအုပ်ထဲတွင် အာရေးဗီးယားမှ မြင်းများရှိသည်ဟု ဆိုသည်။



စာဏကျ ရေးသားသော ကျမ်းတွင် ဘာသာရပ်ပေါင်းစုံပါဝင်သည်။ နိုင်ငံအုပ်ချုပ်ရေးနှင့်ပတ်သက်သော သီအိုရီနှင့် လက်တွေ့လုပ်ငန်းများကို များစွာအသားပေးထားလေသည်။ ဘုရင်မင်းမြတ်လိုက်နာအပ်သော မင်းကျင့်တရားများ၊ မှူးမတ်များ၊ နန်းတွင်းမှအရာရှိကြီးငယ်များ လိုက်နာအပ်သည့်တာဝန်ဝတ္တရားများလည်း ထိုကျမ်းတွင်ပါဝင်သည်။ ထို့ပြင် မင်းမှုထမ်းများ၏အစည်းအဝေးများ အစိုးရဌာနများ သံတမန်လုပ်ငန်းများ စစ်ရေးနှင့် နိုင်ငံရေးဆိုင်ရာဌာနများကို ခွဲခြားဝေဖန်ပြသထားလေသည်။ ချန္ဒြဂုပ္တ၏တပ်မတော်ကြီးနှင့် ပတ်သက်သော အင်္ဂါရပ်များကိုလည်း အသေးစိတ်ထည့်သွင်းရေးသားထားသည်။ ထိုတပ်မတော်ကြီးတွင် ကြည်းတပ်၊ မြင်းစီးတပ်၊ မြင်းလှည်းတပ်နှင့် ဆင်တပ်များ ပါဝင်သည်ဟု ဆိုသည်။

တပ်များဖွဲ့စည်းရာတွင် ဦးရေသည်အရေးမကြီးလှ။ စည်းကမ်းစနစ်နှင့် မှန်ကန်သောဦးဆောင်မှုမရှိပါက တပ်အင်အားကြီးမားခြင်းဖြင့် တာဝန်ပိုလာမည်ဖြစ်သည်ဟု စာဏကျကဆိုသည်။ ခံစစ်နှင့် ခံတပ်တို့နှင့် ပတ်သက်၍လည်း စာဏကျ၏ကျမ်းတွင်ဖွင့် ဆိုထားသည်။

ထိုကျမ်းတွင် ကုန်ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကိုလည်း တင်ပြဆွေးနွေးထားလေသည်။ တရားဥပဒေနှင့် တရားရုံးများ၊ မြို့နယ်စည်ပင်သာယာရေးနှင့် အုပ်ချုပ်ရေး၊ လူမှုရေးဆိုင်ရာ ထုံးစလေ့များ၊ လက်ထပ်ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်း အမျိုးသမီးများ၏အခွင့်အရေး အမြတ်ခွန်ကောက်ခံခြင်းနှင့် အခွန်စည်းကြပ်ခြင်း စိုက်ပျိုးရေး၊ သတ္တုတူးဖော်ခြင်း၊ ကုန်ရုံများဆောက်လုပ်ခြင်း၊ လက်မှုလုပ်သားများ၊ ဈေးများ၊ သစ်သီးဝလံပန်းမန် စိုက်ပျိုးခြင်း၊ ကုန်ထုတ်လုပ်ငန်းများ၊ ရေသွယ်ကူးမြောင်းများ၊ ရေကြောင်းသွားလာရေး၊ သင်္ဘောများနှင့် ရွက်လွှင့်ခြင်း၊ အစုအသင်းများဖွဲ့ခြင်း၊ သန်းခေါင်စာရင်းကောက်ခြင်း၊ ငါးဖမ်းလုပ်ငန်းများ၊ သားသတ်ရုံများ၊ ပတ်စ်ပို့များ၊ ထောင်များစသည့် အကြောင်းအရာမျိုးစုံကို စာဏကျက သူ၏ကျမ်းတွင် ဆွေးနွေးထားလေသည်။

စာဏကျ၏ကျမ်းတွင် ကုန်သွယ်ရေးနှင့်ပတ်သက်သော အချက်

အလက်များပါဝင်ရာ တရုတ်နိုင်ငံမှ ပိုးထည်နှင့်ပတ်သက်၍ ရည်ညွှန်းချက်ရှိလေသည်။ ထိုရည်ညွှန်းချက်တွင် အိန္ဒိယပိုးထည်သည် တရုတ်နှင့်စာသော် အနည်းငယ်ကြမ်းတမ်းသည်ဟု ဆိုထားသည်။ မည်သို့ဆိုစေ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဘီစီ ၄ ရာစုခန့်ကပင် ကုန်သွယ် ရောင်းဝယ်ခဲ့ကြကြောင်း သိနိုင်လေသည်။

စာဏကျ၏အကြောင်းကို အပြည့်အစုံဖော်ပြပါက များစွာကြီးမားထုထဲသော ကျမ်းကြီးတစ်စောင်ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် ချန္ဒြရဂုပ္ပတ၏လက်ထက်တွင် နိုင်ငံတော်မည်ရွေ့မည်မျှစည်ပင်သည်ကို သိသာရုံမျှနှင့် ရပ်ထား၍ ကောက်ချက်ချလိုသည့်အချက်မှာ နိုင်ငံတော်စည်ပင်ခြင်း ချန္ဒြရဂုပ္ပတ၏ ဘုန်းတန်ခိုးကြီးမားခြင်းတို့သည် စာဏကျ၏ အကြံကောင်းဉာဏ်ကောင်းများကို လိုက်နာခြင်းနှင့် များစွာသက်ဆိုင်သည်ဆိုသည့် အချက်ကို သတိပြုသင့်ပေသည်။ ချန္ဒြရဂုပ္ပတသည် နန်းစံသက် ၂၄ နှစ်အရတွင် နတ်ရွာစံခဲ့သည်။ ထိုအချိန်မှ အနှစ် ၃၀၀ ခန့်ကြာသည့်အချိန်တွင် ခရစ်တော်ပေါ်ပေါက်ခဲ့သည်။ ချန္ဒြရဂုပ္ပတခေတ် မည်မျှစောသည်ကို သတိထား၍ စဉ်းစားသင့်သည်။

ချန္ဒြရဂုပ္ပတမောရိယကွယ်လွန်ချိန်တွင် သားတော် ဗိန္ဒုသာရ ထီးနန်းဆက်ခံခဲ့သည်။ သူသည် အနှစ် ၂၅ နှစ်မျှ ထီးနန်းစိုးခံခဲ့သည်။ သူ၏လက်ထက်တွင် ဂရိမြို့ပြနိုင်ငံများနှင့်လည်းကောင်း ယခုအရှေ့အလယ်ပိုင်းဟု ခေါ်ဆိုသောဒေသရှိ နိုင်ငံများနှင့်လည်းကောင်း သံတမန်ဆက်သွယ်မှုများ ရှိခဲ့သည်။ အိန္ဒိယနှင့် ထိုနိုင်ငံများသည် ကုန်ကူးသန်း ရောင်းဝယ်ရေးအရ အဆက်အသွယ် ကောင်းခဲ့သည်။ အီဂျစ်တို့သည် သူတို့၏အဝတ်အစားများကို အိန္ဒိယမှထွက်သော မဲနယ်ဖြင့် အရောင်ဆိုးကြသည်ဟုဆိုသည်။ ထို့ပြင် မံမီခေါ်ရုပ်အလောင်းကိုပတ်ရန် အဝတ်စများကိုလည်း အိန္ဒိယမှပင် မှာယူတင်သွင်းသည်ဟု ဆိုသည်။ ဗိန္ဒုသာရလက်ထက်တွင် ကုန်သွယ်ရေးအဆက်အသွယ်ကြောင့် အိန္ဒိယမှထွက်ကုန်များအကြောင်းကို ရေးသား



မှတ်တမ်းတင်ထားသောစာများ ကျန်ရစ်ခဲ့သဖြင့် အိန္ဒိယ၏ အတတ်ပညာကြွယ်ဝမှု၊ ပစ္စည်းဥစ္စာကြွယ်ဝမှုတို့ကို သိရှိနိုင်ကြသည်။ ဖန်ထည်ပစ္စည်းများကို မောရိယခေတ်မတိုင်မီကပင် ထုတ်လုပ်ခဲ့သည့်အကြောင်းကိုလည်း သိရှိရသည်။ ယခုခေတ်စကားနှင့်ပြောရလျှင် အဝတ်အစားဝတ်သည့် ဖက်ရှင်ကိုလည်း အိန္ဒိယတွင် စတင်ခဲ့သည်ဟု ပြောရမည်ဖြစ်သည်။ အကြောင်းမှာ အရပ်မြင့်စေရန် ဖိနပ်များအောက်မှ ခွာကိုမြှင့်ထားသည်ဟု ဂရိသံအမတ်မဂတ်စ်သင်းနီး၏ မှတ်တမ်းတွင် ပါသောကြောင့်ဖြစ်သည်။

ထိုသို့ ဘိုးတော်လက်ထက်တွင် စစ်အင်အားပြည့်ဝလာသဖြင့် နယ်ပယ်ကျယ်ဝန်းလာသော ခမည်းတော်လက်ထက်တွင် ကုန်သွယ်ရေးကောင်းမွန်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံတော်ကို အသောကမောရိယသည် ဘီစီ ၂၇၃ ခုတွင် ဆက်ခံခဲ့သည်။ ထိုနိုင်ငံတော်တွင် အိန္ဒိယမြောက်ပိုင်းနှင့် အာရှမြောက်ပိုင်းရှိ ဒေသများ၊ အိန္ဒိယအလယ်ပိုင်းဒေသများတို့ ပါဝင်ကြသည်။ အသောကမောရိယသည် သူ၏ခမည်းတော်လက်ထက်က အနောက်မြောက်ပြည်နယ်၏ ဘုရင်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနယ်၏ မြို့တော်မှာ တက္ကသီလာဖြစ်သည်။ ပညာသင်ကြားရာတွင် အမြင့်ဆုံးဖြစ်သော တက္ကသိုလ်တည်ရှိသည့် နေရာဖြစ်သောကြောင့် ပညာရှင်များလည်း ပေါများသည်။

အသောကမောရိယသည် စစ်ရေးကျွမ်းကျင်သော ဘိုးတော်၏သွေးပါသည့်ပြင် အိန္ဒိယနိုင်ငံအလုံးကို စုစည်းလိုသောစိတ်ဆန္ဒ ပြင်းပြသူလည်းဖြစ်သည်။ ထို့ကြောင့် ဘီစီ ၂၅၉ ခုတွင် အိန္ဒိယ၏တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများကို သူ၏နိုင်ငံတော်တွင်းသို့ သွတ်သွင်းရန် စစ်ရေးစည်းရုံးမှုပြုလေသည်။

တစ်နယ်ပြီးတစ်နယ် တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ကလိင်္ဂဒေသကိုသွားရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ ကလိင်္ဂနယ်သားများသည် အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့်လည်း များစွာအထိနာသည်။ စစ်ပွဲအပြီးတွင် အသောက မဟာရာဇာသည် အောင်မြင်ခြင်းကြောင့် စိတ်

တက်ကြွပျော်ရွှင်ခြင်းမရခဲ့ဘဲ သံဝေဂကြီးစွာဖြစ်ခဲ့ရသည်။ အကြောင်းမှာ ကလိင်္ဂနယ်တွင်းသို့ ဝင်ရောက်သွားသည်နှင့် မီးလောင်ပျက်စီးနေသော အဆောက်အဦအမျိုးမျိုးတို့ကိုလည်းကောင်း၊ သေကျေသွားကြသောသူတို့၏ အလောင်းများကိုလည်းကောင်း၊ ဒဏ်ရာရသဖြင့် ညည်းညူအော်ဟစ်နေကြသူတို့ကိုလည်းကောင်း၊ အဖမ်းဆီးခံထားရသော (ကျွန်အဖြစ် ရောင်းစားမည်ဖြစ်သော) သူတို့၏ စိတ်ရောကိုယ်ပါ ညှိုးချုံးနေသော မြင်ကွင်းကိုလည်းကောင်း၊ သက်ကြီးရွယ်အိုများ ကလေးသူငယ်များ၏ ထိတ်လန့်ကြောက်ရွံ့သောအကြည့်ဖြင့် ဝပ်တွားနေကြသော မြင်ကွင်းကိုလည်းကောင်း ကလိင်္ဂနယ်တွင်းသို့ ခန့်ထည်စွာဝင်ရောက်လာသော စစ်ဘုရင် အသောကမဟာရာဇာက တွေ့မြင်လေသည်။

ထိုကလိင်္ဂအောင်ပွဲကဲ့သို့သော အောင်ပွဲများစွာကို ဖြတ်သန်းပြီးမှ ဧကရာဇ်နိုင်ငံတော်ကို တည်ဆောက်ရသည်ဖြစ်ရာ ထိုကဲ့သို့သော စစ်ပွဲအပြီး မြင်ကွင်းများသည် အောင်ပွဲခံသူများ တွေ့မြင်နေကျ မြင်ကွင်းဖြစ်သည်၊ ဧကရာဇ်ဖြစ်သူများသည် ထိုမြင်ကွင်းများကို တနာစိတ် သနားစိတ်များဖြင့် ကြည့်ရမည့်အစား ငါ့ကိုအာခံသူများ ဒီလိုဖြစ်ရမယ်ဟူသော ခက်ထန်သော စိတ်ဖြင့်သာ ကြည့်ခဲ့ကြသဖြင့် တစ်နယ်ပြီးတစ်နယ်ကို ဆက်လက်တိုက်ခိုက်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

အသောက မဟာရာဇာမှာကား ထိုထိုသောဧကရာဇ်များနှင့် ခံစားချက်ခြင်း မတူခဲ့ပေ။ ကလိင်္ဂ၏ အပျက်အစီးများ၊ ဆုံးရှုံးသွားသော ပစ္စည်းအင်အား လူအင်အားများကို မြင်သည်နှင့် များစွာသံဝေဂရခဲ့သည်။ စစ်၏ အနိဋ္ဌာရုံဟု မှတ်ယူခဲ့သည်။ ထို့ကြောင့် ကလိင်္ဂမှစ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်စေကာ စစ်ပွဲများကို ရပ်ဆိုင်းထားလိုက်လေသည်။

ကလိင်္ဂဆိုသည်မှာ အကွေ့အကောက်ရှိသောဟု အဓိပ္ပာယ်ရသည်။ အိန္ဒိယအရှေ့တောင်ဘက် ဘင်္ဂလားပင်လယ်အော်၏ ကမ်းခြေတွင် အနည်းငယ် ချိုင့်ဝင်နေသောနေရာမှာ ကလိင်္ဂနယ်ဖြစ်သည်။ မဟာနန္ဒီ Mahanandi, Godavadi ဂေါဒါဝတီ၊ Kistna ကစ္စတနာ မြစ်များ၏ အလယ်တွင်



တည်ရှိသည်။ ထိုဒေသကိုလွှမ်းသည်နှင့် အိန္ဒိယတောင်ပိုင်း တစ်ခုလုံးကို သိမ်းပိုက်ရန် မခက်ခဲလှတော့ချေ။ ထိုအနေအထားကို ရောက်နေပြီဖြစ်သည့်တိုင် မိမိ၏လောဘတရားကို သိမ်းဆည်းနိုင်သော စစ်ဘုရင်မှာကား ကမ္ဘာ့သမိုင်းတွင် အသောကမဟာရာဇာ တစ်ဦးတည်းသာရှိသည်ဟု ဆိုရပေမည်။ အိပ်ချ်ဂျီဝဲလ်စ်က အောင်ပွဲရပြီးသည့်နောက်တွင် စစ်တိုက်ခြင်းကို စွန့်လွှတ်လိုက်သော ဘုရင်အဖြစ် မှတ်တမ်းတင်ခံရသည်မှာ အသောကမဟာရာဇာတစ်ဦးတည်းသာ ရှိသည်ဟုဆိုလေသည်။

အသောကမင်းတရားကြီးသည် ကလိင်္ဂစစ်ပွဲအပြီးတွင် ဓားလွှတ်ကို စွန့်ပြီးလျှင် ဓမ္မကို ကိုင်စွဲခဲ့သည်ဟု ဆိုရမည်။ ထိုသို့ ဓမ္မကိုကိုင်စွဲ၍ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့သည့်အကြောင်းကို သူကိုယ်တိုင်စိုက်ထူခဲ့သော ကျောက်စာတိုင်များ၊ ကျောက်သားများကိုထွင်း၍ ရေးသားထားသော ကျောက်စာများ ကြေးစသော သတ္တုပြားများပေါ်တွင် ရေးသားထားသောစာများအရ သိရှိနိုင်သည်။ ထိုကဲ့သို့ရေးထိုးထားသောစာများတွင် နောက်လာနောက်သားများ သူမည်ကဲ့သို့တွေးတောခံစားသည်၊ မည်သည့်အလုပ်မျိုးကို လုပ်ဆောင်ခဲ့သည်တို့ကို မှတ်တမ်းတင် ရေးသားထားသည်။ ပထမဦးစွာ စစ်၏အနိဋ္ဌာရုံများ ကြေကွဲဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်များကို မှတ်တမ်းတင်လေသည်။ **အောင်မြင်ခြင်းအစစ်ဆိုသည်မှာ မိမိကိုယ်ကိုအောင်မြင်ခြင်းနှင့် လူသားများကို ဓမ္မဖြင့်အောင်မြင်ခြင်းတို့သာ ဖြစ်သည်** ဟု အသောကမင်းတရားကြီးက အတိအလင်းဆိုထားလေသည်။

ဓမ္မဟူသော ဝေါဟာရကို မဇ္ဈိမဒေသတွင် အယူဝါဒဆရာတော်များများက သုံးစွဲခဲ့ကြသော ဝေါဟာရဖြစ်သည်။ အသောကမင်းတရားကြီး ညွှန်းဆိုသော ဓမ္မမှာမူ ဂေါတမနွယ်ဖွား မြတ်ဗုဒ္ဓဟောကြားတော်မူသော တရားဒေသနာများကို စုစည်း၍ခေါ်ဆိုသော ဓမ္မဖြစ်သည်။ အသောကမင်းတရားကြီးသည် မူလက အိန္ဒိယသားအများတို့ ကိုးကွယ်ခဲ့ကြသော ဟိန္ဒူအယူကို ယူခဲ့သော်လည်း နောက်ပိုင်းတွင်မူ ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့သည်။ အသောကမင်းတရားကြီးသည် နိုင်ငံတော်တွင်းတွင် မှီတင်းနေထိုင်သူတို့၏

ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုအတွက်သာမက စိတ်ပိုင်းဆိုင်ရာ အေးချမ်းခြင်းအတွက်ကိုပါ မမွေ၏ အကူအညီဖြင့် ပြီးပြည့်စုံအောင် ကြိုးစားခဲ့ကြောင်း ကိုယ်တိုင်ရေးထိုးသည့် ကျောက်စာများအရ သိရှိရသည်။

အသောကမောရိယသည် ချန္ဒြဂုပ္ပတမောရိယမင်း၏ မြေးတော်ဖြစ်သည်။ ချန္ဒြဂုပ္ပတသည် တင်ပြခဲ့သည့်အတိုင်း အိန္ဒိယတစ်ဝန်းတွင် နယ်ပယ်များကိုချဲ့ထွင်ကာ များစွာကြွယ်ဝသော နိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် ဧကရာဇ်ဘုရင်ကြီးဖြစ်ပေသည်။ ထိုဘုရင်ကြီး၏ မြေးသည်တာအာကျ၏ ကျမ်းနှင့်လည်း များစွာရင်းနှီးခဲ့ပေလိမ့်မည်။ မိမိတို့၏ နိုင်ငံတော်ကျယ်ပြန့်အောင် နယ်ချဲ့ရာတွင် ဉာဏ်နီဉာဏ်နက်များကို သုံးစွဲ၍ မိမိတို့အလိုပြည့်အောင် မည်သို့ဆောင်ရွက်ရမည်ကိုလည်း သင်ကြားခဲ့ရပေလိမ့်မည်။ ထိုသို့သောပတ်ဝန်းကျင်တွင် ကြီးပြင်းလာသောသူတစ်ဦးသည် အဘယ့်ကြောင့် ဗုဒ္ဓ၏ အဆုံးအမကို ရုတ်တရက်လက်ခံကျင့်သုံးသူ ဖြစ်ခဲ့ပါသနည်း။ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

## အသောကကဲ့သို့ပင် ဗုဒ္ဓ၏ သာသနာတွင် တည်လာခဲ့သော ထင်ရှားသူများ

ဗုဒ္ဓသာသနာသမိုင်းတွင် ထင်ရှားသော ပုဂ္ဂိုလ်များ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ပြောင်းလဲသွားပုံများကို အသောကမဟာရာဇာ၏ အကြောင်းကိုရေးသားရင်း သတိရမိသည်။ ဗုဒ္ဓသာသနာသမိုင်းတွင် ထင်ရှားသော လက်သည်းပန်းကုံးဆင်သသူ အင်္ဂုလိမာလသည် မူလက ဟိန္ဒူတစ်ဦး ဖြစ်ပေသည်။ သူသည် ပညာရှင်တစ်ဦးဖြစ်သူ ပုရောဟိတ်တစ်ပါး၏ သားဖြစ်ကာ ဒိသာပါမောက္ခဆရာကြီးတစ်ဦးထံတွင် တပည့်ခံခဲ့သူဖြစ်သည်။ သူ၏ဘဝတွင် အတတ်ပညာများကို မြင့်မြင့်မားမား တတ်မြောက်နိုင်ရန်ကလွဲ၍ မည်သည့်အရာကိုမှ စိတ်ဝင်စားခြင်းမရှိအောင် ရည်ရွယ်ချက်ကြီးမားခဲ့သည်။ သူသည် အကောက်ကြံ၍ လမ်းမှားသို့ရောက်အောင် ညွှန်ပြခဲ့သော ဆရာ



ဖြစ်သူကြောင့် လူသတ်သမား တောပုန်းကြီးဘဝသို့ ရောက်ခဲ့ရသည်။ ပညာအဆုံးတက်လှမ်းနိုင်ရန် လက်သည်းတစ်ထောင်ကို ဆောင်ယူခဲ့ရန် မှာကြားသော ဆရာ့စကားအတိုင်း လက်သည်းများကိုဖြတ်ကာ လည်ပင်းတွင် ဆွဲထားခဲ့သည်အထိ ဖြစ်ခဲ့ရသည်။

ထိုသူသည် နောက်ဆုံးလက်သည်းကို ရယူနိုင်ရန် တောတွင်းတွင် စောင့်ဆိုင်းနေစဉ် သူ၏မိခင်က ဘုရင့်တပ်များ ရောက်မလာခင် လွတ်အောင်ပြေးရန် သတိပေးလိုသောကြောင့် သားရှိရာသို့မှန်းဆ၍ လာခဲ့ရှာသည်။ အင်္ဂုလိမာလသည် မိခင်၏ အသံကို ကြားသည့်အခါမှာပင် မိခင်ဟူသော အသိထက် လက်သည်းတစ်ချောင်းလိုနေသည်ကို ဖြည့်ရန် လူတစ်ယောက်ရောက်လာချေပြီဟူသော အသိက အလျင်ဝင်လာသည်။ မိခင်နှင့်သားတို့တွေ့ကြတော့မည့်အချိန်သည် မြတ်စွာဘုရားရှင် ကြွတော်မူလာသည်။ အင်္ဂုလိမာလ၏ ပါရမီကံနှင့် ဉာဏ်ရင့်မည့်အချိန်ကို သိတော်မူသော မြတ်စွာဘုရားက အချိန်ကိုက် ကြွတော်မူလာခြင်းဖြစ်သည်။

အင်္ဂုလိမာလသည် မိခင်နောက်သို့လိုက်ရန် စိုင်းပြင်းနေရာမှ မြတ်စွာဘုရားရှင်၏ နောက်သို့ လိုက်လေသည်။ မြတ်စွာဘုရားရှင်ကို လိုက်၍မမီတော့သည့်အချိန်တွင် ရပ်ဦးလော့ ရဟန်းဟု အော်၍ပြောခဲ့သည်။

မြတ်စွာဘုရားရှင်က 'မကောင်းမှုကိုမပြုသော ငါသည် သံသရာတံခါးဝတွင် ရပ်နေသောသူဖြစ်သည်။ အသင်သည် မကောင်းမှုများကို ပြုနေသူဖြစ်သောကြောင့် အသင်သည်သာ ပြေးနေသောသူဖြစ်သည်'ဟု မိန့်တော်မူသည်။ ပညာတတ်မျိုးရိုးမှလာခဲ့သူ ယေမည်အဟိံသကဖြစ်သည့် အင်္ဂုလိမာလအဖို့ အနှစ်နှစ်အလလက တိမ်ဖုံးသကဲ့သို့ဖြစ်နေသော လောဘ ဒေါသမောဟများ ရုတ်ချည်းကွာကျသွားလေသည်။ ဤစကားသည် လေးနက်လှချေသည်တကား။ ဤသို့သောစကားကို မြွက်ကြားနိုင်သောသူသည် သိဒ္ဓတ္ထဂေါတမဟူသော ယေမည်ရှိသူ ဗုဒ္ဓပင်ဖြစ်ရမည်ဟု ချက်ချင်းပင် သဘောပေါက်ကာ လက်နက်များနှင့် လက်သည်းပန်းကုံးကြီးကို စွန့်ပစ်ကာ မြတ်စွာဘုရားရှင်ထံ တပည့်ခံခဲ့လေသည်။ အရှင်အင်္ဂုလိမာလသည် ရဟန္တာတစ်ပါးအဖြစ် ဗုဒ္ဓသာသနာသမိုင်းတွင် ထင်ရှားလှသည်။

အင်္ဂုလိမာလအရှင်မြတ်သည် ဗုဒ္ဓဘာသာဝင်များအဖို့ သိသူများသော အရှင်မြတ်ဖြစ်သည်။ ထိုသို့လူသိမများလှဘဲ ဗုဒ္ဓဘာသာဝင် ဖြစ်လာသော သူတစ်ဦး၏အကြောင်းကိုလည်း ပြောပြလိုပါသေးသည်။ ထိုသူသည် စစ်သူကြီးတစ်ဦးဖြစ်သည်။ ထိုစစ်သူကြီးမှာ သန္တတိအမတ်ကြီးဖြစ်သည်။ အိန္ဒိယတိုက်ငယ်တွင်းတွင် တည်ရှိသောမင်းနိုင်ငံတစ်ခုမှ စစ်သူကြီးတစ်ဦးသည် ထကြွပုန်ကန်သောသူများကို နှိမ်နင်းနိုင်သောကြောင့် သူ၏မင်းကြီးက ၇ ရက်တိုင်တိုင် မင်းတစ်ပါးကဲ့သို့ စည်းစိမ်ခံစားစေရန် ဆုလာဘ်ပေးသနားခဲ့သည်။ သန္တတိသည် ထိုသို့မင်းစည်းစိမ်ကို ခံစားနေချိန်တွင် ရေချိုးဆိပ်သို့ ဆင်စီး၍ ဆင်းခဲ့သည်။ ရေချိုးဆိပ်မှပြန်အတက်တွင် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရေချိုးဆိပ်သို့ဆင်းတော်မူလာသည်ကို သန္တတိက မြင်လိုက်သည်။ သူသည် ဆင်ပေါ်မှပင် မြတ်စွာဘုရားရှင်ကို ဦးညွှတ်၍ အရိုအသေပြုခဲ့သည်။ သူကိုယ်တိုင် ဟိန္ဒူဖြစ်စေကာမူ ထိုခေတ်က အိန္ဒိယတွင် အယူကွဲသည့်တိုင် ထင်ရှားသောသူတော်စင်များကို အများက အရိုအသေပြုသည့် အလေ့အတိုင်း အရိုအသေပြုခြင်းဖြစ်ပေသည်။

မင်းစည်းစိမ်ကို ခံစားနေစဉ်အချိန်အတွင်း သန္တတိအမတ်ကြီး စွဲလမ်းချစ်ခင်သော ကချေသည်ကလေးတစ်ယောက်သည် ကပြအသုံးတော်ခံနေစဉ်အတွင်း လေသင်တုန်းဖြတ်ကာ လဲကျသေဆုံးခဲ့သည်။ သန္တတိအမတ် စစ်သူကြီးသည် မဆည်နိုင် မတန့်နိုင်အောင် ဆွေးမြေ့ကြေကွဲခဲ့ပါသည်။ ပူပြင်းလောင်မြိုက်လွန်းသော ခံစားချက်ဖြင့် အေးရာအေးကြောင်းကို တွေးဆဆင်ခြင်သည့်အခါ ရေချိုးဆိပ်တွင်တွေ့ခဲ့သော မြတ်ဗုဒ္ဓကို သတိရလိုက်သည်။ သေရည်နံ့ဖြင့် ဟောင်နေသော ကိုယ်ခန္ဓာ မင်းဝတ်တန်ဆာကို ဝတ်ဆင်ထားဆဲ ကိုယ်ခန္ဓာဖြင့်ပင် မြတ်ဗုဒ္ဓ၏ကျောင်းတော်သို့ သေနာပတိသန္တတိ ရောက်သွားခဲ့သည်။ မြတ်စွာဘုရား၏ကျောင်းတော်တွင် တရားပွဲကျင်းပနေဆဲဖြစ်သည်။ မြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏ ဉာဏ်အနုအရင့်ကို သိတော်မူသော တစ်ပါးတည်းသောပုဂ္ဂိုလ်ဖြစ်တော်မူရာ 'လာလော့ သန္တတိ'ဟု ခေါ်တော်မူ၍ တရားကိုဆက်လက်ဟောတော်မူသည်။ သန္တ

စာအုပ်များစုဝေးရာ



သည် မင်းဝတ်တန်ဆာများဝတ်ဆင်ထားလျက် သေရည်နံ့ဖြင့် ဟောင်နေသော ကိုယ်ခန္ဓာဖြင့် ပူပြင်းလောင်မြိုက်သော စိတ်အနေဖြင့် တရားပွဲသို့ ဝင်ခဲ့သည်။ ယခုဘဝတွင် နောက်ကျမှသာ မြတ်စွာဘုရား၏ထံတော်မှောက်သို့ ရောက်ခဲ့ရသော သန္တတိသည် တရားပွဲပြီးသည့်အချိန်တွင် အာသဝေါကုန်ခန်းသည့် ရဟန္တာအဖြစ်သို့ ရောက်သွားခဲ့ပြီဖြစ်သည်။ အကယ်၍ သန္တတိတွင် သက်တမ်းမကုန်သေးပါက၊ ဘဝဘဝတွင် ပရိက္ခရာလှူဒါန်းခဲ့ဖူးသော ကုသိုလ်လည်းရှိပါက ဧဟိဘိက္ခုခေါ်တော်မူ၍ ရဟန်းအသွင်သို့ ချက်ချင်းပင် ပြောင်းလိုက်နိုင်သည်။

သို့သော် သန္တတိတစ်ဖြစ်လဲ ရဟန္တာအရှင်မြတ်သည် သက်တမ်းကုန်ပြီဖြစ်၍ ပရိနိဗ္ဗာန်ပြုရတော့မည်။ ထိုသို့ ပရိနိဗ္ဗာန်ပြုသည့်အခါ ရဟန္တာမှန်းမသိကြသော် မြတ်စွာဘုရား၏တရားတော်သည် ပရိဒေဝသောကကို မချေဖျက်နိုင်ဟုလည်းကောင်း၊ တရားနာသော်လည်း သန္တတိသည် ပရိဒေဝကို မပယ်သတ်နိုင်သဖြင့်လည်းကောင်း တရားပွဲတွင်းမှာပင် သေဆုံးခဲ့သည်ဟု ပြောစမှတ်ဖြစ်သွားနိုင်သည်။ ထိုသို့ယုံမှားစွဲမှား ကြံစည်မှားသောသူများသည် အပြစ်ဖြစ်ကာ အကျိုးပေးဆိုးသွားနိုင်သည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က သန္တတိအမတ်ကြီးတစ်ဖြစ်လဲ ရဟန္တာကို ချစ်သား တန်ခိုးပြဒင့်ဟာ ပြပါဟု မိန့်တော်မူသည်။ သန္တတိရဟန္တာသည် ကောင်းကင်သို့ပျံတက်ကာလည်းကောင်း တန်ခိုးဖြင့်သက်ကာလည်းကောင်း မြတ်စွာဘုရားကို ဖူးမြော်ပြီးနောက် ပျံတက်ကာလည်းကောင်း အများရှေ့တွင် အဖန်ဖန်ပြသပြီးမှ ကောင်းကင်မှာပင် ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်ကို တေဇောဓာတ်လောင်စေသည်။ ကောင်းကင်တွင် တေဇောဓာတ်လောင်ကျွမ်း၍ ကျလာသည့် ဓာတ်တော်များကို မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရေစစ်ဖြင့်ခံတော်မူ၍ စေတီတည်ထားစေခဲ့သည်။

**အသောကမောရိယသည် မည်သည့်အယူ မည်သည့်ကိုးကွယ်ယုံကြည်မှုကို လက်ခံခဲ့ပါသနည်းဟူသော အကြောင်းကို စာပေတွင် အမျိုးမျိုးမှတ်တမ်း**

တင်ခဲ့ကြပါသည်။ ပထမဆုံး မောရိယ၏လက်ထက်မှစ၍ အသောက၏ အစောပိုင်းဘဝအထိ လက်ခံကိုးကွယ်ခဲ့ကြသည့် အယူဝါဒမှာ အာဇီဝက အယူဝါဒဖြစ်သည်။ အာဇီဝကတစ်ဦးက အသောကမောရိယ မမွေးမီ ကတည်းက ဗိန္ဒုသာရမောရိယမင်းမှ မွေးဖွားသော သားတော်များအနက် အသောကမောရိယသာလျှင် ထီးနန်းကို စိုးစံရလိမ့်မည်ဟု နိမိတ်ဖတ်ခဲ့သည့် အကြောင်း ရေးသားထားသည့် စာပေအထောက်အထားအရ အသောက၏ ခမည်းတော် လက်ထက်ကပင် နန်းတွင်းနန်းပြင်၌ အာဇီဝကများ၏သြဇာ ကြီးမားနေသည်ကို သိရှိနိုင်သည်။

ပဏ္ဍစ်နေရှး၏အဆိုအရ အသောကမောရိယသည် ကလိင်္ဂစစ်မြေပြင်တွင် မြင်ခဲ့ရသော စစ်ပွဲ၏အနိဋ္ဌာရုံများကြောင့် သောကရောက်နေချိန်တွင် မြတ်ဗုဒ္ဓ၏တရားတော်များကို နာကြားမိသဖြင့် စိတ်ညွတ်နူးသွားခဲ့သည်။ ထို့ကြောင့် လောကကို ဓားလွှတ်ဖြင့် စိုးမိုးအုပ်ချုပ်၍ လူအများကို အနိုင်ယူမည့်အစား ဓမ္မဖြင့်အုပ်ချုပ်ကာ လူထု၏ချမ်းသာမှုကို သယ်ပိုးရွက်ဆောင်မည်ဟု ဆုံးဖြတ်ခဲ့သည်ဟုဆိုသည်။

အထက်တွင်တင်ပြခဲ့သည့် သာဓကများတွင်ပါသကဲ့သို့ အိန္ဒိယတိုက်ငယ်တွင် ထင်ရှားသူများမှစ၍ ဆင်းရဲသားများ၊ ခက်ခဲစွာ အသက်မွေးရသဖြင့် အကုသိုလ်ဖြင့် မကောင်းနိုင်ကြသူများပါ ဗုဒ္ဓသာသနာ၏ အဆုံးအမများနှင့် တစ်နည်းမဟုတ်တစ်နည်း ရင်းနှီးကျွမ်းဝင်မှု ရှိခဲ့ကြသည်ဟု ယူဆနိုင်သည်။ ထို့ကြောင့် တတိယမောရိယမင်းဖြစ်သူ အသောကမင်းသည်လည်း ရင်းနှီးခဲ့ရမည်သာဖြစ်သည်။ သို့သော် သူသည် မူလက စိတ်ထားနူးညံ့လာသူမဟုတ်ပါ။ ကြမ်းတမ်းရက်စက်သူဖြစ်သဖြင့် စဏ္ဍာသောကဟုပင် အများကခေါ်ဆိုကြသောသူဖြစ်သည်။ သို့သော် ရေခံမြေခံကောင်း ပတ်ဝန်းကျင်ကောင်းတွင် ကြီးပြင်းလာရသောကြောင့် ဗုဒ္ဓ၏အဆုံးအမနှင့် ရင်းနှီးခွင့်ရခဲ့ပေသည်။ သို့သော် ပဏ္ဍစ်နေရှးတို့ကမူ အသောကမင်းတရားသည် ဗုဒ္ဓဘာသာဝင်အဖြစ် တရားဝင်ခံယူခြင်းမရှိဟု ဆိုသည်။

အသောကမင်းတရားနှင့် ပတ်သက်သော အကြောင်းအရာများကို



သေသေချာချာ ဖတ်ရှုသည်တွင် အသောကမင်းတရားသည် ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ သဘောထားကြီးသောသူဖြစ်သည်ဟု ကောက်ချက်ချနိုင်သည်။ သူ၏နိုင်ငံတော်သားများသည် ဗုဒ္ဓသာသနာကိုပင်ဖြစ်စေ၊ မည်သည့်ဟိန္ဒူဂိုဏ်း၊ ဂျိန်းဂိုဏ်းတို့၏ အယူကိုဖြစ်စေ စိတ်ကြိုက်လွတ်လပ်စွာ ကိုးကွယ်ခွင့် ပေးထားသည်ဟုဆိုသည်။ ထိုအကြောင်းကို ဖတ်ရှုသည့်အခါတွင် စာရေးသူသည် မူလက ဟိန္ဒူဖြစ်ခဲ့သော သိဟာစစ်သူကြီးနှင့် ဥပါလိသူကြွယ်ကို မြတ်စွာဘုရားရှင်က ဆုံးမသည့်စကားများကို သတိရမိသည်။ မြတ်စွာဘုရားရှင်ထံသို့ ဟိန္ဒူအယူကိုလက်ခံထားသူ သိဟာစစ်သူကြီးနှင့် ဥပါလိသူကြွယ်တို့က ဝါဒပြိုင်ရန် လာရောက်ခဲ့ကြဖူးသည်။ ထိုသူတို့သည် ဝါဒပြိုင်ရင်း ဗုဒ္ဓ၏အဆုံးအမကို သက်ဝင်ယုံကြည်လာကြသည်။ တပည့်တော်တို့ကို သာဝကအဖြစ် မှတ်တော်မူပါဟု လျှောက်ထားခဲ့ကြသည်။

ထိုအချိန်တွင် မြတ်စွာဘုရားက သိဟာကိုလည်းကောင်း ဥပါလိသူကြွယ်ကိုလည်းကောင်း သင်တို့သည် ထင်ရှားသူများဖြစ်သည်။ မည်သည့်ကိစ္စကိုမဆို စိတ်လိုက်မာန်ပါ လျှင်လျှင်မြန်မြန်ဆုံးဖြတ်ရန် မသင့်။ သင်တို့သည် သင်တို့ကိုးကွယ်ခဲ့ ကြသော အာဇီဝကတို့၏ ရေတွင်းသဖွယ်ဖြစ်ခဲ့ကြသည်။ အမှီအခိုကောင်းများ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ထိုသူတို့အား ထောက်ပံ့ခြင်းကို မရပ်ဆိုင်းသင့်ဟု ဆုံးမခဲ့သည်။ သိဟာစစ်သူကြီးသည်လည်းကောင်း ဥပါလိသူကြွယ်သည်လည်းကောင်း တစ်ဦးစီလာခဲ့ကြပါလျက် တစ်သံတည်း တစ်သဘောတည်း ပြန်လည်လျှောက်ထားခဲ့ကြသည်မှာ ထောက်ပံ့ခဲ့ကြသူများကိုလည်း ဆက်၍ထောက်ပံ့ပါမည်။ သို့သော် ကိုးကွယ်ခြင်းမပြုနိုင်။ မြတ်စွာဘုရား၏ သာဝကအဖြစ်ကိုသာ ခံယူလိုပါသည်ဟု လျှောက်ထားခဲ့ကြသည်။

ဤကဲ့သို့ သဘောထားထားကြီးမြတ်တော်မူသော မြတ်စွာဘုရားရှင်၏ ဆုံးမမှုကို စာပေများထဲတွင် အသောကမဟာရာဇာ ဖတ်ရှုခဲ့ဖူးဟန်တူသည်။ ထို့ကြောင့်ပင် အသောကမဟာရာဇာသည် ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ သဘောထားကြီးကြီးထားတတ်လာသည်ဟု မှန်းဆမိပါသည်။

အကယ်၍ အသောကမဟာရာဇာသည် ဗုဒ္ဓဘာသာဝင်တစ်ယောက် မဟုတ်ဟုဆိုသည့်တိုင် ဗုဒ္ဓသာသနာကို ကောင်းစွာလက်ခံကျင့်သုံးခဲ့သည့် အကြောင်းမှာ သမိုင်းဖြစ်ရပ်များကို သက်သေပြနေခဲ့သည်။

ထိုအချက်ကိုလည်း လေ့လာဆန်းစစ်ကြည့်သင့်ပါသည်။ ဗုဒ္ဓသာသနာ၏ အဆုံးအမသည် ကြားရသူများ၏စိတ်နှလုံးကို အေးချမ်းစေနိုင်သောကြောင့် မိမိကိုယ်ကိုယ်မိမိ ဗုဒ္ဓဘာသာဝင်တစ်ဦးဟု မခံယူသေးသည့်သူများသည်ပင် စိတ်ဝင်စားနိုင်သည်မှာ အဘယ့်ကြောင့်ပါနည်း။ အိန္ဒိယသည် အယူဝါဒအမျိုးမျိုးတို့ ပေါက်ဖွားရာဒေသဖြစ်သည်။ အယူဝါဒများကလည်း ကွဲပြားနိုင်လွန်းလှသည်။ အယူဝါဒကိုလိုက်၍ ဇာတ်အမျိုးမျိုးလည်း ကွဲပြားလျက်ရှိသည်။ မြတ်စွာဘုရားရှင်ကမူ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့မှ စီးဆင်းလာသောရေတို့သည် သမုဒ္ဒရာတွင်းသို့ ရောက်သည့်အချိန်တွင် အတူတူသာဖြစ်သကဲ့သို့ ဗုဒ္ဓသာသနာတော်ကို လက်ခံယုံကြည်သူများသည်လည်း အမျိုးဇာတ်မကွဲပြားဘဲ တစ်သားတည်းသာဖြစ်သည်ဟု မိန့်တော်မူခဲ့လေသည်။

ဗုဒ္ဓ၏သာသနာ ဗုဒ္ဓ၏အဆုံးအမသည် ဖန်ဆင်းရှင်၏အလိုကျဖြစ်ရသည်ဟူသော အယူမဟုတ်ချေ။ ဖြောင့်မတ်မှန်ကန်ခြင်းနှင့် မိမိ၏ကိုယ် စိတ် နှလုံး သုံးပါးစလုံးကို သန့်စင်အောင် မိမိကိုယ် စိတ်တို့ကို ထိန်းသိမ်းခြင်း (သီလစောင့်ခြင်း) တို့သာဖြစ်သည်။ စစ်ပွဲတွင် လူပေါင်းထောင်သောင်းကို အနိုင်ရအောင် တိုက်ခိုက်နှိမ်နင်းနိုင်သူထက် မိမိ၏ကိုယ်ကို ထိန်းသိမ်းနိုင်သောသူသည်သာ အကြီးကျယ် အမြင့်မြတ်ဆုံးသော အောင်မြင်သူဖြစ်သည်ဟူသော အဆုံးအမသည် ဗုဒ္ဓ၏ အဆုံးအမဖြစ်ပေသည်။ မွေးရာပါဇာတိအရမဟုတ်မူဘဲ မိမိ၏အပြုအမူ မိမိ၏စိတ်နေသဘာဝ အပြောအဆိုတို့ကြောင့်သာ မြင့်မြတ်သူ ယုတ်ညံ့သူဟူ၍ ကွဲပြားသွားခြင်းဖြစ်သည်ဟူသော အယူသည် ဗုဒ္ဓ၏အယူဖြစ်သည်။

အောင်နိုင်ခြင်းသည် အမုန်းတရားကိုပွားစေသည်။ အကြောင်းမှာ ရှုံးနိမ့်သူများ၏ မုန်းတီးခြင်းကိုခံရသော ဆိုးကျိုးဆက်ကြောင့် ဖြစ်သည်ဟူသောအဆိုသည် အသောကမင်းကဲ့သို့သောသူများကို ကောင်းစွာသတိပေးသော အဆိုဖြစ်ပေသည်။



အမုန်းတရားကို အမုန်းတရားဖြင့် အနိုင်မယူနိုင်၊ အမုန်းကို မေတ္တာတရားဖြင့်သာ အနိုင်ရနိုင်သည်ဟူသော ဆုံးမချက်များသည် မည်သည့်အယူကို ယူသည့်သူကိုမဆို စိတ်ပါဝင်စားလာအောင် ဆွဲဆောင်နိုင်သော အဆုံးအမများဖြစ်ကြသည်။ ဗုဒ္ဓသည် ဖန်ဆင်းရှင်ဝါဒကို မပို့ချခဲ့ပေ။ ရိုသေကြည်ညိုခြင်းကြောင့် တရားကိုလက်ခံခြင်းထက် တရားကို ကိုယ်တိုင်ကျင့်ကြံအားထုတ်ပြီးမှ လက်ခံရန် တိုက်တွန်းတော်မူလေ့ရှိသည်။

ဤသို့သော ဗုဒ္ဓ၏အဆုံးအမ သာသနာတော်သည် ဓားလွှတ်ကိုကိုင်ကာ လူအများ၏ အသက်အိုးအိမ် စည်းစိမ်ကို ပျက်စီးစေခဲ့သော အသောကမင်းတရားအတွက် မှားပြီဟူသောအသိဖြင့် ပူလောင်နေခြင်းမှ လွတ်မြောက်သွားစေရန် အားကိုးအားထားပြုဖွယ်ရာ ဖြစ်လာလေသည်။

အသောကမင်းတရားသည် နောင်တကြီးစွာရပြီးသည့်နောက် ဓားလွှတ်ကို စွန့်ကာ ဓမ္မကိုသာ လက်နက်အဖြစ်သုံး၍ သူ၏နိုင်ငံတော်ကို စည်းရုံးခဲ့သည့်အကြောင်းကို ခေတ်ပြိုင်သက်သေအထောက်အထားများ ရှိခဲ့ပါသည်။ ထိုသက်သေများမှာ သူ၏လက်ထက်တွင် သူကိုယ်တိုင်ဦးစီးကာ ရေးထိုးခဲ့သော ကျောက်စာတိုင်များ နယ်အရပ်ရပ်တွင် ထားရှိခဲ့သောကြောင့် ဖြစ်ပါသည်။ အချို့သောစာများကို ကျောက်တိုင်များတွင်ထွင်းခဲ့၍ အချို့ကို သစ္စာပြားများပေါ်တွင် ထွင်းခဲ့လေသည်။ အသောက ကျောက်စာများသည် အိန္ဒိယတိုက်၏ အနယ်နယ်အရပ်ရပ်တွင်သာမက ပါရှားကဲ့သို့သော အရပ်မှာပင် တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။ အသောကမင်းတရား၏ ကျောက်စာများသည် သူနှင့်ခေတ်ပြိုင်ဖြစ်သောသူများကိုလည်း သူ၏သဘောထားကို သိစေနိုင်သည့်ပြင် နောင်းခေတ်လူများကိုလည်း အသောကမင်းတရားကဲ့သို့သော မင်းတစ်ပါးထွန်းကားခဲ့သည်ဆိုသည့် အကြောင်းကို သိစေနိုင်သော သမိုင်းအထောက်အထားများ ဖြစ်ကြလေသည်။ အသောကမင်းတရား၏ ကျောက်စာတစ်ခုမှ ထုတ်နုတ်ဖော်ပြရပါက အောက်ပါအတိုင်းဖြစ်သည်။

'ကလင်္ဂတိုင်းကို မြတ်သော ကျက်သရေဆောင်မင်းကြီးသည် ဘိသိက်ခံပြီး ၈ နှစ်အကြာတွင် အောင်မြင်တော်မူခဲ့သည်။ လူပေါင်း ၁၅၀,၀၀၀

သည် ကျွန်အဖြစ်ရောင်းစားရန် အခြားအရပ်သို့ ခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။ လူ ၁၀၀,၀၀၀ ကို ကွပ်မျက်ခြင်းကို ခံခဲ့ရသည်။ ထိုအရေအတွက်ထက် များသောသူများသည် သေကျေပျက်စီးခဲ့ကြသည်။

လူအများက ဓမ္မကိုလက်ခံကျင့်သုံးရန် ကြိုးစားသည့်အခါတွင်လည်း အတင်းအကျပ်သွတ်သွင်းခြင်း၊ အမိန့်အာဏာဖြင့် လက်ခံစေခြင်းစသည့် အဓမ္မနည်းများကို မသုံးခဲ့ချေ။ အသောကသည် သူ၏နိုင်ငံသားအများအပြား ဓမ္မကိုလက်ခံကျင့်သုံးအောင် ကြိုးစားခဲ့သည်သာမက ဝေးလံသောအရပ်ဒေသများသို့လည်း သာသနာပြုများစေလွှတ်ကာ ဓမ္မ၏အေးချမ်းမှုကို လူအများနားလည်လက်ခံလာအောင် ကြိုးစားခဲ့သည်။ သူတို့၏နှလုံးသားတွင် ဓမ္မ၏အေးရိပ် တစိမ့်စိမ့်ဝင်ရောက်သွားသည့်အချိန်တွင် သူတို့အလိုအလျောက် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြမည်ဖြစ်သည်။ သာသနာပြုရာတွင်လည်း အသောကမင်းတရားကြီးလောက် စိတ်ရှည်သည်းခံသူမရှိဟု ပဏ္ဍစ်နေရူးက သူ၏စာအုပ်ထဲတွင် ရေးသားခဲ့သည်။ ပဏ္ဍစ်နေရူး ရေးသားခဲ့သည့်စာသားကို အရင်းအတိုင်း တင်ပြရပါမူ

လူအများက မိမိ၏အယူဝါဒကိုလက်ခံလာရန် ကြိုးစားခဲ့ကြသောသူများသည် အင်အားကို အသုံးမပြုသည့်သူ၊ အကြမ်းမဖက်သည့်သူ၊ မလှည့်စားသည့်သူ နည်းပါးသည်။ သမိုင်းစဉ်တစ်လျှောက်လုံးတွင် ဘာသာရေးနှင့်ပတ်သက်သော ကွပ်ညှပ်မှု သတ်ဖြတ်မှုများ၊ ဘာသာရေးစစ်ပွဲများ များလှသည်။ ဘုရားသခင်၏နာမတော်နှင့် ဘာသာရေးဟူသောအမည်ကို သုံးကာ တိုက်ပွဲဝင်သဖြင့် ကျရသောသွေးသည် အခြားအကြောင်းကြောင့် ကျရသောသွေးထက် များနေပေသေးသည်။ ထို့ကြောင့် အသောကကဲ့သို့ သွေးမြေမကျဘဲ သာသနာပြုနိုင်သောသူတစ်ယောက်သည် အိန္ဒိယတိုက်ငယ်မှ မွေးဖွားပေးလိုက်သော သားကောင်းတစ်ဦးဖြစ်သည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်ဟု ဆိုလေသည်။

အသောကမင်းတရားသည် နတ်များကပင် ချစ်ခင်ကြည်ညိုခြင်းကို ခံယူရသည်ဟူသော အဓိပ္ပာယ်ဖြင့် 'ဒေဝါနံပိယ ပိယဒဿိ' ဟူသော ဘွဲ့



အမည်ကို ခံယူရသူဖြစ်သည်။ ထိုသို့သောဘွဲ့သည် သူ၏ဘေးတော်လည်း ယူခဲ့သောဘွဲ့ဖြစ်သည်။ သို့သော် သူ၏လက်ထက်တွင်မှ ပိုမို၍ အဓိပ္ပာယ်ပြည့်စုံလေသည်။

အသောက မင်းတရား၏ နောက်ပိုင်းတွင် နန်းတက်လာသော မင်းများထဲမှ အချို့သောမင်းများလည်း ခံယူခဲ့ကြပါသည်။ သီရိလင်္ကာမှ မင်းများလည်း ခံယူခဲ့ပါသည်။ ထုံးစံအရ ဘွဲ့ခံယူခြင်းနှင့် ထိုက်ထိုက်တန်တန် ဘွဲ့ခံယူခြင်းတို့သည် မင်းကိုလိုက်၍ ကွဲပြားခြားနားမည် ဖြစ်ပါသည်။ အသောကမဟာရာဇာ ဘွဲ့ခံယူခြင်းမှာမူ ထိုက်တန်သော ဘွဲ့ခံယူခြင်းဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။ မြန်မာများနှင့် အသောကမဟာရာဇာတို့၏ ရင်းနှီးမှုသည် သာမန်သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦးနှင့် ရင်းနှီးပုံမျိုးထက် ပိုမိုသိပ်သည်းပါသည်။ ရေတွင်းပေါင်း ၈၄,၀၀၀၊ ရေကန်ပေါင်း ၈၄,၀၀၀၊ စေတီပေါင်း ၈၄,၀၀၀ လှူဒါန်းသော သာသနာ့ဒါယကာကြီးတစ်ဦးကို ကြည်ညိုလေးမြတ်ခြင်းသည် သာမန်မျှမကပါ။ ထို့ကြောင့် မြန်မာများက အသောက မဟာရာဇာကို သီရိဓမ္မာသောကမင်းကြီးဟု ကြည်ညိုလေးမြတ်စွာ ညွှန်းဆိုလေ့ရှိပါသည်။

အသောကမင်းတရားကြီး၏ဘဝအစပိုင်းကို မှတ်တမ်းများတွင် ပြည့်ပြည့်စုံစုံ တွေ့ရခဲသည်။ သို့သော် ချန္ဒရဂုပ္တမောရိယ၏ သွေးပိုပို ထက်မြက်သောမင်းသားတစ်ပါးပီပီ လေ့ကျင့်နေထိုင်ခဲ့မည်ဟု ခန့်မှန်းရသည်။ သူ၏ခမည်းတော် ဗိန္ဒုသာရမင်း၏လက်ထက်တွင် သူ့ကို တက္ကသီလာနှင့် ဥဇ္ဇေနီပြည်တို့တွင် ဘုရင်ခံအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ထိုပြည်နယ်တို့သည် မဇ္ဈိမတိုင်းတွင် အရေးကြီးသောပြည်နယ်များ ဖြစ်ကြသည်။ တက္ကသီလာဟုခေါ်သော ပြည်နယ်ကို အစောပိုင်းက အသောက၏နောင်တော်တစ်ပါးဖြစ်သော သုမနမင်းသားကို အပိုင်စားပေးခဲ့သော်လည်း သုမနမင်းသား မနှိမ်နင်းနိုင်သော ပုန်ကန်ထကြွမှုဖြစ်ပွားခဲ့သဖြင့် အသောကမင်းသားက သွားရောက်နှိမ်နင်းခဲ့ရသည်။ ထိုဖြစ်ရပ်၏နောက်ပိုင်းတွင် တက္ကသီလာ

ကို အသောကပင် တာဝန်ယူခဲ့ရသည်။ တက္ကသိုလ်မှာ ယခုအချိန်တွင် ပါကစ္စတန်နိုင်ငံတွင်းတွင် တည်ရှိသည်။ ပါကစ္စတန်သည် အစ္စလာမ်ဘာသာကို ကိုးကွယ်သောသူများ နေထိုင်ကြသည့် နိုင်ငံဖြစ်သော်လည်း တက္ကသိုလ်တွင်တည်ရှိသော ရှေးဟောင်းတူးကွက်များထဲမှ တွေ့ရှိသည့် ရုပ်ပွားတော်များ အစရှိသည့် ရှေးဟောင်းဗုဒ္ဓဘာသာနှင့် ဆိုင်သည့်ပစ္စည်းများကို ကောင်းစွာ ထိန်းသိမ်းကာ ကမ္ဘာလှည့်ခရီးသည်များ၏ စိတ်ဝင်စားမှုကို များစွာဆွဲဆောင်မှု ဖြစ်စေသည်။

ယခင်ကမူ မဇ္ဈိမဒေသတွင် ထိုသို့နိုင်ငံများ မကွဲပြားသေးသဖြင့် တက္ကသိုလ်သည် ဂန္ဓာရတိုင်းဟုတွင်သောဒေသရှိ မြို့တော်ကြီးတစ်မြို့အဖြစ် ထင်ရှားသည်။ ထိုစဉ်က ယောနကတိုင်းဟုခေါ်သော ဂရိနိုင်ငံမှာကဲ့သို့ပင် ပညာရှိများ တည်ထောင်သောကျောင်းများရှိ၍ ပညာလိုလားသောသူများ ဝင်ထွက်သွားလာကာ စည်ပင်ကျော်ကြားသောမြို့အဖြစ် ကျော်ကြားသည်။ အသောကသည် မင်းပို့မင်းလွှင်တစ်ပါးအဖြစ် ထိုမြို့ကို အုပ်စိုးစားခဲ့ရခြင်းသည် တာဝန်ယူခဲ့ရခြင်းသည်ပင်လျှင် သူ၏ဘဝတွင် ထူးခြားသောအမြင် ထက်မြက်သောအတွေးများ ဖွံ့ဖြိုးစေရန်လမ်းစဖြစ်သည်ဟု ဆိုနိုင်သည်။ အသောကမတိုင်မီခေတ်ကပင် ယောနကတိုင်းမှ ပညာရှင်များ၊ ဂန္ဓာရမှ ပညာရှင်များ၊ မဇ္ဈိမဒေသမှ ပညာရှင်များနှင့် စိန့်တိုင်းမှ ပညာရှာသူများသည် တက္ကသိုလ်သို့ လာရောက်ကာ ပညာဆည်းပူးကြသလို ပညာရှင်များကလည်း ပို့ချသင်ကြားကြသည်။

ထို့ကြောင့်ပင်လျှင် အသောက၏စိတ်နေသဘာဝသည် ထူးခြားသည်။ သူ၏နိုင်ငံအုပ်ချုပ် မင်းလုပ်သည့်နည်းစနစ်သည် သမားရိုးကျ နည်းစနစ်များမှ လမ်းခွဲထွက်ကာ ထူးခြားစွာ တိုးတက်အောင်မြင်ခဲ့သည်။

အသောကမင်းတရားသည် ကလိင်္ဂစစ်ပွဲတွင် သူအောင်မြင်ခဲ့သည့်စစ်ကို သူကိုယ်တိုင်စက်ဆုပ်ပြီး ဓားလွှတ်ကိုပစ်ပယ်ကာ ဓမ္မကို ကိုင်စွဲပြီးသည့်နောက်တွင် နိုင်ငံအုပ်ချုပ်ရေးစနစ်များကိုလည်း ပြောင်းလဲပစ်လိုက်သည်ဟု ဆိုပါသည်။ ကလိင်္ဂစစ်ပွဲမတိုင်မီ သူပိုင်ခဲ့သည့်ဒေသများမှာ ကျယ်



ဝန်းလှသည်။ အာဖဂန်နစ္စတန်ဟု ယခုခေါ်ကြသည့် ဒေသကစပြီး တမီးလ်နယ်များမှအပ အိန္ဒိယတစ်နိုင်ငံလုံးနီးပါးမျှ သိမ်းပိုက်အောင်မြင်ပြီး ဖြစ်သည်ဟုဆိုသည်။ အသောက၏ပိုင်နက်များကို အစဉ်အလာအရ ပြောကြသည့်အတိုင်း တင်ပြရမည်ဆိုပါက ကက်ရှမီးယားဒေသ၊ နီပေါ၊ ဘင်္ဂါနယ်မြောက်ပိုင်း၊ ဘင်္ဂါနယ်အရှေ့ပိုင်းတို့ ပါဝင်သည်ဟုဆိုကြသည်။ ဓားလွှတ်အစား ဓမ္မကိုကိုင်စွဲပြီးသည့်အချိန်တွင် ထိုသို့သောအောင်မြင်မှုများကိုမှီ၍ အသောကမင်းတရားသည် မာန်စောင်မြှောက်ကာ မနေဖြစ်တော့ပေ။ သူသည် ဗုဒ္ဓ၏တရားတော်များကို လေးလေးနက်နက်လေ့လာသည်။ ထိုသို့လေ့လာသည်မှာလည်း ယခင်တက္ကသိုလ်တွင် အလေ့အကျင့်ရလာခဲ့သည့်အတိုင်း ခွဲခြမ်းစိတ်ဖြာကာ လေ့လာဟန်တူသည်။ ထို့နောက် နန်းတက်တော်မူသည်မှ ၁၀ နှစ်အကြာ (ကလိင်္ဂစစ်ပွဲအပြီး ၂ နှစ်အကြာတွင်) ဘုရားဖူးစတင်ထွက်ခဲ့သည်။ ထိုသို့ဘုရားဖူးထွက်ခြင်းသည် စိတ်ကိုညွတ်နူးအောင် ကြိုးစားခြင်းဖြစ်သည်။ ထို့ပြင် ဘုရားဖူးခရီးတွင် ဆုံတွေ့ကြရသည့်သူများကိုလည်း မင်းကြီးက ကိုယ်တိုင်လေ့လာထားသည့် တရားဓမ္မများကို ဟောပြောလေ့ရှိသည်ဟု စာပေများတွင် ဆိုကြသည်။ မင်းတရားကြီးသည် နန်းတက်၍ အနှစ် ၂၀ ကြာသည့်အချိန်တွင် ဒုတိယအကြိမ် ဘုရားဖူးထွက်ပြန်ရာ မြတ်စွာဘုရား ဖွားတော်မူရာဒေသသို့ အရောက်သွား၍ ကြည်ညိုပူဇော်သည်ဟုဆိုပါသည်။ ထို့ပြင် မြတ်စွာဘုရားနှင့်သက်ဆိုင်သည့် နေရာဌာနအသီးသီးသို့လည်း အရောက်သွားကာ ကြည်ညိုပူဇော်သည်ဟုဆိုပါသည်။

ထိုသို့ဖြင့် အသောကမင်းတရားကြီးသည် ထီးနန်းပေါ်တွင် သူ့ကောင်းမှုများ မင်းပရိသတ်များအလယ်မှာ နေကျင့်နည်းပါးလာသည်။ သာမန်အသည်သားများ၏အလယ်တွင် နေထိုင်သည့်အချိန် များလာသည်ဟုဆိုသည်။ ထို့ပြင် ဘုရင်မင်းတရားဆိုသည်မှာ တိုင်းသူပြည်သားများ၏အကျိုးကို သယ်ပိုးရွက်ဆောင်နေရသောသူဖြစ်ရာ တိုင်းသူပြည်သားများ၏အရေးကိစ္စများကို မည်သည့်အချိန်မှာမဆို မည်သည့်နေရာမှာမဆို ဘုရင်မင်းမြတ်ထံသို့ အမြန်ဆုံးရောက်အောင် တင်သွင်းရမည်ဟု အမိန့်တော်

မှတ်ခဲ့သည်ဟု ဆိုသည်။ ထိုနည်းသည် မည်သည့်ကိစ္စကိုမဆို ဘုရင်မင်းမြတ် သိပြီးဖြစ်စေသည်။ မည်သည့်ကိစ္စကိုမဆို နှောင့်နှေးခြင်းမရှိဘဲ ဆောလျှင်စွာ ဆောင်ရွက်ပြီးစီးအောင် အဆုံးအဖြတ်ပေးနိုင်လေသည်။

အသောကမင်းတရားကြီး၏ နိုင်ငံသည် ဆိုခဲ့သည့်အတိုင်း အလွန် ကျယ်ဝန်းလှသည်။ ထိုသို့ကျယ်ဝန်းသောနိုင်ငံ၏ နယ်စွန်နယ်ဖျားများတွင် နေထိုင်လျက်ရှိကြသည့် နိုင်ငံသားများသည်ပင်လျှင် တရားဓမ္မနှင့် ရင်းနှီး ကျွမ်းဝင်မှုရှိအောင် ကိုယ်ကျင့်တရားကို ကောင်းစွာစောင့်ထိန်းနိုင်အောင် ဆောင်ရွက်တော်မူခဲ့သည်။ ဆောင်ရွက်ပုံမှာ နယ်စွန်နယ်ဖျားများအထိ သွားရောက်ကာ တာဝန်ထမ်းဆောင်ရသည့် အရာထမ်း အမှုထမ်းများသည် မိမိတို့ထမ်းဆောင်မြဲအမှုတို့ကို ထမ်းဆောင်ရင်း တရားဓမ္မများ ကိုယ်ကျင့် တရားများနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရိုက်နှိပ်ထားသည့် အလွှာများကို သယ်ဆောင်သွားကြရသည်ဟုဆိုသည်။ ထိုနည်းဖြင့် နယ်စွန် နယ်ဖျားဒေသများတွင် နေထိုင်ကြသူများ၏အကျိုးကိုပါ မကြွင်းကျန်ရ အောင် ဝါယမစိုက်ထုတ်၍ အသောကမင်းတရားကြီးက ကြိုးစားတော် မူခဲ့သည်။

ထို့ပြင် နိုင်ငံတော်အရပ်ရပ်တွင် ရှိနေကြသော မင်းသား မင်းသမီး များမှအစ သာမန်မြို့သူမြို့သားများ၊ ရွာသူရွာသားများ၊ အကျဉ်းသားများ၊ အရပ်တကာလှည့်လည်နေထိုင်သည့် ရသေ့များစသည့် လူအမျိုးမျိုးတို့၏ အနေအထိုင်မှန်ကန်စေရန် စေ့စေ့စပ်စပ်လေ့လာကာ ထိန်းသိမ်းပေးတတ် သေးသည်ဟုဆိုသည်။ အသောကမင်းတရားသည် သူပိုင်ဆိုင်သည့်နယ်များ ၌ သာယာစည်ပင်စေသည်သာမက သူ၏နိုင်ငံတော်နှင့် ဆက်စပ်လျက်ရှိသည့် ဂရိနယ်ပယ်များ၊ တမီးလ်နယ်ပယ်များ၊ သီရိလင်္ကာ (ထိုစဉ်က သီဟိုဠ် ကျွန်း) စသည့်နိုင်ငံရပ်ခြားဒေသများနှင့်လည်း သင့်တင့်အောင် ဆက်ဆံ နေထိုင်ခဲ့သည်။ ထိုသို့သင့်တင်စွာ ငြိမ်းချမ်းစွာ ဆက်ဆံနေထိုင်နိုင်ခြင်း သည် ဓမ္မဝိဇယတရားနှင့် အောင်နိုင်ခြင်းဖြစ်သည်ဟု အသောကမင်းတရား က နှလုံးသွင်းထားပုံရသည်။ အသောကမင်းတရားသည် သူ့နည်းနှင့်သူ



သူ့အယူဝါဒနှင့်သူ လေ့ကျင့်နေထိုင်ကြသော သူတော်စင်များပေါ်များသည့် အိန္ဒိယတွင် သူတော်စင်တစ်ပါးကဲ့သို့ နေထိုင်ခြင်းဖြင့် တစ်ကိုယ်တော် စိတ်သက်သာရာရအောင် နေထိုင်သွားသည်ဟု မယူဆကြစေလိုပါ။ အသောကမင်းတရားသည် မင်းတစ်ပါးအနေဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတော်ကို တည်ထောင်ခဲ့ပါသည်။ အသောကမင်းတရားသည် သူယုံ ကြည်ထားသည့်အတိုင်း အောင်မြင်အောင်လုပ်ဆောင်လေ့ရှိသည်မှာ သူ၏ အလေ့အကျင့်ပင်ဖြစ်သည်။ သူ၏မြို့တော်တွင် သပ်ရပ်သောလမ်းမများ၊ ဥယျာဉ်များတွင် ဖူးပွင့်ဝေဆာနေသည့်ပန်းမန်များနှင့် တင့်တယ်နေစေသည်။ တိရစ္ဆာန်များကို သတ်ဖြတ်ကာ ယဇ်နတ်ပူဇော်သည့် ဓလေ့ကိုလည်း မင်း မိန့်ဖြင့် ပယ်ဖျက်ခဲ့သည်။

ထူးခြားသည်မှာ လူအိုရုံများ တည်ဆောက်ထားသည့်ပြင် လူများ အတွက် ဆေးရုံများ၊ တိရစ္ဆာန်များအတွက် ဆေးရုံများကိုလည်း တည် ဆောက်ထားခဲ့ပေသည်။ အမျိုးသမီး စာသင်ကျောင်းများကိုလည်း တည် ဆောက်ခဲ့ပေသေးသည်။

အသောကမင်းတရားသည် ပန်းမန်များသာစိုက်ပျိုးသည့် ဥယျာဉ် များကိုသာ တည်ဆောက်ခဲ့သည် မဟုတ်သေးပေ။ ဆေးဖက်ဝင်အပင်များ စိုက်ပျိုးထားသည့် ဥယျာဉ်များကိုလည်း တည်ဆောက်ခဲ့သည်။ လူများကို ကုသရန် ပရဆေးပင်များသာမက တိရစ္ဆာန်များကိုကုသရာတွင် အသုံးဝင် သည့် ပရဆေးပင်များကိုပါ စိုက်ပျိုးထားခဲ့သည်ဟုဆိုသည်။ ယခုခေတ်အထိ အသောကမင်းတရား စီမံလုပ်ဆောင်ခဲ့သော ထိုစီမံကိန်းများသည် ခေတ် မီခဲ့ ဖြစ်နေသည်ကို အသောကမင်းတရားနှင့် ပတ်သက်သည့် စာပေများတွင် စိတ်ဝင်စားဖွယ် ဖတ်ရှုရသည်။ အသောကမင်းတရားသည် လမ်းများ၏ ဘေးတစ်ဖက်တစ်ချက်တွင်လည်း အရိပ်ရသည့်အပင်များ စိုက်ပျိုးထားပြီး ခရီးသွားများအတွက် အဆင်ပြေစေသည် ဟုဆိုသည်။ ထို့သို့ စစ်ပွဲကြီး တစ်ပွဲအပြီး အပျက်အစီးများကို ရုပ်ဝတ္ထုများဖြင့် အစားထိုးရာတွင်လည်း တောင့်စေအောင် ဆောင်ရွက်တော်မူခဲ့သော အသောကမဟာရာဇာသည်

သူ့ခေတ်က လူသူအများ၏စိတ်ကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်တော်မူနိုင်ခဲ့သည်။ သူ၏ဘဝခရီးတစ်လျှောက်တွင် စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့မှုများ၊ အသိပညာပိုင်းဆိုင်ရာ ထက်မြက်မှုများဖြင့် လူသားများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့ပုံများကို ဖတ်ရသည့်သူများအတွက်လည်း နှလုံးစိတ်ဝမ်း ချမ်းမြေ့သည်သာမက ကုသိုလ်တရားများလည်း ပွားများနိုင်ပါသည်။

ဒေဝါနံပိယ ပိယဒဿီတွဲခံသူ မင်းကြီးကို မြန်မာများက သိရိဓမ္မာသောက မင်းဟု ခေါ်သည့်အကြောင်းကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုမင်းကြီးသည် ဗုဒ္ဓသာသနာကို တရားဝင်လက်ခံခဲ့ခြင်းရှိ မရှိဟူသော အယူအဆနှင့် ပတ်သက်၍ တင်ပြလိုပါသေးသည်။ ဗုဒ္ဓသာသနာသို့ ဝင်ရန်ကိစ္စမှာ အခြားသော ကိုးကွယ်ယုံကြည်မှုများမှာကဲ့သို့ တသီးတခြား အခမ်းအနားဖြင့် ဗုဒ္ဓသာသနာဝင်ဖြစ်ကြောင်း ကြေညာစရာမလိုအပ်ပါ။ ဗုဒ္ဓ၏အဆုံးအမဖြစ်သော ဓမ္မကို လိုက်နာကျင့်ကြံသည်ဟုဆိုပါက ဗုဒ္ဓသာသနာကို လက်ခံသော ဗုဒ္ဓဘာသာဝင်ဟု အများကသိကြပါသည်။ တင်ပြပြီးခဲ့သည့်အတိုင်း ဗုဒ္ဓ၏အဆုံးအမဖြစ်သော ဓမ္မကို နာယူပြီးနောက် ရဟန္တာဖြစ်ပြီးသည်နှင့် သက်တမ်းကုန်ဆုံးပြီဖြစ်သဖြင့် ပရိနိဗ္ဗာန်ပြုသွားရသော သန္တတိအမတ်ကြီး၏ အကြောင်းကို ပြန်လည်စဉ်းစားလိုက်ပါက သူ၏အရဟတ္တဖိုလ်သို့ ဆိုက်သောအဖြစ်ကိုပင် မြတ်စွာဘုရားကိုယ်တိုင်က မသိနားမလည်သူများ အထင်မှားကာ မြတ်စွာဘုရားထံသို့လာရောက်ကာ တရားနာပါသော်လည်း အပူမီးကြောင့် ဓမ္မသာလာတွင်းမှာပင် သေဆုံးသွားသည်ဟု ကဲ့ရဲ့ပါက ထိုသို့ကဲ့ရဲ့သောသူများ အပြစ်ရောက်မည်ကို စိုးသောကြောင့် တန်ခိုးပြာဋိဟာ ပြပြီးမှ ပရိနိဗ္ဗာန်ပြုစေခဲ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏သာသနာတော်ကို လက်ခံသည်ဟု တရားဝင် အခမ်းအနားဖြင့် လုပ်စရာပင်မလိုဘဲ ဓမ္မကိုကျင့်သုံးသည်ဆိုလျှင်ပင် လုံလောက်ပြီဟု ဆိုနိုင်ပေသည်။ အသောကမှာမူ ပို၍ထူးခြားသည်။ မြတ်ဗုဒ္ဓ



ကို သူသည် ကိုယ်တိုင်မတွေ့ရတော့ချေ။ သို့သော် တိုးတက်ဆဲ ထင်ရှားဆဲဖြစ်သော မြတ်ဗုဒ္ဓ၏ဒေသနာများသည် မြတ်ဗုဒ္ဓကိုယ်စား သူ့ကို တရားပြနိုင်ခဲ့သည်။

တစ်ခုသေချာသည်မှာ တစ်နယ်ပြီးတစ်နယ် စစ်ပွဲများဆင်နွှဲကာ လူသူများကို သေကျေပျက်စီးစေပြီးနောက် ရနိုင်သမျှလူပညာရှိ ရဟန်းပညာရှိများကို သိမ်းယူခြင်း၊ ကျွန်အဖြစ်ရောင်းစားရမည့်သူများကို သိမ်းယူခြင်း၊ အဖိုးတန် သက်ရှိ သက်မဲ့ရတနာများကို သိမ်းယူခြင်းစသည့် လုပ်ရပ်မျိုးတို့သည် အသောကမောရိယမတိုင်မီကပင် တွင်တွင်ကျယ်ကျယ် ပြုခဲ့ကြသော အမှုများဖြစ်သည်။ ညီနောင်အချင်းချင်း သတ်ဖြတ်ပွဲကြီးများ ကျင်းပပြီးနောက် ထီးနန်းကိုသိမ်းယူခြင်းသည်လည်း လူ့သမိုင်းတွင် ကြုံနေကျဖြစ်သည်။ ထိုကဲ့သို့ လူသူအများ၏ ဆင်းရဲဒုက္ခကို မိမိတို့၏ကြီးကျယ်မြင့်မြတ်မှုအတွက် နင်းကြမ်းများအဖြစ် သုံးတတ်သောဓလေ့ကို ပယ်သည်အထိ ပြောင်းလဲခြင်းမှာမူ သမိုင်းစဉ်တွင် ရှားရှားပါးပါး အသောကမဟာရာဇာတစ်ဦးသာ လုပ်နိုင်ခဲ့သည့် လုပ်ရပ်ဖြစ်ပေသည်။

အသောကမဟာရာဇာသည် လောက၏အကျိုးကို လောကီရေးတွင် ဖြူပြင်ခြင်းဖြင့် သယ်ပိုး၍ သာသနာ၏အကျိုးကို သာသနာပြုသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် သယ်ပိုးခဲ့သည်။ ယခု အိန္ဒိယနိုင်ငံတွင် ဗိဟာနယ်ဟူသော ထင်ရှားသည့် နယ်တစ်နယ်ရှိလေသည်။ ထိုနယ်မှာ ပါဋလိပုတ်မြို့တော်ဝန်းကျင်တွင် တည်ရှိသည်။ ထိုဗိဟာဟူသောအမည်မှာ ဗိဟာရ မြန်မာသံနှင့်ဆိုသော် ဝိဟာရဟု ခေါ်ဆိုသည့် ကျောင်းတော်များ၏အမည်မှ ပြောင်းလဲလာခြင်းဖြစ်သည်။ ထိုကဲ့သို့ပြောင်းလာခြင်းမှာ အသောက မဟာရာဇာက ထိုနယ်တစ်လျှောက်တွင် ဘုရားကျောင်းကန်များ များစွာတည်ဆောက်ကာ ရဟန်းတော်များအတွက် တက္ကသိုလ်များလည်း တည်ထောင်ခဲ့သောကြောင့် ဖြစ်သည်။

အသောကမဟာရာဇာသည် ထင်ရှားသောသူဖြစ်ရာ သူနှင့်ပတ်သက်၍ ဖွဲ့ဆိုရေးသားထားသော သမိုင်းမှတ်တမ်းများ သမိုင်းပုံပြင်များ သမိုင်း

နောက်ခံဝတ္ထုများက များလှသည်။ တချို့က အသောကမဟာရာဇာ၏ ဘဝဇာတ်ကြောင်းသည် နောက်လူများ ဖွဲ့ဆိုထားခြင်းကြောင့် ကြီးကျယ်နေခြင်းဖြစ်သည်ဟု ဆိုကြသည်။ အချို့သောနေရာများတွင်လည်း နောင်းလူတို့၏ ကြည်ညိုသဒ္ဓါကြောင့် အချက်အလက်များ အပိုပါဝင်သွားနိုင်ပါသည်။ သို့သော် သူ၏လုပ်ရပ်များနှင့်ပတ်သက်၍ မှတ်တမ်း မှတ်ရာ အတိအကျရှိသည့် တတိယသင်္ဂါယနာတင်ခြင်းကဲ့သို့သော ကြီးမားသည့် ကုသိုလ်မှု၊ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်းဟူသော ကုသိုလ်မှုများကိုမူ ငြင်းဆန်ရန် လွယ်ကူလိမ့်မည် မဟုတ်ချေ။

အသောကမဟာရာဇာ၏ အယူဝါဒကိစ္စများနှင့်ပတ်သက်၍ တစ်ဖက်က တရားဝင် ဗုဒ္ဓဝါဒီမဖြစ်ဟုဆိုကြသည်မှာ မူလကကိုးကွယ်မြဲဖြစ်သည့် အာဇီဝက တက္ကတွန်းတို့ကဲ့သို့သော သူများကို ဆက်လက်၍ ချီးမြှင့်ထောက်ပံ့ကာ နန်းတော်သို့ ဝင်ထွက်သွားလာနေသည်ကို သည်းခံသောကြောင့်ဟု အကြောင်းပြကြသည်။ ထိုကဲ့သို့ အယူဝါဒနှင့်ပတ်သက်၍ သဘောထားကြီးခြင်းသည် မြတ်စွာဘုရား၏အဆုံးအမတော်ကို နာခံခြင်းတစ်မျိုးဟုလည်း ဆိုရပေလိမ့်မည်။ အကြောင်းမှာ မြတ်စွာဘုရားက သီဟစစ်သူကြီးနှင့် ဥပါလိသူကြွယ်တို့ ဗုဒ္ဓသာသနာတော်တွင်းဝယ် သရဏဂုံ ကောင်းစွာတည်သောသူများ ဖြစ်လာသည့်တိုင် အာဇီဝကများကို ဆက်လက်ထောက်ပံ့ရန် ဆုံးမခဲ့သောကြောင့် ဖြစ်သည်။

အသောကမဟာရာဇာသည် ဗုဒ္ဓသာသနာ၏အဆုံးအမကို လက်ခံလာခြင်းနှင့်ပတ်သက်၍ အဆက်ဆက်လက်ခံလာခဲ့သည့် ဖြစ်ရပ်မှာ တစ်နေ့သော် အသောကမဟာရာဇာသည် နန်းရင်ပြင်မှ အပြင်သို့ မျှော်ကြည့်နေခဲ့သည်။ ထိုသို့မျှော်ကြည့်နေခိုက်တွင် ဗုဒ္ဓသာသနာဝင် ကိုရင်ငယ်တစ်ပါးသည် နန်းရင်ပြင်ကိုဖြတ်၍ ကြွတော်မူလာခဲ့သည်။ ထိုကိုရင်၏ သက်န်းဝတ်ရုံပုံ ကြွပုံ လှမ်းပုံတို့သည် အသောကမဟာရာဇာ မြင်နေကျဖြစ်သော အာဇီဝက တက္ကတွန်းတို့နှင့် လုံးဝမတူသည်ကို သတိထားမိကာ အကြည်ညိုကြီး ကြည်ညိုသွားခဲ့လေသည်။ ထို့ကြောင့် ထိုသာမဏေငယ် (ကိုရင်ငယ်)



ကို နန်းတွင်းသို့ဝင်ပါရန် ပင့်ဆောင်ခဲ့သည်။ သာမဏေငယ်ကို သင့်တော်သည့်နေရာတွင် သီတင်းသုံးပါရန် လျှောက်ထားသည့်အခါ ကိုရင်က ပတ်ဝန်းကျင်ကို လေ့လာသည့်အကြည့်ဖြင့် ကြည့်လိုက်သည်။ ထိုသို့ကြည့်ရာတွင် သူ့ထက်ဝါကြီးသော ရဟန်းတစ်ပါးကိုမျှ မမြင်ရသည့်အတွက် ဘုရင်မင်းမြတ်၏ ရာဇပလ္လင်ပေါ်သို့ တက်၍သီတင်းသုံးခဲ့လေသည်။

စားထက်သောမင်းဘဝမှလာသည့် အသောကမဟာရာဇာသည် တည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့် ရာဇပလ္လင်ပေါ်သို့ တက်ရောက်သီတင်းသုံးတော်မူသော ရှင်သာမဏေကို ကြည်ညိုသဒ္ဓါထက်သန်ရာမှ ဗုဒ္ဓသာသနာဝင် မင်းတစ်ပါးအဖြစ်သို့ ရောက်ခဲ့သည်ဟုဆိုသည်။ ထိုသို့သောအဆိုသည် အရှင်အသဃိကိုမြင်သောကြောင့် တပည့်အဖြစ်ခံယူကာ ဗုဒ္ဓ၏သာဝကဖြစ်လာသော အရှင်သာရိပုတ္တရာ၏ အဖြစ်နှင့်လည်းကောင်း၊ အရှင်အရဟံကိုမြင်ကာ ဗုဒ္ဓသာသနာဝင် ဘုရင်တစ်ပါးဖြစ်လာသော အနော်ရထာမင်းမြတ်၏ အဖြစ်နှင့်လည်းကောင်း ဆင်တူနီးပါးဖြစ်ပါသည်။ အမှန်အားဖြင့်ဆိုလျှင် ထိုသို့နိဂြောဓဟူသော ဘွဲ့မည်ရှိသည့် ရှင်သာမဏေကို မမြင်မတွေ့ခင်ကတည်းက ဓမ္မ၏အဆုံးအမကို အသောကမင်းတရားကြီး လက်ခံကျင့်သုံးပြီးပြီဟုလည်း ယူဆနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ တစ်ဦးတစ်ယောက်၏ ဣန္ဒြေကိုမြင်ရုံဖြင့် ကျင့်သုံးနေသောတရားဓမ္မ၏ အနှစ်သာရနှင့် အတိမ်အနက်ကို အကဲခတ်နိုင်သည်မှာ ထိုသူ၏ရင့်ကျက်သော ဉာဏ်ပညာကြောင့်ပင်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ မူလကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့သော ယုံကြည်ကိုးကွယ်မှုကို နက်နဲစွာ သက်ဝင်ခြင်းမရှိခဲ့သောကြောင့်လည်း ဖြစ်သည်ဟု ဆိုနိုင်သည်။

အသောကမင်းတရားကြီးသည် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးကို များစွာအားပေးတော်မူခဲ့ပါသည်။ ထို့ထက်ပို၍အားပေးရန် အကြောင်းဖန်လာသည်ကို တင်ပြလိုပါသေးသည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးစကပင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သောဓမ္မတို့ တစ်စုတစ်စည်းတည်း ရှိစေခြင်းငှာလည်းကောင်း၊ အယူဝါဒ အမှားအယွင်းများ

သာသနာတော်တွင်းသို့ ရောက်လာမည်ကို စိုးရိမ်သောကြောင့်လည်းကောင်း သံဂါယနာတင်ပြီးဖြစ်ပါသည်။ ထို့နောက် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ပြုသည်မှစ၍ အနှစ် ၁၀၀ ပြည့်သည့်အချိန်တွင် ဒုတိယသံဂါယနာကို ထပ်၍ တင်ခဲ့ကြပါသည်။

တတိယသံဂါယနာကိုမူ သာသနာနှစ် ၂၃၅ ဘီစီ ၂၄၇ ခုတွင် သာသနာ့ဒါယကာအဖြစ် အသောကမင်းကြီးက ကမကထပြုကာ တင်တော်မူခဲ့လေသည်။ ထိုကဲ့သို့ သာသနာသန့်ရှင်းရေး ပြန့်ပွားရေး တည်တံ့ရေးနှင့်ပတ်သက်၍ အရေးအကြီးဆုံးလုပ်ရပ်ကို လုပ်တော်မူခဲ့သည့် အသောကမဟာရာဇာသည် ဗုဒ္ဓသာသနာကို အမှန်တကယ် လက်တွေ့ကျင့်သုံးဆောက်တည်သောသူတစ်ဦးဖြစ်ကြောင်း လုံးဝယုံမှားဖွယ်ဖြစ်ရန် မလိုချေ။ ထိုသို့ သာသနာတော်ကို သန့်စင်စေရန် သံဂါယနာတင်ရသည်မှာ မင်းကြီးက ဗုဒ္ဓသာသနာကို ချီးမြှောက်လွန်းသည့်အတွက် အယူကွဲပြားသောသူများသည် သာသနာတွင်းသို့ ဝင်ရောက်ကာ အစားရ အနေရချောင်အောင် ကြိုးစားလာကြသောကြောင့် ဖြစ်သည်။ ထိုအချိန်တွင် သာသနာတော်သည် အရှင်မဟာကဿပကဲ့သို့သော မထေရ်ကြီးက ကြီးမှူး၍ သံဂါယနာတင်သွားစဉ်ကကဲ့သို့မဟုတ်ဘဲ ဂိုဏ်းကွဲများပေါ်လာသည်မှာ ၁၈ ဂိုဏ်းမျှပင် ရှိနေပြီဖြစ်သည်။

အသောကမဟာရာဇာ၏ ဘဝဇာတ်ကြောင်းကို ချုံ့ချင်သလောက် ချုံ့၍ရနိုင်ပါသည်။ အချို့ကလည်း ရာဇဝင်ပုံပြင်ဆန်သည်ဟု ဆိုကြမည်။ အချို့ကလည်း လက်ခံယုံကြည်ကြမည်။ သေချာသည်မှာ စဏ္ဍာသောကဘဝမှ ဓမ္မာသောကဘဝသို့ ရောက်လာသော မင်းတရားအသောကသည် သီရိလင်္ကာကျွန်းနှင့် အရှေ့တောင်အာရှဒေသတို့သို့ သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့သောကြောင့် ယနေ့ထက်တိုင် အရှေ့တောင်အာရှတွင် ဗုဒ္ဓသာသနာကောင်းစွာ ပြန့်ပွားထွန်းကားလျက်ရှိသည်ဟု ဆိုရပေမည်။

အသောကမင်းတရားသည် အထက်ဖော်ပြပါ ဒေသများသို့သာမက ဥရောပဘက်သို့လည်း သာသနာပြုများ စေလွှတ်ခဲ့သေးသည်။ သို့သော်



သာသနာသည် မြေရှေးတတ်သည်ဟုသော စကားနှင့်အညီ အရှင်သောဏနှင့် အရှင်ဥတ္တရ တို့သယ်ဆောင်လာသည့်အချိန်မှစ၍ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားစသည့်နိုင်ငံများတွင် အမြစ်တွယ်ကာ ထွန်းကားခဲ့သည်။ အချို့သော နိုင်ငံများသို့ကား ရောက်ခဲ့ပါ၏၊ သို့သော် ပျောက်ကွယ်ကုန်ကြသည်လည်း ရှိသည်။ ပျောက်ကွယ်လုနီးလည်း ရှိသည်။

အသောကမင်းတရားသည် သူ၏သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာ တို့ကိုလည်း သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်ကာ သီဟိုဠ် ယခုအခေါ် သီရိလင်္ကာသို့စေလွှတ်၍ သာသနာပြုစေခဲ့သည်။

အသောကမင်းတရားကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးသည် မူလက မုန်းသူများခဲ့မည်၊ နောင်တွင်ကား ချစ်သူများလှသဖြင့် မြန်မာနိုင်ငံတွင် သိရိဓမ္မာသောကမင်း တည်သည်ဟုဆိုသော စေတီပုထိုးများက လက်ညှိုးထိုးမလွဲဖြစ်အောင် များလှသည်။ အကြောင်းမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ ကို ရည်စူး၍ ရေတွင်းပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀ တို့ကို တည်ခဲ့သည့် မင်းတရားကြီးသည် အရှေ့တောင်အာရှနိုင်ငံများတွင် သာသနာ့အုတ်မြစ်ချသူအဖြစ် လက်ခံထားသည်ဖြစ်ရာ ငြင်းဆိုမည့်သူ များစွာနည်းပါးမည့် ယုံကြည်ချက်တစ်ခု ဖြစ်နေပေသည်။ ထိုယုံကြည်ချက်ကြောင့်ပင် အသောကမင်းတရားကြီးကို ချစ်သူသည် မုန်းသူထက်များမည်ဟု ဆိုနိုင်ပေသည်။

## အသောကမဟာရာဇာ၏ သာသနာနှင့်ပတ်သက်သော ဆောင်ရွက်ချက်များ

စာရေးသူသည် ယခုအချိန်တွင် အလက်ဇန္ဒာမင်းမဟာ၏အကြောင်းကို ရေးသားပြီးစီး၍ စာရေးသူမြင်မိသလို သုံးသပ်တင်ပြခဲ့ပါသည်။ အသောကမဟာရာဇာတို့၏အကြောင်းကိုမူ ရေးသားဆဲဖြစ်ပါသည်။ ထိုသို့ရေးသား၍ ပြီးစီးလုနီးအချိန်တွင် ခေါင်းစဉ်ကြီးဖြစ်သော 'ချစ်သူ မုန်းသူများသည် ကျော်

ကြားသူများ' ဆိုသည့် အမည်ကိုယူခဲ့ခြင်းသည် ရေးနေသော ပုဂ္ဂိုလ်များ၏ အကြောင်းနှင့် များစွာထင်ဟပ်လှသဖြင့် အလွန်ဆီလျော်သည်ဟု မိမိ၏ ခေါင်းစဉ်ကို မိမိအားရကျေနပ်မိပါကြောင်း တင်ပြလိုပါသည်။ စာရေးနေရင်း ခေါင်းစဉ်ကို အားရကျေနပ်မိကြောင်း တင်ပြရခြင်းမှာလည်း လိုအပ်သော ကြောင့် ဖြစ်ပါသည်။

**ချစ်သူများသောသူများ၏ အတ္ထုပ္ပတ္တိများသည်လည်းကောင်း မုန်းသူ များသောသူများ၏ အတ္ထုပ္ပတ္တိသည်လည်းကောင်း မှန်ကန်သည်ထက်ပို၍** ချီးမွမ်းရေးသားခြင်း နှိမ့်ချရေးသားခြင်းများနှင့် မကင်းနိုင်ကြပါ။ အထူးသဖြင့် အယူဝါဒရော ထုံးဓလေ့များပါ မတူညီကြသော နောင်းလူများသည် ထို ပုဂ္ဂိုလ်များ နေထိုင်ခဲ့သည့်ခေတ်ကာလက လက်ခံကျင့်သုံးခဲ့သော အနေအထိုင် အတွေးအခေါ် ဓလေ့စရိုက်များအတိုင်း တွေးခေါ်လေ့မှုနည်းပါးကြသည်။ သို့မဟုတ် မတွေးခေါ်နိုင်ကြပေ။ ထို့ကြောင့် နောင်းလူတို့ လက်ခံသောအမြင် အတိုင်း မှတ်တမ်းတင်ထားသည့် စာပေအထောက်အထားများသည်လည်း မနည်းကြပါ။ ထိုစာပေအထောက်အထားများကို သေချာစွာဖတ်ရှု၍ မှန် ကန်အောင် သုံးသပ်ပါသည်ဟု မည်မျှပင်ဆိုစေ မိမိတို့ခေတ် မိမိတို့အတွေး အတိုင်း ရေးသားကြမည်သာ ဖြစ်သည်။

စာရေးသူသည် အသောကမဟာရာဇာ၏ အကြောင်းကို ရေးသား တော့မည်ဆိုသည်နှင့် စာအုပ်များစွာကို ဖတ်ရှုခဲ့ပါသည်။ သမိုင်းအနေဖြင့် ရေးသားထားသော စာအုပ်များ၊ ဝတ္ထုဇာတ်ကြောင်းအဖြစ် စိတ်ဝင်စားဖွယ် စီကုံးရေးသားထားသော စာအုပ်များ၊ သမိုင်းကြောင်းတွင် အဆက်အစပ်မိ အောင် ရေးသားထားသည့် ဘဝဇာတ်ကြောင်း တစ်စိတ်တစ်ပိုင်းများစသည် ဖြင့် စာအုပ်မျိုးစုံပါသည်။ ထိုစာအုပ်များသည် ဖတ်ရှု၍ကောင်းလှသည်ဖြစ်ရာ စာရေးသူသည် ထိုစာအုပ်ပါအကြောင်းအရာများတွင် နစ်မြော၍နေသည်မှာ အတန်ပင်ကြာပါသည်။ စာဖတ်လွန်လျှင် စာမရေးဖြစ်ဘူးဆိုသည့် စာရေး ဆရာကြီးတစ်ဦး၏စကားကိုလည်း သတိရလိုက်မိပါသည်။

ယခုအချိန်တွင်မူ အသောကမဟာရာဇာ၏ဘဝတွင် အေးချမ်းသော



မြင့်မြတ်သော အဆစ်အပိုင်းကိုရေးကာ နိဂုံးချုပ်ရတော့မည်ဖြစ်ရာ စာရေး သူသည် အသောကမဟာရာဇာ၏အကြောင်းကို ဆက်လက်၍ ရေးသားမည် ဖြစ်ပါသည်။

အသောကမင်းတရား၏ ဘဝဇာတ်ကြောင်းအစပိုင်းတွင် တတိယ မောရိယမင်းတစ်ပါးပီပီ အိန္ဒိယတိုက်ငယ်တစ်ခုလုံးကို တိုက်ခိုက်သိမ်းသွင်း ရန် ကြိုးစားခဲ့သည့်အကြောင်း ပါဝင်ခဲ့သည်။ ထိုအချက်သည် မင်းတရား သက်ရှိထင်ရှားရှိစဉ်ကပင် ရေးထိုးခဲ့သောကျောက်စာများတွင် အထင်အရှား တိတိလင်းလင်း ရေးထိုးထားသောကြောင့် ခိုင်လုံပါသည်။ ထိုသို့အိန္ဒိယ တိုက်ငယ်တစ်ခုလုံးကို တိုက်ခိုက်သိမ်းသွင်းရန် ကြံစည်ကြိုးစားခြင်းမှာလည်း ထက်မြက်တက်ကြွသော စစ်ဘုရင်တိုင်း ကြံစည်ကြိုးစားတတ်ကြသော ကိစ္စဖြစ်သည်။ အသောကမဟာရာဇာသည် ထိုပြီးတည်ချက်ပြည့်ဝရန် အလွန် နီးကပ်နေသော အချိန်တွင်မှ စစ်တိုက်ခြင်းဖြင့် လောကကို အုပ်ချုပ်စိုးမိုး မည်ဟူသောအကြံကို စွန့်လွှတ်လိုက်သည့် တစ်ပါးတည်းသောမင်း ဖြစ်လေ သည်။ အိန္ဒိယသမိုင်းတွင်သာမက ကမ္ဘာပေါ်တွင်လည်း ထိုသို့သောမင်းသည် တစ်ပါးတည်းသာ ရှိလေသည်။

အသောကမင်းကြီး အယူဝါဒပြောင်းလဲလာပုံနှင့် ပတ်သက်၍ သူ ၏လက်ထက်တွင်ရေးထိုးခဲ့သော ကျောက်စာငယ် အမှတ် ၁ တွင် ငါသည် ဗုဒ္ဓဥပါသကာဖြစ်ခဲ့လေပြီ။ သို့ဖြစ်စေကာမူ ထိုတရားတော်အတိုင်း စိတ် အားထက်သန်စွာ လိုက်နာကျင့်ဆောင်ရခြင်း မရှိသေးပေ။ သို့သော် ငါသည် ရဟန်းတော်များထံတွင် ဆည်းကပ်ခဲ့သည်မှာ တစ်နှစ် နှစ်နှစ်ကြာခဲ့ပြီဟူသော အကြောင်းကို ရေးထိုးထားခဲ့သည်။ ထိုကျောက်စာကို ဘီစီ ၂၆၀ တွင် ရေးထိုးခဲ့လေသည်။ ထိုကျောက်စာ ရေးထိုးပြီးသည့်နောက် ဗုဒ္ဓသာသနာ နှင့်ပတ်သက်သော အထွဋ်အမြတ်ဒေသများသို့ ကြွရောက်တော်မူကာ ဗုဒ္ဓကို ကြည်ညိုသောစိတ်များစွာ ပိုဖိတ်ခဲ့လေသည်။ ထိုသို့ ဗုဒ္ဓနှင့်ပတ်သက်သော နေရာဒေသတို့သို့ သွားရောက်ကြည်ညိုသဒ္ဓါပွားများပြီးနောက် ယခုတိုင် လူအများစိတ်ဝင်စားနေရသည့် ကျောက်စာတိုင်များကို ရေးထိုးခဲ့လေသည်။

ဘုရားဖူးခရီးနှင့် ပတ်သက်သည့်အကြောင်းကို ကျောက်စာအကြီး အမှတ် ၈ တွင်ရေးထိုးခဲ့ရာ ထိုခရီးကို ဘိသိက်ခံပြီး ၁၀ နှစ်အကြာတွင် ထွက်တော်မူခဲ့ခြင်းဖြစ်သည်ဟု သိရပေသည်။ ထို့နောက်မှ ကျောက်စာအကြီး ၁၄ တိုင်ကို ရေးထိုး၍ စိုက်ထူတော်မူလေသည်။ ထိုသို့ကျောက်စာများ ရေးထိုးသည့်ခုနှစ်မှာလည်း ထိုကျောက်စာအကြီး ၃၊ ၄၊ ၅ နှင့် ၆ တို့အရ ဘိသိက်ခံ၍ ၁၂ နှစ် သို့မဟုတ် ၁၃ နှစ်မြောက်သည့် ဘီစီ ၂၅၈ နှင့် ၂၅၇ တို့အတွင်းတွင် ဖြစ်ပေသည်။

အသောကမဟာရာဇာသည် လူသားအားလုံးအတွက် စံနမူနာဟု ဆိုထိုက်ပေသည်။ အချို့သည် အယူဝါဒကိုကား ပြောင်းပါ၏။ အနေအထိုင်ကိုကား မပြောင်းပေ။ ဆိုလိုသည်မှာ ဗုဒ္ဓသာသနာကိုကား လက်ခံပါ၏။ ဗုဒ္ဓ၏အဆုံးအမနှင့်ကား ညီအောင်မနေခဲ့ပေ။ အသောကမဟာရာဇာမှာမူကား အယူပြောင်းလာသည်နှင့် အနေအထိုင် အလေ့အကျင့်တို့ကိုပါ ပြောင်းခဲ့လေသည်။ နန်းတော်အိမ်တော်များတွင် နေထိုင်စားသောက်သော အလေ့အထဆိုသည်မှာ ခေတ်တိုင်းတွင် ဖောဖောသီသီ ရှိတတ်ကြသည်။ အသောကမင်းတရားကြီး၏နန်းတော် စားဖိုဆောင်တွင်လည်း ယခင်က ရေတွက်ခြင်းငှာ ခက်မည်ဖြစ်သော သားကောင်များစွာကို သတ်ဖြတ်ချက်ပြုတ်ခဲ့ကြလေသည်။ နောက်ပိုင်းတွင် မင်းမိန့်ဖြင့် ဥဒေါင်းနှစ်ကောင်နှင့် ဒရယ်နှစ်ကောင်သာ သတ်ဖြတ်စားသောက်ခွင့် ရခဲ့သည်ဟုဆိုသည်။ ထိုအချက်ကို ကျောက်စာအမှတ် ၆ တွင် ရေးထိုးထားသည်။ မင်းတရားကြီးသည် မူလက အာဇီဝက တက္ကတွန်းပေါင်းများစွာကို နေ့စဉ် ဆွမ်းလုပ်ကျွေးသည်ဖြစ်ရာ နေ့စဉ်ပင် သားကောင်များကို မရေမတွက်နိုင်အောင် သတ်ဖြတ်ခဲ့ရလေသည်။

ထိုသို့သော အကျိုးနည်းပါးသည့် အလုပ်များကို ပယ်ဖျက်၍ မင်းကြီးသည် ဗုဒ္ဓဘာသာဝင်ရဟန်းတို့ကို နန်းတော်တွင် နေစဉ်အခါတွင်လည်းကောင်း ဘုရားဖူးခရီး ထွက်တော်မူရာတွင်လည်းကောင်း ဆွမ်းလုပ်ကျွေးတော်မူသည်။ ရဟန်းတို့နှင့် အပ်စပ်သည့်ပစ္စည်းများကို လှူတော်မူသည်။ အသက်အရွယ်ကြီးရင့်ကာ အိုမင်းမစွမ်းဖြစ်နေသူတို့ကို ပေးကမ်းစွန့်ကြဲတော်



မူသည်။ ကျေးတောတွင် နေထိုင်သောသူတို့သည် ဘာသာဘာဝ လုပ်ကိုင်စားသောက်ကာ သာသနာတော်နှင့်နီးစပ်မှု နည်းပါးသဖြင့် မင်းတရားကြီးသည် ကိုယ်တော်တိုင် သာသနာပြုသည့်တာဝန်ကို ယူသည့်အနေဖြင့် ထိုသူတို့ကို မြတ်စွာဘုရား အဆုံးအမတော်နှင့်အညီ မည်သို့နေထိုင်ရမည်၊ မည်သည့်အပြုအမူတို့ကိုရှောင်၍ မည်သည့်အပြုအမူတို့ကို ဆောင်ရမည်ဟူသောမှုနှင့်အညီ နေထိုင်တတ်အောင် သင်ကြားပေးတော်မူလေ့ရှိသည်။

ထို့ပြင် ပါဋလိပုတ်နေပြည်တော်တွင် ယစ်ပူဇော်ရန်အလို့ငှာ သားငှက် တိရစ္ဆာန်တို့ကို သတ်ဖြတ်ခြင်းမရှိစေရဟု ပိတ်ပင်တော်မူသည်။ အသောကမင်းတရားကြီးသည် လူလူချင်း အနိုင်အထက် သတ်ဖြတ်ခြင်းကို ကလိင်္ဂစစ်ပွဲကြီးပြီးကတည်းက လုံးဝစွန့်လွှတ်တော်မူရုံမက ပိတ်ပင်တားဆီးတော်မူသည်။ နောက်ပိုင်းတွင် လူပုဂ္ဂိုလ်များအတွက်သာမက သားငှက် တိရစ္ဆာန်တို့ကိုပါ အကာအကွယ်ပေးရန် စီမံ၍ အမိန့်များထုတ်တော်မူလေသည်။ မည်သည့်သားငှက်တိရစ္ဆာန်တို့ကို သတ်ဖြတ်ခြင်းမရှိစေရဟု အမျိုးအမည်ဖော်ပြကာ တားမြစ်သည်ဟု ကျောက်စာများတွင် ပါရှိရာ သားငှက်တိရစ္ဆာန်များ ပြုန်းတီးပျက်စီးခြင်းမရှိရအောင် ထိန်းသိမ်းရန် လိုအပ်သည်ဟူသောအမြင်လည်း မင်းကြီးတွင် ရှိနေပြီးဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့ပြင် ဥပုသ်သီတင်းနေ့နှင့် အခြားသောနေ့ကြီးရက်ကြီးတို့တွင် သားကြီးငါးကြီးတို့ကို သတ်ဖြတ်ရောင်းချခြင်း၊ မြင်းများ နွားများကို သံပူနှင့်ကပ်၍ အမှတ်အသားပြုလုပ်ခြင်း၊ နွား ဆိတ် သိုး ဝက်တို့ကို သင်းခြင်း ကွပ်ခြင်းမရှိစေရဟု တားမြစ်တော်မူခဲ့သေးသည်။

ယခုတင်ပြနေသည့်အပိုင်းမှာ အသောကမဟာရာဇာ၏ ကျောက်စာများတွင် ပါသော အသောကမင်းတရား၏ သဘောထားနှင့် လုပ်နည်းလုပ်ဟန်တို့ ဖြစ်သည်။ တရားဓမ္မနှင့်စပ်လျဉ်း၍ မင်းကြီးရေးထိုးသော ကျောက်စာငယ်အမှတ် ၂ တွင် ဖော်ပြထားသည်မှာ 'မင်းတရားကြီးသည် ဤသို့အမိန့်ရှိတော်မူ၏။ 'မိဘတို့၏စကားကို နားထောင်ကြစေ။ သက်ရှိသတ္တဝါတို့ကို သနားကြင်နာကြစေ။ မှန်ကန်သောစကားကို ပြောဆိုကြစေ။

ဤသည်တို့ကား ဓမ္မတရားဖြစ်၍ လိုက်နာကျင့်ဆောင်ကြရာ၏။ ထို့အတူ ဆရာသမားတို့အား ရိုသေကိုင်းရှိုင်းခြင်း ရှိကြစေ။ ဆွေမျိုးဉာတကာတို့အား လောကဝတ် ကျေပွန်ခြင်း ရှိကြစေ။ ဤသည်တို့မှာလည်း ရှေးဟောင်း ဓမ္မသဘောတရားပင်ဖြစ်၍ လိုက်နာကျင့်ဆောင်သူတို့မှာ အသက်ရှည်ခြင်းစသော အကျိုးကျေးဇူးများ ရရှိစေနိုင်၏ ' ဟု ပါရှိသည်။ အထက်တွင် အကျဉ်းမျှဖော်ပြထားသော အကြောင်းအရာတို့သည် အသောကမင်းတရားကြီး၏ သြဝါဒတော်များဖြစ်ကြသည်။ အသောက ကျောက်စာများတွင် ပါဝင်သော အဆိုအမိန့်တို့၏ ပင်မတရားသဘောတို့မှာ တစ်ခုနှင့်တစ်ခု ညီညွတ်နေသည်။ ကွဲပြားခြားနားခြင်း မရှိကြပေ။

အသောကမင်းတရားကြီးသည် အိန္ဒိယတိုက်ငယ်ဝန်းကျင်တွင်သာ သာသနာပြုတော်မူသည် မဟုတ်မူ၍ သူနှင့်ခေတ်ပြိုင် ထွန်းကားနေသော နိုင်ငံရပ်ခြားတိုင်းပြည်များသို့လည်း သာသနာပြုစေလွှတ်ခဲ့သည်။ ဤနေရာတွင် ဗုဒ္ဓသာသနာတော် တစ်နည်း ဗုဒ္ဓ၏အဆုံးအမတွင်တည်သော လူငယ်များသည် ဗုဒ္ဓနှင့်ပတ်သက်၍ သိသင့်သော ရက်စွဲများကို မသိဘဲဖြစ်နေတတ်သည်ကို သတိထားမိသည့် အကြိမ်များသဖြင့် ဗဟုသုတအနေဖြင့် အသောကမင်းတရားကြီး၏ရာဇဝင်တွင် ထည့်သွင်းဖော်ပြလိုပါသည်။

မြတ်ဗုဒ္ဓသည် ဘီစီ ၆၂၃ ခုတွင် ဖွားမြင်တော်မူခဲ့သည်။ သက်တော် ၃၅ နှစ် ဘီစီ ၅၈၈ ခုတွင် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူကာ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘီစီ ၅၄၃ ခုတွင် ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။ အသောကမင်းတရားသည် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုတော်မူပြီးသည့်နောက် ၂၇၃ နှစ်မှ အသက် ၁၈ နှစ်အရွယ်တွင် မင်းအဖြစ်ကို ရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သင်္ဂါယနာတင်သောအခါတွင်လည်း တတိယသင်္ဂါယနာကိုသာ တင်တော်မူနိုင်ခဲ့သည်။ အသောကမင်းတရားသည် သင်္ဂါယနာတင်တော်မူပြီးနောက် သံဃာတော်များကိုတောင်းပန်၍ ၉ တိုင်း ၉ ဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်တော်မူခဲ့လေသည်။

ခရစ်တော်ဖွားမြင်သည်မှာ ဗုဒ္ဓထက် ၆၂၃ နှစ် နောက်ကျခဲ့သည်။



အစ္စလာမ်အယူကို ထူထောင်သူ မဟာမက်သည် အေဒီ ၅၇၁ ခုတွင် ဖွားမြင်သည်။ ၆၁၁ ခုတွင် အစ္စလာမ်တရားကို စတင်ဟောခဲ့သည်။ နှစ်အနည်းငယ် ကွာဟကောင်း ကွာဟနိုင်သော်လည်း ဗုဒ္ဓထက် နှစ်ပေါင်းများစွာ နောက်ကျပြီးမှ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာများ ပေါ်ပေါက်ခဲ့သည်ကို သိနားလည်နိုင်ပါသည်။

ထိုခုနှစ်များကွာဟမှုကို သိပြီးသည့်နောက် အသောကမဟာရာဇာက ၉ တိုင်း ၉ ဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်တော်မူခဲ့သော စာရင်းတွင် ယခုခေတ်အနေဖြင့် ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာဝင်များ နေထိုင်သောနိုင်ငံများ ပါဝင်နေသည်ကို နားလည်နိုင်ပေလိမ့်မည်။ ထိုစဉ်က ထိုကိုးကွယ်ယုံကြည်မှုများ မပေါ်ပေါက်သေးသောကြောင့် အသောကမဟာရာဇာအနေဖြင့် သာသနာပြုအဖွဲ့များကို အိန္ဒိယ၏ အရှေ့ဘက်သို့သာမက အနောက်ဘက်သို့လည်း စေလွှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

## အသောကမဟာရာဇာ သာသနာပြုစေလွှတ်ခြင်း

အသောကမဟာရာဇာသည် သင်္ဂါယနာတင်တော်မူပြီးသည့်နောက် မြတ်ဗုဒ္ဓသာသနာကို ၉ တိုင်း ၉ ဌာနသို့ စေလွှတ်တော်မူခဲ့လေသည်။ ထိုကဲ့သို့သော သာသနာပြုစေလွှတ်ခြင်းသည် မြတ်စွာဘုရားကိုယ်တော်တိုင် စိတ်ဝင်စားတော်မူခဲ့သော ကိစ္စဖြစ်သည်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က '*ရဟန်းတို့ တစ်ကြောင်းတည်းသောလမ်းတွင် နှစ်ပါးအတူ မသွားဘဲ တစ်ပါးစီ တစ်ပါးစီ နေရာအနှံ့သွား၍ ဓမ္မကိုဟောပြောကြပါ။ ဓမ္မကို ထွန်းလင်းအောင်ဆောင်ရွက်ကြပါ*' ဟု တိုက်တွန်းတော်မူဖူးသည်။ ထိုသို့တိုက်တွန်းခြင်းသည် သာသနာပြန့်ပွားလေလေ အကောင်းနှင့်အဆိုးအများနှင့်အမှန်ကို ခွဲခြမ်းသိမြင်သူ များလာမည်ဖြစ်သောကြောင့်ပင်။

အသောကမဟာရာဇာ သာသနာပြုစေလွှတ်သည့်နယ်များကို စိတ်ဝင်စားသူ လူငယ်များအတွက် အရှာရခက်နေမည်စိုး၍ တစ်ပါတည်း တင်ပြလိုက်ပါသည်။

၁။ ကသ္မီယနှင့် ဂန္ဓာရတိုင်းသို့ အရှင်မဇ္ဈန္တိကထေရ်ကို စေလွှတ်တော်မူသည်။

ထိုကသ္မီယမှာ ယခုအခါတွင် နိုင်ငံရေးပြဿနာများဖြင့် ရှုပ်ထွေးနေသော ကက်ရှမီးယားဒေသပင်ဖြစ်သည်။ ဂန္ဓာရတိုင်းသည် ယခုအချိန်တွင် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်ဟုခေါ်သော ဒေသများဖြစ်ကြသည်။ အထက်တစ်နေရာတွင် တင်ပြပြီးသည့်အတိုင်း ဂန္ဓာရတိုင်း (ယခု ပါကစ္စတန်) ရှိရာဒေသသည် တက္ကသိုလ်ဟု ယခုတိုင် ထင်ရှားသောမြို့တော်ဟောင်း တည်ရှိသည်။ ပညာဆည်းပူးလိုသော အရပ်ရပ်အပြည်ပြည်မှ လူအများ စုဝေးရောက်ရှိရာဒေသဖြစ်သည်။ ထိုတက္ကသိုလ်ပြည်သည် ပါကစ္စတန်နိုင်ငံတွင်းတွင် တည်ရှိ၍ ရှေးဟောင်းတူးကွက်များမှ ဆင်းတုပျက်များ ကျောင်းပျက်များ များစွာတွေ့ရှိရသည်။ ထိုတူးကွက်များမှ ရှေးဟောင်းပစ္စည်းများကို ကိုးကွယ်ယုံကြည်မှုအားဖြင့် မတူညီကြသော်လည်း ပါကစ္စတန်အစိုးရက ကောင်းစွာစောင့်ရှောက်၍ ပြတိုက်ပြခန်းများဖြင့် သေချာစွာပြသထားသည်။ ပါကစ္စတန်သည် အိန္ဒိယတိုက်ငယ်တစ်ခုလုံး လွတ်လပ်ရေးရသည့်အချိန်တွင်မှ သီးခြားနိုင်ငံတစ်ခုအဖြစ် ခွဲထွက်သွားသော နိုင်ငံဖြစ်သည်။

၂။ ဒုတိယသာသနာပြုအဖွဲ့သည် မဟိံသကတိုင်းသို့ ကြွရသည်။ မဟာဒေဝထေရ် ခေါင်းဆောင်ရသည်။ မဟာရေဝတထေရ်လည်း ထိုအဖွဲ့တွင် ပါဝင်သည်။ မဟိံသကတိုင်းမှာ မိုက်ဆိုးပြည်နယ် ဖြစ်လေသည်။ အိန္ဒိယတိုက်ငယ်အတွင်းတွင် တည်ရှိသည်။

၃။ တတိယသာသနာပြုအဖွဲ့မှာ ဝနဝါသီတိုင်းဖြစ်၍ အရှင်ရက္ခိတမထေရ် ခေါင်းဆောင်သည်။ အိန္ဒိယတိုက်ငယ်အတွင်းတွင် တည်ရှိသည်။

၄။ စတုတ္ထသာသနာပြုအဖွဲ့မှာ အပရန္တတိုင်းသို့ ကြွရောက်ရခြင်းဖြစ်၍ ယောနက ဓမ္မရက္ခိတမထေရ် ဦးဆောင်သည်။



အပရန္တတိုင်းမှာ ဘုံဘေမြောက်ဘက် ပင်လယ်ကမ်းခြေဟု ဖော်ပြထားသည်။ ယောနကဟူသော ဝိသေသနကို သုံးထားသဖြင့် ထိုသာသနာပြုအဖွဲ့ကို ဦးဆောင်သူမှာ ဂရိလူမျိုး ဖြစ်နိုင်သည်။

၅။ ပဉ္စမသာသနာပြုအဖွဲ့မှာ မဟာရဋ္ဌတိုင်းကို ကြွရောက်ရ၍ မဟာဓမ္မရက္ခိတမထေရ် ဦးဆောင်သည်။

၆။ ဆဋ္ဌမသာသနာပြုအဖွဲ့မှာ ယောနကတိုင်းသို့ ကြွရောက်ရခြင်းဖြစ်၍ မဟာရက္ခိတမထေရ် ခေါင်းဆောင်သည်။

ယောနကတိုင်းသည် ဂရိပြည်ဟုဆိုသော်လည်း ဂရိကျွန်းဆွယ်ဒေသ ဟုတ်ကောင်းမှ ဟုတ်ပေမည်။ ဂရိတို့ကိုယ်တိုင် တောင်ထူထပ်သဖြင့် ကျပ်တည်းကျဉ်းမြောင်းလှသော ဂရိကျွန်းဆွယ်မှထွက်ကာ ယခု တူရကီပြည်တည်ရှိရာဒေသ ပင်လယ်နက်ဝန်းကျင်ဒေသတို့အထိ ပျံ့နှံ့နေထိုင်ခဲ့ကြသည်။ ထိုဒေသများသို့ သာသနာပြုအဖွဲ့များ စေလွှတ်နိုင်မည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ဂန္ဓာရတိုင်း၏အနောက်ဘက်တွင် ကပ်လျက်တည်ရှိသော ဒေသသည် အီရန်အီရတ်စသောဒေသများ ဖြစ်သည်။ ယခင်က ကမ္ဘောဇတိုင်းဟုဆိုသည်။ အီရန်တွင် မီးနတ်ကိုးကွယ်သောဓလေ့ ထွန်းကားခဲ့ဖူးသည်။ ကြွယ်ဝသော အာဏာစက် ထက်မြက်သောသူဖြစ်သည့် အသောကမဟာရာဇာသည် ထိုထိုသောဒေသများသို့ သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့မည်မှာ သေချာသည်။ ယောနကဓမ္မရက္ခိတ၊ မဟာဓမ္မရက္ခိတ၊ မဟာရက္ခိတဟု ဘွဲ့တော်အားဖြင့် အနည်းငယ်ကွဲပြားသော်လည်း ယောနကတိုင်းသို့မှ မဟာရက္ခိတဟူသော ဘွဲ့တော်ဖြင့် မထေရ်တစ်ပါး ဦးဆောင်ကာ သာသနာပြု ကြွတော်မူခဲ့သည်။

ထိုခေတ်က ဒေသများကို ခေါ်ဆိုကြပုံမှာ တစ်မျိုးတစ်ဖုံ ထူးခြားသည်။ ယောနကတိုင်း ဂရိပြည်နှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် နှစ်ပေါင်း ၂၃၆ နှစ် ရှိသည့်အချိန်တွင်

ဂရိသို့ သာသနာပြု စေလွှတ်သည်ကို ဟုတ်မှဟုတ်ပါမည်လောဟု တွေးတောစဉ်းစားမိကြမည်ဖြစ်သည်။ ရှေးခေတ်ကတည်းက လူ အများသည် သဲကန္တာရများကို ကျော်ကာ ခရီးသွားတတ်ကြသည်။ ရေကြောင်းခရီးဖြင့်လည်း နေရာအနှံ့သို့ ရောက်ခဲ့ကြဖူးသည်။ ထိုခေတ်က စစ်ပွဲဖြစ်ပွားသည့်နောက် နိုင်ငံအများအပြားသည် ပျက်စီး၍ ကျန်ရစ်သည်မှာ မှန်ပါသည်။ သို့သော် စစ်ချီတက်ရာ လမ်းကြောင်းသည် နောင်တွင် ကုန်သွယ်လမ်းကြောင်းဖြစ်၍ ကျန် ခဲ့သည်လည်း ရှိသည်။

စစ်ချီတက်ရာတွင် တစ်ပါတည်းခေါ်ခဲ့သော ပစ္စည်းသယ်ဆောင် သည့်သူများ အခြားလိုအပ်သည့်အလုပ်ကို လုပ်ဆောင်ပေးသည့် အလုပ်သမားများ မောင်းမမိသံများစသည့်သူတို့သည် စစ်ဦးပြန်လှည့် သောအခါ တစ်ပါတည်းပြန်လိုက်မသွားဘဲ နေခဲ့သူများရှိသည်။ မဟာအလက်ဇန္ဒာ၏ စစ်သည်တော်များအနက်မှ ထိုကဲ့သို့ အိန္ဒိယ နိုင်ငံ ပန်ဂျပ်ဒေသတွင် ကျန်ရစ်ခဲ့သော ဂရိလူမျိုးများမှာ သီးခြား လူမျိုးတစ်မျိုးအဖြစ် သီးခြားယဉ်ကျေးမှု နေမှုထိုင်မှုဖြင့် အခြား အိန္ဒိယသားများနှင့်မတူဘဲ ထူးခြားနေခဲ့သည်။ ထိုသူများသည် အမိ နိုင်ငံများနှင့် ဆက်သွယ်ကူးသန်းမှုပြုမည်မှာလည်း သေချာသည်။ ထိုသူများထဲမှ ဂရိတို့ကျွမ်းကျင်သော ရုပ်တုထုခြင်းအတတ်ပညာကို ကျွမ်းကျင်သူတို့သည် ရှေးဦးဗုဒ္ဓရုပ်ပွားတော်များကို ပထမဦးဆုံး ထုလုပ်သူများဖြစ်သည်။ ထိုရှေးဦးရုပ်ပွားတော်များ၏ မျက်နှာသွင် ပြင်သည် ဂရိရုပ်တုများ၏မျက်နှာသွင်ပြင်နှင့် တူကြသည်။ ထို ရုပ်ပွားတော်များကို ဂန္ဓာရလက်ရာ ရုပ်ပွားတော်များဟု ညွှန်းဆို လေ့ရှိကြသည်။

ထို့ပြင် သင်္ဂါယနာတင် ဗုဒ္ဓစာပေတွင် မိလိန္ဒပဉှာဟုခေါ်သော အမေး အဖြေ ကျမ်းတစ်ကျမ်း ပါဝင်ပါသည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက်မှ အိန္ဒိယရှိ မိလိန္ဒအမည်ရှိ မင်းတစ်ပါးက အရှင်



နာဂသေနဘွဲ့တော်ရသော ရဟန္တာအရှင်မြတ်တစ်ပါးကို သာသနာ ရေးဆိုင်ရာ မေးခွန်းပုစ္ဆာများကို မေးတော်မူခဲ့သည်။ အရှင်နာဂသိန် ကလည်း မေးတိုင်း မေးတိုင်းပင် ဖြေဆိုတော်မူနိုင်ခဲ့သည်။ ထို မိလိန္ဒမင်းဆိုသည်မှာ ထိုအိန္ဒိယအနောက်မြောက်ဒေသတွင် အခြေချ နေထိုင်နေသော လူမျိုးစုမှ မင်းဖြစ်သည်။ ဂရိတို့၏ဓလေ့ထုံးစံအတိုင်း အမေး အဖြေဖြင့် ပြဿနာရပ်များကို သုံးသပ်သောအကျင့်ကို ဆက် လက်ကျင့်သုံးသည်ဟု ယူဆကြသည်။

၇။ သတ္တမသာသနာပြုအဖွဲ့မှာ ဟိမဝန္တာတောင်ခြေရှိ အရပ်ဒေသဖြစ်၍ ဦးဆောင်သူမှာ မၛ္ဈိမထေရ်နှင့် ကဿပထေရ်တို့ ဖြစ်ကြသည်။ ဟိမဝန္တာတောင်ခြေဟုဆိုသည်မှာ သီတဂူဆရာတော်ကြီး၏အဆို အရ ဟိမဝန္တာတောင်ကိုကျော်၍ မြောက်ဘက် အရှေ့မြောက်ဘက် တလွှားရှိ စိန့်တိုင်းခေါ် တရုတ်နိုင်ငံဘက်ဖြစ်သည်ဟု ဆိုသည်။ စီနရဋ္ဌခေါ် စိန့်တိုင်းမှာ မြေစေးဖြင့် အသက်မွေးသည့်နိုင်ငံဖြစ်၍ ခေါ်ကြသောနိုင်ငံဖြစ်သည်။ အိန္ဒိယတိုင်းသားများက ကျိနပြည် ဟုခေါ်ကြသည်။ စိနပြည်မှ အကောင်းဆုံးအမျိုးအစား ကြွေထည် များထွက်ရှိသည်။ ထိုကြွေထည်များမှာ မြေစေးဖြင့် လုပ်ခြင်းဖြစ် သည်။ ထိုစိနသို့လည်း သာသနာပြုအဖွဲ့စေလွှတ်ခဲ့သည်ဟု သီတဂူ ဆရာတော်ကြီး၏ ထေရဝါဒဗုဒ္ဓသာသနာသမိုင်းတွင် ဆိုသည်။ ထိုခေတ်က တရုတ်နိုင်ငံမှ ပိုးထည်ကိုပဓာနထား၍ အနောက်ဘက် နိုင်ငံများနှင့် ကုန်စည်ကူးသန်းရောင်းဝယ်သော လမ်းမကြီးကို ပိုး လမ်းမဟု ခေါ်သည်။ ထိုပိုးလမ်းမသည် အိန္ဒိယကိုလည်း ဖြတ်သန်း သည်။ ထိုသို့ကုန်စည်ကူးသန်းမှု အဆက်အသွယ်ရှိသည့်ပြင် အိန္ဒိယ တိုက်ငယ်တွင်း၌ တည်ရှိသော တက္ကသိုလ်ပြည်သို့ တရုတ်လူမျိုး ရဟန်းတော်များလည်း အရောက်အပေါက်များသည်။ ထို့ကြောင့် စိန့်တိုင်းသို့ အသောကမဟာရာဇာက သာသနာပြုအဖွဲ့ စေလွှတ် မည်မှာ ယုံမှားဖွယ်မရှိပေ။

၈။ အဋ္ဌမအဖွဲ့မှာ သုဝဏ္ဏဘူမိတိုင်းသို့ကြွရ၍ အရှင်သောဏထေရ်နှင့် ဥတ္တရထေရ်တို့ ဦးဆောင်သည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ သုဝဏ္ဏဘူမိတိုင်းသို့ အရှင်သောဏနှင့် အရှင်ဥတ္တရအရှင်မြတ်တို့ သာသနာပြုရန် ကြွရောက်လာခြင်း ဖြစ်သည်။ ထိုအရှင်မြတ်နှစ်ပါး ကြွရောက်သောဒေသသည် အရှေ့တောင်အာရှဒေသဖြစ်သည်။ မြေကလည်း ဝါရွှေသောအဆင်းရှိသည်။ သဒ္ဓါတရားနှင့် ပြည့်စုံသောသူများလည်း နေထိုင်သည်။ ထိုဒေသထဲတွင် မြန်မာနိုင်ငံသာမက ထိုင်းနိုင်ငံလည်း အကျုံးဝင်ပါသည်။ အရှင်သောဏနှင့် အရှင်ဥတ္တရတို့သည် မြန်မာနိုင်ငံ သထုံတစ်ဝိုက်တွင် ဓမ္မကိုဖြန့်ဝေတော်မူကြပြီးနောက် သာသနာတော်ကို ပြန့်စေ၍ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံကို ခြားနားထားသော တောင်တန်းကိုကျော်ကာ ထိုင်းနိုင်ငံအတွင်းသို့ သာသနာပြုရန် ဝင်တော်မူခဲ့ကြလေသည်။ ပထမဆုံး သာသနာရောက်သည့်ဒေသတွင် နခေါင်ပထွန်ဟု ဘွဲ့တော်ချည်သော ပုထိုးတော်ကြီး တစ်ဆူကို ထိုင်းလူမျိုး သာသနာတွင်သက်ဝင်သူများက တည်ထားခဲ့ကြရာ ယခုထက်တိုင် အထူးထင်ရှားလေသည်။

၉။ နဝမအဖွဲ့မှာ လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ) သို့ ကြွတော်မူရ၍ အရှင်မဟိန္ဒမထေရ် ဦးဆောင်သည်။ ထိုသီရိလင်္ကာ သာသနာပြုအဖွဲ့တွင် ဦးဆောင်သူမှာ အရှင်မဟိန္ဒမထေရ် တစ်ပါးသာ မကပါ။ အရှင်မသံဃမိတ္တာလည်း ပါဝင်သည်ဟု အစဉ်တစိုက် ပြောဆိုရေးသားခဲ့ကြပါသည်။ နှစ်ဦးစလုံးမှာ အသောကမဟာရာဇာ၏ သားတော်နှင့် သမီးတော်တို့ဖြစ်ကြပါသည်။ သီဟိုဠ်တွင် သာသနာပျံ့ပွားသည်မှာ အသောကမဟာရာဇာ၏ ကြိုးပမ်းမှုလည်း များစွာပါဝင်သည်။

အသောကမဟာရာဇာသည် ကျောက်တိုင်များ ကျောက်စာချပ်များ ပေါ်တွင် သူ၏လုပ်ရပ်များကို ထွင်း၍ထားခဲ့သည့်အထဲမှ ခန့်ညားထယ်ဝါစွာ



ကျန်ရှိနေသော ကျောက်စာတိုင်များ ကျောက်စာချပ်များ၏ကျေးဇူးကြောင့် သိသင့်သိထိုက်သော သူ၏စိတ်နေသဘာဝနှင့် လုပ်ရပ်များကို သိရသည်။

မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင် သူတော်စင်များ၏ နှလုံးသားတွင်လည်းကောင်း ဟန်ချက်ညီညီသုံးသပ်ရေးသားတတ်သော ငြိမ်းချမ်းရေးကို မြတ်နိုးသော စာရေးဆရာကြီးများ၏ စာပေများထဲတွင်လည်းကောင်း အသောကမဟာရာဇာသည် ချစ်ခင်မြတ်နိုးဖွယ်ကောင်းသော ကြည်ညိုဖွယ်ကောင်းသော မင်းမြတ်တစ်ပါးအဖြစ် ထာဝစဉ် ရှင်သန်နေမည်မှာ သေချာပါသည်။ ။



ဂျူးလီးယပ်စ်ဆီဇာ

စာအုပ်များစုဝေးရာ

## ဂျူးလီးယပ်စ် ဆီဇာ

ယခုခေတ် လူငယ် လူရွယ်များအဖို့ အလုပ်အမျိုးမျိုးကြောင့် စာဖတ်ရန် အချိန်နည်းပါးကြသည်။ ကျမ်းကြီးကျမ်းခိုင် စာကြီးပေကြီးများတွင် မွေ့လျော်ကျရာမွေ၍ ဖတ်ရမည့်အလုပ်ကို လုပ်နေသူများအနေဖြင့်လည်း မိမိတို့ ကျင်လည်နေသည့် စာပေဝန်းကျင်၏အပြင်တွင်ရှိနေသော အကြောင်းအရာများကို မသိကြတော့ချေ။ ထိုသို့ ပတ်ဝန်းကျင်ကျဉ်းကျဉ်းကလေးတွင် ကျင်လည်နေကြသူများအဖို့ အကြောင်းအားလျော်စွာ လောကစံနှင့် ကြုံတွေ့ရသောအခါ ဖြေပြရာ ခက်ခဲတတ်ပါသည်။ အကြောင်းမှာ လူများများ၏အကြောင်းကို မသိခြင်းသည် ထိုလူများ၏ အတွေ့အကြုံများကို မသိခြင်းဟု ဆိုနိုင်သည်။ အတွေ့အကြုံမျိုးစုံကို သိသည့်သူသည် လောကအလယ်တွင် ဖြစ်ပျက်နေသည့်အကြောင်းခြင်းရာများကို စာသိနှင့် ချိန်ထိုးကြည့်နိုင်သည်။ ထိုဟာကွက်ကို စာရေးသူတစ်ဦးအနေဖြင့် ဖြည့်ဆည်းပေးသင့်သည်ဟု ခံယူပါသောကြောင့် ချစ်သူမုန်းသူများသည့် ကျော်ကြားသူများဟူသော ခေါင်းစဉ်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော သမိုင်းဝင်ပုဂ္ဂိုလ် အချို့၏ အကြောင်းကို ရွေးချယ်တင်ပြပါသည်။

### က။ ဂျူးလီးယပ်စ် ဆီဇာ

'ချစ်သူမုန်းသူများသည့် ကျော်ကြားသူများ' ဆိုသည့်ခေါင်းစဉ်ကို ယူ၍ရေးသည့်အခါတွင် ရွေးချယ်ရေးသားသည့် လူပုဂ္ဂိုလ်၏ ကိုယ်ရေးကိုယ်တာ အကြောင်းထုပ္ပတ်ကိုသာမက ထိုသူနေထိုင်သွားသည့် ပထဝီဝင် ပတ်ဝန်းကျင်နှင့်ဆိုင်သော အကြောင်းအရာများ၊ လူမှုရေးဆိုင်ရာ ပတ်ဝန်းကျင် အကြောင်းများ၊ နိုင်ငံရေးဆိုင်ရာ ပတ်ဝန်းကျင်အကြောင်းများကိုပါ

ကျယ်ကျယ်ဝန်းဝန်း တင်ပြခဲ့ပါသည်။ ထိုသို့တင်ပြသည်မှာ စာဖတ်ရန် အချိန်လုနေရသော လူငယ်များ၊ စာအုပ်စာတန်း ရှာဖွေရန်ခက်ခဲသော လူငယ်များအတွက် အဆင်ပြေစေလိုသော စေတနာဦးစီးသောကြောင့်လည်း ဖြစ်ပါသည်။

ထို့ပြင် လူတစ်ယောက်၏ အကျင့်စရိုက်များ ဆောင်ရွက်ချက်များသည် ပထဝီဝင်နောက်ခံ၊ နိုင်ငံသမိုင်းနောက်ခံ၊ လူမှုရေးနောက်ခံ၊ ယဉ်ကျေးမှုနောက်ခံများနှင့် မည်ကဲ့သို့ဆက်သွယ်နေသည်ဆိုသည့် အကြောင်းကို လူငယ်များကို ပြောပြချင်သောကြောင့်လည်း ဖြစ်ပါသည်။

ယခုတစ်ပတ်ကစ၍ တင်ပြမည်မှာ ရောမစစ်သူကြီး 'ဂျူးလီးယပ်စ် ဆီဇာ' ၏ အကြောင်းဖြစ်ပါသည်။ ထိုသူသည် ရောမနိုင်ငံသားဖြစ်သဖြင့် ရောမ၏အကြောင်းကစ၍ တင်ပြမည်ဖြစ်ပါသည်။ ရောမလက်နက်နိုင်ငံတော်သည် ကျယ်ပြောလှသော နိုင်ငံတော်ဖြစ်သည်။ ထိုနိုင်ငံတော်ကို ထူထောင်ခဲ့ကြသောသူများမှာ လယ်ယာစိုက်ပျိုးခြင်းနှင့် အသက်မွေး ဝမ်းကျောင်းမှု ပြုကြသော လက်တင်နီ (Latini)ဟု အမည်တွင်သည့် လူမျိုးစုမှ ဆင်းသက်လာကြသောသူများဖြစ်သည်။ ထိုသို့လယ်ယာ စိုက်ပျိုး၍ ရိုးသားစွာ နေထိုင်စားသောက်လေ့ရှိသော သူတို့၏တန်ခိုးသြဇာသည် အမြင့်မားဆုံးသော အခြေအနေတွင် အနောက်မြောက်ဘက်တွင် ဗြိတိန်ကျွန်းအထိ၊ အရှေ့ဘက်တွင် အာရပ်တို့နေထိုင်ရာ ဒေသအထိ၊ အာဖရိကတိုက် မြောက်ပိုင်းမှ ယခုရုရှားပြည်၏နယ်စပ်အထိ ကျယ်ပြန့်ခဲ့ပါသည်။

ရောမသမိုင်းတွင်လည်း ပုံပြင်ကြီးစိုးခဲ့ပါသည်။ ပုံပြင်အရ ရိုမြူလပ်စ်နှင့် ရီးမတ်စ် (Romulas & Remus) တို့သည် အမွှာနတ်သားကလေးများဖြစ်ကြသည်။ သူတို့၏ခမည်းတော်မှာ မားစ်နတ်မင်းဖြစ်သည်။ မားစ်နတ်မင်းသည် စစ်ကိုကြီးစိုးသောနတ်မင်းဖြစ်သည်။ မားစ်နှင့် ဖူးစာဖက်မိသူမှာ ဘုရင်နူမိတာ၏သမီးဖြစ်သူ ရီအာ ဖြစ်သည်။ ရိုမြူးလပ်စ်နှင့် ရီးမတ်စ်တို့ ကလေးအရွယ်တွင် သူတို့၏ဦးရီးတော်သည် အဘိုးဖြစ်သူ၏ ထီးနန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုသူသည် ကလေးများကို ခြင်းတောင်းတစ်လုံးတွင်ထည့်ကာ ပင်လယ်ကြောသို့ မျှောလိုက်လေသည်။



ကလေးများသည် ရေနစ်၍သေမည်၊ သို့မဟုတ် ရေငတ်၍သေမည်ဟု သူကယူဆသည်။ သို့သော် သူယူဆသည့်အတိုင်း ဖြစ်မလာဘဲ ခြင်းတောင်းကို လှိုင်းပုတ်သောကြောင့် သောင်ပြင်ပေါ်သို့ ခြင်းတောင်းရောက်သွားကာ ကလေးများလည်း ဆာလောင်လှသောကြောင့် ငိုကြွေးနေခဲ့ကြသည်။

ကလေးများ၏ ငိုကြွေးသံကိုကြားသော ဝံပုလွေမကြီးတစ်ကောင်သည် ကလေးများထံသို့လာကာ သူ၏နို့ကို တိုက်ကျွေးခဲ့သည်။ ကလေးများသည် ဝံပုလွေ၏နို့ကိုစို့၍ ရက်အတန်ကြာသော် သိုးကျောင်းသားတစ်ယောက်ကတွေ့၍ ကလေးများကို သူ့အိမ်သို့ခေါ်ဆောင်လာကာ သားအရင်းများကဲ့သို့ မွေးမြူခဲ့သည်။

ကလေးများ ကြီးပြင်းလာသည့်အချိန်တွင် သူတို့၏ထီးနန်းကို လုယူထားသည့် ဦးရီးကိုသတ်ကာ ထီးနန်းကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြသည်။ ထို့နောက် မြို့တော်သစ်ကို တည်ဆောက်ခဲ့သည်။ ထိုသို့တည်ဆောက်ရာတွင် မြို့ထိပ်၌ သူတို့ကို နို့ချိုတိုက်ကျွေးခဲ့သော ဝံပုလွေမကြီးကို အမှတ်တရရှိသောအားဖြင့် ဝံပုလွေမကြီး၏ရုပ်တုကို ထုလုပ်၍တင်ထားခဲ့သည်။ သို့သော် ညီနောင်နှစ်ပါးတို့သည် မြို့တော်မပြီးမီအချိန်မှာပင် အချင်းများကြသည်။ ထိုသို့အချင်းများရာတွင် ရီးမတ်စ်ကို ရိုမြူလပ်စ်က သတ်လိုက်သည်။ ထို့ကြောင့် မြို့တော်သစ်ပြီးသည့်အချိန်တွင် ရိုးမြူလပ်စ်ကို Romulus ဂုဏ်ပြုသောအားဖြင့် Rome ဟုခေါ်တွင်ခဲ့သည်။ ရိုမြူလပ်စ်သည် နှစ်ပေါင်း ၄၀ ကြာအောင် နိုင်ငံအုပ်ချုပ် မင်းလုပ်ပြီးနောက် ကွယ်လွန်သောအချိန်တွင် နတ်ပြည်သို့ ခေါ်ဆောင်သွားခြင်းခံရကာ နတ်သားတစ်ပါး ဖြစ်သွားသည်ဟု ဆိုသည်။

ထိုကဲ့သို့ ခြင်းတောင်းတွင် ကလေးထည့်၍မျှောကာ ကလေးမသေဘဲ ကြီးပြင်းလာသည့်အကြောင်း။ ဆိုးသွမ်းသော ဦးရီးတော် သို့မဟုတ် သူစိမ်းက ထီးနန်းကိုပြန်၍ သိမ်းပိုက်ယူငင်နိုင်သည့်အကြောင်းတို့သည် ဂရိပုံပြင်များတွင်လည်း ပါဝင်ခဲ့ကြပါသည်။ ပုံပြင်သည် လူ့ပတာတ်စမြဲဖြစ်ပါသည်။

သမိုင်းတင်နိုင်သော အကြောင်းများမှာ တစ်မျိုးတစ်ဘာသာ ဖြစ်

ပါသည်။ လက်တင်ဘာသာစကား ပြောဆို၍ လက်တင်နိုဟုခေါ်သော လူမျိုးစုသည် ယခုရောမဟုခေါ်သည့် မြို့တော်ဝန်းကျင်ဒေသတွင် စိုးမိုးအုပ်ချုပ် မင်းလုပ်နေကြသော အီထရူစကင်မင်းများ (Etruscan) လက်ထဲမှ အာဏာကို ဘီစီ ၅၀၉ ခုနှစ်တွင် သိမ်းယူလိုက်ကြသည်။ ထို့နောက် ရောမမြို့ကိုစွဲ၍ ရိုမန်လူမျိုးဟုတွင်လာသူ လက်တင်စကားပြောသူများက သူတို့၏ဓလေ့စရိုက်များ၊ သူတို့၏ ဥပဒေများ၊ သူတို့၏ဘာသာစကားတို့ကို အီတလီကျွန်းတစ်ကျွန်းလုံးကိုသာမက မြေထဲပင်လယ်ဝန်းကျင်ဒေသနှင့် ဥရောပတိုက်တစ်တိုက်လုံးကိုပါ လွှမ်းခြုံသွားသည့်တိုင် ပြန့်ခဲ့လေသည်။ ထိုသို့ပြန့်ဝေနိုင်သည်မှာ စစ်ရေးအရ အထက်ဖော်ပြပါ ဒေသအသီးသီးသို့ ရောက်ရှိခဲ့သောကြောင့် ဖြစ်သည်။

ရှေးဟောင်းသုတေသနပညာရှင်များသည် ရောမလူမျိုးတို့ စိုးမိုးခဲ့သည့်ဒေသများတွင် တူညီသောအဆောက်အအုံများကို တူးဖော်တွေ့ရှိတတ်သည်။ ထို့ကြောင့် ရောမလူမျိုးများ မည်သို့နေထိုင်စားသောက်သည်ကို သိနားလည်နိုင်ခဲ့ကြသည်။ ရောမမြို့များတွင် သူ့ရပ်ကွက်နှင့်သူ တူညီသောလူနေအိမ်များကို ဆောက်လုပ်နေထိုင်ခဲ့ကြသည်။ အောက်ထပ်တွင် ဈေးဆိုင်များ အလုပ်ရုံများထားရှိ၍ အထက်ဘက်တွင် လူနေအိမ်များရှိသည်။ ခေတ်မီလွန်းသဖြင့် စိတ်ဝင်စားဖွယ် အံ့သြဖွယ်ရာကောင်းလှသည်။

ကြွယ်ဝသောသူများသည် ခြံကြီးများအတွင်း ပန်းဥယျာဉ်များအလယ်တွင် အဆောင်ဆောင် အခန်းခန်းပါဝင်သော တိုက်အိမ်များတွင် နေထိုင်ကြသည်။ ကျေးကျွန်စနစ် အမြင့်မားဆုံးအထိ ထွန်းကားခဲ့သောခေတ်ဖြစ်သဖြင့် ထိုအိမ်ကြီးများတွင် ကျွန်များအတွက်ပါ အခန်းများပါဝင်သည်။ အင်္ဂလိပ်ဘာသာစကားဖြစ်သော မိသားစုဟု မြန်မာလိုပြန်ဆိုထားသည့် (Family) သည် လက်တင်ဘာသာစကားဖြစ်သော (Familia) မှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုဘာသာစကားမှာ တစ်အိမ်တည်း အတူနေ မိဘများ သားသမီးများ အဆွေအမျိုးများနှင့် ကျေးကျွန်များ အစေခံများ အားလုံးကို စုရုံးခေါ်ဆိုသော ဝေါဟာရဖြစ်ပေသည်။



ကြွယ်ဝသော ရောမအိမ်များတွင် ထမင်းစားခန်း နှစ်ခန်းရှိသည်။ ထိုသို့နှစ်ခန်းထားခြင်းမှာ တစ်နှစ်ပတ်လုံး အလင်းရောင်လုံလောက်စွာ ရရှိအောင် စီမံထားခြင်းဖြစ်သည်။ ရောမသားတို့သည် ဟင်းခတ်အမွှေးအကြိုင်များထည့်၍ ချက်ထားသောဟင်းများကို စားသောက်လေ့ရှိကြသည်။ သူတို့အတွက် ပဓာနကျသော အစားစားချိန်မှာ ညနေ ၄ နာရီခန့်တွင် ဖြစ်သည်ဟုဆိုသည်။

လူနေတိုက်ခန်းများတွင် နေထိုင်သူတို့သည် တစ်နေ့တာလုံး ဖွင့်လှစ်ရောင်းချသော ဆိုင်များမှ စားစရာပူပူနွေးနွေးများကို ဝယ်ယူ၍ အိမ်သို့ယူကာ စားသောက်လေ့ရှိကြသည်ဟု ဆိုသည်။ အစားအသောက်ဆိုင်များသာမက အဝတ်အထည်ဆိုင်များ၊ လက်ဝတ်ရတနာဆိုင်များလည်း ရှိကြသည်။ မိန်းမရော ယောကျ်ားများပါ လက်စွပ်များ ရင်ထိုးများကို တန်ဆာအဖြစ် ဝတ်ဆင်တတ်ကြသည်ဟု ဆိုသည်။

ရောမမြို့များတွင် ဖြောင့်တန်းသောလမ်းများရှိသည်။ လမ်းများသည် ထောင်လိုက်အားဖြင့်လည်းကောင်း အလျားလိုက်အားဖြင့်လည်းကောင်း တစ်လမ်းနှင့်တစ်လမ်း ညီညာသောရပ်ကွက်များဖြစ်အောင် ဖြတ်သန်းကာ လူနေအိမ်များကို စနစ်တကျ ဆောက်လုပ်ထားစေသည်။ မြို့တွင်းတွင် အုပ်ချုပ်ရေးရုံးများလည်း သီးသန့်တည်ရှိသည်။ ဇာတ်ရုံစသော ပျော်ပွဲရွှင်ပွဲများ ကျင်းပရာ အဆောက်အဦများလည်း ရှိသည်။

ရောမမြို့များတွင် ရေပေးဝေရေးစနစ်ထားရှိကာ သုံးရေကို အချိန်မှန် ပေးလေ့ရှိသည်။ အညစ်အကြေးစွန့်ပစ်ရာတွင်လည်း စနစ်တကျရှိသည်။ ရေပေးဝေရာတွင် ပင်မရေပိုက်ကြီးမှတစ်ဆင့် သစ်သားပိုက်များ မြေမီးဖုတ်ပိုက်များနှင့် ရေကိုသွယ်ယူကာ နေအိမ်များ လုပ်ငန်းခွင်များ လူသူအများအပန်းဖြေရာ ရင်ပြင်များရှိ ရေပန်းဖောင်တိန်များ လူသူအများ သုံးရန် လမ်းဘေးတွင်ထားရှိသည့် ရေကန်များသို့ ပေးဝေသည်။ ရေချိုးအိမ်များသို့လည်း ရေပေးရသည်။

ရောမမြို့များတွင် ပျော်ပွဲရွှင်ပွဲများအတွက် ဇာတ်ရုံနှင့် မြင်း ၄

ကောင်တာပ် ရထားများ ပြိုင်ပွဲကျင်းပနိုင်လောက်အောင် ကျယ်ဝန်းသော အားကစားကွင်းများ ရှိတတ်သည်။ လေဟာပြင်ဇာတ်ရုံလည်း ရှိသေးသည်။

ရောမတို့သည် နိုင်ငံအများအပြားကို သိမ်းယူနိုင်သည့်နောက်ပိုင်းတွင် ရိုးသားသောတောင်သူလယ်လုပ် စားမခုတ်များဘဝမှ ဆင်းသက်လာသည်ကို မေ့လျော့သွားကြသည်။ နိုင်သည့်စစ်ပွဲတိုင်းမှ အသုံးအဆောင်ကောင်းများကိုသာ ရရှိသည်မဟုတ်။ လူအင်အား အများအပြားကိုလည်း ဖမ်းဆီးယူဆောင်ခဲ့လေ့ရှိကြသည်။ ထိုသူများကို ကျွန်များအဖြစ် ခိုင်းစေရန် ရောင်းချတတ်ကြသည်။ နေရာတိုင်းတွင် ကျွန်လုပ်အားကို သုံးတတ်ကြသည်။ ရောမသည် အကြွယ်ဝကြီး ကြွယ်ဝလာသည့်အချိန်တွင် ရောမသားများသည် ယခင်က ပျော်နည်းမျိုးဖြင့် ပျော်ရွှင်နိုင်ခြင်းမရှိတော့သဖြင့် လူလူချင်း သတ်ဖြတ်သည့်ပွဲများကို ကျင်းပကာ မိန်းမ ယောကျ်ားမရွေး မက်မောစွာကြည့်၍ ပျော်ရွှင်တတ်ကြသည်။ လောင်းကစား ပြုတတ်ကြသည်။ လူလူချင်း တိုက်ခိုက်သတ်ဖြတ်ရန် မွေးမြူလေ့ကျင့်ခြင်းခံရသူများမှာ တခြားနိုင်ငံများမှ သုံ့ပန်းများအဖြစ် ဖမ်းဆီးလာခဲ့ကြသော ကျွန်များဖြစ်သည်။ သူတို့ကို ဂလက်ဒီရေးတားများ Gadiators ဟု ခေါ်ကြသည်။

## ခ။ ဂျူးလီးယပ်စ်ဆီဇာ

ယခင်တစ်ပတ်က ရောမတို့၏မြို့ပြတည်ဆောက်ကာ နေထိုင်သည့်နည်းတို့ကို တင်ပြခဲ့ပြီးဖြစ်သည်။ ယခု ရောမတပ်မတော် ဖွဲ့စည်းပုံကို တင်ပြလိုပါသည်။ ရောမသားတို့သည် အစောပိုင်းက အမြဲတမ်းတပ်မတော် ဖွဲ့စည်းထားခြင်း မရှိပေ။ စစ်ရေးနှင့်ကြုံပါမှ ရေတပ်မတော်ကိုလည်းကောင်း ကြည်းတပ်မတော်ကိုလည်းကောင်း ဖွဲ့စည်းလေ့ရှိကြသည်။ နောက်ပိုင်းတွင် ရောမသည် ဖွံ့ဖြိုးလာသည်။ လက်နက်နိုင်ငံတော်အဖြစ် တိုးတက်ဖွံ့ဖြိုးလာတော့မည့် အခြေအနေသို့ရောက်လာခဲ့သည်။ ထိုအချိန်တွင်မှ ရောမအမျိုးသား တပ်မတော်ကို အမြဲတမ်းတပ်မတော်အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။



အခြားသော အသက်မွေးဝမ်းကျောင်းမှုများကို လုပ်ဆောင်ရန် အချိန်မရှိတော့အောင် စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ကြရသဖြင့် ရောမတပ်မတော်သားများကို လစာရိက္ခာ သတ်မှတ်ပေးခဲ့ကြရသည်။

အမြဲတမ်းတပ်မတော် ထားရှိနိုင်သည့်အချိန်မှစ၍ ရောမလူမျိုးတို့သည် အချိန်မရွေး စစ်ရေးလုံးပမ်းမှုများ ပြုလာနိုင်ခဲ့ကြလေသည်။ ရောမတပ်မတော်ကို လီဂျင်း Legion ဟုခေါ်ဆိုသော တပ်ခွဲများဖြင့် ဖွဲ့စည်းထားသည်။ ထိုတပ်ခွဲတစ်ခု တွင် လူအင်အား ၅၀၀၀ ပါဝင်သည်။ လူ ၈၀ ကို တစ်ဖွဲ့ကျထား၍ စင်ကျူရီယန်ဟုခေါ်သော အရာရှိတစ်ဦး အုပ်ချုပ်ကာ စစ်ရေးလေ့ကျင့်ထားသည်။ ထိုအစုတစ်စုချင်းကို ခေါင်းဆောင်တစ်ယောက် ဦးစီးကာ တိုက်ပွဲဝင်လေ့ရှိသည်။ စင်ကျူရီယန် Centurion ဆိုသည်မှာ လူ ၁၀၀ ကိုအုပ်ချုပ်ရသူဟု အဓိပ္ပာယ်ရသည်။

ထိုလီဂျင်းခေါ် ကြည်းတပ်မတော်သားများကို လက်နက်ကောင်းစွာ တပ်ဆင်ထားသည်။ မြင်းစီးတပ်သားများ Cavalry များသည် စစ်မြေပြင်တွင် မြင်းစီး၍ တိုက်ခိုက်ကြသည်။ အချို့သောတပ်သားများအား လောက်လွှဲစက် Catapults များကို သုံးစွဲတတ်ရန် လေ့ကျင့်ပေးထားသည်။ အချို့သောတပ်သားများကို အင်ဂျင်နီယာများအဖြစ် လေ့ကျင့်သင်ကြားထားသည်။

ရောမတပ်မတော်သည် ရောမနှင့်စပ်လျက်ရှိသော နယ်များအပြင် အဝေးမှ မြို့ပြပြည်ရွာများကိုပင် သွားရောက်၍ တိုက်ခိုက်သိမ်းပိုက်ကာ ရောမလူမျိုးများ လွှမ်းမိုးသော ကမ္ဘာ့ရပ်ဝန်းဒေသတစ်ခုကို တည်ထောင်နိုင်ခဲ့သည်။ ရောမတို့သည် ပတ်ဝန်းကျင်ဒေသများကို သိမ်းပိုက်နိုင်ခြင်းဖြင့် လူ့အရင်းအမြစ်များကို ကောင်းစွာစုစည်းသိမ်းပိုက်နိုင်သည့်ပြင် သိမ်းပိုက်မိသော ဒေသအသီးသီးမှ အနှစ်ရှိသမျှကို ယူနိုင်ခဲ့ကြသဖြင့် ကြွယ်ဝလာလေသည်။

အလက်ဇန္ဒာလက်ထက်က နယ်များကိုသိမ်းပိုက်၍ အနှစ်ရှိသမျှ ယူကြသော်လည်း သိမ်းပိုက်မိသည့်နယ်များကို တိုးတက်အောင် ဆောင်ရွက်မပေးဘဲ ပစ်ထားခဲ့ကြသည်ကို သတိရကြလိမ့်မည်ဟု ယူဆပါသည်။ ရောမ

တပ်မတော်မှ စစ်သူကြီးများကမူ ထိုသို့မဟုတ်ချေ။ ရောက်လေရာအရပ်တွင် လမ်းများဖောက်ခဲ့ကြသည်။ ခံတပ်များဆောက်ခဲ့ကြသည်။ ထို့ပြင် ရောမတို့ သိမ်းပိုက်ပြီးသည့် နယ်စပ်ဒေသများအထိ လုံခြုံရေးရရှိအောင် ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင် ရောမလက်အောက်ခံနယ်ပယ်များကိုလည်း စနစ်တကျ သတ်မှတ်ထားခဲ့ကြသည်။ တစ်ခါတစ်ရံ မြစ်များသည် နယ်ကြားမျဉ်းကြောင်းများဖြစ်ခဲ့သည်။ တစ်ခါတစ်ရံ တောင်တန်းများ ပင်လယ်များသည် နယ်ခြားမှတ်တိုင်များ ဖြစ်ခဲ့ကြသည်။ နေရာအနှံ့ဆိုသလို ရောမများသည် နယ်ခြားတံတိုင်းများ တည်ဆောက်ခဲ့ကြသည်။ ဥပမာ မြောက်ပိုင်းတွင် ရောမတို့၏ပိုင်နက်မှာ ရိုင်းမြစ်မှသည် ဒင်နုဗ် (Rhine river to Danube river) အထိ ကျယ်ပြန့်သည်ဖြစ်ရာ ထိုမြစ်နှစ်သွယ်ကြားတွင် တံတိုင်းတည်ဆောက်ကာ ရောမနယ်ခြားကို သတ်မှတ်ကာ လုံခြုံစေခဲ့သည်။

ထိုသို့သောလုပ်ရပ်များသည် အရင်းအနှီးများသော်လည်း ရေရှည်တွင် ရောမလက်နက်နိုင်ငံတော်ကို အင်အားတောင့်တင်းစေပါသည်။

ဤနေရာတွင် ရောမတို့၏ တပ်မတော်သားများနှင့်ပတ်သက်သော အစီအမံတစ်ခုဖြစ်သည့် အငြိမ်းစားများနေထိုင်ရာ မြို့တော်တည်ဆောက်ခြင်းသည် ကျော်ကြားသော ဗီးဆူးဗီးယပ်စ် မီးတောင်ပေါက်ကွဲခြင်းတို့ ဆက်စပ်နေသည်ကို တင်ပြလိုသည်။ ရောမတို့သည် ပွန်ပီ Pompeii အမည်ရှိ နေပယ်မြို့၏တောင်ဘက်တွင် ရှိသောမြို့ကို ဘီစီ ၈၀ တွင် အငြိမ်းစား ကြည်းတပ်မတော်သားများ နေထိုင်နိုင်ရန် တိုးတက်ဖွံ့ဖြိုးအောင် ပြင်ဆင်ခဲ့သည်။

ပွန်ပီမြို့တွင် ရောမခေတ် နယ်မြို့တော်တစ်ခုတွင် ရှိအပ်သည့် အင်္ဂါရပ်အားလုံးနှင့် ပြည့်စုံသည်။ ရေချိုးအိမ်များ များစွာရှိသည်။ (ရောမလက်အောက်ခံမြို့များတွင်သာမက ဥရောပရှိ ရှေးမြို့ဟောင်းများတွင် ခမ်းနားသော ရေချိုးအိမ်များ ရှိတတ်ကြသည်။ ရေချိုးကန်များ ရေကူးကန်များကို လှပစွာထည့်သွင်းဆောက်လုပ်ထားတတ်သည်။ နားနေစရာ ခုံများရှိသည့်



ခန်းမကျယ်ကြီးများဖြင့် ဖွဲ့စည်းထားကာ ဂုဏ်ရည်တူချင်း စကားစမြည်ပြောဆိုဆွေးနွေးနိုင်သည်။ ရာသီဥတုအေးသော အရပ်ဒေသများတွင် ရေချိုးအိမ်များ တည်ဆောက်လေ့ရှိသဖြင့် ရေပူရေအေးများရအောင်လည်း စီစဉ်ထားရသည်။ ပွန်ပီတွင် တင်ပြခဲ့သည့်ရေချိုးအိမ်များသာမက လေဟာပြင်ဇာတ်ရုံများ ဈေးဆိုင် အရေအတွက်များစွာ၊ ဈေးတန်းများ၊ အစိုးရအဆောက်အဦများလည်း ထည့်သွင်းဆောက်လုပ်ထားသည်။

ရောမလူမျိုးများ ကိုးကွယ်သည့် နတ်ဘုရားကျောင်းများလည်း များစွာရှိသည်။ ထိုပွန်ပီ၏အနီးတွင်တည်ရှိသော ဗစ်ဆူးဗီးယပ်စ် Vesuvius မီးတောင်သည် ဘီစီ ၇၉ တွင်ပေါက်ကွဲရာ ပွန်ပီသည် ချော်မြုပ်များအောက်သို့ ရောက်သွားလေသည်။ ပွန်ပီမှလွတ်မြောက်၍ ကျန်ရစ်သော မြို့သူမြို့သားများနှင့် အနီးရှိမြို့တစ်မြို့ဖြစ်သော Herculaneum မြို့သူမြို့သားများပါ ဘေးလွတ်ရာသို့ ထွက်ခွာပြောင်းရွှေ့သွားခဲ့ကြသည်။ အခြားဒေသတွင်လည်း ရောမတပ်မတော်သားများအတွက် မြို့ရွာတည်ထောင်ပေးခဲ့မည် ဖြစ်သော်လည်း မီးတောင်ပေါက်ကွဲသကဲ့သို့ ထူးခြားလှသောဖြစ်ရပ် မရှိသဖြင့် မသိကြခြင်း ဖြစ်နိုင်သည်။

ရောမတည်နေရာနှင့် ရောမနိုင်ငံတော်ကြီး ပွားတိုးတက်လာသည့် အနေအထားတို့ကို ပထဝီဝင်နောက်ခံဖြင့် တင်ပြခဲ့ပြီဖြစ်သည်။ ရောမသားတို့၏ လူမှုရေးဘဝ နိုင်ငံရေးဘဝတို့တွင် မိသားစုသည် အလယ်ဗဟိုနေရာကို ယူထားလေသည်။ မိသားစုထက် ကျစ်လျစ်သောအဖွဲ့အစည်း ရောမတွင် မရှိချေ။ ရောမတို့သည် ဤအခန်း၏အစတွင် ဖော်ပြခဲ့သည့်အတိုင်း လယ်ယာလုပ်ကိုင်စားသောက်သော လက်တင်နီစကားပြောသည့် လူမျိုးများမှ ဆင်းသက်လာသူများဖြစ်ရာ အနေအထိုင် ရိုးသားကြသည်။ ရှေးရိုးဆန်လှသည်။ မိသားစုဘဝတွင် ဖခင်ဖြစ်သူသည် အမြင့်မားဆုံးနေရာတွင် ရှိကာ တာဝန်အရပ်ရပ်ကိုလည်း ဖခင်ကပင် ယူခဲ့ရသည်။ စိုက်ရေးပျိုးရေးနှင့် ပတ်သက်၍လည်း ဖခင်က တာဝန်ယူကာ မိသားစုဝင်များက သူ၏ညွှန်ကြားချက်အတိုင်း လိုက်၍ဆောင်ရွက်ကြရသည်။ ရိုးရာနတ်ကိုးကွယ်မှုကို

လက်ခံခဲ့သော ရှေးဟောင်းရောမခေတ်အကြောင်းကို တင်ပြမည်ဖြစ်ရာ ထိုခေတ်တွင် ဖခင်သည် မိသားစု၏နတ်ဆရာ ဖြစ်သည်။ ရောမတို့သည် ဂရိတို့နှင့် တည်နေရာချင်းနီးစပ်သည့်တိုင် လူမျိုးနှစ်မျိုး၏ အယူအဆ အတွေးအခေါ်များသည် အပ်ကျမပ်ကျ မတူချေ။ ကွဲပြားသင့်သလောက် ကွဲပြားသည်။ သို့သော် ကိုးကွယ်ယုံကြည်မှုတွင်မူ ရောမလူမျိုးများက ဂရိများထံမှ နတ်ကိုးကွယ်မှုကို ယူခဲ့သည်။ ဂရိတို့၏ ဇုနတ်မင်းသည် ရောမတို့၏ ဂျူပီတာနတ်မင်းဖြစ်သည်။ ဂရိတို့၏ အဖရိုဒိုက်နတ်သမီးသည် ရောမတို့၏ ဗီးနပ်စ်ဖြစ်သည်။ ထိုကဲ့သို့ အမည်မျှသာကွဲပြား၍ အယူတူခဲ့ကြသည်။

သားများတတ်အပ်သော ကိုယ်ခံပညာကိုလည်း ဖခင်ကပင် သင်ကြားပေးရသည်။ ရောမသားများသည် တပ်မတော်တွင် ဝင်ရောက်အမှုထမ်းရသည့် တာဝန်ကို ယူရသည်။ ထိုသို့တာဝန်ထမ်းဆောင်ရာတွင် လေ့ကျင့် သင်ကြားပေးရန် ဖခင်ဖြစ်သူက အခြေခံစစ်ပညာကို ကိုယ်တိုင်သင်၍ အဆင့်မြင့်စစ်ပညာသင်ယူရန် တပ်မတော်တွင် အမှုထမ်းနေသူ သူ၏ ရောင်းရင်းများထံတွင် အပ်နှံပေးလေ့ရှိသည်။

စာပေသင်ကြားရာတွင် ရောမသားများအဖို့ တတ်မြောက်ရန်လိုသည့် အရေးအကြီးဆုံး စာမှာ သင်ပုန်း ၁၂ ချပ် ဓမ္မသတ်ဖြစ်သည်။ ကြေးပြား သင်ပုန်းများပေါ်တွင် ရေးသားထားသော ဓမ္မသတ်များကို နှုတ်တိုက်အာဂုံ ဆောင်နိုင်ရန် အရေးကြီးသည်။ လိုက်နာကျင့်ကြံရန် ပို၍အရေးကြီးသည်။ ထိုတာဝန်ကိုလည်း ဖခင်ဖြစ်သူကပင် တာဝန်ယူခဲ့သည်။ သင်ပုန်း ၁၂ ချပ် ဓမ္မသတ်ထဲတွင် ဖခင်က သားသမီးတို့ကို သတ်၍ အပြစ်ပေးနိုင်သည်ဟု အဆုံးစွန်အထိ အာဏာပေးထားလေသည်။ အဆုံးစွန်အထိ ရက်စက်သည့် အကြောင်းကို သာဓကအဖြစ် ပြောနိုင်သည့်ဖြစ်ရပ်ကို မတွေ့ရချေ။ ဖခင်သည် ဆရာအဖြစ် သားသမီးများကို သဒ္ဒါနည်းကျ ရေးတတ်ဖတ်တတ်အောင် စာကိုသင်ပေးခဲ့သည်။ ထို့ပြင် ဌာန်ကရိုဏ်းကျကျ စကားပြောတတ်အောင် လေ့ကျင့်ပေးသည်။ ရောမတို့သည် ဂရိတို့ကဲ့သို့ စိတ်ကူးယဉ်မဆန်ပေ။ စာပေးသင်ကြားသည့်အလုပ်ကို အလေးအနက်ထားတတ်သည်။



ဂရိတွင် စာတတ်သောကျွန်များလက်သို့ သားသမီးကိုအပ်၍ စာသင်စေသည့်နည်းကို သုံးသော်လည်း ရောမတွင် ဖခင်ကသာ စာသင်ဆရာရော အဘက်ဘက်က ချွန်အောင် တိုးတက်အောင် သင်ကြားပေးသော ဆရာအဖြစ်ပါ ရပ်တည်ခဲ့သည်။

ဖခင်၏အခွင့်အာဏာကိုချည်း ဖော်ပြထားသဖြင့် မိခင်သည် နောက်လိုက်သက်သက်ဟုထင်က မှားပေလိမ့်မည်။ မိခင်သည် သားသမီးများကို မွေးဖွား၍ လူလားမြောက်အောင် ထိန်းကျောင်းသွန်သင်ခြင်းနှင့် အိမ်ထောင့်တာဝန်များကို ယူရခြင်းတို့တွင် ဖခင်နှင့်ယှဉ်နိုင်သည်ဟု ဆိုသည်။ ရောမမိခင်တို့သည် သစ္စာကြီးမားခြင်း စိတ်ရောကိုယ်ပါ ကြံ့ခိုင်ခြင်းတို့ကြောင့် ယောကျ်ားများနှင့် ရင်ပေါင်တန်းနိုင်လေသည်။

တိုင်ဘာမြစ်ကမ်းပေါ်မှ သစ်သားတံတိုင်း ကာရံထားသော မြို့ကလေးမှသည် လက်အောက်ခံနိုင်ငံများကို ပိုင်ဆိုင်လာသော ရောမလက်နက်နိုင်တော်ဘဝသို့ ရောက်လာသည့်တိုင် ရောမတို့အဖို့ မိသားစုမှာ အရေးအကြီးဆုံးသော နေရာတွင် တည်ရှိသည်။ ထို့ကြောင့် ဂျူးလီးယပ်စ် ဆီဇာ၏ အကြောင်းကို လေ့လာသည့်အခါတွင် မိသားစု၏ အရေးပါပုံကို သတိပြုမိကြမည်ဖြစ်သည်။

ရောမလူမျိုးတို့သည် ရှေးဆန်သော စိုက်ပျိုးရေးသမားများဖြစ်ခဲ့ရာ ရိုးသား၍ ရှေးဆန်ဆန် ကိုယ်ကျင့်တရားကို အလေးအမြတ်ထားသူများ ဖြစ်ခဲ့သည်။ ရောမလူမျိုးများသည် သတိထား၍ နေထိုင်ပြောဆိုတတ်သည်။ မည်သည့်ကိစ္စကိုမဆို အလေးအနက်ထားတတ်သည်။ တာဝန်သိတတ်သည်။ အယူအဆရေးရာတွင် အငြင်းပွားကာ အကျိတ်အနယ်ဖြစ်သည့်အခါတွင်လည်း မိမိတို့၏ယုံကြည်ချက်ကို ခိုင်ခိုင်မာမာဆုတ်ကိုင်တတ်သည်။ ကာယ စိတ္တနှစ်ဖြာတွင် သတ္တိဦးစီးကာ နေတတ်သည်။ သူတို့အတွက် အလေးထားရဆုံးအရာမှာ သိက္ခာဖြစ်သည်သည်။ သားစဉ်မြေးဆက် သိက္ခာထိန်းအောင် မိသားစုတွင် ဖခင်က စံပြအဖြစ် နေခဲ့ကြသည်။

ယခုတင်ပြခဲ့သည်မှာ ရှေးကျသောရောမ၏ သဘာဝများနှင့် ပတ်

သက်သည်။ လက်နက်နိုင်ငံတော်ကြီး ထွန်းကားလာသည်နှင့်အမျှ ပတ်ဝန်းကျင်မှ ယဉ်ကျေးမှုများကို ငြင်းပယ်၍မရလောက်အောင် တွန်းလှန်၍မရလောက်အောင်ဖြစ်ကာ လက်ခံလာရသည့်အခါတွင် ရောမသည် တဆောင်းနှင်းဖြစ်သော တိုးတက်ခြင်းနှင့်ကြုံရသည်ဟုဆိုနိုင်သည်။ ဆက်လက်တင်ပြမည့်အကြောင်းအရာများတွင် ဆက်လက်လေ့လာနိုင်ပါသည်။

## ၈။ ဂျူးလီးယပ်စ် ဆီဇာ

ဂျူးလီးယပ်ဆီဇာသည် ရောမမြို့တွင် ဖွားမြင်သည်။ မွေးရက်မှာ ဘီစီ ၁၀၀ခု ဂျူလိုင်လ ၁၂ ရက် သို့မဟုတ် ၁၃ ရက်နေ့ ဖြစ်သည်။ ဆီဇာ၏မိသားစုမှာ ကျော်ကြားသော သူကောင်းမျိုးနွယ် မိသားစုဖြစ်သည်။ မျိုးနွယ်စုမှာ ဂျူလီယာ (Julia) ဟု ခေါ်သည်။ ထိုမျိုးနွယ်စု၏ ဘိုးဘေးတို့ကို အစကောက်သော် ထရိုဂျန်မင်းသား အေနီယာမှ ဆင်းသက်သည်။ ထိုမင်းသားသည် ဗီးနပ်စ် အချစ်နတ်သမီး၏ သားဖြစ်သည်ဟုဆိုသည်။ ဂရိနှင့် ရောမမှ ကြီးကျယ်သူများသည် နတ်ဘုရားများမှဆင်းသက်ဟု ဆိုလိုက်လျှင် မည်သူမှ စောဒကတက်ခဲ့ဟန်မတူချေ။

ဆီဇာသည် ဆူဘူရာ Subura ဟုခေါ်သော ရောမမြို့ရှိ ဆင်းရဲသား ရပ်ကွက်တွင် မွေးဖွားကြီးပြင်းခဲ့သည်။ ထိုနေရာတွင် လူမျိုးပေါင်းစုံစုပေါင်းနေကြသည်ဖြစ်ရာ ဆီဇာသည် ဘာသာစကားအမျိုးမျိုး အထူးသဖြင့် ဟီဗရူးနှင့် ဂေါလ်ဘာသာစကားများကို တတ်မြောက်ခဲ့သည်။ ဆီဇာတို့မိသားစုသည် တော်ဝင်မျိုးနွယ်မှ ဆင်းသက်လာသည်ဆိုငြားသော်လည်း ရောမခေတ် စီးပွားရေးအခြေအနေအရဆိုပါက ချမ်းသာသည်ဟု မဆိုနိုင်ချေ။ ထို့ကြောင့် ဘိုးဘွားများလက်ထက်တွင် ဆီဇာတို့မိသားစုသည် ထင်ရှားကျော်ကြားသော မိသားစုအဖြစ် လူသိများခြင်းမရှိချေ။ ဆီဇာ၏ဖခင်လက်ထက်တွင်မှ ကံကောင်းလာသည့်အတွက် တိုးတက်သည့်အနေအထားသို့ တက်လှမ်းနိုင်ခဲ့သည်။ ထိုကံကောင်းသည့်အချက်မှာ ဖခင်ဘက်မှ အဒေါ်



တော်စပ်သူ ဂျူလီယာသည် ဂိုင်းယပ်စ် မားရီးယပ်စ် (Gaius Marius) ဆိုသူ ထက်မြက်သော စစ်ဗိုလ်ချုပ်နှင့် အကြောင်းပါခဲ့သည်။ ထိုဗိုလ်ချုပ်သည် ရောမစစ်တပ်များကို ပြုပြင်ပြောင်းလဲခဲ့သူဖြစ်သည်။

ဂိုင်းယပ်စ်မားရီးယပ်စ်သည် ထိုအချိန်က ရောမတွင် အကြွယ်ဝဆုံးသောသူတစ်ဦးဖြစ်ရာ နိုင်ငံရေးအရ တိုးတက်မြင့်မားလာပြန်သောအခါ ဆီဇာတို့မိသားစုအပါအဝင် ဆွေစုမျိုးစုအပေါင်း ကြွယ်ဝချမ်းသာခဲ့သည်။

မားရီးယပ်စ်သည် ဘီစီ ၈၆ တွင် ကွယ်လွန်ခဲ့သည်။ မားရီးယပ်စ်ကွယ်လွန်ခါနီးတွင် ရောမနိုင်ငံရေးမှာ ဆိုးရွားသောအနေအထားသို့ ရောက်လာခဲ့သည်။ မားရီးယပ်စ်၏အုပ်စုနှင့် လူးစီးယပ်စ် ကော်နယ်လီးယပ်စ် ဆူလာ (Lucius Cornelius Sulla) တို့အဖွဲ့ ပြင်းပြင်းထန်ထန် အဆင်မပြေဖြစ်ကြသည်။ ပြည်တွင်းစစ်ဖြစ်၍ ဆူလာက အနိုင်ရကာ အာဏာရှင်ဖြစ်လာခဲ့သည်။ ဆီဇာမှာ မားရီးယပ်စ်အုပ်စုနှင့် ဆွေသားမျိုးသားဖြစ်နေသောကြောင့် တစ်သားတည်း ဖြစ်နေခဲ့ရသည်။

ဆီဇာမှာ မားရီးယပ်စ်၏ဇနီးဘက်မှ တူတော်နေသည့်ပြင် ကော်နယ်လီးယာ စင်နီးလာ (Cornelia Cinnilla) နှင့် လက်ထပ်ထားသည်။ ကော်နယ်လီယာမှာ လူးစီးယပ်စ် ကော်နယ်လီးယပ်စ် စင်းနာ (Lucius Cornelius Cinna)၏ သမီးအငယ်ဆုံးဖြစ်သည်။ စင်းနာမှာ မားရီးယပ်စ်ကို အလေးအနက်ထောက်ခံသူဖြစ်၍ ဆူလာ၏ အကြီးမားဆုံးရန်သူ ဖြစ်သည်။ အခြေအနေပိုမိုဆိုးရွားသွားသည်မှာ ဆီဇာ၏ဖခင်သည် ဘီစီ ၈၅ တွင် ကွယ်လွန်ခဲ့ပြန်သည်။ မားရီးယပ်စ်ရော ဆီဇာ၏ဖခင်ကပါ သူတို့၏ စည်းစိမ်ဟူသမျှကို ဆီဇာအားလွှဲအပ်ပေးခဲ့လေသည်။ ထိုအချိန်တွင် ဆီဇာ၏အသက်မှာ ၁၅ နှစ်သာ ရှိပေသေးသည်။

ဆူလာသည် အောင်နိုင်သူအဖြစ် သူ၏ရန်သူများကို ကွပ်မျက်ရန် စီစဉ်ခဲ့သော်လည်း ဆီဇာကိုမူ မကွပ်မျက်ခဲ့ပေ။ ဆီဇာအသက် ၂၀ မပြည့်မီ အချိန်တွင် သူ၏အနေအထားမှာ လုံခြုံမှုလည်းမရှိ မျှော်လင့်ချက်လည်း မရှိချေ။ ထိုအချိန်တွင် ဆူလာက ဆီဇာအား ကော်နယ်လီယာကို ကွာရှင်းရန်

အမိန့်ပေးသည်။ ထိုအမိန့်ပေးသည်မှာ ဘီစီ ၈၂ တွင်ဖြစ်သည်။ ဆီဇာက သူ့ဇနီးကို ကွာရှင်းနိုင်ဟုဆိုကာ ရောမမှထွက်၍သွားလေသည်။ ဆုလာသည် ဆီဇာနှင့် သူ၏မိသားစုဝင်များကို ခွင့်လွှတ်ကာ ရောမသို့ပြန်လာခွင့် ပေးခဲ့သော်လည်း ဆီဇာက ပြန်မလာပေ။ အေရှမိုင်းနားနှင့် ဆီလီရှားတွင် စစ်မှုထမ်းရန် ထွက်ခွာသွားခဲ့သည်။ အေရှမိုင်းနားတွင် ထိုးစစ်ဆင်ရာ၌ ဆီဇာသည် သူရသတ္တိရှိသူဖြစ်ကြောင်း ပြသနိုင်ခဲ့သည်။ သူ၏အစွမ်းအစကြောင့် ခြေလျင်တပ်သားများ၏ အသက်များကို ကယ်ဆယ်နိုင်ခဲ့သည်။ ထိုကဲ့သို့သော အစွမ်းအစကို ဂုဏ်ပြုသောအားဖြင့် ဝက်သစ်ချသရဖူကို လူထုပရိသတ်အလယ်တွင် ဆောင်းစေ၍ ချီးကျူးခဲ့သည်။ ထိုသရဖူဆောင်းခွင့်ကို ဗိုလ်ချုပ်တစ်ဦးအဖြစ်သို့ မရောက်သေးဘဲ ဆီဇာလက်ခံရရှိခြင်းသည် ထူးခြားစွာ ချီးမြှောက်ခြင်းကို ခံရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ဆီဇာကို သရဖူဆောင်းပေးလိုက်သည်နှင့် ရောမဆီနိတ်မှ လူကြီးများ၏ရှေ့တွင် လူထုပရိသတ်ကြီးက အားပါးတရ ကောင်းချီးပေးခဲ့ကြသည်။

ဘီစီ ၇၈ တွင် ရောမမြို့၌ ဆုလာ ကွယ်လွန်ခဲ့သည်။ ဆီဇာသည် ရောမသို့ပြန်သွားကာ မည်သည့်ရာထူးရာခံကိုမှ မရနိုင်ခဲ့သဖြင့် နိုင်ငံရေးသမားတစ်ယောက် ဖြစ်လာခဲ့သည်။ သူသည် စကားပြောရာတွင် ထူးခြားပြောင်မြောက်စွာ ပြောနိုင်သည်။ ယခင်က တာဝန်ထမ်းဆောင်ခဲ့သူများကိုလည်း သူတို့၏မှားယွင်းလွဲချော်မှုများ မသမာမှုများနှင့် ပတ်သက်၍ ခေါင်းမထောင်နိုင်လောက်အောင် တိုက်ခိုက်သည်။

စီစာရို (Cecero) ခေါ် အထင်ရှားဆုံး အကျော်ကြားဆုံး ဟောပြောသူကြီးကပင် ဆီဇာထက် စကားပြောကောင်းတဲ့သူ ရှိနိုင်ပါဦးမလားဟု ပြောခဲ့ဖူးလေသည်။ သူ၏စကားပြောကျွမ်းကျင်မှုကို ပိုမိုတိုးတက်စေရန်အတွက် ဆီဇာသည် ရိုဒီး (Rhodes) သို့ သွားရောက်၍ ကျော်ကြားသောဆရာကြီး အပိုလိုနီးယပ်စ်မိုလိ (Apollonius Molo) ထံတွင် ဒဿနိကပညာနှင့် စကားပြောနည်းပညာရပ်များကို ဆက်လက်ဆည်းပူးသည်။

ထိုသို့ခရီးထွက်သည့်အချိန်တွင် စိတ်ဝင်စားဖွယ်ကိစ္စတစ်ခု ဖြစ်ပွား



သည်။ မြေထဲပင်လယ်ထဲတွင် စစ္စလီကျွန်းဆွယ်မှ ပင်လယ်ဓားပြများသည် ဆီဇာကို ပြန်ပေးဆွဲကြသည်။ သူတို့က ရောမငွေ ၂၀ ကိုတောင်းကြရာ ဆီဇာက ရယ်မောလိုက်ကာ မင်းတို့ ဘယ်သူ့ကိုပြန်ပေးဆွဲမိသလဲဆိုတာ မသိဘဲကိုးဟုဆိုကာ ၅၀ တောင်းခိုင်းသည်။ ပင်လယ်ဓားပြများသည် ရိုးအသူများ ဖြစ်ကြပုံပေါ်သည်။ တီးခေါက်၍ပင်မကြည့်ဘဲ ၅၀ ယူပါမည်ဟု ဆိုသည်။ ဆီဇာက သူ၏လူများကို ဒေသတစ်ခုစီမှ ငွေဘယ်လောက်စီ တောင်းချေဟု စေခိုင်းလိုက်သည်။ တပည့်များပြန်မလာခင် ၃၈ ရက်လုံးလုံး ပင်လယ်ဓားပြများကို ရယ်ကာမောကာဖြင့် 'မင်းတို့တော့ ငါလွတ်တာနဲ့ ကားစင်တင်မယ်' ဟု မကြာခဏဆိုသလို ပြောဆိုခဲ့သည်ဟုဆိုသည်။

တပည့်များပြန်လာ၍ ငွေများရရှိသည့်အခါ ဆီဇာလည်း ပြန်လွတ်လာခဲ့သည်။ သူလွတ်မြောက်သည်နှင့် ရေတပ်အင်အားကို စုစည်းလိုက်ကာ ပင်လယ်ဓားပြများကို သွားရောက်တိုက်ခိုက်သည်။ ထို့နောက် သူကြုံးဝါးခဲ့သည့်အတိုင်း အားလုံးကို ကားစင်တင်သည်။ သူ့ကို ၃၈ ရက်စလုံး ကောင်းစွာဆက်ဆံသည့်အတွက် ဝေဒနာပြင်းထန်စွာ မခံစားရအောင် ကားစင် မတင်ခင်ကတည်းက ခေါင်းများကိုဖြတ်စေခဲ့သည်ဟု ဆိုသည်။

ဘီစီ ၇၈ ခုနှစ်တွင် ဆီဇာသည် ရောမသို့ပြန်လာသည်။ အများကျလောက်အောင် စကားပြောကောင်းသည့် သူတစ်ယောက်ဖြစ်လာခဲ့ပေပြီ။ သူ၏အသက်မှာ ၂၂ နှစ်ရှိပြီ ဖြစ်၏။

## ပထမ ထရိုင်အမ်းဗရိတ်ခေါ် သုံးဦးအုပ်စု (Triumvirate)

ဘီ စီ ၇၁ ခုနှစ်တွင် ပေါမ်ပွန်ပီ (Pompey the Great) သည် အာဖရိကတိုက်မှ ရောမမြို့သို့ ပြန်ခဲ့လေသည်။ သူသည် ဆုလာ၏ရောင်းရင်းကြီး ဖြစ်သည်။ အာဖရိကတိုက်သို့ ရောက်နေရခြင်းမှာ ရောမတွင် သူတို့အဖွဲ့နှင့် ဆန့်ကျင်ဘက်ဖြစ်သော မားရီးယပ်စ်ဂိုဏ်းသားများကို နှိမ်နင်း

ပြီးနောက် အာဖရိကသို့ တိမ်းရှောင်နေသော မားရီးယပ်စ် အကြွင်းအကျန်များကို လိုက်လံနှိမ်နင်းနေရသော ကြောင့်ဖြစ်သည်။

ထိုအချိန်မှာပင် မားကပ်စ် လီစီးနီးယပ်စ် ကရက်ဆပ်စ် (Marcus Licinius Crassus) ဆိုသူ ကြွယ်ဝသော သူကောင်းမျိုးတစ်ဦးသည် ရောမမြို့တွင် စပါးတားကပ်စ်ဆိုသူ ကျွန်တစ်ယောက်ဦးဆောင်သော ပုန်ကန်မှုကို ရက်စက်စွာ အောင်မြင်စွာ နှိမ်နင်းပြီးစဖြစ်သည်။ ကရက်ဆပ်သည် ကိုယ်ကျိုးကို တွက်ဆရာတွင် မည်သူ့ကိုမဆို ချေမှုန်းရန် ဝန်လေးသူမဟုတ်ချေ။ ဆူလာ၏အဖွဲ့သားတစ်ဦးအဖြစ် ပြိုင်ဘက်ဖြစ်သူ မားရီးယပ်စ်၏ နောက်လိုက်များကို ချေမှုန်းကာ ထိုသူတို့ ပိုင်ဆိုင်သောပစ္စည်းများကို သိမ်းယူခဲ့သည်။ ထို့ကြောင့်ပင်လျှင် ကရက်ဆပ်စ်သည် ရောမတွင် အကြွယ်ဝဆုံး စာရင်းဝင်သူ တစ်ဦးဖြစ်လာသည်။

ပွန်ပီရော ကရက်ဆပ်စ်ပါ ရောမဆီနိတ်တွင် ကောင်ဆယ်ရာထူး ရရှိရန် ဝင်ရောက်၍ အရွေးခံခဲ့သည်။ ဘီစီ ၇၀ ခုတွင် ထိုရာထူးမှာ လူနှစ်ဦးပြိုင်၍ လက်ခံကာ သူ့အပိုင်းနှင့်သူ ထမ်းဆောင်ခဲ့သောရာထူးဖြစ်သည်။ ပွန်ပီမှာ ထိုအချိန်တွင် ဘက်ပြောင်းခဲ့သောကြောင့် ကောင်ဆယ်ရာထူးကို မရနိုင်ချေ။ သို့သော် ဆီဇာက ကူညီခဲ့သောကြောင့် ပွန်ပီသည် ကောင်ဆယ်ရာထူးကို ရရှိခဲ့သည်။ ကရက်ဆပ်သည်လည်း ကောင်ဆယ်နောက်တစ်ဦး ဖြစ်လာခဲ့သည်။

ဆီဇာသည် စပိန်တွင် သွားရောက်အမှုထမ်းပြီး ဘီစီ ၆၀ တွင် ပြန်လာခဲ့သည်။ ထိုအချိန်၌ ကရက်ဆပ်၊ မဟာပွန်ပီတို့နှစ်ယောက်နှင့် ပေါင်းကာ သုံးဦးသုံးဖလှယ် အပြန်အလှန်အားဖြင့် ဆက်သွယ်ပေါင်းစည်းထားသော ထရိုင်အမ်းဗရိတ်အဖွဲ့ကို ဖွဲ့ခဲ့ကြသည်။

ဘီစီ ၆၉ တွင် ဆီဇာ၏ဇနီး ကော်နယ်လီယားသည် ကလေးမီးမဖွားနိုင်သောကြောင့် ဆုံးပါးခဲ့သည်။ ထိုနှစ်အတွင်းတွင် သူ့ကို ယခုကဲ့သို့ ကြီးမြင့်သည့်နေရာသို့ ရောက်စေခဲ့သည် အဒေါ်ဖြစ်သူ ဂျူလီယာ ကွယ်လွန်သည်။ ရောမတွင် အမျိုးသမီးများကို ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်



လေ့မရှိသော်လည်း ဆီဇာက ကောင်းကောင်းကြီး သင်္ဂြိုဟ်ခဲ့သည်။ သူ၏ အတိုက်အခံများ၏အဆိုအရ အသုဘအခမ်းအနားတွင် ဆီဇာ ပြောသည့် စကားများမှာ သေဆုံးသူများနှင့်မဆိုင်ဘဲ လာမည့်ရွေးကောက်ပွဲတွင် သူ့ကို မဲပေးရန် မဲဆွယ်သည့်စကားများကိုသာ ပြောဆိုခဲ့သည်ဟုဆိုသည်။

## ဃ။ ဂျူးလီးယပ်စ်ဆီဇာ

ထို ဘီစီ ၆၉ ခု ဆီဇာ၏အသက် ၃၀ တွင် ရောမပိုင် ဟစ်စပန်နီးယားနယ် (ယခု ပေါ်တူဂီနှင့် စပိန်မြောက်ပိုင်းရှိနယ်များ) သို့ ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးအရာရှိတစ်ဦးအဖြစ် ခန့်အပ်ခြင်းခံရသည်။ လမ်းတစ်လျှောက်တွင် အဖြစ်အပျက်မျိုးစုံနှင့် ကြုံခဲ့ရသည်။ ထိုသို့သောအဖြစ်အပျက်များ ထက်သာသည့် ကိစ္စတစ်ရပ်ကိုမူ မှတ်မှတ်ရရ မှတ်တမ်းတင်ထားကြလေသည်။ ဟစ်စပန်နီးယားတွင် အလက်ဇန္ဒားသဂရိတ်၏ ရုပ်တုတစ်ခုကို ဆီဇာ မြင်တွေ့ရသည်။ ထိုရုပ်တုမှာ ဟာကျူလီဘုရားကျောင်းတွင် ရှိသည်။ ဆီဇာသည် ထိုဘုရားကျောင်းတွင် လူသူအများကိုပင် ဂရုမစိုက်နိုင်ဘဲ ငိုကြွေးခဲ့သည်ဟုဆိုသည်။ သူ့ကို ဘာ့ကြောင့် ထိုကဲ့သို့ မထိန်းသိမ်းနိုင်လောက်အောင် ဖြစ်ရသနည်းဟု မေးကြသည့်အခါ ဆီဇာက "ငါဟာ အလက်ဇန္ဒာရဲ့ရုပ်တုကို မြင်တာတောင်မှ မငိုဘဲနေလို့ရမလား။ ငါစဉ်းစားမိတယ်၊ အလက်ဇန္ဒာဟာ ငါ့အရွယ်လောက်က နိုင်ငံအတော်များများကို အောင်မြင်ခဲ့ပြီးပြီ။ ငါကတော့ ဒီအချိန်အထိ ဘာမှမှတ်လောက်သားလောက်အောင် မလုပ်ရသေးဘူး"ဟု ပြန်၍ဖြေသည်ဟုဆိုသည်။

ဆီဇာသည် ဟစ်စပန်နီးယားတွင် တာဝန်ထမ်းဆောင်သည့်အချိန်က သူတာဝန်ကျသောနယ်အတွက် အမှန်တကယ်အကျိုးရှိမည့် ကိစ္စများကို ထမ်းဆောင်သည်ထက် လူပြိန်းကြိုက်သော ဂလက်ဒီရေးတား တိုက်ပွဲများ ကျင်းပပေးခဲ့သဖြင့် များစွာလူကြိုက်များခဲ့သည်။ ထိုသို့သောပွဲများကို ကျင်းပရာတွင် ငွေကုန်ကြေးကျများလှသည်ဖြစ်ရာ လိုအပ်သောငွေကို ကရက်

ဆပ်စ်ထံမှ ဆီဇာက ချေးယူသည်။ ထိုသို့ဖြင့် ဆီဇာနှင့် ကရက်ဆပ်စ်တို့ ရင်းနှီးလာကြသည်။ သူတို့နှစ်ဦးသာမက ပွန်ပီသည်ပင်လျှင် သူတို့နှင့် အကျိုးတူပူးပေါင်းရန် လိုလားသူဖြစ်လာခဲ့သည်။ ဆီဇာသည် မဟာပွန်ပီနှင့် ကရက်ဆပ်စ်ကို သင့်မြတ်အောင် ဆက်သွယ်ပေးသည်။ ရောမသမိုင်းကို ဤမျှလောက်သာ လေ့လာရသေးသော်လည်း ရောမနိုင်ငံရေးသမားများသည် သူတို့အတွက် အကျိုးရှိသည်ဟုဆိုပါက ပေါင်းစည်းရန် ရှက်ကြောက် တွန့်ဆုတ်ခြင်းမရှိကြောင်း သိနားလည်နိုင်ပေသည်။

ဆီဇာသည် ဟစ်စပန်နီးယားတွင် ကြာကြာမနေရပေ။ အစေးမြို့ဖြစ်သဖြင့် တာဝန်ချိန်ကို လျှော့ပေးပြန်တူသည်။ ရောမသို့ အချိန်တိုတိုအတွင်း ပြန်၍ခေါ်ဆိုခြင်းခံရသည်။ ဆီဇာသည် သူ၏ဇနီးဖြစ်သူ ကော်နယ်လီးယားကို အလွန်မြတ်နိုးသည်ဟု စာပေအထောက်အထားအရ ခေတ်ပြိုင်အထောက်အထားအရ သိရှိခဲ့ကြရသည်။ သို့သော် ဘီစီ ၆၇ ခုတွင် ဆီဇာသည် နောက်အိမ်ထောင်ပြုခဲ့သည်။ ထိုအိမ်ထောင်သည် နိုင်ငံရေးအမြတ်အစွန်း ရရှိအောင် အိမ်ထောင်ပြုခြင်းသာဖြစ်ကြောင်း ထင်ရှားသည်။ သို့သော် ယခုတစ်ချိန် ရွေးချယ်သောအိမ်ထောင်ဖက်မှာ ဆူလာ၏မြေးတော်သည်။ ကွင်းတပ်စ် ပွန်ပီ၏ သမီးဖြစ်သည်။ ပွန်ပီယာ ဟုခေါ်သည်။ ဆီဇာသည် ထိုအချိန်တွင် ဆီနိတ်အဖွဲ့ဝင်ဖြစ်လာပေပြီ။ သူသည် ပွန်ပီကို မြေထဲပင်လယ်ထဲတွင် ကျက်စားနေသော ပင်လယ်ဓားပြများကို နှိမ်နင်းရာတွင် အာဏာကုန် လွှဲအပ်ပေးရန် ဥပဒေကို ဆီဇာက ထောက်ခံအတည်ပြုပေးလေသည်။

ဤနေရာတွင် ဆီဇာ၏အကြောင်းကို ခေတ္တရပ်၍ ဆွေးနွေးလိုသောအချက်တစ်ခုရှိသည်။ ယခင်အပိုင်းများတွင် ဖော်ပြခဲ့သည့်အတိုင်း ရောမတွင် မိသားစုဘဝသည် အရေးပါသည်ဟု တင်ပြခဲ့ပြီးဖြစ်သည်။ ယခုတင်ပြခဲ့သောဆီဇာ၏ အကြောင်းထုပ္ပတ်သည်လည်း နိုင်ငံရေးအာဏာရရှိရေးအတွက် ငယ်စဉ်ကပင် လမ်းထွင်ခြင်း လမ်းခင်းခြင်းစသည့် လုပ်ငန်းစဉ်ကြီး ဖြစ်၍နေပေသည်။ အင်အားရှိသူအချင်းချင်း ဆွေမျိုးသားချင်းတော်စပ်ပြီးသည့်နောက် တစ်ယောက်၏လုပ်ငန်းကို တစ်ယောက်ထောက်ခံ



ကာ အရာရာကို ပြီးစီးအောင်မြင်စေခဲ့သည်ကိုလည်း မြင်သာထင်သာ ရှိစေပါသည်။ ဆီဇာသည် ဘဝတစ်လျှောက်လုံး သူ၏ နိုင်ငံရေးအောင်မြင်မှုအတွက် စနစ်တကျလမ်းခင်း၍ လာခဲ့သောသူတစ်ယောက် ဖြစ်သည်။

ပွန်ပီ၏သြဇာအာဏာ တိုးတက်စေရေးအတွက် ဆီဇာက ထောက်ခံအားပေးပြီးနောက် ဆီဇာသည်လည်း အက်ပီယန်လမ်းမကြီးအတွက် တာဝန်ယူရသူ ဖြစ်လာသည်။ ထိုလမ်းမမှာ ရောမနှင့်အီတလီတောင်ပိုင်း အစွန်းဒေသများကို ဆက်သွယ်သည့်လမ်းမဖြစ်သည်။ ထိုလမ်းမကို တာဝန်ယူ၍ ထိန်းသိမ်းရသောတာဝန်သည် ကြီးမားသလောက် ငယ်ရွယ်သော ဆီနေတာ ဆီဇာ၏သိက္ခာကို ပိုမိုတက်စေသည်။ ထိုသို့တာဝန်ကြီးမားသည့် လုပ်ငန်းကို တာဝန်ယူထားသော်လည်း ရောမတွင် တရားရေးဌာနနှင့် တာဝန်ထမ်းဆောင်နေခြင်းကို ဆီဇာက မစွန့်လွှတ်ခဲ့ပေ။ ထိုသို့မစွန့်လွှတ်သည့်အတွက် ဆီဇာသည် နောက်ပိုင်းတွင် တာဝန်ကြီးတစ်ရပ်ကို ယူရပြန်သည်။ ထိုတာဝန်မှာ ဘုရားကျောင်းများကို ပြင်ဆင်ခြင်း၊ အများပြည်သူများနှင့်ဆိုင်သော အဆောက်အဦများကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ လမ်းများနှင့် ရောမမြို့တော် အင်္ဂါရပ်များနှင့် ပတ်သက်သည်တို့ကို ထိန်းသိမ်းပြင်ဆင်ခြင်း စသည့်တာဝန်တို့ ဖြစ်ကြသည်။

ဘီစီ ၆၃ ခု တွင် ဆီဇာသည် အမြင့်ဆုံးသော နတ်ဆရာ (High Priest)၏တာဝန်ကို ယူခဲ့ရပြန်သည်။ ထိုတာဝန်ကို ယူပြီးနောက် ပြည်သူ့ရင်ပြင်ရှိ အိမ်သို့ပြောင်းခဲ့ရသည်။ ထိုအိမ်တွင် အပျိုစင်နတ်သမီးရုပ်တုတစ်ခုရှိသည်။ ထိုရာထူးသည် တစ်သက်လုံးအတွက် ရွေးချယ်ခြင်းခံရသောရာထူး [illegible]ကာ နိုင်ငံရေးနှင့်မသက်ဆိုင်သော်လည်း ဆီနိတ်နှင့် တရားစီရင်ရေးဆိုင်ရာ ရာထူးများအတွက် အထောက်အကူဖြစ်စေသော သြဇာတိက္ကမရှိသည့် ရာထူးဖြစ်သည်။ အထူးသဖြင့် ဆီဇာအနေဖြင့် တင်ရှိနေသော ကြွေးများကို ဆပ်နိုင်သည်အထိ ဝင်ငွေကောင်းသည့် ရာထူးဖြစ်သည်။

ထိုရာထူးကိုယူလိုက်သည့်အချိန်တွင် ဆူလာ၏မြေးတော်သူ ပွန်ပီယာနှင့် ဆီဇာ လက်ထပ်ပြီးပြီဖြစ်သည်။ ထိုရာထူးကိုယူထားသည့် ဆီဇာ

၏ဇနီးသည်တွင် အမျိုးသမီးများချည်း စုဝေးကျင်းပရသည့် ပွဲတော်ကို အိမ်တွင်းတွင် ဦးဆောင်ကျင်းပရန် တာဝန်ရှိသည်။ ထိုပွဲမှာ လေးနက်သည့် ပွဲတော်တစ်ခုဖြစ်သည်။ ထိုသို့သောပွဲကျင်းပနေသည့်အချိန်တွင် ယောကျ်ား တစ်ဦးသည် မိန်းမအသွင်ဖြင့် အိမ်တွင်းသို့ဝင်ရောက်ခဲ့သည်။

ဆီဇာသည် ပွန်ပီယာကို ချက်ချင်းပင်ကွာရှင်းခဲ့သည်။ အမျိုးသား တစ်ဦးက အမျိုးသမီးအသွင်ဖြင့် ပွဲတော်ကျင်းပသည့်အချိန်၌ အိမ်တွင်းသို့ ဝင်လိမ့်မည်ဟု ပွန်ပီယာ သိချင်မှသိမည်။ သို့သော် ဆီဇာ၏ ဇနီးသည်ဆိုလျှင် သံသယဆို၍ မြူမျှပင် အတင်မခံရမှုဖြစ်မည်ဟု ဆီဇာကဆိုသည်။ ဆီဇာသည် သူ၏တာဝန်ဝတ္တရားနှင့် ပတ်သက်လာလျှင် ကိုယ်ရေးကိုယ်တာကိုပင် စတေးနိုင်သည်ဟု ချီးကျူးရမည်လော၊ သို့မဟုတ် အိမ်ထောင်ပြုရာတွင် ကိုယ်ကျိုးစီးပွားကိုကြည့်၍ အကျိုးမရှိတော့ဟု သိလာလျှင် လက်တွဲဖြုတ်တော့သည်ဟု ဆိုရမည်လော။ ပြောရန်ခက်ခဲလှပေသည်။

ပွန်ပီနှင့်ပိုမို၍ ခိုင်မြဲစွာလက်တွဲနိုင်ရန် ဆီဇာက သူ၏သမီး ဂျူလိယာနှင့် ပွန်ပီကို လက်ဆက်စေသည်။ ထိုသို့ ကျောထောက်နောက်ခံကောင်း ရရှိပြီးသည့်အချိန်တွင် အတိုက်အခံများက များစွာဆန့်ကျင်ကန့်ကွက်နေသည့်ကြားက ဆီဇာသည် ဘီစီ ၅၉ ခုနှစ်အတွက် ကောင်ဆယ်အဖြစ် အရွေးခံခဲ့ရသည်။ ဘီစီ ၅၈ ခုတွင် ရောမပိုင်ဂေါလ်နယ် (ပြင်သစ်) ၏ဘုရင်ခံ ဖြစ်လာခဲ့သည်။

ထိုအချိန်တွင် ဂေါလ်နယ်၏မြောက်ပိုင်း စယ်လ်တစ်ဂေါလ်နယ်သည် လွတ်လပ်သောနယ်မြေအဖြစ် တည်ရှိဆဲဖြစ်သည်။ ရောမတို့၏ မဟာမိတ်ဖြစ်သော လူမျိုးစုတစ်စုက အခြားဂေါလ်လူမျိုးစုကို နှိမ်နင်းပေးပါရန် ချဉ်းကပ်ခဲ့ကြသည်။ ဆီဇာသည် စယ်လ်တစ်ဂေါလ်တို့ကို နှိမ်နင်းရန် တပ်မဟာ ၆ ခုဖြင့် ချီတက်သွားခဲ့သည်။ ထို့နောက် သူတို့၏မဟာမိတ်များနှင့် မသင့်တင့်သူတို့ကို နှိမ်နင်းပြီးနောက် နှင်ထုတ်လိုက်ကြသည်။ ထို့ပြင် ဂျာမန်နွယ်ဖွား လူမျိုးစုများကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ ဂေါလ်နယ်သားတို့သည် တစ်စတစ်စဖြင့် ရောမများ၏လက်အောက်သို့ ကျရောက်သွားခဲ့သည်။



ဂေါလ်လူမျိုးတို့၏ နောက်ဆုံးတော်လှန်မှုမှာ ဘီစီ ၅၂–၅၁ တို့တွင် ဖြစ်ပွားခဲ့သည်။

ဆီဇာသည် ဂေါလ်တွင် ရှိနေခိုက်မှာပင် သူ၏လူယုံများသည် ရောမတွင်ဖြစ်ပွားနေသော နိုင်ငံရေးအခြေအနေများကို လွှမ်းမိုးရန် ကြိုးစားနေခဲ့ကြသည်။ ထိုအကြောင်းသည် ပွန်ပီ၏အခြေအနေကို ခြိမ်းခြောက်ရာကျနေလေသည်။ ထို့ကြောင့် ထရိုင်အမ်းဗရိတ် (သုံးပွင့်ဆိုင်အဖွဲ့) ၏ အစည်းအဝေးကို ဘီစီ ၅၆ တွင် လူစာ (Luca) တွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသည် သုံးပွင့်ဆိုင်အဖွဲ့၏ အခြေအနေကို ခေတ္တခဏအားဖြင့် ပြန်လည်စုစည်းနိုင်ခဲ့လေသည်။ ထိုအစည်းအဝေးမှ ဆီဇာသည် ဂေါလ်တွင် နောက်ထပ် ၅ နှစ် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ခဲ့လေသည်။ ကရက်ဆပ်စ်နှင့် ပွန်ပီတို့နှစ်ယောက်သည် တစ်ပြိုင်နက်တည်း ကောင်ဆယ်များအဖြစ် ဘီစီ ၅၅ တွင် တော်အမှုထမ်းကြမည်။ ထို့နောက် နယ်များတွင် ပရိုကောင်ဆယ်များကို လွှမ်းမိုးနိုင်ခွင့် ရရှိကြမည်။

ထိုအစည်းအဝေးအပြီးတွင် ဆီဇာသည် ဗြိတိန်ကို သွားရောက်တိုက်ခိုက်၍ လိုချင်သည်တို့ကို သိမ်းယူသည်။ ထို့နောက် ဂေါလ်နယ်ကို နှိမ်နင်းသည်။ ကရက်ဆပ်သည် စစ်ရေးအောင်မြင်မှုကို အမြဲတစေ လိုချင်မက်မောသောသူဖြစ်သည်။ ထို့ကြောင့် သူ၏မူလနေရာဖြစ်သော ဆီးရီးယားသို့ပြန်ကာ ပါသီယန်ဟုခေါ်သော ယခုအီရန်နှင့် အီရတ်ရှိနေသည့်ဒေသတွင် စစ်မဖြစ်ဖြစ်အောင် လှုံ့ဆော်၍ စစ်ဖြစ်သည့်အချိန်တွင် ယခင်ကကဲ့သို့ သူနိုင်သည့်အလှည့်နှင့် မကြုံရတော့ချေ။ ဘီစီ ၅၃ ခုတွင် ကရက်ဆပ်စ်သည် စစ်ရှုံးသည့်ပြင် အသတ်ခံခဲ့ရသည်အထိ အဖြစ်ဆိုးနှင့် တိုးခဲ့လေသည်။ ကရက် ဆပ်စ် မရှိခြင်းကြောင့် ဆီဇာနှင့်ပွန်ပီ၏အကြားတွင် ကြားခံပုဂ္ဂိုလ်တစ်ယောက်မှ မရှိတော့ချေ။ မူလက ဆီဇာ၏သမီးကို ပွန်ပီနှင့် ထိမ်းမြားပေးထားခြင်းကြောင့် မိသားစုအနှောင်အဖွဲ့ရှိခဲ့သော်လည်း ဘီစီ ၅၄ ခုတွင် ဆီဇာ၏သမီး ဂျူလိယာသည် မီးဖွားရင်း သေဆုံးခဲ့သည်။ ထို့ကြောင့် ပွန်ပီနှင့် ဆီဇာတို့၏အကြားတွင် သံယောဇဉ်အနှောင်အဖွဲ့ မရှိတော့ချေ။

ယခုတင်ပြခဲ့သည့် အကြောင်းအချက်များကို လေ့လာကြည့်သည့်အခါ ဆီဇာတို့၏ သုံးပွင့်ဆိုင်အဖွဲ့သည်လည်း ရောမနိုင်ငံတော်ကို အခြေတည်ထားခြင်း မရှိသောကြောင့် လူပုဂ္ဂိုလ်ချင်း ဆွေသားမျိုးသားအဖြစ်နှင့် ထိန်းချုပ်မထားလျှင် စိတ်ချရသော အနေအထားတွင် ရပ်တည်မနေနိုင်ချေ။

## ၄။ ဂျူးလီးယပ်စ်ဆီဇာ

ရောမတို့သည် မိသားစုကို အရေးကိစ္စအားလုံး၏ ဗဟိုချက်မနေရာတွင် ထားကာတကြသည်ဟု အစောပိုင်းကတည်းက တင်ပြခဲ့ပြီးဖြစ်သည်။ ယခု ဆီဇာ၏ဘဝကိုလေ့လာရင်း ထိုအချက်သည် ပို၍သိသာလာခဲ့သည်။ ပွန်ပီသည် ဆီဇာ၏သမီးနှင့် လက်ဆက်ထားချိန်က ဆီဇာနှင့်ပွန်ပီတို့၏ ဆက်ဆံရေးသည် ကျစ်လျစ်ခဲ့သည်။ ကရက်ဆပ်စ်ကလည်း ရှိနေသေးသဖြင့် သူတို့သုံးဦးအုပ်စုသည်လည်း စုစုစည်းစည်းရှိခဲ့သည်။

ဆီဇာ၏သမီး သေဆုံးသွားသည့်ပြင် ကရက်ဆပ်လည်း ပါသီးယားတွင် လုပ်ကြံခံရသည့်နောက်ပိုင်း ဆီဇာနှင့်ပွန်ပီတို့၏ ဆက်ဆံရေးမှာ ပြတ်တောက်မတတ်ဖြစ်လာခဲ့သည်။ ပွန်ပီသည် ဆီဇာနှင့် ဆန့်ကျင်ဘက်ဖြစ်သော အော့ပ်တီမိတ်အဖွဲ့ဝင်များနှင့် ပူးပေါင်းစပြုလာလေသည်။ ထိုအချိန်တွင် ဆီဇာသည် ဂေါလ်နယ်မှာပင် တာဝန်ထမ်းဆောင်လျက် ရှိနေသေးသည်။

ပွန်ပီနှင့် ဆက်ဆံရေးပျက်ပြားလာခြင်းကို တားဆီးရန် ဆီဇာက သူ၏တူမတော်သူတစ်ဦးကို ပွန်ပီနှင့်လက်ဆက်ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ ပွန်ပီက ငြင်းဆိုသည်။ ပွန်ပီသည် ဆီဇာ၏တူမကို ငြင်းဆိုပြီးနောက် ဆီဇာ၏ရန်သူကြီးတစ်ဦးဖြစ်သူ မက်တယ်လပ်စ်စီပီယို၏ သမီးကို လက်ဆက်ခဲ့သည်။ ထိုနည်းဖြင့် ဆီဇာနှင့်ပွန်ပီတို့၏ဆက်ဆံရေးသည် လုံးပပြတ်တောက်သွားခဲ့သည်။

ဆီဇာသည် ထိုအချိန်တွင် ဂေါလ်နယ်သားတို့၏ ပုန်ကန်ဆန့်ကျင်မှုကို ရင်ဆိုင်ရသည်။ ဂျာမန်အနွယ် မဟာမိတ်တို့၏အားကိုးသူကာ ရက်စက်



စွာနှိမ်နင်းခဲ့သဖြင့် ဂေါလ်နယ်သားတို့ လက်နက်ချခဲ့ရသည်။ ဆီဇာ အောင်ပွဲခံလိုက်ပြီးနောက် သူရရှိခဲ့သည့်အမြတ်မှာ မြို့ပေါင်း ၈၀၀ ကျော်ကို သိမ်းပိုက်မိပြီး လူမျိုးစုပေါင်း ၃၀၀ ကျော်ကို နှိမ်နင်းနိုင်ခဲ့သည်။ လူ ၁,၀၀၀,၀၀၀ ကို ကျွန်များအဖြစ် ရောင်းချနိုင်ခဲ့ပြီး တိုက်ပွဲတွင် လူ ၃,၀၀၀,၀၀၀ ကျဆုံးခဲ့သည်ဟုဆိုသည်။

ဆီဇာ၏အောင်ပွဲကို ရောမတွင်ရှိသော သူ၏ရန်သူကြီးများဖြစ်သည့် အော့ပ်တီမိတ်အဖွဲ့သားများက ဆန့်ကျင်ရှုတ်ချခဲ့သည်။ ဆီဇာ၏ ရာထူးရာခံများကို ရုပ်သိမ်းပစ်နိုင်မည့် အခွင့်အလမ်းကို ရှာဖွေနေခဲ့ကြသည်။ သူတို့သည် ဆီဇာကိုကွပ်မျက်ရန်၊ သို့မဟုတ် နယ်နှင်ရန်နှင့် အနည်းဆုံး ဆီဇာ၏အာဏာများကို ကန့်သတ်ပေးရန်ဖြစ်သည်။ ဆီဇာသည် ဘီစီ ၄၉ တွင် သူထမ်းဆောင်နေသော ဂေါလ်နယ်၏စစ်ရေးတာဝန်ခံအဖြစ် သူခံစားခွင့် ရရှိသော အပြစ်ဒဏ်မှ လွတ်မြောက်ခွင့်ကာလသည် ကုန်ဆုံးတော့မည်ဖြစ်၏။ ထို့ကြောင့် ထိုခံစားခွင့်ကို ဆက်လက်ရရှိနိုင်စေရန် ကောင်ဆယ်အဖြစ် အရွေးခံနိုင်မှ ဖြစ်ပေမည်။ ထိုသို့အရွေးခံရာတွင်လည်း ရောမသို့ပြန်ရန် မဖြစ်နိုင်သေးသည့်ကာလဖြစ်သည်။ ဆီဇာသည် မျက်ကွယ်တွင် ကောင်ဆယ်အဖြစ် အရွေးခံရန် ကြိုးပမ်းခဲ့သည်။

ထိုသို့ကြိုးပမ်းရာတွင် သူ့ဘက်မှကူညီနိုင်သူမှာ ပွန်ပီတစ်ဦးတည်းသာရှိသည်။ ပွန်ပီကလည်း ဂေါလ်နယ်တွင် ဆီဇာ၏ စစ်ရေးအောင်မြင်မှုများကို မနာလိုသောသူတစ်ဦးဖြစ်သည်။ ရောမခေတ်က စစ်ရေးအောင်မြင်မှုမှာ ကြွယ်ဝချမ်းသာခြင်းတစ်မျိုးဖြစ်သဖြင့် အောင်မြင်ကျော်ကြားခြင်းသာမက ကြွယ်ဝချမ်းသာခြင်းပါ ပါဝင်သောကြောင့် ပြင်းပြင်းထန်ထန် မနာလိုခြင်းကို ဆီဇာ ခံရခြင်းဖြစ်သည်။ ပွန်ပီသည် ထိုအချိန်တွင် ရောမ၌ ကောင်ဆယ်ဖြစ်နေလေရာ ကောင်ဆယ်အဖြစ် အရွေးခံရမည့်သူသည် ရောမတွင် ရှိနေရမည်ဟူသော ဥပဒေကို ထုတ်ပြန်လိုက်ခြင်းဖြင့် ဆီဇာအား ကောင်ဆယ်အဖြစ် အရွေးခံခွင့်ကို ငြင်းပယ်လိုက်သည်။

ထိုသတင်းကို ကြားပြီးသည့်နောက် ဆီဇာသည် သူ၏တပ်များကို

ဦးဆောင်ရာ မိမိ၏နိုင်ငံဖြစ်သော ရောမကို ပြန်လည်ဝင်ရောက် ကျူးကျော်ခဲ့သည်။ ထိုသို့ဖြင့် ရောမပြည်တွင်းစစ် စတင်ခဲ့သည်။ ရောမရှိ ပွန်ပီတို့က ပထမတွင် အားသာခဲ့သည်။ ဆီဇာတွင် တပ်မကြီးတစ်တပ်သာပါသည်။ ရောမမှ ခုခံသူတို့တွင် တပ်မကြီးနှစ်တပ်ဖြင့် ဆီဇာကို ရင်ဆိုင်ခဲ့သည်။ ထိုသို့စစ်ပွဲစတင်ခဲ့သော်လည်း ဂေါလ်ရှိ ဆီဇာ၏တပ်များသည် တပ်ကူများအဖြစ် ချီတက်လာခဲ့ကြပြီဖြစ်ရာ ပွန်ပီနှင့် ဆီဇာ၏ရန်သူဟူသမျှမှာ ရောမမှထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ အီတလီတစ်ဝန်းလုံးတွင် ဆီဇာကို ဆန့်ကျင်မည့်သူ မရှိတော့ချေ။ ဆီဇာသည် ၁၁ ရက်ကြာ အာဏာရှင်အဖြစ် ရောမကိုအုပ်ချုပ်ခဲ့သည်။ ထို့နောက် ကောင်ဆယ်အဖြစ် တရားဝင်ရာထူးယူခဲ့လေသည်။

ဂေါလ်မှ ချီတက်လာသော သူ၏တပ်များလည်း ရောမသို့ ရောက်ရှိလာသည်။ ငတ်ပြတ်ဆင်းရဲစွာ ချီတက်လာခဲ့ရသော တပ်များကို အင်အားပြည့်ဖြိုးအောင် နားစေပြီးနောက် ပွန်ပီစခန်းချထားရာသို့ ဆီဇာ ချီတက်သွားလေသည်။ ပထမပိုင်းတွင် တပ်အင်အားသာသော ပွန်ပီကို အရှုံးပေးရမလို အနေအထားသို့ ရောက်ခဲ့ရသေးသည်။ ပွန်ပီတွင် ခြေလျင်တပ်သား နှစ်ဆနှင့် မြင်းစီးတပ်သား နှစ်ဆထက်ပို၍ရှိသည်။ ဆီဇာ၏တပ်နှင့် ပွန်ပီ၏တပ်များသည် ဘီစီ ၄၈ ခုတွင် အချိန်တိုအတွင်း ပွဲသိမ်းတိုက်ပွဲများ တိုက်ခဲ့နိုင်ကြသည်။

တိုက်ပွဲများပြီးဆုံးချိန်တွင် စစ်မြေပြင်ကိုထွက်၍ ကြည့်သော ဆီဇာကိုယ်တိုင် များစွာတုန်လှုပ်သွားခဲ့ရသည်ဟု ဆိုသည်။ သူ၏မှတ်တမ်းအရ ပြောရပါမူ ရန်သူတပ်သား ၁၅,၀၀၀ ကျဆုံးသည်။ ထိုအထဲတွင် ရောမအမျိုးသားစစ်သည် ၆,၀၀၀ ပါဝင်သည်။ ဆီဇာ၏ဘက်ကမူ ၂၀၀ မျှသာ ကျဆုံးသည်ဟုဆိုသည်။ ထိုအရေအတွက်တို့မှာ ပိုသည့်နေရာတွင် ပို၍ လျော့သည့်နေရာတွင် များစွာလျှော့ထားသည်ဟု ဆိုနိုင်ပါသည်။ ထိုတိုက်ပွဲအပြီးတွင် ပွန်ပီ၏ဘက်သားများ ဆီဇာ၏ထံတွင် လက်နက်ချသည်။ ထိုအချိန်တွင် ပြည်တွင်းစစ်၏ အရေးကြီးသောအပိုင်း ပြီးဆုံးခဲ့ပြီဟု ဆိုနိုင်သည်။



ပွန်ပီသည် ရောမမှ အီဂျစ်သို့ ထွက်ပြေးသွားခဲ့သည်။ သူသည် မူလက အရှေ့တိုင်းကို အောင်နိုင်ခဲ့သူဖြစ်ရာ အီဂျစ်သို့ တပ်များနှင့် ဝင်ရောက်ရာတွင် စိတ်ဓာတ်အားဖြင့် လုံခြုံစွာရှိနေခဲ့သည်။ အီဂျစ်ကိုဝင်ရာ ပင်လယ်ကမ်းစပ်တွင် တပ်များနှင့်အတူ အီဂျစ်ဘုရင် တိုလမီ ၁၄ ထံမှ သူ့ကိုလက်ခံသည်ဟူသောစကားကို စောင့်နေစဉ်မှာပင် ပွန်ပီ လုပ်ကြံခံရသည်။ ခံရချက် မသက်သာလှပေ။ နောက်ကျောကို ဓားဖြင့်ထိုးကာ ပြင်းထန်စွာ ဒဏ်ရာရပြီးမှ ခေါင်းဖြတ်ခြင်းခံရကာ အလောင်းကို မီးရှို့လိုက်ကြသည်။ ခေါင်းကို အီဂျစ်ဘုရင် တိုလမီထံသို့ ဆက်သရန် ပို့လိုက်ကြသည်။ တိုလမီသည် နောက်မှတပ်များဖြင့် ချီတက်လာမည့် ဆီဇာကို ဆက်သရန် ပွန်ပီ၏ခေါင်းကို သိမ်းထားလိုက်သည်။ မဟာပွန်ပီအမည်ရသည့် စစ်သူကြီးသည် ဘီစီ ၄၈ ခု ဇူလိုင်လ ၂၄ ရက်တွင် ထိုကဲ့သို့ကျဆုံးခဲ့ရသည်။

ဆီဇာရောက်လာသည့်အချိန်တွင် တိုလမီက ဆက်သခိုင်းသော ပွန်ပီ၏ခေါင်းကိုမြင်သည်နှင့် ဆီဇာသည် တစ်ဖက်သို့လှည့်ကာ ငိုကြွေးခဲ့သည်ဟုဆိုသည်။ အာဏာ၏နောက်သို့ အပြေးလိုက်ရင်း ရန်သူဖြစ်ခဲ့သော ပွန်ပီသည် မူလက ဆီဇာ၏ ရဲဘော်ရဲဘက်ဖြစ်သည်။ သမက်လည်း တော်ခဲ့ဖူးသည်။ အီဂျစ်သို့လိုက်ကာ ပွန်ပီကို အပြစ်မှခွင့်လွှတ်၍ ရောမကိုပြန်ခေါ်လာရန် ဆီဇာတွင် အကြံရှိခဲ့သည်ဟုဆိုသည်။ ထိုစကားသည် မှန်နိုင်ချေရှိပါသည်။ အကြောင်းမှာ ဆီဇာတွင် ပွန်ပီမရှိပါက မဟာမိတ်ရှိမည်မဟုတ်ချေ။

အီဂျစ်သို့ ဆီဇာရောက်လာသည့်အချိန်တွင် သူ၏တပ်တွင် တပ်သား ၄၀၀၀ ပါဝင်သည်။ တပ်မတစ်ခုလုံး ချီတက်လာခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ဆီဇာသည် အီဂျစ်သို့ရောက်သည်နှင့် နန်းတော်သို့ တစ်ခါတည်းတက်၍ နေရာယူထားလိုက်သည်။ ဤနေရာတွင် ဇာဖတ်မနာသေးသော လူငယ်များအတွက် ရှင်းပြရန်လိုပါသည်။ တိုလမီဆိုသည့်အမည်ဖြင့် အီဂျစ်ဘုရင်ဖြစ်နေသူမှာ အီဂျစ်ဘုရင်မာယာရှင်ဟု အများသိကြသူ ကလီယိုပါထရာနှင့် မောင်နှမအရင်းတော်စပ်သည်။ သူတို့သည် ဖာရိုဟု အမည်တွင်ခဲ့သော

ဦးဆောင်ရာ မိမိ၏နိုင်ငံဖြစ်သော ရောမကို ပြန်လည်ဝင်ရောက် ကျူးကျော်ခဲ့သည်။ ထိုသို့ဖြင့် ရောမပြည်တွင်းစစ် စတင်ခဲ့သည်။ ရောမရှိ ပွန်ပီတို့က ပထမတွင် အားသာခဲ့သည်။ ဆီဇာတွင် တပ်မကြီးတစ်တပ်သာပါသည်။ ရောမမှ ခုခံသူတို့တွင် တပ်မကြီးနှစ်တပ်ဖြင့် ဆီဇာကို ရင်ဆိုင်ခဲ့သည်။ ထိုသို့စစ်ပွဲစတင်ခဲ့သော်လည်း ဂေါလ်ရှိ ဆီဇာ၏တပ်များသည် တပ်ကူများအဖြစ် ချီတက်လာခဲ့ကြပြီဖြစ်ရာ ပွန်ပီနှင့် ဆီဇာ၏ရန်သူဟူသမျှမှာ ရောမမှထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ အီတလီတစ်ဝန်းလုံးတွင် ဆီဇာကို ဆန့်ကျင်မည့်သူ မရှိတော့ချေ။ ဆီဇာသည် ၁၁ ရက်ကြာ အာဏာရှင်အဖြစ် ရောမကိုအုပ်ချုပ်ခဲ့သည်။ ထို့နောက် ကောင်ဆယ်အဖြစ် တရားဝင်ရာထူးယူခဲ့လေသည်။

ဂေါလ်မှ ချီတက်လာသော သူ၏တပ်များလည်း ရောမသို့ ရောက်ရှိလာသည်။ ငေါ်ပြတ်ဆင်းရဲစွာ ချီတက်လာခဲ့ရသော တပ်များကို အင်အားပြည့်ဖြိုးအောင် နားစေပြီးနောက် ပွန်ပီစခန်းချထားရာသို့ ဆီဇာ ချီတက်သွားလေသည်။ ပထမပိုင်းတွင် တပ်အင်အားသာသော ပွန်ပီကို အရှုံးပေးရမလို အနေအထားသို့ ရောက်ခဲ့ရသေးသည်။ ပွန်ပီတွင် ခြေလျင်တပ်သားနှစ်ဆနှင့် မြင်းစီးတပ်သား နှစ်ဆထက်ပို၍ရှိသည်။ ဆီဇာ၏တပ်နှင့် ပွန်ပီ၏တပ်များသည် ဘီစီ ၄၈ ခုတွင် အချိန်တိုအတွင်း ပွဲသိမ်းတိုက်ပွဲများ တိုက်ခဲ့နိုင်ကြသည်။

တိုက်ပွဲများပြီးဆုံးချိန်တွင် စစ်မြေပြင်ကိုထွက်၍ ကြည့်သော ဆီဇာကိုယ်တိုင် များစွာတုန်လှုပ်သွားခဲ့ရသည်ဟု ဆိုသည်။ သူ၏မှတ်တမ်းအရ ပြောရပါမူ ရန်သူတပ်သား ၁၅,၀၀၀ ကျဆုံးသည်။ ထိုအထဲတွင် ရောမအမျိုးသားစစ်သည် ၆,၀၀၀ ပါဝင်သည်။ ဆီဇာ၏ဘက်ကမူ ၂၀၀ မျှသာ ကျဆုံးသည်ဟုဆိုသည်။ ထိုအရေအတွက်တို့မှာ ပိုသည့်နေရာတွင် ပို၍ လျော့သည့်နေရာတွင် များစွာလျှော့ထားသည်ဟု ဆိုနိုင်ပါသည်။ ထိုတိုက်ပွဲအပြီးတွင် ပွန်ပီ၏ဘက်သားများ ဆီဇာ၏ထံတွင် လက်နက်ချသည်။ ထိုအချိန်တွင် ပြည်တွင်းစစ်၏ အရေးကြီးသောအပိုင်း ပြီးဆုံးခဲ့ပြီဟု ဆိုနိုင်သည်။



ပွန်ပီသည် ရောမမှ အီဂျစ်သို့ ထွက်ပြေးသွားခဲ့သည်။ သူသည် မူလက အရှေ့တိုင်းကို အောင်နိုင်ခဲ့သူဖြစ်ရာ အီဂျစ်သို့ တပ်များနှင့် ဝင်ရောက်ရာတွင် စိတ်ဓာတ်အားဖြင့် လုံခြုံစွာရှိနေခဲ့သည်။ အီဂျစ်ကိုဝင်ရာ ပင်လယ်ကမ်းစပ်တွင် တပ်များနှင့်အတူ အီဂျစ်ဘုရင် တိုလမီ ၁၄ ထံမှ သူ့ကိုလက်ခံသည်ဟူသောစကားကို စောင့်နေစဉ်မှာပင် ပွန်ပီ လုပ်ကြံခံရသည်။ ခံရချက် မသက်သာလှပေ။ နောက်ကျောကို ဓားဖြင့်ထိုးကာ ပြင်းထန်စွာ ဒဏ်ရာရပြီးမှ ခေါင်းဖြတ်ခြင်းခံရကာ အလောင်းကို မီးရှို့လိုက်ကြသည်။ ခေါင်းကို အီဂျစ်ဘုရင် တိုလမီထံသို့ ဆက်သရန် ပို့လိုက်ကြသည်။ တိုလမီသည် နောက်မှတပ်များဖြင့် ချီတက်လာမည့် ဆီဇာကို ဆက်သရန် ပွန်ပီ၏ခေါင်းကို သိမ်းထားလိုက်သည်။ မဟာပွန်ပီအမည်ရသည့် စစ်သူကြီးသည် ဘီစီ ၄၈ ခု ဇူလိုင်လ ၂၄ ရက်တွင် ထိုကဲ့သို့ကျဆုံးခဲ့ရသည်။

ဆီဇာရောက်လာသည့်အချိန်တွင် တိုလမီက ဆက်သနိုင်းသော ပွန်ပီ၏ခေါင်းကိုမြင်သည်နှင့် ဆီဇာသည် တစ်ဖက်သို့လှည့်ကာ ငိုကြွေးခဲ့သည်ဟုဆိုသည်။ အာဏာ၏နောက်သို့ အပြေးလိုက်ရင်း ရန်သူဖြစ်ခဲ့သော ပွန်ပီသည် မူလက ဆီဇာ၏ ရဲဘော်ရဲဘက်ဖြစ်သည်။ သမက်လည်း တော်ခဲ့ဖူးသည်။ အီဂျစ်သို့လိုက်ကာ ပွန်ပီကို အပြစ်မှခွင့်လွှတ်၍ ရောမကိုပြန်ခေါ်လာရန် ဆီဇာတွင် အကြံရှိခဲ့သည်ဟုဆိုသည်။ ထိုစကားသည် မှန်နိုင်ချေရှိပါသည်။ အကြောင်းမှာ ဆီဇာတွင် ပွန်ပီမရှိပါက မဟာမိတ်ရှိမည်မဟုတ်ချေ။

အီဂျစ်သို့ ဆီဇာရောက်လာသည့်အချိန်တွင် သူ၏တပ်တွင် တပ်သား ၄၀၀၀ ပါဝင်သည်။ တပ်မတစ်ခုလုံး ချီတက်လာခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ဆီဇာသည် အီဂျစ်သို့ရောက်သည်နှင့် နန်းတော်သို့ တစ်ခါတည်းတက်၍ နေရာယူထားလိုက်သည်။ ဤနေရာတွင် စာဖတ်မနာသေးသော လူငယ်များအတွက် ရှင်းပြရန်လိုပါသည်။ တိုလမီဆိုသည့်အမည်ဖြင့် အီဂျစ်ဘုရင်ဖြစ်နေသူမှာ အီဂျစ်ဘုရင်မာယာရှင်ဟု အများသိကြသူ ကလီယိုပါထရာနှင့် မောင်နှမအရင်းတော်စပ်သည်။ သူတို့သည် ဖာရိုဟု အမည်တွင်ခဲ့သော

အီဂျစ်လူမျိုးများ ဘုရင်များမှ ဆင်းသက်လာသူများ မဟုတ်ချေ။ အီဂျစ်သည် အဘက်ဘက်တွင် ကြွယ်ဝသောအီဂျစ်သည် ဂရိများ ရောမများလက်ထက်တွင် အကြိမ်ကြိမ်ကျူးကျော် ဝင်ရောက်ခြင်းခံရကာ ဖာရိုမင်းဆက်များ သုဉ်းသွားခဲ့သည်။ အလက်ဇန္ဒာ ကွယ်လွန်ချိန်တွင် သူ၏စစ်သူကြီးတစ်ဦးဖြစ်သူ တိုလမီက အီဂျစ်ကို ဆက်ခံသိမ်းပိုက်ခဲ့သည်။ ထို့နောက် အီဂျစ်တို့၏ဓလေ့ထုံးစံ ဟန်ပန်တို့ကိုယူကာ မင်းပြုနေခြင်းဖြစ်သည်။ ထိုတိုလမီကြီးသည် သူ၏သမီးဖြစ်သူ ကလီယိုပါထရာနှင့် သားငယ်ဖြစ်သူ တိုလမီတို့ကို အီဂျစ်မင်းမျိုးတို့၏ ထုံးစံကိုလိုက်၍ မောင်နှမချင်း ထိမ်းမြားပေးခဲ့သည်။

ယခု ဆီဇာရောက်ရှိသွားချိန်တွင် တိုလမီတို့မောင်နှမနှစ်ယောက်သည် အီဂျစ်ထီးနန်းကို သူရထိုက်သည် ငါရထိုက်သည်ဟု ငြင်းခုံနေချိန်ဖြစ်သည်။ တိုလမီက ဆီဇာထံမှ မျက်နှာသာရချင်ဇောဖြင့် ပွန်ပီကို သတ်ဖြတ်စေ၍ ခေါင်းကိုဆက်သခြင်းသည် သူ့အတွက် မျက်နှာသာရမည်ထား၍ အမျက်သာရစေမည့် လုပ်ရပ်ဖြစ်သွားလေသည်။

ကလီယိုပါထရာသည် ကော်ဇောလိပ်ဖြင့် သူ့ကိုယ်ကိုပတ်စေကာ ကျွန်တစ်ဦးကိုထမ်းစေ၍ ဆီဇာ၏ရှေ့မှောက်သို့ အရင်ရောက်အောင် ဝင်သည်ဟု အစဉ်အလာပြောလာရာ အတည်ဖြစ်နေလေသည်။ မှုကွဲအမျိုးမျိုးဖြင့် ပြောရာတွင် ဆီဇာက သူ၏ဆုံးဖြတ်ချက်ကို တရားမျှတစေရန် မည်သူ့ကိုမှ သူ့ထံသို့ ဝင်ခွင့်မပေး၍ ထိုသို့လုပ်ရခြင်းဖြစ်သည်ဟုလည်း ဆိုကြသည်။ သို့သော် မှုကွဲမှတ်တမ်းတွင် ဆီဇာက ကလီယိုပါထရာကို စတင်၍ ဖိတ်ခေါ်သည်ဟု ဆိုသည်။ ကလီယိုပါထရာထံမှ ရနိုင်သမျှ ကြွယ်ဝခြင်းတို့ကို ယူချင်၍ ထိုသို့ဆက်သွယ်ခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုအချိန်အထိ ဆီဇာလုပ်ဆောင်ခဲ့သည့် လောဘဇောတိုက်မှုများကို ထောက်ထား၍ ကောက်ချက်ချရသော် ဆီဇာက ကလီယိုပါထရာကို စတင်ဆက်သွယ်သည်ဟုဆိုခြင်းသည် မှန်ကန်နိုင်သည်။ ဆီဇာနှင့် ကလီယိုပါထရာတို့ တွေ့ဆုံခြင်းသည် ချစ်မြတ်နိုးခြင်းကို ပေါက်ဖွားစေသော



တွေ့ဆုံခြင်းမျိုး မဟုတ်ချေ။ အပြန်အလှန်အားဖြင့် မိမိတို့အလိုရှိသည်ကို နှစ်သက်ရာပစ္စည်းများဖြင့် လဲလှယ်ရန်သာဖြစ်သည်။

သူတို့အချင်းချင်း အကြောင်းဆက်ပေါင်းဖက်ခြင်းမှာလည်း အသီးသီး၏ ကိုယ်ကျိုးအတွက် စွန့်စားလိုသော စွန့်စားဝံ့သောစိတ်ဓာတ်ကို ဖော်ပြလိုက်ခြင်းသာဖြစ်သည်။ ဆီဇာသည် စစ်သူကြီးတစ်ယောက်အဖြစ် ကျော်ကြားပြီးဖြစ်သည်။ အမျိုးသမီးမျိုးစုံနှင့် တွေ့ကြုံဖူးသည်။ ကလီယိုပါထရာသည် အများထင်သလို များစွာလှပချောမောခြင်းမရှိဟု ဆိုသည့်တိုင် အီဂျစ်၏ထူးခြားဆန်းပြားမှုတွင် ယစ်မူးနေသော အောင်ပွဲရ စစ်သူကြီးအဖို့ ငယ်ရွယ်သောအီဂျစ်ဘုရင်မ၏ လွှမ်းမိုးခြင်းကို မလှုပ်သာအောင် ခံခဲ့ရသည်မှာ မဆန်းလှပေ။

## ဆီဇာနှင့် ကလီယိုပါထရာ

ဆီဇာနှင့် ကလီယိုပါထရာကဲ့သို့သော ထင်ရှားသူများသည် သက်ရှိထင်ရှားရှိစဉ်က မည်ရွေ့မည်မျှ ဘုန်းကြီး၍ လူအများက မည်မျှစိတ်ဝင်စားခဲ့ကြမည်ကို မသိနိုင်သော်လည်း နောက်ပိုင်းခေတ်များတွင် စာပေမှတစ်ဆင့် လက်ဆင့်ကမ်း သိရသူများကမူ များစွာစိတ်ဝင်စားကြပါသည်။ ပြဇာတ်များ၊ ကဇာတ်များ၊ ရုပ်ရှင်များတွင်လည်း သူတို့၏အကြောင်းကို များစွာထင်ရှားအောင် အသက်သွင်းခဲ့ကြသည်။ အမှန်တရားနှင့် မည်မျှနီးစပ်သည်ကိုမူ မည်သူမျှ မပြောနိုင်ချေ။

ရုပ်ရှင်များတွင် ငယ်ရွယ်၍ လှပချောမောသော အသက် ၁၇ နှစ်အရွယ် ကလီယိုပါထရာသည် အာဖရိကတိုက်သား ကျွန်တစ်ယောက်၏ ပခုံးပေါ်မှ ကြမ်းပြင်ပေါ်သို့ ဖြန့်ချလိုက်သော ကော်ဇောလိပ်ထဲမှ တခစ်ခစ် ရယ်သံပေး၍ ပေါ်ထွက်လာကာ အံ့အားသင့်နေသော သူ့ထက် ၃၅ နှစ် အသက်ပို၍ကြီးသော ဆီဇာကို ဖမ်းစားလိုက်နိုင်သည့်အကြောင်း အမှုအရာနှင့်ရော စကားနှင့်ပါ သရုပ်ပေါ်အောင် ဖော်ပြထားသည်။

ယခင်ဓာတ်ကြောင်းများတွင် ရေးသားခဲ့ဖူးသည့်အတိုင်း အီဂျစ်ကို အောင်မြင်ကြသူများသည် အီဂျစ်ကို လာရောက်ကြပြီးသည့်နောက် အီဂျစ်၏ကြွယ်ဝခြင်း၊ လျှို့ဝှက်ဆန်းကြယ်ခြင်း၊ ယခုခေတ်တွင် သုံးလေ့ရှိသော မြန်မာစကားဖြင့် မြန်မာဆန်ဆန်ပြောရလျှင် ဂမ္ဘီရဆန်ခြင်း၊ အရှေ့တိုင်း ယဉ်ကျေးမှုအတိုင်း (တစ်နည်းဆိုသော် ဖရိုခေတ်မှ ကျန်ခဲ့သောယဉ်ကျေးမှု အတိုင်း) ဘုရင်ဖြစ်သူကို နတ်တစ်ပါးကဲ့သို့သတ်မှတ်ကာ ကိုးကွယ်ကြခြင်း ဟူသော ထူးခြားချက်များနှင့် ကြုံဆုံကာ မူလစိတ်ပျောက်မတတ် ဖြစ်သွားလေ့ရှိကြသည်။ ထို့ကြောင့် ကလီယိုပါထရာက အံ့အားသင့်သွားအောင် ဖန်တီး၍ ဆီဇာ၏ရှေ့မှောက်သို့ ဝင်ရောက်ခြင်းကြောင့် ဆီဇာက ထူးခြားစွာတိမ်းညွှတ်သောစိတ် ပေါ်ပေါက်ခြင်း မဟုတ်နိုင်ချေ။ မူလကတည်းက ဆီဇာသည် အီဂျစ်ကိုစိုးမိုးနိုင်ရန် ကလီယိုပါထရာကို စည်းရုံးလိုသောကြောင့် စတင်ဖိတ်ခေါ်ခဲ့သည်ဖြစ်ရာ အာဏာရရှိရန်ဆိုလျှင် မည်သို့ဆောင်ရွက်ရသည်ဖြစ်စေ ဆောင်ရွက်ရန်ဝန်မလေးသော ဆီဇာနှင့်ကလီယိုပါထရာ ပေါင်းစည်းမိကြလေသည်။

ကလီယိုပါထရာသည် လှပသည်။ ယဉ်ကျေးသည်။ ဆွဲဆောင်မှု အားကောင်းသည်။ ထိုအရည်အချင်းများကို ပိုမိုတောက်ပြောင်စေနိုင်သည်မှာ ကြွယ်ဝခြင်းနှင့် အာဏာရှိခြင်းတို့ဖြစ်ကြသည်။ ဆီဇာသည် ကလီယိုပါထရာကို အီဂျစ်၏ရာဇပလ္လင်ကို တစ်ဦးတည်းရရှိအောင် ဆောင်ရွက်ပေး၍ ကလီယိုပါထရာမှတစ်ဆင့် ကြွယ်ဝသော အီဂျစ်ကို လိုသလိုသုံးစားရန် စီမံပြီးဖြစ်လေသည်။

ကလီယိုပါထရာနှင့် ဆီဇာတို့ ညီညွတ်ပေါင်းစည်းကြပြီးနောက် တိုလမီ ၁၄ ကို နှိမ်နင်းလိုက်နိုင်ကြသည်။ ဘီစီ ၄၇ ခုတွင် ဆီဇာသည် ကလီယိုပါထရာအတွက် ထီးနန်းကို နိုင်ငံရေးအင်အား စစ်ရေးအင်အားများကို အသုံးပြုကာ အရယူပေးနိုင်သည်။ သို့သော် ကလီယိုပါထရာသည် သူ၏ခမည်းတော်ထားခဲ့သည့် သေတမ်းစာအရ မောင်ငယ်ဖြစ်သူ အသက် ၁၂ နှစ်သားအရွယ် တိုလမီကို လက်ထပ်လိုက်ရသည်။ မှတ်တမ်းအရ ကလီယိုပါ



ထရာကို ထီးနန်းပေးနိုင်ရန် ဆီဇာနှင့်တိုက်ရသူမှာ တိုလမီ ၁၃ ဖြစ်ကာ လက်ထပ်ရသူမှာ ၁၄ ဖြစ်သည်ဟုဆိုသည်။ ထိုသို့မောင်ငယ်ဖြစ်သူနှင့် လက်ထပ်ခြင်းမှာ ထုံးစံအရဖြစ်၍ တကယ်တမ်း ပျားရည်ဆမ်းခရီး အတူ ထွက်ခဲ့သူမှာ ဆီဇာဖြစ်သည်။ ဆီဇာနှင့် ကလီယိုပါထရာတို့သည် ကလီယိုပါထရာ ပိုင် မင်းစီးဖောင်ကြီးဖြင့် နိုင်းလ်မြစ်တစ်လျှောက် ခရီးထွက်လိုက်ကြသည်မှာ အီဂျစ်တစ်နိုင်ငံလုံး အနှံ့အပြားသို့ ရောက်ခဲ့ကြသည်။ အီသီယိုးပီးယား နယ်စပ်သို့တိုင်အောင်ပင် ရောက်ခဲ့ကြသည်ဟုဆိုသည်။

ထိုသို့ ဆီဇာနှင့် ကလီယိုပါထရာတို့ ပျော်မဆုံးဖြစ်နေချိန်တွင် ရောမပိုင်နက်ထဲတွင်ရှိသော စပိန်နှင့် အာဖရိကန်ဒေသတစ်လွှားတွင် သမ္မတ အင်အားစုများ ထကြွနေခဲ့ကြသည်။ ရောမ၏ ပဓာနရန်သူများကလည်း ရောမပိုင် အရှေ့ပိုင်းနယ်များကို ထိပါးလာကြသည်။ ထိုသို့သော နိုင်ငံရေး အခြေအနေများကြောင့် ဆီဇာသည် အီဂျစ်တွင် ကလီယိုပါထရာကို ထားရစ်ခဲ့ကာ သူ၏ရဲမက်များကို စုစည်း၍ ရန်သူများကိုရင်ဆိုင်ရန် ထွက်ခွာသွားခဲ့ရသည်။

## ပြည်တွင်းစစ် ပြီးဆုံးခြင်း

ဆီဇာသည် ရန်သူများရှိရာသို့ ချီတက်ရာတွင် ဂျူဒီအာနှင့် ဆီးရီးယားကို ဖြတ်ကျော်ချီတက်ရသည်။ ရောက်ရှိသည့်နယ်များတွင် ယခင်က ပွန်ပီကို ထောက်ခံခဲ့သော ရောမလက်နက်နိုင်ငံတော်၏ ပဏ္ဏာဆက်ဘုရင်များ၊ ရောမဘုရင်ခံများကို အပြစ်မှလွတ်ကြောင်း အမိန့်ပေးခဲ့ရသည်။ ထိုသို့သောအမိန့်မျိုးကို ထုတ်ပြန်ခဲ့သဖြင့် ဆက်သကြသော လက်ဆောင်များကြောင့် သူ၏တပ်မတော်အတွက် ဘဏ္ဍာတော်များ ပိုမိုစုဆောင်းမိသွားခဲ့သည်။ ဆီဇာသည် သူ့ကိုအာခံနေသော ဘုရင် ဖာနေဆက်စ် (Pharnaces) နှင့် ဇီလာ (Zela)တိုက်ပွဲတွင် တွေ့ဆုံခဲ့ကြသည်။ အနိုင်ရသည်မှာ မြန်လွန်းလှသဖြင့် ဆီဇာ ပြောသောစကားများအနက်မှ အများသိကြသည့်

သမိုင်းဝင်စကားတစ်ခွန်းကို ဆီဇာပြောခဲ့သည်။ ထိုစကားမှာ ရောမလို ဆိုသော် (Veni, Vidi, Vici) အင်္ဂလိပ်လိုဆိုသော် (I came, I saw, I conquer.) ငါသွားသည်၊ ငါမြင်သည်၊ ငါနိုင်သည်ဟု မြန်မာလိုဆိုရမည့် စကားဖြစ်သည်။

ဘီစီ ၄၆ ခုတွင် ဆီဇာ အာဖရိကသို့ ချီတက်သွားသည်။ ထိုဒေသတွင် ပွန်ပီ၏ဘက်တော်သား ဆီနိတ်အင်အားစု အကြွင်းအကျန်များဖြစ်သည့် ကေတိုအငယ် (Cato the yonger) တို့အုပ်စုဝင်များကို ရင်ဆိုင်တိုက်ခိုက်ရန်ဖြစ်သည်။ ဆီဇာသည် ရန်သူများကို လျှင်မြန်စွာ အနိုင်ရအောင် တိုက်ခိုက်နိုင်ခဲ့ပြန်သည်။ ကေတိုအငယ်သည် ဆီဇာ၏တပ်များက သူ၏တပ်များကို အနိုင်ရအောင် တိုက်ခိုက်နိုင်လိုက်သည့်သတင်းကို ကြားပြီးနောက် ရောမများ၏ရှေးထုံးစံအတိုင်း သူ၏ဆောင်ဓားပေါ်သို့ မှောက်၍ ချလိုက်ကာ သူ့ကိုယ်သူ သတ်သေသွားခဲ့သည်။

ထိုသို့ ဆီဇာက စစ်ရေးတွင် တစ်ပွဲပြီးတစ်ပွဲ အနိုင်ရနေသည့်တိုင် ပွန်ပီ၏သားနှစ်ယောက်နှင့်တကွ ဆီဇာ၏လူအချို့ပါ ပေါင်းစည်းညှိနှိုင်းကြကာ စပိန်သို့ထွက်ပြေးသွားကြလေသည်။ သူတို့၏ ရောမလက်နက်နိုင်ငံတော်အရပ်ရပ်ကို ဆီဇာ အုပ်စိုးနေသည့်အဖြစ်မှလွတ်မြောက်အောင် ဆန့်ကျင်တော်လှန်နေခဲ့ကြသည်။ ဆီဇာသည် ဘီစီ ၄၆ ခု နှစ်ကုန်ပိုင်းတွင် တပ်ဖွဲ့ ရှစ်ဖွဲ့အပြင် သူ၏မြင်းစီးတပ်ဖွဲ့ ၈၀၀၀ ထောင် ပါဝင်သောအင်အားနှင့် စပိန်သို့ချီတက်သွားလေသည်။ ဆီဇာ စပိန်မြေကို နှင်းပြီဆိုသည့်အကြောင်းကို ရန်သူများမျှော်လင့်မထားကြချေ။ ထို့ကြောင့် ဆီဇာ၏ဘက်မှ အားသာခဲ့ပြန်သည်။

ဘီစီ ၄၅ ခုတွင် တိုက်ခိုက်ခဲ့သော မန်ဒါတိုက်ပွဲ (The battle of Munda) နှင့်ပတ်သက်၍ ရှင်းလင်းစွာ တင်ပြလိုပါသည်။ ဆီဇာ၏ ရန်သူများထဲတွင် ပွန်ပီ၏သားနှစ်ယောက်သာမက ဆီဇာနှင့်အတူ စစ်ဆင်ရေး အတူလုပ်ခဲ့သူ လေဘီယန်းနပ်စ် (Labiunus) ဆိုသူလည်း ပါဝင်ခဲ့သည်။ မန်ဒါတိုက်ပွဲသည် ဆီဇာ၏ဘဝတွင် အခက်ခဲဆုံးတိုက်ပွဲဖြစ်သည်။



အကြောင်းမှာ ရန်သူတို့သည် တောင်ထိပ်တွင်စခန်းချထားသဖြင့် ဆီဇာတို့သည် အင်အားခိုင်မာသော ရန်သူ၏စခန်းသို့ရောက်အောင် တောင်ပေါ်သို့ တက်ခဲ့ကြရသည်။ ထိုတိုက်ပွဲသည် ပြင်းထန်မည်၊ ခက်ခဲမည်ကို သိသော်လည်း နေ့အလင်းရောင်အောက်တွင် ဆီဇာကဲ့သို့သောလူမျိုးသည် မည်သည့်နည်းနှင့်မှ နောက်ဆုတ်မည်မဟုတ်ချေ။

ထို့ကြောင့် ရန်သူများနှင့်ရင်ဆိုင်မိသည်အထိ ဆက်၍ချီတက်သွားခဲ့ကြသည်။ ယနေ့ခေတ် စာဖတ်သူ လူငယ်များအနေဖြင့် အထူးသတိပြုရမည်မှာ ပေါက်ကွဲယမ်းအားကိုသုံး၍ တိုက်သောတိုက်ပွဲမဟုတ်ဘဲ ရင်ဆိုင်တိုက်ပွဲတွင် ဓား လှံ စသည်တို့ကို သုံး၍ ရဲစွမ်းသတ္တိအားကို အခြေပြုတိုက်သောတိုက်ပွဲဖြစ်သည်ဆိုသည့် အချက်ဖြစ်သည်။

ရန်သူများနှင့် ရင်ဆိုင်မိကာ တပ်အချင်းချင်း လုံးထွေးသွားသည့်အချိန်မှစ၍ ဆီဇာ၏ဘဝတွင် တိုက်ခဲ့သည့်စစ်ပွဲပေါင်းများစွာအနက် အပြင်းထန်ဆုံး အရက်စက်ဆုံး တိုက်ပွဲဖြစ်ကြောင်း သိသာခဲ့သည်ဟုဆိုသည်။ ပြင်းထန်စွာ တိုက်ခိုက်နေကြရသဖြင့် နှစ်ဖက်စလုံး အားကုန်လာကြသည့်ပြင် ကျဆုံးသူများလည်း များပြားလှသည်။ နှစ်ဘက်စလုံးမှ စစ်သူကြီးများသည် အချက်အခြာကျသောနေရာများတွင် နေရာယူကာ တိုက်ပွဲအခြေအနေကို စီးမိုး၍ ကွပ်ကဲကြည့်ရှုနေရာမှ သူတို့ကိုယ်တိုင် တပ်သားများနှင့်အတူ ရောနှောကာ တိုက်ပွဲဝင်ခဲ့ကြရသည်။ ထိုကဲ့သို့ သမိုင်းဝင်တိုက်ပွဲကြီး၏ ပြီးဆုံးချိန်တွင် ဆီဇာ၏တူတော်မောင် အော့တေးဗီးယပ်စ် ကွပ်ကဲသော တပ်မ အမှတ် ၁၀ ဘက်မှ တိုက်ပွဲအလှည့်ပြောင်းကို ဖြစ်စေခဲ့သည်။

တပ်မ ၁၀ သည် ဆီဇာ၏ ညာတောင်ပံတွင် နေရာယူထားရာမှ သားပွန်ပီ၏ဘယ်တောင်ပံကို နောက်သို့ဆုတ်သွားအောင် တွန်းလှန်လိုက်နိုင်သည်။ ထိုအချိန်တွင် မြင်းတပ်ကိုကွပ်ကဲကာ တိုက်ပွဲဝင်နေသော လေဘီယန်းနပ်စ်သည် ပွန်ပီ၏တပ်များ ယိုင်သွားသည်ကို သတိထားလိုက်မိသည်။ ထိုသို့သောအချိန်တွင် ပင်မစခန်းကို ခုခံရန်ရည်ရွယ်ကာ သူ၏မြင်းတပ်ကို ဆုတ်ရန် လေဘီယန်းနပ်စ်က အမိန့်ပေးခဲ့သည်။ သို့သော် ထိုလုပ်ရပ်သည်

ဆိုးကျိုးများကိုဖြစ်ပွားအောင် အယူအဆမှားများကို ဖြစ်ပွားစေခဲ့သည်။ လေဘီယမ်းနပ်စ်သည် ဆီဇာနှင့်အတူ တစ်ဖက်တည်းမှနေ၍ တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ဆီဇာ၏အကြောင်းကို ကောင်းစွာသိသူဖြစ်သည်။ သူဆုတ်ခွာသည်မှာ ဆီဇာဘက်မှ တိုက်ပွဲကိုအဆုံးသတ်ရန် အားထည့်တော့မည်။ ထို့ကြောင့် လေဘီယန်းနပ်စ်က လုံးဝဆုတ်ခွာခြင်းဖြစ်သည်စသည့် အတွေးများပေါ်ပေါက်လာကာ တစ်တပ်ပြီးတစ်တပ် ဒရောသောပါး အပြင်းအထန် ဆုတ်ခွာခဲ့ကြသည်။ ထိတ်လန့်သွားခြင်းသည် စစ်ပွဲ၏အရှုံးကို ဖြစ်စေသည်။

ဆီဇာ၏ဘက်မှ ရန်သူဆုတ်ကြောင်းသိကြသည်နှင့် အားသွန်တိုက်ခိုက်ကြသည်။ အရက်စက်ကြီးရက်စက်စွာ သတ်ဖြတ်ခဲ့ကြသည်။ ထိုပွဲတွင် ဆုတ်ခွာခဲ့ကြသူ ၃၀,၀၀၀ သေဆုံးခဲ့သည်။ လေဘီယန်းနပ်စ်သည် အသက်ခံရသူများထဲတွင် တစ်ယောက်ဖြစ်သည်။ ပွန်ပီ၏သားအကြီးမှာ ထွက်ပြေး လွတ်မြောက်သွားသည်။

ထိုတိုက်ပွဲသည် ဆီဇာ၏ဘဝတွင် အကြီးမားဆုံး နောက်ဆုံးနှင့် အကြီးမားဆုံး အောင်ပွဲရသည့် တိုက်ပွဲဖြစ်သည်။ ထိုအချိန်မှစ၍ ခေသ တစ်ခုကို အနိုင်အမာခြေကုပ်ယူကာ ဆန့်ကျင်မှုများသည်လည်း ပြီးဆုံးသွားခဲ့လေသည်။

## ပြည်တွင်းစစ်ပြီးချိန်၌

ဆီဇာသည် စစ်ပြီးသည့်နောက် လပေါင်းအတန်ကြာသည့်တိုင် ဟစ်ပန်းနီးယားတွင် ရန်စရန်ကြွင်းကို ရှင်းလင်းသည့်အနေဖြင့် လူပေါင်းများစွာကို သစ္စာမဲ့သည်ဟူသော စွဲချက်ဖြင့် ရက်စက်စွာသတ်ဖြတ်ခဲ့သည်။ ပွန်ပီ၏သားတစ်ယောက်သည် ဆီဇာ၏သတ်ဖြတ်ခြင်းကို ခံခဲ့ရ၍ နောက်တစ်ယောက်မှာ ကော်ဒိုဘာတွင် အကျဉ်းချထားခြင်းကို ခံနေရာမှ စပိန်မှ အပြီးအပိုင် ထွက်ပြေးလွတ်မြောက်သွားခဲ့လေသည်။ မန်ဒါတိုက်ပွဲ မတိုင်မီ



ကတည်းက ဆီဇာရှိရာသို့ တူတော်သူ အော့တေးတေးဗီးယပ်စ် လာရောက်၍ ပူးပေါင်းခဲ့သည်။ စပိန်တွင် ဖြစ်ပွားသောစစ်ရေးတွင် အော့တေးဗီးယပ်စ်သည် ဂျူးလီးယပ်စ်ကို ဆက်ခံနိုင်သူတစ်ယောက်အဖြစ် သက်သေထူနိုင်ခဲ့သည်။

အော့တေးဗီးယပ်စ်သည် ပြည်နယ်အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ထိုအချိန်တွင် ဩဇာအာဏာအမြင့်မားဆုံးဖြစ်သော ဦးရီးတော်ဆီဇာ၏ထံတွင် လက်ထပ်သင်ယူခွင့်ရရှိသည်။ မန်ဒါစစ်ပွဲပြီးသည့်အချိန်မှစ၍ ဂျူးလီးယပ်စ် ဆီဇာသည် အော့တေးဗီးယပ်စ်ကို တူဟုခေါ်ပြောရည်ညွှန်းနေရာမှ သားဟု အတိအလင်းခေါ်ဆိုခဲ့သည်။

ဘီစီ ၄၅ ခု စက်တင်ဘာလတွင် ဆီဇာသည် အီတလီသို့ ပြန်လာခဲ့သည်။ သူ၏ပထမဆုံးအလုပ်မှာ သူ၏သေတမ်းစာကို ပြင်ဆင်ရန်ဖြစ်သည်။ ထိုသေတမ်းစာတွင် အော့တေးဗီးယပ်စ်ကို သူ၏တစ်ဦးတည်းသော အမွေဆက်ခံသူအဖြစ် ဖော်ပြထားလိုက်သည်။ ဆီဇာ အီတလီသို့ ပြန်လည်မရောက်ရှိသေးသည့်အချိန်မှာပင် ဆီနိတ်က ဆီဇာအား ဂုဏ်ပြုခဲ့သည်မှာ များလှသည်။

ဂျူးလီးယပ်စ်ဆီဇာသည် ရန်သူများကို ပိတ်ပင်တားဆီးမှုများမလုပ်ဘဲ များသောအားဖြင့် ခွင့်လွှတ်ခဲ့သည်။ ဆီဇာကိုလည်း ဆန့်ကျင်တော်လှန်သူ မရှိသလောက်နည်းပါးသည်။ ပွင့်လင်းစွာ လူပုံလယ်တွင် ဆန့်ကျင်ပြောဆိုခြင်းလည်း မရှိပေ။ ပြည်နယ်များတွင် ဆီဇာ၏ ကြီးကျယ်သောစစ်ရေးအောင်မြင်မှုကို အကြောင်းပြု၍ ဧပြီလ ၂၁ ရက်နေ့တွင် ပျော်ပွဲရွှင်ပွဲများကို ကြီးကျယ်ခမ်းနားစွာ ကျင်းပရန် လျာထားခဲ့ကြသည်။ ထိုပျော်ပွဲရွှင်ပွဲများ သာမက ဆီဇာကို အောင်ပွဲရသူရဲကောင်းတစ်ယောက်၏ ဝတ်စုံများကို ဝတ်ဆင်ရန်၊ အထူးသဖြင့် ရှေးရောမဘုရင်များဝတ်ဆင်ခဲ့သည့် ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ခွင့်ပေးခဲ့ကြသည်။ ထို့ပြင် သံလွင်ရွက်သရဖူကို မည်သည့် အခမ်းနားတွင်မဆို ဝတ်ဆင်စေခဲ့သည်။ ရောမနိုင်ငံသားများ၏ ငွေလုံးကြေးရင်းကို သုံးကာ ဆီဇာကိုယ်ပိုင်အဖြစ် အသုံးပြုရန်၊ နိုင်ငံတော်ပိုင် မြေပေါ်တွင် အဆောက်အဦများ ဆောက်ပေးခဲ့သည်။ အာဏာရှင်ဟူသော

ဘွဲ့ထူးကိုလည်း အသက်ထက်ဆုံး အသုံးပြုခွင့် ဆီးနိတ်က ဆီဇာကို ပေးအပ်ခဲ့သည်။

ဂျူးလီးယပ်စ်၏ ပုံတူရုပ်တုတစ်ခုကိုလည်း ကွီရင်းနပ်စ်နတ်ကွန်းတွင် ထားပေးကြသည်။ ကမ္ပည်းစာတမ်းထိုးထားသည်မှာ 'လွှမ်းမိုးခြင်းမခံရသော နတ်ဘုရား (To the Invincible God.)' ဟူ၍ဖြစ်သည်။ ကွီရင်းနပ်စ် (Quirinus) နတ်ဆိုသည်မှာ ရောမကိုတည်ထောင်သော ရိုမြူလပ်စ်နှင့် ရောမမြို့ကို ကိုယ်စားပြုသောနတ်ဖြစ်သည်။ ထို့ကြောင့် ထိုနတ်ကွန်းတွင် ဆီဇာ၏ရုပ်တုကို ထားပေးသည်မှာ သူ့ကို ရောမသားတို့ ကိုးကွယ်သည့် နတ်များနှင့် တန်းတူထားသည်သာမက ရှေးရောမဘုရင်များနှင့်လည်း တန်းတူထားပါသည်ဟု ဆိုရာရောက်နေပေသည်။ ပို၍လွန်ကဲသည့် ကိစ္စ တစ်ရပ်ကိုလည်း လုပ်ခဲ့ကြသေးသည်။ ဆီဇာ၏ရုပ်ပုံပါသော ဒင်္ဂါးပြားများကို သွန်း၍ဖြန့်ဝေခြင်းဖြစ်သည်။ ရောမသမိုင်းသည် သက်ရှိထင်ရှားရှိနေသော သူတစ်ယောက်ကို ဒင်္ဂါးပေါ်တွင် ရိုက်နှိပ်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ခဲ့ သည်။ ရောမနိုင်ငံတော်ထက် ကြီးမြင့်ရာလည်းကျသည်။ ရောမအစဉ်အလာ တစ်ရပ်ကိုလည်း သွေဖည်ရာကျခဲ့လေသည်။

ရောမသို့ ဆီဇာပြန်လာစဉ်က ကောင်ဆယ်ရာထူးကို ပြန်၍အပ်ခဲ့ သည်။ ထိုစဉ်က သူနှင့်တွဲဖက်၍ ကောင်ဆယ်အဖြစ် ထမ်းဆောင်သူလည်း မရှိခဲ့ချေ။ သူ၏နေရာတွင် သူနှစ်သက်သူနှစ်ဦးကို ရွေးချယ်၍ ကောင်ဆယ် များအဖြစ် တင်မြှောက်ခဲ့သည်။ ဆီဇာသည် ပဉ္စမမြောက်ဂုဏ်ပြုပွဲကို ကျင်းပ ပြန်သည်။ ထိုဂုဏ်ပြုပွဲမှာ စပိန်တွင် ရရှိခဲ့သောအောင်ပွဲကို ရည်ညွှန်းသော အောင်ပွဲဖြစ်သည်။ ဆီးနိတ်ကလည်း သူ့အားဂုဏ်ပြုခြင်းများစွာကို ပေးခဲ့ ပြန်သည်။ သူ့ကိုဂုဏ်ပြုသောအားဖြင့် Libertas နတ်ကွန်းတစ်ဆောင် ဆောက်လုပ်ခဲ့ကြပြန်သည်။ ထို့ပြင် ဆီဇာကိုလည်း လွတ်မြောက်ခြင်းကို ဆောင်ကြဉ်းသူ (Liberator) ဟူသောဘွဲ့ထူးကို ပေးအပ်ခဲ့ပြန်သည်။ ဆီးနိတ် က ဆီဇာကို ရာသက်ပန်ကောင်ဆယ်အဖြစ် ရွေးချယ်ခဲ့ပြန်သည်။

သူနှစ်သက်သော ဌာန၊ သူနှစ်သက်သောရာထူးများကို အစဉ်အလာ



မဟုတ်ဘဲ သူကြိုက်သလို ယူခွင့်ပေးကြရပြန်သည်။ သာမန်လူများအတွက် လျာထားခဲ့သော ရာထူးများကိုလည်း ဆီဇာက ယူခဲ့သည်။ ပြည်နယ်များ အတွက် တရားသူကြီးများကို ယခင်က မဲနှိုက်၍လည်းကောင်း၊ ဆီးနိတ်က အတည်ပြု၍လည်းကောင်း ရွေးချယ်တတ်ကြသည်။ နောက်ပိုင်းတွင် ဆီဇာက သူ့စိတ်ကြိုက်လူများကို ရွေးချယ်ခဲ့သည်။

ဆီဇာသည် သူ၏မွေးလ ကွင်းတီးလစ်စ်ကို ဂျူလိုင်လဟု အမည် ပြောင်းလိုက်သည်။ ဂျူးလီးယပ်စ်ဟူသော သူ၏အမည်ဖြင့် သူ၏မွေးလကို ဂုဏ်ပြုခြင်းဖြစ်သည်။ သူ၏မွေးရက်ဖြစ်သော ဂျူလိုင်လ ၁၃ ရက်ကိုလည်း နိုင်ငံတော်အားလပ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။ နတ်ဘုရားကျောင်းတစ်ခု နှင့် နတ်ဆရာ ရာထူးတစ်ခုကိုလည်း သူ၏မိသားစုကို ဂုဏ်ပြုသောအားဖြင့် တည်ဆောက်သတ်မှတ်စေသည်။

အထက်ပါကိစ္စရပ်များကိုထောက်၍ ဆီဇာသည် သူ၏ကိုယ်ကျိုး စီးပွားအတွက်သာ စဉ်းစားနေသူဟု ဆိုရမည်လည်း ခက်သည်။ သူ့တွင် သေချာစွာစဉ်းစား၍ စီမံကိန်းချထားသော ပြုပြင်ရေးလုပ်ငန်းများလည်း ရှိသည်။ သူသည် အသက် ၂၀ မှ ၄၀ အတွင်း လူငယ် လူလတ်များကို စစ်မှုထမ်းရန်အတွက်မှတစ်ပါး ရောမမှ သုံးနှစ်ထက်ပို၍ တိုင်းတစ်ပါးသို့ သွားရောက်မနေရဟူသော ဥပဒေတစ်ရပ်ကို ထုတ်ပြန်သည်။ ထိုဥပဒေ၏ ရည်ရွယ်ချက်မှာ ရောမတွင်ရှိသော စိုက်ပျိုးရေးလုပ်ငန်းများနှင့် စီးပွားရေး လုပ်ငန်းများကို ရပ်ဆိုင်းမသွားစေရန်ဖြစ်သည်။ ထို့ပြင် နိုင်ငံရပ်ခြားတွင် နေ၍ ပျက်စီးသူများသောကြောင့်လည်း ထိုသို့သောဆိုးပြစ်တို့ကို တားမြစ်လို ခြင်းလည်း ဖြစ်သည်။

ချမ်းသာကြွယ်ဝသောသူတစ်ဦးက သူ့ထက်နိမ့်ပါးသောသူတစ်ဦး ကို ညှဉ်းပန်းခဲ့သော်လည်းကောင်း၊ သတ်ဖြတ်ခဲ့သော်လည်းကောင်း ထို ကြွယ်ဝသူ အထက်တန်းစားပုဂ္ဂိုလ်၏ ပစ္စည်းများအားလုံးကို သိမ်းယူရမည် ဟုလည်း ဆီဇာက အမိန့်ထုတ်ခဲ့သည်။

လူတိုင်းတွင် တင်ရှိနေသော ကြွေးမြီများ၏ လေးပုံတစ်ပုံကို ကင်း

လွှတ်ခွင့်ပေးလိုက်ခြင်းသည် မပြည့်စုံသောသူတို့ကို များစွာအသက်ရှုချောင်စေနိုင်သဖြင့် ဆင်းရဲသားများသည် ဆီဇာကို ပိုမိုချစ်မြတ်နိုးလာကြလေသည်။ ထို့ပြင် အမတော်ကြေးအဖြစ်ပေးသော ဂျုံများကို ဝယ်ယူခြင်းမှ တင်းကျပ်စွာ တားမြစ်ခဲ့သည်။ အပြင်မှဂျုံများကို ဈေးပေါက်ဈေးဖြင့် ဝယ်စားနိုင်သောသူများသည် အလုပ်လက်မဲ့များအတွက် စားသောက်ရန် ဝေမည့်ဂျုံများကို မှောင်ခိုဝယ်ယူခြင်းမပြုရဟုလည်း တားမြစ်ခဲ့သည်။ ရောမနယ်အရပ်ရပ်တွင် သူ၏စစ်မှုထမ်းဟောင်းများအတွက် နယ်မြေများ အိမ်ရာများကို ဆောက်လုပ်ဝေပေးရန် စီစဉ်ခဲ့သည်။ ရောမတစ်လွှားတွင် စစ်မှုထမ်းဟောင်းများ ဖြန့်၍နေစေခြင်းအားဖြင့် ရောမ၏လုံခြုံရေးကိုလည်း စိတ်ချနိုင်ပေသည်။

ဆီဇာသည် ရောမပြက္ခဒိန်ကို လုံးဝပယ်ဖျက်ပြီးနောက် တစ်နှစ်လျှင် ၃၆၅ ရက်ပါသော နှစ်များနှင့် လေးနှစ်တစ်ကြိမ် တစ်ရက်ပိုရန် သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ဘီစီ ၄၆ ခုနှစ်သည် နောက်ပိုင်းနှစ်များ တညီတညာတည်းဖြစ်သွားစေရန်အတွက် ရက်အပိုများဆောင်းထားသဖြင့် ၄၄၅ ရက်ရှည်ကြာသော နှစ်ဖြစ်ခဲ့သည်။

ဆီဇာက သူ့အတွက် ဂုဏ်ပြုခြင်းများသည် များလှပြီဖြစ်သဖြင့် အတည်ပြုရန်ထက် နုတ်သိမ်းပစ်ရန် ပို၍လိုပါသည်ဟု ဆီနိတ်ကို ပြောခဲ့သည်ဟု ပလူတပ်ခ်က မှတ်တမ်းတင်ခဲ့သည်။ သို့သော် ဂုဏ်ထူးများက တစ်ခုပြီးတစ်ခု စုပြုံ၍သာ ရောက်လာခဲ့ပြန်သည်။

## ဂျူးလီးယပ်စ် ဆီဇာ၏ ဘဝနိဂုံး

ဂျူးလီးယပ်စ်ဆီဇာသည် သူ့အား ဂုဏ်ထူးဘွဲ့ထူးများကို ထပ်၍ချီးမြှင့်မည့်အစား ပေးထားသောဂုဏ်ထူးဘွဲ့ထူးများကို ပြန်၍ရုပ်သိမ်းစေလိုပါသည်ဟု ဆီနိတ်ကိုပြောကြားခဲ့သည်ဆိုသော်လည်း မျက်နှာကြီးလာလေလေ သူ၏ပန်းကန်ထဲသို့ ဟင်းဖတ်များ ပါလေလေဖြစ်နေလေသည်။



နောက်ပိုင်းတွင် ထပ်မံရရှိသောဘွဲ့ထူးကြီးမှာ "အဖနိုင်ငံတော်၏ ဖခင်ကြီး" ဟူ၍ဖြစ်သည်။ အာဏာရှင်အဖြစ်လည်း တတိယအကြိမ် ရွေးချယ်ခံခဲ့ရပြန်သည်။ ထိုတတိယအကြိမ်မြောက်တွင် တစ်နှစ်ပြီးတစ်နှစ် ဆက်တိုက် အာဏာရှင်အဖြစ် ရွေးချယ်၍ ၁၀ နှစ်ဆက်တိုက် အာဏာရှင်အဖြစ် တည်မြဲရန် လုပ်ဆောင်ပေးကြပြန်သည်။ ထို့ပြင် ကိုယ်ကျင့်တရားဆိုင်ရာ ထိန်းသိမ်းကြီးကြပ်သူအဖြစ် ၃ နှစ်ဆက်တိုက် တာဝန်ယူရပြန်သည်။

ဘီစီ ၄၄ ခုနှစ်သို့ စတင်ရောက်ရှိသည့်တိုင် ဆီဇာအား ဂုဏ်ထူးဘွဲ့ထူးများ ချီးမြှင့်ခြင်းသည် ရပ်ဆိုင်းမသွားဘဲ ရှိနေသေးသည်။ ဆီဇာနှင့် အထက်တန်းစား သူကောင်းမျိုး သူကြွယ်မျိုးတို့၏ အကြားတွင်လည်း ကွာဟချက်ပိုမိုကြီးမားလာလေသည်။ ဆီဇာသည် တစ်သက်တာ အာဏာရှင်အဖြစ် ချီးမြှင့်အပ်နှင်းခြင်းကို ခံယူခဲ့ရပြန်သည်။

ပြည်သူလူထုများ၏အကြားတွင် ဆီဇာကို ဘုရင်ဟု စတင်ခေါ်ဆိုနေပြီဖြစ်သည့်တိုင် ဆီဇာက ထိုဘွဲ့အမည်အရည်ကို ငြင်းဆိုခဲ့သည်။ ဆီဇာ သိထားသည့် လေးနက်သောအကြောင်းတစ်ရပ်လည်း ရှိပါသည်။ ရောမမြို့သားအများစုသည် ရှေးခေတ်က ဘုရင်များ၏ ဖိစီးနှိပ်စက်မှုကို ခံခဲ့ရဖန်များလှသဖြင့် ဘုရင်ကေရာဇ်ဆိုသည့် ဘွဲ့ထူးဂုဏ်ထူးကို နားမှလေသံပင် မကြားလိုကြတော့ပေ။

ထိုအချိန်တွင် ဆီဇာသည် ကေရာဇ်တစ်ပါးအဖြစ်ကို သိမ်းပိုက်ယူငင်တော့မည်လောဟု ထိတ်လန့်သူများ ပို၍များပြားလာခဲ့သည်။ ထိုသို့ ထိတ်လန့်သူများလာအောင်လည်း ဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။ ရောမမြို့လယ်စင်မြင့်ပေါ်ရှိ ဆီဇာ၏ရုပ်တု ခေါင်းပေါ်တွင် တစ်စုံတစ်ယောက်က သရဖူတစ်ခု တင်ပေးသွားခဲ့သည်ဟုဆိုသည်။ ထိုကိစ္စဖြစ်ပွားပြီးနောက် ပြည်သူ့လွှတ်တော်မှ လူနှစ်ဦးကို ဖမ်းဆီးစေခဲ့သည်ဟုဆိုသည်။ အကြောင်းမှာ ဆီဇာ ရောမလမ်းပေါ်တွင် ဖြတ်သွားချိန်၌ ထိုလူနှစ်ဦးက ကေရာဇ်ဟု လှမ်း၍အော်ခဲ့သောကြောင့်ဖြစ်သည်ဟုဆိုသည်။ ဆီဇာသည် ချက်ချင်းပင် လက်တုံ့ပြန်ခဲ့သည်။ ဖမ်းဆီးခြင်းခံရသောသူတို့ကို ချက်ချင်းလွှတ်စေသည်။

ထို့ကိစ္စနှင့်ပတ်သက်သော ပြည်သူ့လွှတ်တော်အမတ်နှစ်ဦးကို ဆီနိတ်သို့ ဆင့်ခေါ်ကာ ရာထူးများမှ ဖြုတ်ချလိုက်သည်။

ရောမတွင် နှစ်တိုင်းနှစ်တိုင်း ဖေဖေါ်ဝါရီလ ၁၅ ရက်တွင် ပွဲတော်တစ်ခုကျင်းပလေ့ရှိသည်။ လူပါကေးလီးယားပွဲတော် (Lupacalia) ဟုခေါ်ဆိုသည်။ ထိုပွဲတော်မှာ သီးနှံအထွက်တိုးစေရန်နှင့် မကောင်းသောဘေးဆိုးရန်ဆိုးများကို နှင်ထုတ်နိုင်ရန် ကျင်းပသောပွဲတော်ဖြစ်သည်။ ထိုပွဲတော်သည် လူအများလာရောက်ဆင်နွှဲသော ပွဲတော်ဖြစ်ပေရာ ဆီဇာကို ဘုရင်ဖြစ်စေချင်သော ရောမမြို့သူမြို့သား မည်မျှများနေသည်ကိုလည်း စမ်းသပ်ရာရောက်သော ပွဲတော်ဖြစ်ခဲ့လေသည်။

ဂျူးလီးယပ်စ်ဆီဇာသည် ထိုပွဲတော်ကျင်းပချိန်တွင် ရွှေချထားသော ကုလားထိုင်ပေါ်၌ ထိုင်နေခဲ့သည်။ ထိုကုလားထိုင်သည် ခုံမြင့်ပေါ်တွင် တင်ထားသော ကုလားထိုင်ဖြစ်သည်။

ဆီဇာသည် အားကစားကွင်းထဲတွင် ပြိုင်ပွဲကျင်းပနေသည်ကို စိတ်ဝင်စားစွာ ကြည့်နေသည်ဟုဆိုသည်။ မတ်ခ်အန်ထော်နီသည် ဆီဇာ ထိုင်နေသော ရင်ပြင်ထဲသို့ ပြေးဝင်လာသည့်အချိန်တွင် ရောမနတ်ဆရာများက မတ်ခ်အန်ထော်နီကို ဝိုင်းဝန်းချီမကာ ဆီဇာထိုင်နေသော ကုလားထိုင် တင်ထားသည့်ခုံမြင့်ပေါ်သို့ တင်ပေးလိုက်သည်ဟု ဆိုသည်။ မတ်ခ်အန်ထော်နီသည် သူယူဆောင်လာသော သရဖူကိုယူကာ ဆီဇာ၏ခေါင်းပေါ်တွင် တင်ပေးရန် ရွယ်ထားရင်း "လူထုက သင့်ကို ဘုရင်ဧကရာဇ်အဖြစ် ဤသရဖူပေးအပ်ရန် ကျွန်ုပ်အားတာဝန်ပေးခဲ့သည်" ဟုပြောခဲ့သည်။ ဆီဇာသည် သရဖူ သူ့ခေါင်းပေါ်သို့ ရောက်မလာရန် ရှောင်ရင်း မတ်ခ်အန်ထော်နီ၏ အဆိုပြုချက်ကို ငြင်းဆန်ခဲ့သည်ဟုဆိုသည်။ လူထုက ဆီဇာ၏ ငြင်းဆန်ချက်ကို ထောက်ခံသောအားဖြင့် ဟစ်အော်ကြွေးကြော်ကြသည်။

မတ်ခ်အန်ထော်နီကလည်း တားမြစ်ချက်ကို အလေးမမူဘဲ ဆီဇာ၏ခေါင်းပေါ်တွင် သရဖူတင်ပေးရန် ကြိုးစားခဲ့ပြန်သည်ဟုဆိုသည်။ ထိုအချိန်တွင် လူထုထဲမှ ထောက်ခံသည့်အသံကို မကြားရဟုဆိုသည်။ ထို



အချိန်တွင် ဆီဇာသည် သူထိုင်နေသောခုံမှထကာ မတ်ခ်အန်ထော်နီကို "ငါဟာ ရောမဘုရင်ဖြစ်မှာမဟုတ်ဘူး" ဟု ငြင်းဆန်သည့်စကားကို ပြောခဲ့သည်။ လူထုသည် ဆီဇာ၏ အပြောကိုထောက်ခံသောအားဖြင့် ဟစ်အော်ကြွေးကြော်ခဲ့ကြသည်။

ဆီဇာကို ကောင်ဆယ်နှစ်ဦး ဦးဆောင်သော ဆီနိတ်ဖြင့် အုပ်ချုပ်သည့်စနစ်ကိုဖျက်ကာ တစ်ဦးတည်း၏လက်တွင်း၌ အာဏာထားရှိမည့်သူဟု ထင်ယောင်ထင်မှားဖြစ်အောင် ကြံဆောင်ကြသူများသည်လည်း သူ့ကိုဖယ်ရှားချင်ကြသူများ ဖြစ်ခဲ့သည်။ ဆီဇာသည် အမှားကင်းသူမဟုတ်ခဲ့သည်မှာ သေချာပါသည်။ သူ့တွင် ရန်သူများသည်။ ရန်သူများကို စည်းရုံးနိုင်သည့်အားလည်း များသည်မှာသေချာသည်။ သူ၏ရန်သူများကို အောင်မြင်သည့်အချိန်တွင်လည်း ဆီဇာက အခွင့်လွှတ်ကာ အသက်ချမ်းသာပေးသည့် အကြိမ်များပါသည်။ သို့သော် သူ့ကိုချစ်သည့်သူ နည်းပါးသည်။

ရောမ၏အပြင်ပဒေသများတွင် စစ်ပွဲကြီးများကို အောင်မြင်ပြီးသည့်နောက် ရောမသို့ပြန်လာချိန်၊ သူ၏ဘဝခရီး၏ နောက်ဆုံးအပိုင်းတွင် ဆီဇာလုပ်ဆောင်ခဲ့သည့်အလုပ်များမှာ သူ၏နိုင်ငံတော်ကို မြှင့်တင်ရန် အလုပ်များသာ ဖြစ်ပါသည်။ သူ၏အောင်ပွဲများကြောင့် နိုင်ငံတော်၏အကျယ်အဝန်းမှာ ပြောပလောက်အောင် ကျယ်ပြန့်လာပြီဖြစ်ရာ ပြုပြင်ရေးများ လုပ်မပေးလျှင် မတိုးတက်နိုင်တော့ပေ။ ဆီဇာသည် တရားဥပဒေများကို ရုစည်းကာ ပြဋ္ဌာန်းချက်များထုတ်ပြန်ရန် ဆီနိတ်ကို တိုက်တွန်းခဲ့သည်။ ပညာရေးကိုလည်း မြှင့်တင်ပေးရန် သူစီစဉ်သည်။ ယခု အီတလီနိုင်ငံတစ်ခုလုံးအနေဖြင့် ကျယ်ပြန့်သောမြေနေရာကို ရနိုင်ခဲ့သည်မှာ ဂျူးလီးယပ်စ်ဆီဇာက ရွှံ့တောညွန်တောများမှ ရေများကိုဖောက်ထုတ်ကာ မြေဖို့စေ၍ မြေနေရာကို ကျယ်ပြန့်လာအောင် လုပ်ယူသောကြောင့် ဖြစ်သည်။ ထို့ပြင် တိုင်ဘာမြစ်ကမ်းတွင် ရောမ၏ဆိပ်ကမ်းကို ကောင်းအောင်ပြုပြင်သတ်မှတ်ပေးသည်။

ထိုသို့ ဆီဇာသည် သူ၏စစ်ရေးအောင်မြင်မှုများမှ ရခဲ့သော အကျိုး

အမြတ်များဖြင့် ပွင့်လန်းအောင် စီစဉ်နေချိန်တွင် နိုင်ငံကိုပွင့်လန်းအောင် စီစဉ်နေချိန်တွင် သူ့ကိုလုပ်ကြံရန် စီစဉ်နေသူများကလည်း လျှို့ဝှက်စွာ လှုပ်ရှားနေကြလေသည်။

ဆီနိတ်အဖွဲ့တွင်းတွင်လည်း ဆီဇာကို ခစားကာ မျက်နှာလုပ်နေသူများ ရှိနေသေးသော်လည်း လုပ်ကြံလိုသူများကလည်း တိတ်တဆိတ် စုစည်းကာ လုပ်ကြံကြမည့်သူများကို ရွေးချယ်နေကြသည်။

ဆီဇာကို ကိုယ်ရေးကိုယ်တာ အာဃာတထားရှိနေသော ကက်ဆီးယပ်စ် (Cassius)နှင့် သူ၏ယောက်ဖတော်သူ ဂျူးနီးယပ်စ် ဘရူးတပ်စ် (Junius Brutus)တို့ကို ဆီဇာအားလုပ်ကြံလိုသူတို့က ဆွဲဆောင်သိမ်းသွင်းနိုင်ခဲ့သည်။ ဘရူးတပ်စ်သည် မူကာကတည်းက ဆီဇာနှင့် ရန်ဘက်ဖြစ်သော ပွန်ပီ၏ဘက်သားအဖြစ် ဆီဇာကို တော်လှန်တိုက်ခိုက်ခဲ့သူ ဖြစ်သည်။ ဆီဇာက ဘရူးတပ်စ်ကို အခွင့်လွှတ်ပြီးနောက် များစွာမျက်နှာသာပေးခဲ့သည်။ ထိုသို့ မျက်နှာသာပေးသည့်အချိန်တွင် ဘရူးတပ်စ်က ကျေးစွပ်ခဲ့ခြင်းဖြစ်သည်။ ဂျူးနီးယပ်စ် ဘရူးတပ်စ်၏ ညီငယ်ဖြစ်သူ ဒက်စီးမတ်စ်ဘရူးတပ်စ် (Decimus Brutus)သည်လည်း ဆီဇာက သားအရင်းကဲ့သို့ ဂရုစိုက်၍ မြေတောင်မြှောက်ပေးခြင်းကို ခံခဲ့ရသူဖြစ်သည်။

ထိုသို့လူစုပြီး ဆီဇာကိုလုပ်ကြံကြသည့်အခန်းကို ရာဇဝင်စာအုပ်များထဲတွင် ပါရှိသည့်အတိုင်း ပြန်လည်တင်ပြနေကြသည်ဖြစ်ရာ ထိုအခန်းများသည် ရှိတ်စပီးယား၏ ပြဇာတ်ထဲမှ ကူးယူရေးသားဖော်ပြထားချက်များဖြစ်သည်။ ရှိတ်စပီးယားကလည်း ပလူးတပ်ခ်၏ မှတ်တမ်းကို မှီးသည်ဖြစ်ရာ အနည်းနှင့်အများ မှန်ကန်လောက်သည်ဟုသာ ယူဆရမည်ဖြစ်သည်။ ယနေ့ခေတ်တွင် ဖြစ်နေသည့်ဖြစ်ရပ်များတွင်လည်း အမှန်နှင့်အမှား ခွဲခြားရန် ခက်သည့်အချက်များ ပါဝင်သည်ဖြစ်ရာ နှစ်ပေါင်း ၂၀၅၀ ကျော်က ဖြစ်ရပ်တွင် အမှန်တရားနှင့် ကွာဟမှုများ ရှိနေမည်ဖြစ်သည်။

ဆီဇာကို လုပ်ကြံမှုနှင့်ပတ်သက်၍ သတိပေးခဲ့ကြသည်ဟုဆိုသည်။ သို့သော် ဆီဇာက အလေးမထားခဲ့ပေ။ ဆီဇာ၏ အသက်ဘေးကို အမှန်



တကယ်စိုးရိမ်သူများက သက်တော်စောင့်များထားပေးချင်၍ ဆီဇာ့ထံ ခွင့်တောင်းသည့်အခါတွင်လည်း ဆီဇာက ခွင့်မပြုခဲ့ဟုဆိုလေသည်။ ဘီစီ ၄၄ ခု မတ်လ ၁၅ ရက်နေ့တွင် ဆီဇာ ဆီနိတ်သို့ တက်ရောက်ခဲ့သည်။ ဆီဇာ ခန်းမတွင်းသို့ဝင်သွားသည်တွင် ဆီနေတာများသည် ရိုကျိုးသောပုံစံဖြင့် ဆီး၍ကြိုခဲ့လေသည်။

အကောက်ကြံသူများသည် တင်သွင်းချက်စာတမ်းတစ်စောင်ကို ဇော့ရမ်းကာ အနီးသို့ကပ်လာကြသည်။ ဆီဇာကလည်း စိတ်ဆိုးမာန်ဆိုးဖြင့် ငြင်းဆန်ခဲ့သည်။ တစ်စုံတစ်ယောက်က ဆီဇာ၏ဝတ်ရုံကို ဆွဲလိုက်သည်။ ဝရုန်းသုန်းကားဖြစ်စအချိန်တွင် အကောက်ကြံသူများ တစ်ယောက်တစ်ချက် ဓားဖြင့်ထိုးခဲ့ကြသည်။ ၁၀ ချက် ၁၁ ချက်ခန့် ဓားဖြင့်ထိုးပြီးသည့်အချိန်တွင် ဆီဇာသည် သူ့ဓားဖြင့်ထိုးရန်ရွယ်နေသော ဘရူးတပ်စ်ကို မြင်လိုက်သဖြင့် "မင်းလည်းပါသကိုး ဘရူးတပ်စ်"ဟု ပြောခဲ့သေးသည်ဟုဆိုသည်။ သမိုင်းစာအုပ်များတွင် ဤနည်းဖြင့် ရောမတွင် အကြီးကျယ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်သူ၊ သမိုင်းစဉ်တွင်လည်း ထူးချွန်ခဲ့သူတစ်ဦးဖြစ်သော ဆီဇာသည် သေပွဲဝင်ခဲ့ရလေသည်။ ကမ္ဘာ့သမိုင်းစဉ်တွင်လည်း အကြီးကျယ်ဆုံးပုဂ္ဂိုလ်တစ်ယောက်ဟုဆိုရသည်မှာ ဆီဇာသည် စာရေးကောင်းသည်။ ဟောပြောရာတွင် ထူးချွန်ပြောင်မြောက်စွာ ဟောပြောနိုင်သည်။ စာပေ ပညာရှင်လည်း ဖြစ်သည်။ နိုင်ငံရေးသမားလည်း ဖြစ်သည်။ ဥပဒေကျွမ်းသူ၊ သိပ္ပံပညာတွင် ထူးချွန်သူတစ်ဦးလည်းဖြစ်သည်။

အထူးသဖြင့် ကျော်ကြားသော စစ်သားတစ်ယောက် စစ်သူကြီးတစ်ယောက်လည်းဖြစ်သည်။ ဆီဇာ၏ ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်၍ အကောင်းပြောသူ မကောင်းပြောသူ နှစ်မျိုးစလုံးပင် အရေအတွက်များခဲ့သည်။ ကျော်ကြားသူများအတွက် မဆန်းလှသော ဘဝအကျိုးပေးဟုပင် ဆိုရမည်။

သေချာသည့်အချက်တစ်ခုမှာ သူ၏တပ်မတော်သားများသည် သူ့ကို အလွန်ချစ်ခင်လေးစားကြသည့် အချက်ဖြစ်သည်။ သူ့ကိုချစ်သူမရှိဟု ပြောကြသူများသည် သူ့ကဲ့သို့ အလုပ်လုပ်ခဲ့ဖူးသူများ မဟုတ်ကြချေ။ သူ၏

တပ်မတော်သားများသည် ဆီဇာ၏စကားတစ်ခွန်းတလေမျှကို ကြားရုံဖြင့် သူနှင့်အတူ အခက်အခဲများ၊ ဘေးအန္တရာယ်များကို ရင်ဆိုင်ကြရန် ဝန်မလေးသောသူများ ဖြစ်လာခဲ့ကြသည်။

ဆီဇာ၏ အသုဘတွင် လုပ်ကြံသူများက သူတို့၏လုပ်ရပ်ကို မှန်ကန်ကြောင်း သက်သေထူသည့်စကားများကို ဝေဝေဆာဆာ ပြောခဲ့ကြသေးသည်ဟုဆိုသည်။ ဘရုးတပ်စ်သည် အေးဆေးစွာ အကြောင်းအကျိုးဆက်စပ်သော စကားများဖြင့် ရှင်းလင်းတင်ပြခဲ့သည်မှာ အသုဘတွင် ပြောသောစကားသာ မဟုတ်ပါက အတော်ထိရောက်မည်ဖြစ်သည်။ သူက 'ဆီဇာကို သူအချစ်နည်း၍ သတ်ရသည်မဟုတ်ပါ။ ရောမနိုင်ငံတော်ကို ပိုမို၍ချစ်သောကြောင့် ဆီဇာကို သတ်ရပါသည်'ဟု ပြောခဲ့သည်။ သူ၏စကားများကို လက်ခံသူများလည်း ရှိခဲ့သည်။ နောက်ပိုင်းခေတ်အထိ ဘရုးတပ်စ်၏အဆိုကို လက်ခံခဲ့သူများ ရှိခဲ့ပါသည်။ သို့သော် ဘရုးတပ်စ် ပြောသည်ဆိုသောစကားများသည် ၁၅၉၉ ခုတွင်မှ ရှိတ်စပီးယား ရေးသားသော ပြဇာတ်ထဲမှ စကားများဖြစ်သည်ကို သတိပြုကြရန်လိုပါသည်။

ထိုကဲ့သို့ပင် ရှိတ်စပီးယား၏ ပြဇာတ်တွင် ဇာတ်ကောင်တစ်ကောင်၏စကားလည်း ပါနေပါသည်။ နောက်ထပ်စကားပြောခွင့်ရသော နောက်ဇာတ်ကောင်မှာ မတ်ခ်အန်ထော်နီ ဖြစ်သည်။ သူက မိတ်ဆွေ "ရောမသားများခင်ဗျား။ ကျွန်တော့်တင်ပြချက်ကလေးကိုလည်း နားဆင်ကြပါဦး။ ကျွန်တော်ဒီကိုလာတာ ဆီဇာကိုမြေမြှုပ်သင်္ဂြိုဟ်ဖို့သာ ဖြစ်ပါတယ်။ သူ့ကို ချီးကျူးထောပနာပြုဖို့ရာ လာတာမဟုတ်ပါဘူး"ဟု စတင်ခဲ့သည်။ မတ်ခ်အန်ထော်နီသည် ဆီဇာ၏အပြစ်အနာအဆာများကို အရည်အသွေးများအဖြစ် လူအများမြင်လာအောင် လုပ်ကြံသူများ၏လုပ်ရပ်နှင့် စကားများကို သေသိမ်သွားအောင် စကားကို စီးစီးနင်းနင်းပြောတတ်လိုက်သည်မှာ ပရိသတ်ထဲတွင် အသံထွက်ကာ ငိုကြွေးကြသူများ များသည်ထက်များလာခဲ့သည်ဟု ဆိုသည်။ ဆီဇာ၏ သွေးဖြင့်နစ်နေသော ဝတ်ရုံကိုမြှောက်ကာ မြှောက်ကာ



ပြောနေသောစကားသည် လူများ၏ ရင်တွင်းနှလုံးတွင်းသို့ စီးဝင်သွားခဲ့လေသည်။

မတ်ခ်အန်ထော်နီက တော်ပါပေသည်။ ကောင်းပါပေသည်ဟု လုပ်ကြံသူများကို ထပ်ခါတလဲလဲချီးကျူးခဲ့ရာတွင် ထိုကောင်းပါပေသည်၊ မြင့်မြတ်ပါပေသည်ဟူသောစကားသည် ကျိန်စာတိုက်သည့်အလား ဖြစ်သွားလေသည်။ ထိုအချိန်တွင် လူထုသည် ဘရုးတပ်စ်တို့ကို သတ်ဖြတ်ရန်အသင့်ဖြစ်လာလေသည်။ လုပ်ကြံသူများလည်း ထွက်ပြေးကြရသည်။ ဆီနိတ်ကို မီးတင်ရှို့မည့်သူများကို ဆီးနိတ်အစား ဆီဇာ၏ရုပ်ကလပ်ကိုသာ မီးတင်ရှို့အောင် သွေးဆောင်ခဲ့ကြရသည်။ သူ၏အလောင်း ပြာမကျမချင်း ဆီနိတ်အဆောက်အဦအတွင်းမှ မီးတင်ရှို့နိုင်သည့် ပစ္စည်းများကို မီးပုံတွင်းသို့ ပစ်ချကြသည်။ စစ်သည်တော်များက သူတို့၏လက်နက်များ၊ အမျိုးသမီးများက သူတို့၏လက်ဝတ်လက်စားများ၊ ကလေးများက ကစားစရာများ စသည်တို့ကို ပစ်ချခဲ့ကြသည်ဟုဆိုသည်။

*လူကတော့ဖြင့် မရှိတော့ပြီ။ အချစ်နှင့် အမုန်းအကြောင်းကိုကား ရေးသား၍မဆုံးနိုင်ကြသေးပေ။* ။



မဟာပီတာ

## မဟာ ပီတာ

### မဟာပီတာ၏ အမိမြေ ၁

မဟာပီတာသည် စိန့်ပီတာစဘတ်ဂ်မြို့ကို တည်ခဲ့သည့် ရုရှလက်နက်နိုင်ငံ၏ ဧကရာဇ်ဘုရင်ဖြစ်သည်။ သူ၏အကြောင်းကိုမပြောမီ သူ၏အမိမြေဖြစ်သော ရုရှနိုင်ငံ၏အကြောင်းကို ပြောလိုပါသည်။ စာရေးသူသည် ရုရှတွင် ၅ နှစ် ကြာအောင် ပညာသင်အဖြစ် နေခဲ့သူဖြစ်ပါသည်။ ကျောင်းသူတစ်ယောက် ဖြစ်၍ နေရာအနှံ့အပြားသို့ ရောက်ခဲ့ခြင်းမရှိသော်လည်း ရုရှကိုသိချင်ပါက ရောက်ဖူးမှဖြစ်မည်ဟု ပြောနိုင်သော စိန့်ပီတာစဘတ်ဂ်မြို့ (စာရေးသူရောက်စဉ်က လီနင်ဂရတ်မြို့ဟုခေါ်သည်) ဗလာဒီမီးရ်နှင့် ဆုစ်ဒါးလ်ဟုခေါ်သော သမိုင်းဝင်မြို့အမျှာ၊ တာဂန်ရော့ဂ်မြို့နှင့် နောက်ဆုံး ပင်လယ်နက်ကမ်းခြေ အနားယူစခန်း ပင်လယ်ဇင်ရော် ၂ တို့အထိ ရောက်ခဲ့ဖူးပါသည်။ တာဂန်ရော့ဂ်သို့ သွားခဲ့ခြင်းသည် မဟာပီတာ၏ ကိုယ်တိုင်ကိုယ်ထွာဖြင့် ပြုလုပ်ထားသော ပုံတူကို မြင်ဖူးချင်သောအကြောင်းလည်း ဖြစ်ပါသည်။ ယခုအခါတွင် စာရေးသူရောက်စဉ်ကနှင့် မတူတော့သော နိုင်ငံတစ်ခုအဖြစ်သို့ ပြောင်းသွားပြီဖြစ်သည့် ရုရှအကြောင်းကို ပြောပြချင်ပါသည်။ ယခုပြောမည့်အချက်များမှာ မပြောင်းလဲဘဲ တည်ရှိနေသောအကြောင်းများ ဖြစ်ပါသည်။

ရုရှသည် ကမ္ဘာပေါ်တွင် အကျယ်အဝန်းအနေဖြင့် ပြောရပါမူ အကြီးဆုံးနိုင်ငံတစ်ခုဖြစ်သည်။ ရုရှသည် ၁၉၂၂ ခုမှ ၁၉၉၁ ခုအထိ ဆိုဗီယက် ပြည်ထောင်စုဟုတွင်သော ကွန်မြူနစ်နိုင်ငံကြီးဖြစ်ခဲ့သည်။ ၁၉၉၁ ခုတွင် ဆိုဗီယက်ပြိုကွဲပြီးနောက် ရုရှနိုင်ငံတွင် နိုင်ငံရေးရာ၊ တရားဥပဒေရေးရာ၊ စီးပွားရေးရာကိစ္စများတွင် ပြုပြင်ပြောင်းလဲရေး များစွာပြုလုပ်ခဲ့ကြရသည်။

တအုပ်များစုဝေးရာ

ရုရှသည် မြောက်ဘက် အာတိတ်ပင်လယ်မှ တောင်ဘက် ပင်လယ်နက်ထိ၊ အနောက်ဘက် ဘောလ်တစ်ပင်လယ်မှ အရှေ့ဘက် ပစ္စိဖိတ်ပင်လယ်အထိ ကျယ်ပြန့်သည်။ ဥရောပတိုက်နှင့် အာရှတိုက်ရှိ ဒေသအတော်များများသည် ရုရှနိုင်ငံတွင်းတွင် ယခုတိုင်ပါဝင်နေဆဲဖြစ်ပါသည်။ ရုရှ၏မြို့တော်မှာ မော်စကိုဖြစ်သည်။ မော်စကိုမြို့တော်သည် မြို့နေလူဦးရေထူထပ်မှုတွင် ကမ္ဘာပေါ်၌ တတိယလိုက်နေသော မြို့ဖြစ်သည်။ မက္ကဆီကိုမြို့တော်နှင့် တောင်ကိုရီးယားရှိ ဆိုးလ်မြို့တို့တွင် မော်စကိုထက် လူဦးရေများသည်။ ဘောလ်တစ်ပင်လယ်ကမ်းပေါ်ရှိ စိန့်ပီတာစဘတ်ဂ်မြို့သည် ရုရှ၏ပင်မ ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်သည်။

ရုရှနိုင်ငံသားအများစုမှ ဆလပ်ဗ် (Slav)ဟုခေါ်သော မျိုးနွယ်စုမှ ဆင်းသက်လာသော ရုရှလူမျိုးစုဝင်များဖြစ်သည်။

ရုရှတွင် မျိုးနွယ်စု ၁၀၀ ကျော်လည်း နေထိုင်လျက်ရှိကြသည်။ လူဦးရေ၏ လေးပုံသုံးပုံမှာ မြို့နေလူတန်းစားများ ဖြစ်ကြသည်။ ရုရှသည် သယံဇာတပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။ ဤနေရာတွင် စာရေးသူတို့ ပညာသင်များသည် အမိနိုင်ငံတော်အတွက်လည်းကောင်း မိမိတို့အတွက်လည်း တိုးတက်အောင် ပညာသင်လာရောက်ကြရသည်ဟု ခံယူခဲ့ကြသူများ ဖြစ်ပါသည်။ တစ်ခါတစ်ရံ ရုရှ၏တိုးတက်မှုတို့ကိုကြည့်ကာ ငါတို့နိုင်ငံတွင်လည်း ထိုသို့ဖြစ်စေရမည်ဟူသော စကားတို့ကို ပြောဖြစ်ခဲ့သည်။ မှတ်မှတ်ရရ လျှပ်စစ်အင်ဂျင်နီယာ ဘွဲ့လွန်သင်တန်းတက်နေသော သူငယ်ချင်းတစ်ယောက်နှင့် အဆောင်မှထွက်ကာ လမ်းလျှောက်ရင်း မဟာဓာတ်အားပေးမျှော်စင်များကို မော့ကြည့်ကာ ငါတို့ဆီမှာလည်း ဒါမျိုးတွေ စိုက်ထူကြရမည်ဟု ပြောဖြစ်ခဲ့သည်။

ရုရှအကြောင်း ဆက်၍ပြောပါဦးမည်။ သူတို့တွင်ရှိသော သယံဇာတများနှင့် ပတ်သက်၍ အခန်းဖော်ရုရှမကလေးက အားပါးတရပြောတတ်သည်။ ကျယ်ပြောသော ရေနံသိုက်များလည်းရှိသည်။ သဘာဝဓာတ်ငွေ့များရှိသည်။ အမျိုးအစားကောင်းသော ကျောက်မီးသွေးများလည်းရှိသည်။



သံလည်းထွက်ရှိသည်။ ရွှေလည်းထွက်သည်။ စိန်လည်းထွက်သည်စသည်ဖြင့် သူငယ်ချင်းက ပြောတတ်သည်။ များသောအားဖြင့် ဆိုက်ဘေးရီးယားဟုဆိုလျှင် ရုရှမဲဇာဟု ခေါ်ရမည်။ ရာသီဥတုအေးလိုက်သည်မှာ ထိုဒေသရှိလူများသည် ပါးစပ်ကိုပါ အနွေးထည်ဖြင့်ပတ်ထားရသည်။ သေချင်လျှင်လွယ်သည်။ ထိုအဝတ်ကိုဖြုတ်ကာ အပြင်မှလေအေးကို ရှိုက်၍ ရှူလိုက်ရန်သာ လိုသည်ဟု သူငယ်ချင်းကဆိုသည်။ ထိုကဲ့သို့ ရာသီဥတုပြင်းထန်သော ဆိုက်ဘေးရီးယားတွင် ကြွယ်ဝမှုအမျိုးမျိုးရှိသည်။ ဥရောပတစ်ခွင်တွင် လူကြိုက်များလှသော သားမွေးအမျိုးမျိုးတို့ထွက်သဖြင့် ထိုသားမွေးရောင်းရငွေများကပင် ထူးထူးခြားခြား ဝင်ငွေရသည်ဟု သူငယ်ချင်းကဆိုပါသည်။ စာပေထဲတွင်ပါသော အချက်အလက်များနှင့်လည်း သူငယ်ချင်း၏ ပြောစကားသည် ကိုက်ညီပါသည်။ ထိုဆိုက်ဘေးရီးယားသည် ဇာဘုရင်များလက်ထက်က ဆန့်ကျင်ဘက်အုပ်စုများ ရာဇဝတ်မှုကြီးများကို ကျူးလွန်သူများအား ပို့ထားသည့်နေရာဖြစ်သော်လည်း စာရေးသူတို့ ရောက်ရှိနေသော ၁၉၆၅–၇၀ ဝန်းကျင်တွင် ရွှေတွင်းများ ရေနံတွင်းများဖြင့် လူစည်ကားရာဒေသဖြစ်၍နေပေပြီ။ သူငယ်ချင်းက ပြောသေးသည်မှာ သူတို့ဆိုက်ဘေးရီးယားတွင် သစ်မာတောများရှိသဖြင့် နောင်အနှစ် ၁၀၀ တိုင်အောင် သစ်ခုတ်ယူသုံးစွဲ၍ပင် မကုန်နိုင်သေးဟု ဆိုပါသည်။

ရုရှတစ်ခွင်လုံးကို ကိုယ်တိုင်သွားရောက်နိုင်ခြင်းမရှိသဖြင့် စကားပြောကောင်းသော သမာသမတ်ရှိသော ဆိုက်ဘေးရီးယားတွင် ငယ်စဉ်ကကိုယ်တိုင်နေခဲ့သော သူငယ်ချင်းကို အားကိုး၍ ဗဟုသုတစုဆောင်းခဲ့ရသည်။ ဆိုဗီယက်ခေတ်ဦးတွင် ကျယ်ပြန့်လှသောနိုင်ငံကြီးကို ထောင့်ပေါင်းစုံတွင် တိုးတက်အောင် အတော်ပင်ကြိုးစားခဲ့ကြရသည်။ နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြင်းထန်သောရာသီဥတုကို အန်တုု၍ နိုင်ငံတည်ဆောက်ခဲ့ကြသော ဝန်ထမ်းအမျိုးမျိုးရှိသည်။ သူငယ်ချင်းကာတျာ၏ ဖခင်မှာ လျှပ်စစ်ဓာတ်အားလိုင်းများကို ဆက်သွယ်ရသော ဝန်ထမ်းတစ်ဦးဖြစ်ရာ ညတိုင်းအိမ်မှာ မနေနိုင်ချေ။

ဆယ်ကျော်သက်ဖြစ်သူ သူငယ်ချင်း၏အမေက ဆိုက်ဘေးရီးယား၏ရာသီဥတုဒဏ်ကို မခံနိုင်ရှာသဖြင့် ဆေးရုံပေါ်ရောက်နေသည်။ ထိုအချိန်တွင် ညီမငယ်ကလေးကို အဖော်ပြု၍ နေရသော ကာတျာ၏ဘဝသည် သည်းထိတ်ရင်ဖိုဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ ညတိုင်ညတိုင်တွင် ဝံပုလွေများ အူကြသည့်အသံကို ကြားရတတ်သည်။ ပြတင်းပေါက်တံခါးပေါ်တွင် လက်တင်၍ ရပ်နိုင်သည်အထိ ကြီးမားသောဝံပုလွေများက အတွင်းဘက်သို့ ချောင်းကြည့်နေသည်ကို မိခင်ဖြစ်သူ၏ စနေယားခုံပေါ်တွင် အရုပ်တစ်ရုပ်လို ငြိမ်သက်စွာနေရင်း ကြောက်ကြောက်နှင့် အိပ်ပျော်သွားတတ်သည့် သူ၏အကြောင်းကို ပြောသည်။ အဖေမရှိလည်း အိမ်နီးနားချင်းတွေရှိတာပဲ၊ မနက်ပိုင်း အလုပ်သွားရင် ဝံပုလွေခြေရာတွေတွေ့နေရတာတောင် နည်းနည်းမှ မေးမြန်းဖော်မရဘူးဟု ကာတျာက သူငယ်ဘဝကို ဇာတ်ကြောင်းပြန်ပါသည်။

ဤသို့သော ကိုယ်တွေ့ဇာတ်လမ်းကိုထား၍ မှတ်တမ်းမှတ်ရာများတွင် ပါရှိသည်ကို ဆက်လက်တင်ပြလိုပါသည်။ ရုရှသည် ဥရောပတိုက်ရှိ နိုင်ငံတစ်နိုင်ငံအဖြစ်သို့ စတင်ရောက်ရှိသည်မှာ ၈ ရာစုမှစသည်ဟု ဆိုပါသည်။ အချိန်ကာလရှည်လာသည်နှင့်အမျှ ပြောင်းရွှေ့ဝင်ရောက်လာသော လူမျိုးများသည် ရုရှတို့၏လက်အောက်ခံများဖြစ်လာကြသည်။ ရုရှဇာဘုရင်များသည်လည်း နယ်မြေချဲ့ထွင်လာခဲ့ကြသဖြင့် နယ်မြေအားဖြင့် ကျယ်ပြန့်လာသည်။ သို့သော် ဥရောပတွင် ၁၇ ရာစုအကုန်မှ စတင်ခဲ့သော တိုးတက်မှုတို့နှင့် ရုရှတို့ ကင်းကွာခဲ့ကြသည်။ ရုရှနိုင်ငံသားအများစုမှ ပညာမတတ်သည့် လယ်သမားများ ဖြစ်ကြသည်။

ထိုသို့ဆိုသော်လည်း ရုရှတွင် ၁၈ ရာစု၌ ဥရောပကို တန်းတူလိုက်နိုင်သော အတတ်ပညာများ အနုပညာများ ယဉ်ကျေးမှုများ တိုးတက်လာခဲ့သည်။ ၁၈ ရာစုကုန်တွင် ကမ္ဘာ့ယဉ်ကျေးမှုနယ်ပယ်သို့ပင် တင့်တယ်စွာဝင်နိုင်သော ရုရှအနုပညာရှင် အတတ်ပညာရှင်များ ပေါ်ပေါက်ခဲ့သည်။ စာရေးဆရာများတွင် အန်တွန်ချက်ကော့ဗ်၊ ဖီယိုဒေါ ဒိုစတာယက်ဗ်စကီး



နှင့် လီယိုတောစတွိုင်းတို့သည် ကမ္ဘာ့စာပေနယ်ပယ်တွင်းသို့ ဝင်ရောက်ထွန်းတောက်နိုင်သူများ ဖြစ်ခဲ့သည်။

ရုရှစာဆိုများလည်း ရှိပါသေးသည်။ မိုဒက်စ် မတ်ဆော့ဂ်စကီး၊ နီကိုလိုင်ရင်းမ်စကီး ကာဇတ်ကော့ဗ်နှင့် နီကိုလိုင်း ချိုက်ကော့ဗ်စကီးတို့သည် ထာဝစဉ်ရှင်သန်နေသော သံစဉ်များကို ဖန်တီးသူများဖြစ်ကြသည်။ ထို့ပြင် ရုရှတွင် ဗိသုကာပညာ၊ ဘဲလေးအကနှင့် ပန်းချီ ပန်းပုတို့တွင် ထင်ရှားသောသူများလည်း ပေါ်ထွက်ခဲ့ပါသည်။

ရုရှတို့ ပြောဆိုသောစကားသည် ဆလပ်ဗစ်စကား ဖြစ်သည်။ ရုရှစကားသည် ရှုံးသုံးဖြစ်၍ အများပြောသောစကားဖြစ်သည့်တိုင် တိုင်းရင်းသားများသည် မိမိတို့ဒေသတွင် မိမိတို့၏စကားကိုသာ ပြောကျင့်ရှိကြသည်။ မိမိတို့၏ဓလေ့စရိုက်အတိုင်း နေကျင့်ရှိခဲ့ကြသည်။ ရုရှတို့သုံးသောအက္ခရာမှာ ဂရိအက္ခရာမှ ဆင်းသက်လာခြင်းဖြစ်သည်။ အခြားအနောက်ဥရောပနိုင်ငံများတွင် လက်တင်မှဆင်းသက်သောစကားနှင့် စာပေကို သုံးလေ့ရှိကြသည်။

ကိုးကွယ်ယုံကြည်မှုကို ပြောရလျှင်လည်း အနောက်ဥရောပနိုင်ငံများသည် အနောက်ခရစ်ယာန်ကျောင်းတော်ဖြစ်သော ရိုမန်ကက်သလစ်ခရစ်ယာန်ဝါဒီများဖြစ်ခဲ့ကြသည်။ နောက်ပိုင်းတွင်မှ ခရစ်ယာန်အယူ ဂိုဏ်းကွဲများ ပေါ်ပေါက်လာသည်။

ရုရှတို့သည် အရှေ့ခရစ်ယာန်ကျောင်းတော်ဟုခေါ်သော ဘိုင်ဇမ်တင်ကျောင်းတော်၏ အယူဖြစ်သော အယူသည်းခရစ်ယာန်ဝါဒကို လက်ခံကိုးကွယ်ကြသောသူများဖြစ်သည်။ အယူသည်း (Orthodox) ဟု ခေါ်ကြသည်မှာ ပြင်းထန်စွာ ကျင့်ကြံနေထိုင်ရအောင် စည်းကမ်းကြီးသောကြောင့် ဖြစ်သည်။ ရုရှတွင် တည်ဆောက်သော ခရစ်ယာန်ကျောင်းတော်များမှာ ကြက်သွန်ဥကြီးများကို ဆေးရောင်စုံခြယ်ထားသည့်အသွင်ဖြင့် ထူးခြားဆန်းပြားကာ ပုံပြင်ဆန်လှသည်။ ကရင်မလင်နန်းတော် ရင်ပြင်နီတွင်ရှိသော စိန့်ဘက်စီးလ်ဘုရားရှိခိုးကျောင်းမှာ ကြောက်စရာ့အီဗန်ဟုခေါ်တွင်သော (Ivan the

Terrible) ၏လက်ထက် ၁၅၅၅ မှ ၁၅၆၀ အတွင်းတွင် ဘုရင်ကိုယ်တိုင် လှူဒါန်းသော ဘုရားရှိခိုးကျောင်းတစ်ခုဖြစ်ကာ ရုရှ၏ ဗိသုကာအမှတ် အသားတစ်ခုအဖြစ်သို့ ရောက်ရှိနေပေသည်။

ထိုကဲ့သို့ ထူးခြားသော ဗိသုကာလက်ရာသည် မူဆလင်ဗလီနှင့် တူလိုက်လေဟု ပြောစမှတ်ပြုခြင်းခံရသည်မှာလည်း အကြောင်းရှိသည်။ အယူသည်းခရစ်ယာန်ဝါဒီကျောင်းတော်ရှိသော ဘိုင်ဇမ်တင်သည် အော်တိုမန် အင်ပါယာနှင့် ပထဝီအနေအထားအရ နီးစပ်သည်ဖြစ်ရာ ယဉ်ကျေးမှုများ ကူးလူးဆက်ဆံသည့် ထုံးစံအရ ဗိသုကာလက်ရာများ တူနေခြင်းဖြစ်သည်ဟု ဆိုပါသည်။

ရုရှတွင်ထွန်းကားသော ဘဲလေးအကမှာ ပြင်သစ်တွင် စတင်ပေါ် ပေါက်ခဲ့သည်။ ရုရှသည် ပဒေသရာဇ်ခေတ်က ပြင်သစ်နှင့် ပိုမိုအဆက်အဆံ များရာမှ ဘဲလေးအကသည် ရုရှတွင် ယခုထက်တိုင် ရှင်သန်နေခြင်းဖြစ် သည်။ ပဒေသရာဇ်ခေတ်တစ်လျှောက်တွင် ပြင်သစ်စကားပြောတတ်ခြင်းကို အထက်တန်းစားများ၏ ဂုဏ်အင်္ဂါတစ်ခုသဖွယ် လက်ခံခဲ့ကြသည်။ ရုရှ နိုင်ငံ၏အကြောင်းကို ပြောပြပါက စာတွေ့ကိုယ်တွေ့များသဖြင့် ပြော၍ မကုန် ဖြစ်နိုင်ပါသည်။

စာရေးသူတင်ပြတော့မည့် မဟာပီတာမှာ ၁၈ ရာစုအတွင်းတွင် ခေတ်နောက်ကျကာ တိုးတက်မှုနှေးကွေးနေသော ရုရှကို ရှေ့လည်းဆွဲ၍ နောက်ကလည်းတွန်းသော ဧကရာဇ်တစ်ပါး၏ ရာဇဝင်ဖြစ်ပါသည်။ သူ့ကို နားလည်ရန် ၁၈ ရာစုရုရှကိုတော့ အတော်အတန်ရိပ်မိသင့်ပါသည်။

## မဟာပီတာ၏ အမိမြေ ၂

စာရေးသူသည် အခြားသော ချစ်သူမုန်းသူများသည့် ကျော်ကြား သူများ၏အကြောင်းကို တင်ပြခဲ့စဉ်က ဒေသိယနောက်ခံသမိုင်းကို ကျယ် ကျယ်ပြန့်ပြန့် တင်ပြသည့်နည်းတူ မဟာပီတာ၏ အမိမြေနှင့်ပတ်သက်



၍လည်း တင်ပြလိုပါသည်။ ရုရှနိုင်ငံ၏မြို့တော်မှာ မော်စကိုဖြစ်သည့် အကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ ရုရှနိုင်ငံမှ ဧကရာဇ်များ ဇာဘုရင်များ သည် မော်စကိုမြို့ကို သူတို့၏မြို့တော်အဖြစ် ၁၁၄၇ ခုမှ ၁၇၁၂ အထိ အသုံးပြုခဲ့သည်။ မော်စကိုမြို့တော်သည် မွန်ဂိုတာတာများ ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ခြင်းကို ၁၃ ရာစုတွင် ခံခဲ့ရသည်။ မွန်ဂိုတို့၏ လက် အောက်ခံမြို့တော်ဘဝတွင် ကူးသန်းရောင်းဝယ်ရေးကောင်းကာ ကြွယ်ဝ လာသည်။ မော်စကိုမြို့သည် မွန်ဂိုတို့၏လက်အောက်တွင် နှစ်ပေါင်း ၃၀၀ မျှနေထိုင်ခဲ့ရသည် ဟုဆိုသည်။ မွန်ဂိုများ၏လက်အောက်မှ လွတ်မြောက် လာသည့်အချိန်တွင် မော်စကိုသည် ရုရှ၏ ကုန်သွယ်ရေးဗဟိုဒေသ ဖြစ် လာသကဲ့သို့ အယူသည်း ခရစ်ယာန်ကျောင်းတော် (Russian Orthodox Church) ၏ တည်နေရာလည်းဖြစ်လာသည်။

မော်စကိုမြို့တော်သည် အစိုးရအဖွဲ့၏ တည်ရာမြို့တော်အဖြစ်မှ ၁၇၁၂ တွင် လျော့ကျသွားရခြင်းမှာ ပီတာသဂရိတ်က အစိုးရအဖွဲ့၏ ရုံး စိုက်ရာမြို့အဖြစ် သူဦးစီးတည်ထောင်သော စိန့်ပီတာစဘတ်ဂ်မြို့ကို ပြဌာန်း လိုက်သောကြောင့်ဖြစ်သည်။ ၁၉၁၈ခုတွင် ပထမကမ္ဘာစစ် ပြီးဆုံးသည်။ ရုရှတွင်လည်း ၁၉၁၇ ခုမှစ၍ ပဒေသရာဇ်စနစ် ပျက်သုဉ်းသွားသည်။ ထိုအချိန်တွင် မော်စကိုမြို့ကို ရုရှနိုင်ငံ၏မြို့တော်အဖြစ် ပြန်လည်ရွေးချယ် လိုက်ကြသည်။ ဆိုဗီယက်နိုင်ငံကို တည်ထောင်ပြီးသည့်နောက် ၁၉၂၂ မှ ၁၉၉၁ ခုအထိ ဆိုဗီယက်ရုရှ၏မြို့တော်ဖြစ်ခဲ့သည်။

မော်စကိုဆောင်းတွင်းမှာ အလွန်အေး၍ အချိန်ရှည်ကြာသည်။ နွေကာလသည် အေးမြ၍တိုတောင်းသည်။ ဆောင်းတွင်းတွင် ထူထပ်သော နှင်းအဖြစ်ကျသည်ကို မိုးရေချိန်အဖြစ်တွက်ပါက ၂၇ လက်မခန့်ရှိသည်။

မော်စကိုမြို့သည် ကရင်မလင်နန်းတော်ကို အချက်လိုက်ဝိုင်း၍ တည် ထားသော မြို့တော်ဖြစ်သည်။ ကရင်မလင်နန်းတော်သည် အလယ်ခေတ် လောက်ကတည်းက တည်ရှိခဲ့သော ရှေးဟောင်းနန်းတော်ဖြစ်ကာ တြိဂံ ပုံသဏ္ဍာန်ရှိသည့် မြေကို ၆၆ ပေမြင့်သည့် ကျောက်တံတိုင်းဖြင့် ပတ်ပတ်လည်

ကာရံထားသည်။ အလျားမှာ ၁. ၅ မိုင်ခန့်ရှည်လျားသည်။ ကရင်မလင် တံတိုင်းများပေါ်တွင် မျှော်စင် ၂၀ ရှိသည်။ အချို့မျှော်စင်များတွင် ကရင်မလင်သို့ တောက်လျှောက်ဝင်၍သွားနိုင်သော ဝင်ပေါက်များရှိသည်။ နန်းတော် တံတိုင်းအတွင်းတွင် ရွှေပြားကပ်ထားသော ပေါင်းမိုးကြီးများရှိသည့် ၁၅ ရာစု ၁၆ ရာစုလက်ရာ အယုသည်းခရစ်ယာန်ဘုရားရှိခိုးကျောင်းများ ရှိသည်။ ထို့ပြင် ရုရှားဧကရာဇ်များ၏ နန်းတော်များ၊ ဘာသာရေးခေါင်းဆောင်ကြီးများ၏ နန်းတော်များလည်း တည်ရှိသည်။ ၁၈၄၉ ခုတွင် တည်ဆောက်ပြီးစီးသော ရုရှားဧကရာဇ်နီကိုလပ်စ် ၏နန်းတော်မှာ အကြီးကျယ်ဆုံးဖြစ်သည်။ ၁၉၆၁ ခုတွင် ဆောက်၍ပြီးစီးသော ကွန်ဂရက်နန်းတော်သည် ကြီးမားသော ကွန်ကရိနှင့် မှန်များကိုသာ သုံးထားသည့် အဆောက်အဦကြီးတစ်ခုဖြစ်ကာ ထိုင်ခုံ ၆၀၀၀ ပါဝင်သည်။ ဆိုဗီယက်ခေတ်က ဘဲလေးကပွဲများ၊ ပြဇာတ်များရုံတင်သည့်ပြင် အစိုးရအဖွဲ့၏ အစည်းအဝေးကြီးများကိုလည်း ကျင်းပကြသည်။ ၁၉၉၁ ခု နောက်ပိုင်းတွင်မူ ယဉ်ကျေးမှု အနုပညာဆိုင်ရာ ပွဲများကျင်းပရာ ခန်းမကြီးအဖြစ်သာ အသုံးပြုကြတော့သည်။

မော်စကိုမြို့သည် ရှေးကာလကတည်းက ကရင်မလင်ကို အရစ်လိုက် ဝိုင်းထားရာတွင် တစ်ရစ်လျှင် လမ်းမကျယ်ကြီးတစ်ခုကျဖြင့် ဝန်းရံထားခြင်းဖြစ်သည်။ ထိုအရစ်တစ်ရစ်တိုင်းသည် ရှေးခေတ်က ခံတပ်ကိုချဲ့ထွင်ရင်း ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုအရစ်တိုင်းတွင် လှည်းဘီး၏ဝန်ရိုးများကဲ့သို့ဗဟိုချက်မမှ ဖြာထွက်သွားသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၏ အရေအတွက်မှာ ၁၄ ခုရှိသည်။

မော်စကိုမြစ်သည် အနောက်မြောက်အရပ်မှ အရှေ့တောင်အရပ်သို့ မြို့ကိုဖြတ်ကာ စီးဆင်းသွားလေသည်။ မြို့၏အနောက်တောင်ဘက်တွင် ၆၅၆ ပေအထိမြင့်သော Sparrow တောင်ကုန်းများရှိသည်။ ၁၉၉၁ ခုအထိ လီနင်တောင်ကုန်းများဟု ခေါ်ဆိုခဲ့သည်။ ထိုအနီးတွင် မော်စကို စတိတ် ယူနီဗာစတီ တည်ရှိသည်။ မော်စကိုမြို့သည် ၁၉၆၀ တွင် အစွန်ဆုံးအရစ်အထိ ချဲ့ထွင်ခဲ့ရာ အကျယ်အဝန်းမှာ ၃၄၂ စတုရန်းမိုင် ကျယ်ဝန်းသွားခဲ့သည်။



မော်စကိုမြို့၏အကြောင်းကို ပြောလျှင် ရင်ပြင်နီအကြောင်းမပါလျှင် မပြည့်စုံနိုင်ပေ။ ဆိုဗီယက်ခေတ်က ကရင်မလင်နန်းတော်၏ အရှေ့ဘက် တံတိုင်းနှင့်ကပ်လျက်နေရာတွင် လီနင်၏ ရုပ်ကလာပ်ထားရာဗိမာန်ရှိသည်။ ထိုဗိမာန်၏ အရှေ့ဘက်တကြောတွင် ရင်ပြင်နီတည်ရှိသည်။ ရင်ပြင်နီဟု တိုက်ရိုက်ဘာသာပြန်နိုင်သော ထိုကွင်းပြင်သည် ရုရှလို လှပသောရင်ပြင်ဟု လည်း အဓိပ္ပာယ်ရသည်ဟု စာရေးသူ၏ ရုရှအမျိုးသမီးသူငယ်ချင်းက ပြောခဲ့ဖူးသည်။

ယခုအထိ ရေးသားတင်ပြခဲ့သည့် အကြောင်းအရာတို့မှာ ပျင်းရိစရာကောင်းပါသည်။ စာရေးသူနေထိုင်ဖူးသော မော်စကို၏အကြောင်းကို ပြောပြချင်ပါသည်။ မော်စကိုမြို့သို့ရောက်ခဲ့စဉ်က နိုင်ငံတကာလေဆိပ် ဖြစ်သော ရှယ်ရယ်မက်ကျေးယိဗား လေဆိပ်သည် ကြီးကျယ်ပါသည်။ ထို လေဆိပ်အပြင် မူလက ဆိုဗီယက်နိုင်ငံတွင်းတွင် ပါဝင်ခဲ့သောနိုင်ငံများနှင့် ရုရှနိုင်ငံတွင်းရှိ ဒေသများကို ဆက်သွယ်ထားသော လေဆိပ်များလည်း ရှိပါသေးသည်။ စာရေးသူစိတ်ဝင်စားမိသည်မှာ မြေပြင်တွင် နှင်းအထပ်ထပ် ကျထားသဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံး ဖွေးဖွေးဖြူနေရသည့်အထဲတွင် အခေါက်များဖွေးဖွေးဖြူနေသည့် သစ်ပင်တန်းများကို လေယာဉ်ကွင်းလမ်း တစ်လျှောက်တွင် မြင်ရသည်မှာ သူ့ဒေသနှင့်သူ လှနေပုံဆန်းသည့် အမြင် ဖြစ်ပါသည်။ မော်စကိုမြို့၏ သုံးဆယ်ရာနှုန်းမှာ ပန်းခြံများ ကစားကွင်းများ သစ်ပင်များနှင့်ဖုံးလွှမ်းနေသော တောအုပ်ကလေးများဖြင့် စာရေးသူ ပညာသင် ယူနေသည့် ခေတ်အနေဖြင့် လေကိုသန့်အောင် ထိန်းထားနိုင်ခဲ့ပါသည်။ အထပ်များဖြင့် မြင့်မားသောတိုက်တန်းလျားများ အနီးတွင် မြေကွက်လပ်နှင့် သစ်ပင်များ ပန်းနုံများ ပန်းခင်းများ ထားရှိခဲ့သည်။ ဂေါ်ကီပန်းခြံသည် မော်စကိုမြစ်၏ညာဘက်တွင် တည်ရှိသဖြင့် ရေကူးနိုင်သည်။ စကိတ်စီးနိုင် သည်။ ဆောင်းတွင်းတွင် စကီးစီးနိုင်သည်။ တိရစ္ဆာန်ဥယျာဉ်အပြင် သိပ္ပံ အကယ်ဒမီ၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ရုက္ခဗေဒဥယျာဉ်လည်းရှိသည်။

စာရေးသူတို့၏ အဆောင်အနီးတွင် ၁၇ ရာစုက တည်ဆောက်သော

နီဝိုကျေဇစ်ချေယီဘုရားရှိခိုးကျောင်း တည်ရှိပါသည်။ ရုရှတွင်ရိုက်ကူးသော စစ်နှင့်ငြိမ်းချမ်းရေးဇာတ်ကားတွင် အထူးအသားပေးရိုက်ကူးထားသော ဘုရားရှိခိုးကျောင်းဖြစ်ပါသည်။ ထိုဘုရားရှိခိုးကျောင်းတံတိုင်းတစ်ခု၏ အပြင်ဘက်တွင် မုလကျုံးကိုချန်ထားသောကန်နှင့် ကန်၏တစ်ဖက်တစ်ချက်တွင် လမ်းမပတ်ထားသည်။ လမ်းလျှောက်၍ကောင်းသည်။ သစ်တောများလည်း စိုက်ပျိုးထားသေးသဖြင့် ကြည့်၍တင့်တယ်သည့်ပြင် နားခိုရာ နေရာကောင်းတစ်ခုဖြစ်သည်။ ထိုနေရာတွင် အတွဲများကို အတွေ့ရနည်းပါသည်။ ဘွားဘွားများ မြေးထိန်းရင်း လာ၍ထိုင်နေတတ်ကြသည်။ စာရေးသူတို့သည် ည ၈ နာရီခန့်တွင် စာကြည့်တိုက်မှပြန်လာသည့်အချိန်ကျမှ စားကြသောက်ကြရသည်။ ထို့နောက် စာရေးသူတွင် အိပ်မပျော်သည့်ရောဂါရှိသဖြင့် ညနက်မှ လမ်းလျှောက်ထွက်ရတတ်သည်။ မိန်းကလေးနှစ်ယောက်တည်း လမ်းလျှောက်သော်လည်း အန္တရာယ်မရှိခဲ့ပါ။ ဆောင်းတွင်း နေ့လယ်ပိုင်းတွင် ရေခဲနေသောကန်ထဲသို့ ဆင်း၍ လမ်းလျှောက်ရင်း ထူးခြားသော အတွေ့အကြုံကို ရယူခဲ့ဖူးပါသည်။

ထိုသို့အပန်းဖြေရာတွင် လူကြီးများကြိုက်သည့်နေရာများရှိသကဲ့သို့ ကလေးများကြိုက်သော ချားစီး၍ရသည့်ဆပ်ကပ်၊ ကြည့်၍ရသည့် ပန်းခြံကျယ်ကြီးများလည်းရှိပါသည်။ စာရေးသူနှစ်သက်သော နေရာတစ်ခုမှာ မော်စကို စတီတ်ယူနီဗာစတီသို့ အလည်သွားရင်း ပန်းတက်ခူးရသော လီနင်တောင်ကုန်းများ ဖြစ်ပါသည်။ အလေ့ကျပေါက်သော ပန်းဝါဝါကလေးများသည် အခက်လိုက်ခူး၍ရသည်။ ပန်းအိုးထိုးလျှင်လည်း ကြာကြာခံသည်။ တစ်နေ့တွင် ပင်လုံးညွတ်နေအောင် အသီးကြီးများဖြင့် လေးလံသော အကိုင်းများ မြေကြီးထိမျှဖြစ်နေသည့် ပန်းသီးပင်များအောက်သို့ ရှေ့မှ မြန်မာထဲတွင် ထူးထူးခြားခြား အရပ်ရှည်သူတစ်ဦးက ရှေ့မှဝင်သွားသည်။ နင်တို့ မခူးကြနဲ့နော်။ ငါက အရပ်ရှည်တော့ လမ်းလျှောက်ရင်း ခူးသွားမယ်ဟုဆိုကာ ထွက်သွားပါသည်။ နောက်မှ လေးငါးယောက်က ဆက်၍လိုက်သွားကြပါသည်။ မိန်းကလေးမှာ စာရေးသူတစ်ယောက်သာပါသည်ကို အထူး ပြော



စရာမလိုပါ။ ပန်းသီးပင်ကြီးအောက်မှ အားလုံး ဘွားကနဲထွက်သွားကြပြီးသည့်နောက် လူတိုင်း၏လက်နှစ်ဖက်စလုံးတွင် ပန်းသီးများပါလာကြပါသည်။ ရှေ့ဆုံးမှနောင်ကြီးက မခူးခဲ့ကြပါနဲ့ဆိုဟု ပြောသည့်အခါ အားလုံးက ပြုံးကျဲကျဲဖြင့် မနေနိုင်လို့ဟု ဖြေကြပါသည်။

မော်စကိုတွင် သူငယ်ချင်းများ ဆရာသမားများက တေးဂီတပွဲများ၊ ဘဲလေးကပွဲများ၊ ပြဇာတ်များ၊ ပဒေသာကပွဲများသို့ သွားဖြစ်အောင်သွားရန်။ သွားသည့်အခါ ရိုးရာဝတ်စုံကို အပြည့်အစုံ လှလှပပဝတ်သွားရန် တိုက်တွန်းကြပါသည်။ ထို့ပြင် ကဇာတ်ရုံကြီး၏ ဗိသုကာလက်ရာများကိုလည်း ကြည့်ရှုခံစားရန် တိုက်တွန်းကြပါသည်။ စာရေးသူကလည်း ကောင်းရာ ကောင်းကြောင်း တိုက်တွန်းချက်များကို လိုက်နာခဲ့ပါသည်။ ဗဟုသုတများစွာရခဲ့ပါသည်။ စာကြည့်တိုက်များသည်လည်း ဆွဲဆောင်မှုအား ကောင်းလှပါသည်။ မြန်မာနိုင်ငံတွင် မဖတ်ခဲ့ဖူးသည့် စာအုပ်များကို မော်စကိုရှိ နိုင်ငံတကာစာပေ စာကြည့်တိုက်သစ်တွင် သွားရောက်ဖတ်ခဲ့ဖူးပါသည်။ ထို့ပြင် ပြတိုက်များကလည်း ရောက်ခဲ့မိ၍၊ ကြည့်ခဲ့မိ၍ တော်ပါသေးသည်ဟုဆိုရမည့် အနုပညာလက်ရာများဖြင့် ပြည့်နေပါသည်။

နောက်ဆုံး ကုန်ကုန်ပြောရပါလျှင် တင်ပြခဲ့ပြီးသည့် နိုဗိုကျေဇစ်ချေယီဘုရားရှိခိုးကျောင်းတွင် ကျောင်းဆောင်ကြီးထဲတွင် အုတ်ဂူများရှိသကဲ့သို့ ရှေးဟောင်းအပိုင်းတွင်လည်း ရှေးခေတ်က ထူးခြားသူများ၏ အုတ်ဂူများရှိပါသည်။ ခေတ်သစ်အပိုင်းတွင် အောက်တိုဘာတော်လှန်ရေးနှင့် ဒုတိယကမ္ဘာစစ်တွင် နိုင်ငံ့အတွက်အသက်ပေးသွားသော သူရဲကောင်းများ၏ အုတ်ဂူများကို ပုံစံအမျိုးမျိုးဖြင့် တွေ့ရပါသည်။ စာရေးသူသည် စာဖတ်၍ ညောင်းညာလာလျှင် ထိုသင်္ချိုင်းများသို့သွားကာ အပန်းဖြေခဲ့ဖူးပါသည်။

မော်စကိုတွင် လမ်းပန်းဆက်သွယ်ရေး၌ မပါမပြီးသည့် မြေအောက်ရထားသည်လည်း စာရေးသူတို့လို နေ့တိုင်း စာကြည့်တိုက်သွားရသူများအတွက် ရှောင်လွှဲ၍မရနိုင်ပေ။ ရှောင်လည်းရှောင်ရန်မလိုပေ၊ ဘူတာတိုင်းတွင် သူ့ဘူတာရှိရာအရပ်နှင့်ဆိုင်သော သမိုင်းဝင်ရုပ်တုများနှင့် ကြည့်ရှုချင်

စဖွယ် ဆင်ယင်ထားတတ်သဖြင့် စိတ်ဝင်စားဖွယ်ကောင်းပါသည်။ မော်စကိုတွင် နေခဲ့ရသည့် ဘဝအဆက်အပိုင်းအနေဖြင့် အပန်းတကြီးမရှိခဲ့ပါ။ အရွယ်က ငယ်သေးသည်။ စာတတ်အောင် ဗဟုသုတ စုဆောင်းမိအောင် ကြိုးစားရသည်မှအပ ခက်ခဲသောအလုပ်ဟုထင်ရသည့် ကိစ္စများနှင့် မဆုံစည်းခဲ့ပါ။

## မဟာပီတာ၏ အမိမြေ ၃

မဟာပီတာ၏ အမိမြေဖြစ်သော ရုရှတွင် စိန့်ပီတာစဘတ်ဂ်သည် မဟာပီတာကိုယ်တိုင် ဖန်တီးခဲ့သောမြို့တော်ဖြစ်ရာ ထိုမြို့တော်၏အကြောင်းကိုလည်း ပြောပြသင့်သည်ဟု ယူဆပါသည်။ ထိုစိန့်ပီတာစဘတ်ဂ် မြို့တော်သည် ရုရှနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့်ပြင် အကြီးဆုံးပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်သည်။ ရုရှနိုင်ငံ၏ အနောက်မြောက်ဘက်တွင် တည်ရှိ၍ ဘောလ်တစ်ပင်လယ်၏ လက်တက်တစ်ခုဖြစ်သည့် ဖင်လန်ရေလက်ကြားပေါ်တွင် တည်ရှိသည်။ ၁၇၁၂ မှ ၁၉၁၈ အထိ နှစ်ပေါင်း ၂၀၀ ခန့် ရုရှကေရာဇ်နိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သော စိန့်ပီတာစဘတ်ဂ်သည် ဥရောပ၏ အလှပဆုံးသောမြို့တော်များထဲမှ တစ်မြို့ဖြစ်သည်ဟု စာပေများတွင် ဖတ်ရဖူးသည်။ နန်းတော်များ၊ ခရစ်ယာန်ကျောင်းတော်များ၏ အလှအပကလည်း ပြောပလောက်အောင် ရှိသည်။ ရထားလမ်းများဆုံစည်းရာ မြို့တော်ဖြစ်သည့်ပြင် စက်မှုကုန်ထုတ်လုပ်ငန်းဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာနှင့် သိပ္ပံပညာဆိုင်ရာ အဆင့်မြင့်မြို့တော်ဖြစ်သည်။

စိန့်ပီတာစဘတ်ဂ်မြို့တော်သည် ညက်ဗာမြစ်ကမ်းနှစ်ဖက်စလုံးကို ခွ၍တည်ထားသည့်ပြင် ညက်ဗာ၏ မြစ်ဝကျွန်းပေါ်တွင် တည်ရှိသည်။ မြို့တော်အဝန်းအပိုင်းအတွင်းတွင် ညက်ဗာမြစ်ကြောင်းတွင်တည်ရှိသော ကျွန်းကလေး ၄၇ ကျွန်း ပါဝင် နေသည်။ ထိုမြို့တော်အတွင်းတွင် မြေပြင်ကို မြစ်လက်တက် ၆၀ နှင့် တူးမြောင်း ၂၀ က ပိုင်းခြားထားသည်။ ထိုမြစ်များ တူးမြောင်းများကိုကျော်ဖြတ်ရန် တံတားပေါင်း ၃၀၀ ကျော် တည်ဆောက်ခဲ့



ရသည်။ မြို့ဧရိယာမှာ ၂၃၁ စတုရန်း မိုင်ရှိသည်။ မြို့တော်တွင်းတွင် အကျုံးဝင်သော ဝန်းကျင်ဒေသများပါထည့်၍တွက်သော် စတုရန်းမိုင် ၅၈၀ မျှ ရှိသည်။

စိန့်ပီတာစဘတ်မြို့တော်၏ ရာသီဥတုမှာ ပြင်းထန်သည်။ ဆောင်းရာသီတွင် ခြောက်သွေ့၍ အလွန်အေးသည်။ နွေကာလမှာပင် အေးမြသောရာသီဥတုရှိသည်။ မြို့တော်၏ဆိပ်ကမ်းမှာ တစ်နှစ်လျှင် သုံးလေးလမျှ ရေခဲသဖြင့် ရေခဲခွဲ၍ ရေကြောင်းကိုဖော်ပေးသည့်စက်ကို အသုံးပြုရသည်။

စာရေးသူသည် စိန့်ပီတာစဘတ်ဂ်သို့ အဖော်မပါ တစ်ယောက်တည်း ခရီးထွက်ဖူးသည်။ ၁၁ ရက်ကြာသည်။ ထိုအချိန်က ပီအိပ်ချ်ဒီရသည်မှာ ရက်ပိုင်းမျှရှိသေးသည်။ စိန့်ပီတာစဘတ်သို့မရောက်ဘဲ မြန်မာပြည်သို့ ပြန်ခဲ့သော် နောက်တစ်ကြိမ်ပြန်ရောက်ရန် ခဲယဉ်းသည်ဟုတွေးကာ မော်စကိုရှိ ပညာရေးတက္ကသိုလ်မှ အကူအညီကိုယူ၍ ထိုစဉ်က လီနင်ဂရတ်မြို့ဟု ခေါ်သောမြို့တော်သို့ တစ်ယောက်တည်းထွက်ခဲ့သည်။ စာရေးသူ တက်ရောက်ခဲ့သော မော်စကိုမှ ပညာရေးတက္ကသိုလ်၏အမည်တွင်လည်း လီနင်ပါပါသည်။ သွားရောက်ခဲ့သည့်မြို့ကလည်း လီနင်ဂရတ်မြို့။ စိတ်ဝင်စားစရာပင်။

စိန့်ပီတာစဘတ်ဂ်သည် စာရေးသူနှင့် (မရောက်ဖူးသေးသည့်တိုင်) မျက်နှာစိမ်းမဟုတ်ပါ။ ပြတိုက်များ၊ ရုပ်တုများ၊ ပန်းခြံများစသည်ဖြင့် သိသင့်မြင်သင့်သည့် အရာများအားလုံးကို ရုပ်ရှင်များတွင်လည်းကောင်း၊ စာအုပ်များတွင်လည်းကောင်း မြင်ခဲ့ရသည်မှာ အကြိမ်ကြိမ်ပင်။ စာရေးသူသည် စိန့်ပီတာစဘတ်ဂ်သို့အသွားတွင်လည်း ချိတ်လုံချည်၊ မြန်မာအင်္ကျီလက်ရှည်၊ ဆံထုံး ဆံမြိတ်ချတွင် ပန်းပန်၍ ဟန်ရပန်ရသွားခဲ့ခြင်းဖြစ်ပါသည်။ လေယာဉ်ပေါ်တွင်လည်း မြေပုံတဖြန့်ဖြန့်ဖြင့် ကျွန်မ ဒီမြို့ကို တစ်ခါမှ မရောက်ဖူးပါဘူး။ ရှင်နဲ့ခရီးကြုံမလားဟု အနီးအနားမှလူကိုမေးသော်လည်း တစ်ယောက်မျှ ခရီးမကြုံပေ။ ခရီးကြုံမည့်အချိန်တွင် ကျွန်မတက်ရမည့် အလှည့်ရောက်သည့် တက္ကစီနှင့် မြို့ထဲသို့လိုက်ချင်သော ဦးလေးကြီးနှင့်

အဒေါ်ကြီးတစ်ယောက်တို့နှင့် ကြုံရပါသည်။ သူတို့မြို့တော်သို့ ဌာနေသို့မြန် မိ ရောက်ဖူးချင်၍ လာပါသည်ဟု ကျွန်မကပြောသည့်အခါ ချက်ချင်းပင် မြို့တော်ကို တစ်ပတ်လိုက်ပြချင်ပါသည်ဟု ဖိတ်ခေါ်ကြပါတော့သည်။ ကျွန်မ က ညက်ဗာမြစ်ကမ်းပါးပေါ်က ပညာရေးတက္ကသိုလ်သို့ သွားရမည်ဖြစ် သည်။ ယခု သုံးနာရီခွဲရှိနေပြီဟု ဆိုသောအခါ ငါးနာရီခွဲအထိ ရုံးချိန်ဖြစ် သည်။ သူတို့လိုက်ပို့ပါမည်ဟုဆိုသဖြင့် မြို့တော်ကိုတစ်ပတ် ကောင်းစွာပတ်၍ ကြည့်လိုက်ရပါသည်။ ကားပေါ်ပါလာသော ဦးလေးကြီးနှင့် တက္ကစီကား မောင်းသူတို့ အပြန်အလှန် ကဗျာများပင် ရွတ်ဆိုရင်း ကျွန်မကို လေ့လာရေး ခရီးတစ်ခု လက်ဆောင်ပေးကြပါသည်။

စာရေးသူသည် ညက်ဗာကမ်းပါးပေါ်က ပညာရေးတက္ကသိုလ်သို့ ရောက်သောအခါ သူတို့မျှော်နေသော ဒေါက်တာဘွဲ့ရ အမျိုးသမီးကြီး မဟုတ်သဖြင့် ကျောင်းမှုပါမောက္ခများက အံ့အားသင့်ကြပါသည်။ (သူတို့ မျှော်နေသည်က အသက်ကြီးကြီး ခပ်ဝဝ ယခုစာရေးနေတဲ့ပုံလိုမျိုးပေါ့လေ။) ရောက်သွားချိန်က အသက် ၃၀ ပြည့်ခါစ (သူတို့ခန့်မှန်းလေ့ရှိသလို ဆိုပါ က အသက်၂၀ ခန့်) ဖြစ်သဖြင့် ကျွန်မကို တစ်ယောက်ပြီးတစ်ယောက် လာကြည့်ကြပါသည်။ ထဘီကိုလည်း စိတ်ဝင်စားသည်။ ဆံပင်ရှည်ကို လည်း စိတ်ဝင်စားသည်။ သို့ဖြင့် ကျွန်မနှင့်အားပါးတရ စကားပြောအပြီးတွင် မြို့ပြင်အတော်လှမ်းသော တက္ကသိုလ်ပရဝုဏ်သို့ တက္ကစီဖြင့် ပြန်သွားရ ပါသည်။ စာရေးသူသည် ထိုခရီးစဉ်တစ်ခုတည်းပင် စာတစ်အုပ်ဖြစ်အောင် ရေးလောက်သည့် ပျော်ရွှင်ဖွယ်ကောင်းသော အတွေ့အကြုံများကို ရခဲ့ပါသည်။ သို့သော် ယခုဆောင်းပါးတွင်မူ သရုပ်ပေါ်ရုံသာ ဖော်ပြလိုပါသည်။ စာရေး သူသည် ၁၁ ရက်လုံးလုံး မနက်အစောကြီးစာကိုသာ ဝလင်အောင် စား ဖြစ်ပါသည်။ နေ့လယ်တွင် ပါသွားသောလက်ကိုင်အိတ်ထဲ၌ မလိုင်တော်ဖီ များအပြည့်ထည့်ကာ ပြတိုက်တကာသို့ သွားပါသည်။ တော်ဖီစား၍ ရေ သောက်ပါသည်။ နေ့လယ်နေ့ခင်းမှာပင် စားသောက်ဆိုင်ကြီးများသို့ တစ် ယောက်တည်းဝင်ရန် မဝံ့မရဲဖြစ်နေသည်။ ဆိုဗီယက်ခေတ် စားသောက်ဆိုင်



ကြီးများတွင် ညနေပိုင်းရောက်မှသာ အရက်ရောင်းသည်ဆိုသည့်အချက်ကို နောက်ကျမှ သတိရပါသည်။

တစ်နေ့တွင် ကျွန်မသည် စားသောက်ဆိုင်ကလေးတစ်ဆိုင်တွင် နေ့လယ်စာစားရန် မှာထား၍ ထိုင်စောင့်နေပါသည်။ မော်စကိုမှ သူငယ်ချင်း က မိတ်ဆက်ပေးလိုက်သော သူငယ်ချင်း၏အိမ်သို့သွားရန် စိတ်ကူးရှိသဖြင့် ပန်းစည်းတစ်စည်းလည်း ပါပါသည်။ ကျွန်မသည် ပန်းစည်းကို စားပွဲပေါ် ချထားကာ ပွတ်ရုကင်၏ကဗျာစာအုပ်ကို ထိုင်ဖတ်နေပါသည်။ ဆိုင်ကလေး တွင် စားပွဲကလည်း နည်းပါသည်။ ကျွန်မ၏စားပွဲသို့ လူလတ်ပိုင်း နှစ်ယောက်လာ၍ ထိုင်ခွင့်တောင်းပါသည်။ ကျွန်မကလည်း ထိုင်ပါဟု ပြောကာ စာဆက်ဖတ်နေပါသည်။ သူတို့သည် စကားမပြောကြဘဲ ခဏမျှ နေသည်။ ထို့နောက် ခွင့်ပြုပါ၊ ကျွန်တော်တို့ မနေနိုင်တော့လို့ စပ်စုပါရစေ။ ခင်ဗျားက ပွတ်ရုကင်ကဗျာစာအုပ်ဖတ်နေမှတော့ ရုရှလိုကောင်းကောင်း တတ်မှာပေါ့။ အဲသည်တော့ ဘယ်ကလာပါသလဲ။ ခင်ဗျားဝတ်ထားတဲ့ ရိုးရာဝတ်စုံကလည်း သိပ်လှပါတယ်။ ကိုင်း ပြောပြပါဦးစသည်ဖြင့် တောက် လျှောက် မေးပါသည်။

ကျွန်မက "ပီအိပ်ချ်ဒီ ဘွဲ့ရပြီး ဗီတာတည်တဲ့မြို့ကို မရောက်ခဲ့ဘဲ ဌာနေပြန်မိလျှင် စိတ်မပျော်ရွှင်နိုင်လောက်"ဟု တွေးမိသဖြင့် လာသည့် အကြောင်းကို ပြောပြပါသည်။ မြန်မာပြည်ကဖြစ်သည်ဆိုသည့်အကြောင်း ကိုလည်း ပြောပြမိပါသည်။ သူတို့က ကျွန်မ မော်စကိုတွင် နေထိုင်ခဲ့သည့် အဆောင် ဘယ်နေရာမှာ ရှိသလဲဟုမေးကာ ဆေးတက္ကသိုလ်တစ်ခု ရှိတယ် မဟုတ်လားဟု ကျွန်မကို မေးပြန်ပါသည်။ ကျွန်မက ဟုတ်တယ်၊ ဦးနှောက် ကို မီနစ်ပိုင်းအတွင်း အောင်အောင်မြင်မြင်ခွဲစိတ်ပေးနိုင်တဲ့ ဆရာဝန်ကြီးကို ဂုဏ်ပြုပြီး ဆောက်ထားတဲ့ ဆေးတက္ကသိုလ်လေဟု ပြောလိုက်ရာ သူတို့ အလွန်ဝမ်းသာကြပါသည်။ နောက်မှသူတို့သည် ဆရာဝန်ကြီးများ ဖြစ် ကြောင်း သိရပါသည်။ ကျွန်မက လီနင်ဂရတ်ကို ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်တို့ဝိုင်းထားသည့် ၁၉၄၁ ခု စက်တင်ဘာလမှ ၁၉၄၄ခု ဇန်နဝါရီလ

အတောအတွင်း သေဆုံးခဲ့ရသော ရပ်ကွက်တိုင်းမှ မြို့သူမြို့သားများကို အိမ်တစ်လုံးစာစီလောက် ကြီးမားသောသင်္ချိုင်းမြေပုံများတွင် မြှုပ်နှံထားသည်ကို သွား၍ကြည့်လိုပါသည်။ တက္ကစီဂိတ်ကို ညွှန်ပြပေးစေလိုပါသည်ဟု ပြောရာ ထိုဆရာဝန်ကြီးများက ဘတ်စ်ကားနှင့်သွားပါ။ ဘတ်စ်ကားဂိတ်ဆုံးလျှင် ဓာတ်ရထားကို ပြောင်းစီး၍သွားပါ။ ၈ ပြားသာ ကုန်ပါမည်။ ကားဆိပ်ကလည်း မဝေးပါဟုဆို၍ လိုက်ပို့ပါသည်။ ကျွန်မသည် ထိုသင်္ချိုင်းသို့သွားသည့်အကြောင်းကိုလည်း အရှည်မတင်ပြနိုင်ပါ။ စာရေးသူတစ်ဦး၊ ကျောင်းဆရာတစ်ဦးအတွက် တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတများ ရခဲ့ပါသည်။

ပီတာနှင့် ပေါလ်ခံတပ်သို့လည်း သွားရောက်လေ့လာပါသည်။ ကွန်မြူနစ်တော်လှန်ရေးကို စတင်ရန်အချက်ပေးသည့် သင်္ဘောကိုလည်း ပြတိုက်လုပ်ထားရာ တက်၍ကြည့်ခဲ့ပါသည်။ ခံတပ်ထဲတွင် လီနင်၏အစ်ကိုအကျဉ်းကျခံခဲ့သော အကျဉ်းတိုက်ထဲသို့ဝင်ကာ တံခါးပိတ်၍ အကျဉ်းသားများ၏ဒုက္ခကို ခံစားရန် ပြသည်ကိုလည်း ခံစားခဲ့ရပါသည်။ လီနင်ဂရတ်သည် ပြတိုက်မြို့ဖြစ်ရာ ခြေလှမ်းတိုင်းတွင် ကြည့်စရာတွေရှိနေပါသည်။ ဆောင်းတွင်း နန်းတော်ပြတိုက်ကိုလည်း တစ်နေကုန် လျှောက်၍ကြည့်ရာ ထိုပြတိုက်မှပြန်အထွက်တွင် လမ်းမလျှောက်နိုင်လောက်အောင် ခြေထောက်ရောင်နေသဖြင့် အပြင်ဘက်ပန်းခြံထဲတွင် ထိုင်နေရပါသေးသည်။ ထိုပြတိုက်တွင် မဖြစ်နိုင်မှန်းသိသိကြီးနှင့် နောက်တစ်ခေါက်မှ ကြည့်မယ်နော်ဟု ဘယ်သူ့ကို ပြောမှန်းမသိ၊ တစ်ယောက်တည်း ရေရွတ်မိခဲ့ပါသေးသည်။ ပန်းချီပြတိုက်တွင် မော်စကိုကတည်းက အလွန်သဘောကျခဲ့သော အီဗန်နော့ဗ်၏တောင်းကုန်းပေါ်မှ ဒေသနာပန်းချီကားကိုမြင်သည်နှင့် တန့်ခနဲရပ်ကာ အီဗန်နော့ဗ်ဟု အသံထွက်၍ခေါ်မိသည်။ ပြတိုက်မှူး ဘွားဘွားများက အလွန်သဘောကျကာ ကော်ပီမဟုတ်ဘူးနော်။ သူကိုယ်တိုင်ဆွဲထားတာဟု ပြောပါသည်။ အီဗန်နော့ဗ်သည် ထိုပန်းချီကားကို အရွယ်အမျိုးမျိုးကို အခါခါရေးဆွဲခဲ့ကြောင်း သိရပါသည်။ ပန်းချီပြတိုက်လည်း တစ်ခုမက ရောက်ခဲ့သည်။



ပီတာနှင့်ပတ်သက်သော တောအိမ်ကလေးများသို့လည်း ရောက်သည်။ ရောက်ရာအိမ်တိုင်းတွင် သင်္ဘောပုံစံငယ်များကို တွေ့ရသည်။ ပီတာ၏နွေရာသီနန်းတော်သို့လည်း တစ်ယောက်တည်းသွားခဲ့ရပါသည်။ ရေပန်းမျိုးစုံဖြင့် တန်ဆာဆင်ထားသော အဆောင်ဆောင်အခန်းခန်းဖြင့် လှပခမ်းနားလှသော ပီတာ၏နွေရာသီနန်းတော်ကို စစ်အတွင်းက ရအောင်အပိုင်းလိုက်ဖြုတ်၍ နောက်တန်းသို့ပို့သည့် ဓာတ်ပုံများသည် နန်းတော်၏အလှအပထက် ကျွန်မကို ပို၍ဆွဲဆောင်ပါသည်။

စာရေးသူသည် လီနင်ဂရတ်သို့ ရောက်အောင်သွားမိခဲ့သည့်အတွက် ကိုယ့်တာသာကိုယ် များစွာကျေနပ်နေမိပါသည်။ ပြောစရာကျန်ပါသေးသည်။ ဘွားဘွားတစ်ယောက်နှင့် မိတ်ဆွေဖြစ်ခဲ့ပါသည်။ မိတ်ဆွေဇနီးမောင်နှံနှင့် ဘွားဘွားကြီးတို့က ကျွန်မကို ပဒေသာကပွဲသို့ လိုက်ပို့ပါသည်။ ဘွားဘွားကြီးသည် ကျွန်မကို များစွာစိတ်ဝင်စားကာ ကျွန်မပြန်ချိန်တွင် လေယာဉ်ကွင်းထဲသို့ဝင်၍ အချိန်အတော်ယူကာ နှုတ်ဆက်နေသောကြောင့် လေယာဉ်မှူးက တောင်းပန်၍ အပြင်သို့ပြန်ပို့ရသည်။ ဩော် လွမ်းစရာကောင်းလိုက်တာနော်လို့ ကျွန်မပြောလျှင် ဘာသာစကားတူသူတိုင်း နားလည်ကြမည်ဟု ယူဆပါသည်။

## မဟာပီတာ

ရုရှသည် အခြားသောဥရောပတိုက်နိုင်ငံများနှင့်စာလျှင် လူသိနည်းသေးသော နိုင်ငံတစ်ခုဖြစ်သည်။ တည်နေရာ၏ ဝေးကွာခြင်း၊ ရုရှနိုင်ငံအနေဖြင့် အခြားသောနိုင်ငံများနှင့် ထိစပ်ခြင်းမရှိမိအချိန်မှာပင် နိုင်ငံရေးအပြောင်းအလဲများနှင့်ကြုံ၍ ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံ ဖြစ်သွားခြင်းစသည်ဖြင့် အကြောင်းရင်းခံမျိုးစုံကြောင့် နိုင်ငံအများနှင့် ရင်းနှီးနိုင်ခွင့် နည်းပါးသွားခဲ့သည်။ ရုရှနိုင်ငံသားများကလည်း ပြင်ပနိုင်ငံများအကြောင်းကို သိပ်မသိ။ ပြင်ပနိုင်ငံများကလည်း ရုရှားအကြောင်းကိုသိပ်မသိနှင့် ကာလအတန်ကြာ

သွားပြန်သည်။ စာရေးသူတို့နိုင်ငံတွင် ခေတ်အပြောင်းအလဲဖြစ်ချိန်၌ ပညာသင်များစေလွှတ်ရာတွင် စာရေးသူ ပါသွားခဲ့သည်။ နောက်ပိုင်းတွင် ရုရှတွင်လည်း ခေတ်ပြောင်းသည်။ စာရေးသူတို့လည်း ခေတ်ပြောင်းသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ဘဝနိယာမတစ်ခုပင် ဖြစ်သည်။

ယခုအချိန်တွင် မည်သည့်နိုင်ငံ၏အကြောင်းကိုမဆို သိသင့်နားလည်သင့်ပါသည်။ မိမိတို့နေထိုင်ရာ ကမ္ဘာလောကကြီးတွင် ဖြစ်ပျက်နေသည်ကို Live ကြည့်ခွင့်ရခြင်းဖြင့် အသိပိုမို၍ ဉာဏ်ပို၍တိုးတက်နိုင်သည်။ ထို့ပြင် ရှေးယခင်ကတည်းက ဦးဆောင်ခေါင်းရွက်ပြုသူများ၏ ကြိုးပမ်းမှုများနှင့် ပတ်သက်၍ လေ့လာရာတွင် မိမိတို့၏ဘိုးဘွားများနှင့် ပတ်သက်သည်တို့ကို လည်းကောင်း၊ သူတစ်ပါးတို့၏ ဘိုးဘွားများနှင့် ပတ်သက်သည်တို့ကို လည်းကောင်း သိနားလည်ထားသင့်ပေသည်။

မဟာပီတာသည် ၁၆၇၂ ခုတွင်မွေး၍ ၁၇၂၅ ခုတွင် နတ်ရွာစံခဲ့သော ရုရှဧကရာဇ် ဖြစ်သည်။ သူ၏ဆောင်ရွက်ချက်များကြောင့်သာ ခေတ်သစ် ရုရှနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ဆိုဗီယက်ခေတ်က လူအများက လက်ခံနားလည်ခဲ့ကြသည်။ ကွန်မြူနစ်ဝါဒထွန်းကားချိန်ဖြစ်၍ ပဒေသရာဇ်စနစ်ကို ဖောင်းပေးတိုက်ခိုက်နေချိန်မှာပင် မဟာပီတာ၏အုတ်ဂူပေါ်တွင် အများပြည်သူများ တင်ထားသည့်ပန်းစည်း ပန်းခိုင်များဖြင့် ဝေဆာနေခဲ့ပေသည်။

မဟာပီတာ၏ငယ်ဘဝသည် အာမခံချက်မရှိလှချေ။ ၁၆၇၆ ခုတွင် ခမည်းတော်အလက်ဇီ ကွယ်လွန်သည်။ ထိုအချိန်က မဟာပီတာဖြစ်လာမည့် မင်းသားသည် အသက် ၄ နှစ်သာရှိသေးသည်။ သူ၏အဖေတူ အမေကွဲ နောင်တော်ဖြစ်သူ မကျန်းမာလှသည့် မင်းသားတစ်ပါးသည် ထီးနန်းကို တတိယမြောက် ဖီရိုဒိုး (Feodore) ဘွဲ့ဖြင့် ထီးနန်းသိမ်းယူခဲ့သည်။ မင်းအာဏာဟူသမျှသည် ဖီရိုဒိုး၏မိခင်ဘက်မှ အဆွေအမျိုးများ (မီလိုဆလပ်စကီး မျိုးနွယ်စု) ၏လက်တွင်းသို့ ကျရောက်သွားခဲ့သည်။ ဖီရိုဒိုး၏ မယ်တော်ဘက်မှ အမျိုးအဆွေများသည် ပီတာနှင့် ပီတာ၏အဆွေအမျိုးများကို



ပ၍ထားလေသည်။ ၁၆၈၂ ခုတွင် ဖီရိုဒိုးသည် သား သမီး မကျန်ရစ်ဘဲ ကွယ်လွန်ခဲ့သည်။ ထိုအချိန်တွင် ဖီရိုဒိုး၏မိခင်ဘက်မှ မီလိုဆလပ်စကီး မျိုးနွယ်စုနှင့် မဟာပီတာ၏ နာရီရှကင်မျိုးနွယ်စုများသည် ပြင်းပြင်းထန်ထန် အာဏာလုခဲ့ကြသည်။ မီလိုဆလပ်စကီးမျိုးနွယ်စုတို့သည် ဖီရိုးဒိုး၏ညီတော် မကျန်းမာလှသော ဉာဏ်လည်းမကောင်းသော ပဉ္စမမြောက် အီဗန်ကို နန်းတင်လိုသည်။ နာရီရှကင်တို့က ကျန်းမာသန်စွမ်းသော ပီတာကို နန်းတင်လိုသည်။

ထိုသို့သောပြဿနာပေါ်ပေါက်နေချိန်တွင် မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်သို့ အုပ်စုတိုင်းမှ ကိုယ်စားလှယ်များ လာရောက်စုရုံးကာ ပီတာကို ဧကရာဇ်အဖြစ် နန်းတင်ရန်ဆုံးဖြတ်ကြသည်။ ထိုအချိန်တွင် နန်းတော်စောင့်တပ်များ၏ ပုန်ကန်မှုဖြစ်ပွားသည်။ ထိုပုန်ကန်မှုတွင် ပီတာကိုလိုလားသောသူများ အသတ်ခံခဲ့ရသည်။ ထို့ကြောင့် ပီတာတစ်ဦးတည်းမဟုတ်ဘဲ အီဗန်နှင့်ပီတာတို့ကို နှစ်ယောက်အတူ ထီးနန်းသိမ်းပိုက်စိုးစံရန် ဆုံးဖြတ်ခဲ့ကြရသည်။ ပီတာကလည်း ငယ်သေးသည်။ အီဗန်ကလည်း မကျန်းမာလှဟူသော အကြောင်းပြချက်ကောင်းများဖြင့် အသက် ၂၅ နှစ်ရှိပြီဖြစ်သော အစ်မတော် ဆိုဖီယာက ရင်ခွင်ပိုက်အုပ်ချုပ်ခွင့်ရခဲ့သည်။ ဆိုဖီယာသည် ဉာဏ်ကောင်း၍ ဩဇာညောင်းသောသူတစ်ဦးဖြစ်သည်။ သူသည် နိုင်ငံအုပ်ချုပ်မင်းလုပ်နိုင်ရန် အဘက်ဘက်က ပြင်ဆင်ထားလေသည်။

မဟာပီတာသည် ဧကရာဇ်အလက်ဇီ၏ ဒုတိယမိဖုရားမှ မွေးဖွားလာသူဖြစ်သည်။ သားယောကျ်ားကလေးဖြစ်၍လည်းကောင်း၊ သူ့ကိုသတ်ဖြတ်လုပ်ကြံရန် အခွင့်မသာသေးသဖြင့်လည်းကောင်း ရုရှနန်းတော်တွင် နေနိုင်ခွင့်ကို ရခဲ့သည်ဟု ဆိုရမည်။ သို့သော် နတ်ရွာစံဘုရင်၏ ဒုတိယမိဖုရားမှ မွေးဖွားလာသူဖြစ်၍လည်းကောင်း၊ ဆိုဖီယာက ကောက်ကျစ်စွာ အလိမ္မာသုံး၍ ဘေးသို့ဖယ်ထားသဖြင့်လည်းကောင်း အခြားသောမင်းသားများကဲ့သို့ နန်းတော်တွင် နေထိုင်ရချိန်နည်းပါသည်။ ထိုသို့ဖြင့် နန်းတော်၏ကျဉ်းမြောင်းသောဝန်းကျင်တွင်သာ နေရသောအဖြစ်မှ ပီတာလွတ်မြောက်နေခဲ့သည်။

သူသည် မိခင်ဖြစ်သူ၏ရွာတွင် နေထိုင်ခဲ့ရချိန်များသည်။ သူ၏မိခင် ဇာတိရပ်ရွာတွင် နေထိုင်ရသည်ကို ပီတာက ကျေနပ်သည်။ သူ၏မယ်တော်ကလည်း သားဖြစ်သူ၏အသက်အန္တရာယ်ကို စိုးရိမ်သဖြင့် သူ၏မျက်စိအောက်တွင်သာ နေစေချင်သည်။ ပီတာ၏စိတ်တွင်းတွင် နန်းတော်စောင့်တပ်များသည် သူ၏ရန်သူဟူသောစိတ်သည် ငယ်စဉ်ကတည်းက စွဲဝင်သွားခဲ့သည်။

ပီတာသည် တောရွာတွင်နေရာမှ တစ်ခါတစ်ရံ အိဗန်နှင့်အတူတွဲ၍ ထိုင်ရသော ရာဇပလ္လင်တွင် လာရောက်ကာ ထိုင်ပေးရတတ်သည်။ ထိုသို့ထိုင်ပေးသည့်အခါတွင်လည်း တက်ရောက်လာသော မင်းညီမင်းသား မှူးမတ်များအား မင်းသားကလေးများက စကားပြောရာတွင် နောက်မှထိုင်နေသော ဆိုဖိယာက နှုတ်တိုက်ချပေးနေသည့်အတိုင်း လိုက်၍ပြောခြင်းသာဖြစ်သည်။ ထိုသို့ပြောဆိုရသည်ကို ပီတာကဲ့သို့ ထက်မြက်သောသူသည် မည်သည့်နည်းနှင့်မျှ မနှစ်သက်နိုင်ချေ။ နန်းတော်မှကိစ္စပြီးသည်နှင့် သူ၏တောရွာသို့သာ အမြန်ပြန်ခဲ့သည်သာဖြစ်သည်။ နန်းတော်မှရွေးချယ်ပေးသော ပီတာအတွက် အကြီးတော်များသည်လည်း ခေတ်နောက်ကျရုံမက နောက်ပြန်ဆွဲနေသော ရုရှနိုင်ငံနှင့်လိုက်လျောညီထွေစွာ ထုံထုံထိုင်းထိုင်းများသာဖြစ်သည်။ ထို့ကြောင့် ပီတာသည်လည်း သူတို့၏သင်ကြားမှုများကို နားမထောင်ဘဲ အပြင်သို့ထွက်နေလေ့ရှိသည်။ ဒုတိယမိဖုရားမှ မွေးသောသားကိုလည်း မည်သူမျှ ဂရုစိုက်လှသည်မဟုတ်ချေ။ ထိုသို့ဖြင့် ပီတာသည် ပြင်ပလောကမှသာ ကိုယ့်ပညာကို ကိုယ်ရှာသူဖြစ်လာခဲ့သည်။

ပီတာသည် ငယ်စဉ်ကပင် အငြိမ်မနေတတ်။ အစဉ်သဖြင့် တက်ကြွနေတတ်သည်။ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်တို့ကို သိလိုတတ်လိုစိတ်ပြင်းပြသည်။ မေးမြန်းသည်။ စုံစမ်းသည်။ ကလေးကစားစရာ အရုပ်ကလေးတစ်ရုပ်ကို မည်သို့လုပ်ထားသနည်းဟု စောကြောသည့်နည်းတူ နိုင်ငံအုပ်ချုပ်ရာတွင်လည်း မည်သို့အုပ်ချုပ်ကြသနည်းဆိုသည့် အချက်များကို ငယ်စဉ်ကပင် သိလိုတတ်လိုခဲ့သည်။ သူသည် ထက်မြက်သောသူဖြစ်သည့်အတွက် သူသည် ငယ်စဉ်က ကောင်းစွာသွန်သင်ခြင်းကို မခံခဲ့ရခြင်းသည်



သူ့အတွက် အကျိုးနည်းမည့်အစား အကျိုးများစေခဲ့သည်ဟု ကောက်ချက်ချနိုင်ပေသည်။

အကြောင်းမှာ သူသည် နန်းတွင်းအကြီးတော်များ၏ သွန်သင်မှုကို ကောင်းစွာလိုက်နာခဲ့သူဖြစ်ပါက ခေတ်နောက်ကျနေသည့် အချက်အလက်များကိုသာ အာဂုံဆောင်တတ်မည်။ ကျယ်ပြန့်စွာ လွတ်လပ်စွာ တွေးတောတတ်မည် မဟုတ်ချေ။

ပီတာသည် မင်းသားတို့ တတ်အပ်သည်ဟု သတ်မှတ်ထားသော ပညာရပ်များကို ကောင်းစွာသင်ယူခြင်းမပြုဘဲ တောနေ တောစားဖြင့် လူသာမန်ကဲ့သို့နေထိုင်ကာ ပြင်ပရှိကလေးများနှင့် ရောနှော၍ ကစားခုန်စားပြုလုပ်သည်။ သူကစားသော အရုပ်ကလေးများမှာလည်း စစ်သားရုပ်များသာ ဖြစ်နေသည်။ သူသည် ပန်းပဲဆရာတို့၏လုပ်ငန်းတွင် ဝင်၍စပ်စုသည်။ လက်သမားဆရာများနှင့်လည်း ရောနှောသည်။ ပန်းချီလည်းဆွဲကြည့်သည်။ ထိုသို့ပတ်ဝန်းကျင်ကို စူးစမ်းတတ်သော မင်းသားငယ်အတွက် မယ်တော်၏ရွာအနီးတွင် နိုင်ငံခြားသားများ ဝင်ထွက်သွားလာ နေထိုင်ခွင့်ပေးထားသော နေရာတစ်ခုရှိနေခြင်းသည် ထူးခြားစွာ ကံကောင်းခြင်းဖြစ်သည်။ ထိုဒေသသို့ ဝင်ထွက်သွားလာနေသော တိုင်းတစ်ပါးသားများနှင့်ရင်း နှီးရခြင်းကြောင့် ပီတာသည် သူမသိသေးသော အရပ်ဒေသများ၏အကြောင်းကို စူးစမ်းချင်တိုင်း စူးစမ်း၍ရနေခဲ့သည်။ ထိုတိုင်းတစ်ပါးသားတို့၏နေရပ်ရှိ တဲတစ်လုံးတွင်းမှ ပျက်စီးဆွေးမြေ့နေသော သင်္ဘောငယ်တစ်စင်းကို တွေ့ရသည့်အချိန်ကစ၍ သူသည် ပင်လယ်ပြင်သို့ ရွက်လွှင့်လိုစိတ် စတင်ပေါ်ပေါက်လာသည်။ ပီတာသည် သူနှင့်မိတ်ဆွေဖြစ်လာသောသူများထံမှ ဗဟုသုတများစွာ ရရှိခဲ့သည်။

သူသည် သင်္ချာနှင့် သိပ္ပံပညာကို စိတ်ဝင်စားစွာ လေ့လာနိုင်သကဲ့သို့ ခံတပ်ဆောက်ခြင်း၊ စစ်ရေးလေ့ကျင့်ခြင်းစသည်တို့ကို သဘောကျနှစ်ခြိုက်ခဲ့သည်။ ပီတာ၏အသက် ၁၅ နှစ်သားအရွယ်တွင် တပ်သားများ စုဆောင်းကာ အပျော်တမ်းတပ်များ ဖွဲ့နိုင်ခဲ့သည်။ ထိုတပ်များသည် ရုရှတတ်မတော်ဖွဲ့စည်းမှု၏ အခြေခံဖြစ်ခဲ့သည်။

ပီတာ၏အသက် ၁၇ နှစ်ရှိသည့်အချိန်သည် မယ်တော်က လှပသော သတို့သမီးတစ်ယောက်နှင့် စေ့စပ်ထိမ်းမြားပေးခဲ့သည်။ ထိုကဲ့သို့ ထိမ်းမြားပေးခြင်း၏နောက်ကွယ်တွင် နိုင်ငံရေးဦးတည်ချက်တစ်ခု ရှိနေသည်။ အသက် ၁၇ နှစ်ရှိနေပြီဖြစ်သော ပီတာသည် အရွယ်ရောက်၍ အိမ်ထောင်ပင် ပြုပေပြီ၊ ရင်ခွင်ပိုက်မလိုဘဲ သူကိုယ်တိုင် ဘုရင်တစ်ပါးအဖြစ် နိုင်ငံကို အုပ်ချုပ်နိုင်ပြီဟု လူအများသိစေချင်သည်မှာ ပီတာ၏မယ်တော်တွင် ထားရှိသော ဦးတည်ချက်ဖြစ်သည်။ ထိုထိမ်းမြားခြင်းသည် တာရှည်မခံခဲ့ပေ။ ၉ နှစ်အကြာတွင် ပီတာက သူ၏ဇနီးကို သီလရှင်ကျောင်းသို့ ပို့ခဲ့သည်။

သူသည် အသက်ငယ်ရွယ်သည့်အချိန်ကစ၍ သူ့ကို ဆိုဖီယာက မလိုလားသည့်အကြောင်းကို ကောင်းစွာသိခဲ့သည်။ ထိုသို့သိအောင်လည်း မယ်တော်က သွန်သင်ပေးမည်ဖြစ်သည်။ ပီတာလက်ထပ်သည့်နှစ်မှာပင် နန်းတော်စောင့်တပ်များက ပုန်ကန်ပြန်သည်။ ထိုအချိန်တွင် ဆိုဖီယာနှင့် သူ၏လူများသည် အာဏာလုရန် ကြံစည်ခဲ့သည်ကို ဆန့်ကျင်ကြသော ပုန်ကန်မှုဖြစ်သည်။

ပီတာသည် ဆိုဖီယာကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်။ ထိုခေတ်က ရုရှမင်းသမီးများ မိဖုရားများသည် ပြစ်မှုကျူးလွန်ပါက သီလရှင်ကျောင်းများ ဘုန်းကြီးကျောင်းများသို့ ပို့ထားခြင်းခံရတတ်သည်။ ဆိုဖီယာကိုလည်း ပီတာက မော်စကိုရှိ နိုဗိုဂျေဗစ်ချေယီ ဘုန်းတော်ကြီးကျောင်းသို့ ပို့လိုက်လေသည်။

ဆိုဖီယာသည် ပီတာ၏သုတ်သင်မှုကို ခံရသည်ထက် ဆိုးရွားသော ပြစ်ဒဏ်ကိုခံခဲ့ရသည်ဟု ဆိုနိုင်သည်။ အကြောင်းမှာ သူနေထိုင်ရသော အဆောက်အဦ၏အပြင်ဘက်တွင် သူ၏ဘက်တော်သားများကို ကားစင်တင်ကာ သတ်ဖြတ်ခဲ့သောကြောင့် ဖြစ်သည်။ သူ့အနေဖြင့် မကြားချင်အဆုံး မမြင်ချင်အဆုံး ကိစ္စများကို စိတ်ဒဏ်ရာများစွာရသည်အထိ ခံစားခဲ့ရမည်ဖြစ်သည်။ ဆိုဖီယာကလည်း မင်းမြှောက်တန်ဆာများကို ဝတ်ကာ ထိုခေတ်က နည်းအတိုင်း ပန်းချီရေးဆွဲစေပြီး ဥရောပနိုင်ငံများသို့ ပို့ခဲ့ပြီးဖြစ်သည်။



သူသည် ထိုမော်စကိုမြို့ရှိ နိုဗိုဂျေဗစ်ချေယီဘုရားကျောင်းတွင် တစ်သက်လုံး နေခဲ့ရသည်။ သူ၏အလောင်းကို ထိုဘုရားရှိခိုးကျောင်း၏ ပင်မကျောင်းတော်အတွင်းဘက်တွင် မြှုပ်နှံထားသည်။ သူဖတ်ရှုသော သမ္မာကျမ်းစာအုပ်၏ အဖုံးတွင် စိန်များစီထားသည်ကိုလည်း ထိုဘုရားရှိခိုးကျောင်း ပြတိုက်တွင် ပြသထားသည်။

အစ်မတော်ကို ထိုသို့အကျဉ်းချထားပြီးနောက် ပီတာသည် သူပြီးလျှင်ပြီးရသော နောင်တော်အီဗန်နှင့်အတူ ရုရှထီးနန်းကို ဆက်လက်အုပ်ချုပ်ရသည်။ ၁၆၈၉ တွင် ပီတာသည် ဇာဘုရင်အဖြစ် လက်တွေ့အုပ်ချုပ်နေပြီဖြစ်သော်လည်း ၁၆၉၆ အီဗန် ကွယ်လွန်မှသာ ဇာဘုရင်တစ်ပါးအဖြစ် ထင်ရှားစွာ အုပ်ချုပ်နိုင်ခဲ့သည်။

ရုရှနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် အဆက်အသွယ်နည်းပါးသည်။ ရုရှဘာသာစကားသည်လည်း အခြားနိုင်ငံသားများအတွက် အရေးအသားအရရော အပြောအဆိုအရပါ စိမ်းသည်။ ထို့ကြောင့် ပီတာ၏ဘဝဇာတ်ကြောင်းကို စတင်တင်ပြစဉ်မှာပင် ရင်းနှီးရန် မလွယ်ကူသော အမည်နာမများနှင့်ကြုံရသည်။

ထိုအမည်နာမများကို ဖယ်ထုတ်လိုက်ပါက ကမ္ဘာ့ပဒေသရာဇ်နိုင်ငံများတွင် ဖြစ်လေ့ဖြစ်ထရှိသော အကြောင်းခြင်းရာများနှင့် ရုရှပဒေသရာဇ်ခေတ်တွင် ဖြစ်ပေါ်ခဲ့သော အကြောင်းခြင်းရာများမှာ အတူတူပင်ဖြစ်ပါသည်။ ထီးနန်းအတွက် တစ်ဖက်နှင့်တစ်ဖက် လက်ဦးမှုရရှိရန် ကြိုးစားမှုများသည် မည်သည့်ပဒေသရာဇ်နိုင်ငံတွင်မဆို အတူတူပင်ဖြစ်သည်။ ပီတာသည် အဘယ့်ကြောင့် ထီးနန်းရရှိနိုင်ပါသနည်း။ ပီတာ၏ရန်သူများဘက်မှ ရှုံးနိမ့်သွားပြီဖြစ်သောကြောင့် ပီတာ၏အကြောင်းကိုသာ အကောင်းရေးသူများ များလာမည်ဖြစ်သည်။ ပီတာသည် ထက်မြက်သည် တော်သည်မှာ မှန်ပါသည်။ ရက်စက်သည်၊ လက်ဦးမှု ယူရဲသည်။ ယူခဲ့သည်ကိုလည်း သမိုင်းတင်ရာတွင် ချန်မထားသင့်ပေ။

ထိုသို့ ပီတာလုပ်နိုင်ခွင့်ရသွားသည်မှာလည်း နန်းတော်ပြင်ဘက်တွင်

ပီတာကို ပစ်ထားလိုက်လျှင် နန်းတော်တွင်းသို့ ပြန်လည်ဝင်ရောက်လာနိုင်တော့မည် မဟုတ်ဟူသော နန်းလုဘက်များ၏ အယူအဆမှားသောကြောင့် ဖြစ်သည်။ ပီတာသည် ရလာသည့်အခွင့်အရေးကို ကောင်းစွာယူနိုင်ခဲ့သောကြောင့် မဟာခံသော ဧကရာဇ်တစ်ပါး၏ဘဝသို့ ရောက်လာခဲ့သည်။

## တစ်ဦးတည်း ထီးနန်းစိုးစံခွင့်ရပြီဖြစ်သော ဇာဘုရင် ပီတာ

ပီတာ၏ မယ်တော်သည် ၁၆၉၄ တွင် ကွယ်လွန်ခဲ့သည်။ ထိုအချိန်မှစ၍ ပီတာသည် နိုင်ငံအုပ်ချုပ်ရေးနှင့်ပတ်သက်၍ မယ်တော်နှင့် အပေါင်းပါတို့၏ ကြိုးကိုင်ခြင်းကို မခံရတော့ဘဲ ကိုယ်တိုင်ကိုယ်ကျ နိုင်ငံအုပ်ချုပ်မင်းလုပ်သောသူတစ်ယောက် ဖြစ်ခဲ့သည်။ ၁၆၉၆ တွင် ပီတာ၏ အဖေတူအမေကွဲ နောင်တော်ကွယ်လွန်သည်။ ထိုအချိန်တွင် ရုရှကိုအုပ်ချုပ်ရသော ဇာဘုရင်စင်စစ်ဘဝသို့ ရောက်ခဲ့လေသည်။

ပီတာသည် အရပ်အလွန်မြင့်သည်။ နှစ်မီတာမြင့်သည်။ အလွန်လည်း သန်စွမ်းသည်။ ထက်သန်စွာ လှုပ်ရှားလုပ်ကိုင်တတ်သည်။ လူချောလူလှတစ်ဦးလည်းဖြစ်သည်။ စနစ်တကျပညာမသင်ခဲ့ရသော်လည်း ဆက်ဆံခွင့်ရသော သူအမျိုးမျိုးတို့ထံက ဗဟုသုတများ အကြံဉာဏ်များသည် ပီတာ၏ထက်မြက်သော အတွေးကို နိုးကြားစေခဲ့သည်။

ငယ်စဉ်ကတည်းက နန်းတော်နှင့် ဝေးကွာစွာနေခဲ့ရသည့်ပြင် ပီတာကိုယ်တိုင်ကလည်း နန်းတွင်းသားတို့၏ ဓလေ့စရိုက်ကို မကြိုက်သောကြောင့် ဘုရင်ဖြစ်လာသည့်တိုင် နန်းတွင်းတွင် ခပ်လှိုလှိုမနေဘဲ လူမျိုးစုံနှင့် ပေါင်းသင်းလေ့ရှိသည်။ သူသည် ရုရှလူမျိုးများ၏ ဓလေ့စရိုက်အတိုင်း အရက်သောက်ရာတွင်လည်း ကြမ်းသည်။ ဆေးလိပ်သောက်ရာတွင်လည်း ကြမ်းသည်။ အပျော်အပါးများသည်။ ဟာသနှောကာ ရယ်မောပျော်ရွှင်နေတတ်သည်။



သူသည် မဟာခံရသော ဧကရာဇ်တစ်ပါးအဖြစ်သို့ ရောက်ရှိလာသည့်တိုင် ခပ်ရိုးရိုးပင်နေတတ်သည်။ သူသည် ဘီယာခွက်တစ်ခွက်ကို ရှေ့တွင်ချကာ သဘောတည်ဆောက်မည့် ကိစ္စကို လေ့လာဆွေးနွေးတတ်သည်။

သူသည် လူတစ်ယောက်ကို သူ၏နောက်ခံမျိုးရိုးကို ကြည့်၍ ဆုံးဖြတ်ခြင်းမရှိဘဲ သူ၏လုပ်ရည်ကိုင်ရည် ဉာဏ်စွမ်းရည်တို့ကို အကဲခတ်ကာ ဆုံးဖြတ်ပေါင်းသင်းလေ့ရှိပါသည်။ သူ၏ပတ်ဝန်းကျင်တွင် ရှေးဆန်သော လူကြီးများ၊ ထက်မြက်တက်ကြွသော အစွမ်းအစပြသလိုသော လူငယ်များနှင့် တိုင်းတစ်ပါးသားများပါ ရောနှောပါဝင်လျက်ရှိသည်။

ပီတာ ဇာဘုရင်ဖြစ်လာသည့်အချိန်ကတည်းက ရုရှသည် ကျယ်ပြောသော နိုင်ကြီးတစ်နိုင်ငံဖြစ်ခဲ့သည်။ သို့သော် အဘက်ဘက်က ခေတ်နောက်ကျလှသော နိုင်ငံဖြစ်သည်။ ထိုသို့ခေတ်နောက်ကျရခြင်းသည် ထိုနိုင်ငံ၏ မြေပြင်သည် ကျယ်ဝန်းလှသလောက် နိုင်ငံခြားဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတို့အတွက် အားထားနိုင်သော ပင်လယ်ထွက်ပေါက်မရှိသောကြောင့် ဖြစ်သည်။ ပင်လယ်နက်၊ ကက်စပီယန်ပင်လယ်၊ ဘော်လ်တစ် ပင်လယ်တို့သို့ ရုရှမှသွားရောက်ရန် မလွယ်ပေ။ ထိုပင်လယ်များသည် ရုရှပိုင်နက်ထဲတွင် မရှိသောကြောင့်ဖြစ်သည်။ ရုရှပိုင်နက်ထဲတွင်ရှိသော မြောက်ဘက်မှ ပင်လယ်ဖြူမှာ တစ်နှစ်တွင် လအနည်းငယ်သာ အသုံးပြုနိုင်အောင် ရေခဲနေသောပင်လယ်ဖြစ်သည့်ပြင် ထိုပင်လယ်မှ လူသူအနေများသော ဒေသများသို့ ရောက်အောင်သွားရန် ခက်ခဲလှသည်။

ပီတာ ဘုရင်ဖြစ်လာသည့်အချိန်တွင် ပီတာ၏အမျိုးအနွယ်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော မျိုးနွယ်စုနှင့် မှူးကြီးမတ်ရာများက ရှေးထုံးစံကို ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ကြပြန်သဖြင့် နိုင်ငံ၏ပထဝီအနေအထားက ပိတ်ဆို့နေသကဲ့သို့ လူမှုရေးနိုင်ငံရေး အခြေအနေကလည်း ပိတ်ဆို့နေပြန်သည်။

ဘုရင်တစ်ပါးဖြစ်လျှင်ဖြစ်ချင်း ပီတာသည် ထူးခြားသောအစွမ်းအစကို ပြနိုင်သေးသည်မဟုတ်ချေ။ သို့သော် ဇာဘုရင်တစ်ပါးအနေဖြင့် တိုင်းခန်း

လှည့်လည်ရင်း ရုရှ၏အနောက်မြောက်ပိုင်းရှိ Archangel သို့ ရောက်ကာ ပင်လယ်ပြင်ကို အထင်းသားမြင်ခဲ့သည်။ ထိုပင်လယ်မှာ ပင်လယ်ဖြူနှင့် ဆက်နေသော ရေလက်ကြားတစ်ခုသာဖြစ်သည်။ ပင်လယ်ကူးသင်္ဘောကိုလည်း မြင်ခဲ့သည်။ သူသည် ချက်ချင်းပင် သင်္ဘောတစ်စင်းကို မှာလိုက်သည်။ သင်္ဘောသာမက အဖိုးတန်ပရိဘောဂများ၊ ပြင်သစ်ဝိုင်များကိုလည်း မှာခဲ့သည်။ ပစ္စည်းများကို ဘောလ်တစ်ပင်လယ်ဘက်မှ သယ်ယူခြင်းသည် မြောက်ပိုင်း ပင်လယ်ဖြူဘက်မှ သယ်ဆောင်သည်ထက် မြန်ဆန်ကြောင်းကို လက်တွေ့သိရှိခဲ့သည်။ နောက်ပိုင်း ထိုဒေသတွင် သင်္ဘောကျင်း တည်ဆောက်ကာ ကိုယ်တိုင်ကြီးကြပ်၍ သင်္ဘောကြီးတစ်စင်းကို တည်ဆောက်ခဲ့သည်။ ရုရှရေတပ်သည် ပုံကြမ်းတစ်ခုပေါ်တွင် စတင်၍တည်ဆောက်သည်ဟု ပြောစမှတ် ပြုရသည်အထိ ပီတာ၏စိတ်ကူးစိတ်သန်းများမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။

အုပ်ချုပ်အုပ်ချုပ်ရေးကိစ္စများကို မှူးကြီးမတ်ရာများက သမားရိုးကျနည်းအတိုင်း ဆက်လက်ကိုင်တွယ်နေသည့်အချိန်တွင် ပီတာသည် နိုင်ငံတကာ ဆက်သွယ်ရေးလမ်းပေါ်သို့ စတင်လျှောက်လှမ်းခဲ့သည်။

ပီတာတွင် ငယ်စဉ်ကတည်းက ရင်းနှီးခဲ့ရသော နိုင်ငံရပ်ခြားမှ ရုရှသို့ရောက်ရှိနေထိုင်ကြသူ မိတ်ဆွေများရှိသည်။ သူတို့ထံမှ သင်္ဘောပုံစံငယ်များ လုပ်သည့်နည်းကို တတ်မြောက်လာသည်။ ဇာဘုရင်တစ်ပါးဖြစ်လာသည်တွင် ဂျနီဗာမှ စွန့်စားသွားလာသူ မိတ်ဆွေတစ်ဦးက နိုင်ငံရပ်ခြားသို့ ခရီးထွက်ရန် တိုက်တွန်းခဲ့သည်။ ပီတာသည် သူ၏ရဲဘက်တော် လူငယ်လူရွယ်များကို နိုင်ငံခြားသို့ စေလွှတ်ခဲ့ဖူးသည်။ ထိုစဉ်က ဥရောပတိုက်မှ ဘုရင်များသည် ရုရှဇာဘုရင်ကို သူတို့နှင့်အဖက်တန်သည်ဟု မထင်ကြချေ။ ပီတာသည် ရုရှကို အများကသတိမူမိအောင် လုပ်ရမည်။ ပင်လယ်ထွက်ပေါက်ရအောင် လုပ်ရမည်ဟူသောအသိဖြင့် အာဇော့ဗ်ပင်လယ်ထွက်ပေါက်ကို ရအောင် တူရကီတို့နှင့် တိုက်ခိုက်ခဲ့သည်။ တူရကီတို့နှင့် ပင်လယ်ထွက်ပေါက်အတွက် တိုက်ခိုက်ခဲ့ရသည်မှာ နောက်ခံအကြောင်းရှိသည်။ တူရကီ



တို့သည် ထိုစဉ်က အော်တိုမန်အင်ပါယာ ထူထောင်ပြီး အင်အားတောင့်တင်းနေပြီဖြစ်သည်။ ပင်လယ်နက်တွင်းသို့ တိုးဝင်နေသော ကရိုင်းမီးယားကျွန်းပေါ်တွင် နေထိုင်လျက်ရှိသူများမှာ 'တာတာ'လူမျိုးများဖြစ်သည်။ မွန်ဂိုတာတာတို့၏ အကြွင်းအကျန်များဖြစ်သော တာတာတို့သည် အော်တိုမန် တူရကီတို့၏ လက်အောက်ခံ နယ်စားများအဖြစ် တူရကီတို့၏ကိုယ်စား ကရိုင်းမီးယားကို အုပ်ချုပ်လျက်ရှိသည်။ ကရိုင်းမီးယားရှိ တာတာတို့သည် ရုရှ၏တောင်ဘက်ပိုင်း ဒေသများကို ခြိမ်းခြောက်လျက်ရှိသည်မှာလည်း အမှန်ဖြစ်သည်။ သို့သော် ထိုဒေသများကို စိတ်ပါဝင်စားခြင်းမရှိနိုင်သည့် အချိန်က တာတာတို့လုပ်သမျှကို ခံနေခဲ့ရာမှ ပီတာ၏လက်ထက်တွင် အာဇော့ဗ်မှတစ်ဆင့် ပင်လယ်နက်ထွက်ပေါက်ကို လိုချင်သောကြောင့် ကရိုင်းမီးယားကိုတိုက်ခိုက်ရန် လိုအပ်သည်။ ထိုသို့တိုက်ခိုက်ရန် ပထမဦးစွာ ဒွန်မြစ်ဝတွင်တည်ရှိသော အာဇော့ဗ်ခံတပ်ကို ဝိုင်းရံတိုက်ခိုက်ခဲ့သည်။

ပထမအကြိမ်တွင် ပီတာရှုံးခဲ့သည်။ ထိုသို့အရှုံးနှင့် ရင်ဆိုင်ရခြင်းသည် ပီတာကဲ့သို့သော ခွဲကြီးသူအတွက် ဝီရိယပိုမို ထုတ်နိုင်အောင်စတင်၍ တွန်းလိုက်သော ဖြစ်ရပ်ဖြစ်သည်။ ပီတာသည် ဒွန်မြစ်ညာသို့ဆုတ်ကာ တစ်ဆောင်းတွင်းလုံး လူအင်အား အများအပြားကိုသုံးကာ သူ၏နိုင်ငံ အရပ်ရပ်မှ ရနိုင်သောသစ်များကိုစုပုံ၍ သင်္ဘောစင်းရေ ရနိုင်သမျှကို တည်ဆောက်သည်။

ထိုသို့သင်္ဘောများ တည်ဆောက်ရာတွင် သူကိုယ်တိုင်လည်း မမောနိုင် မပန်းနိုင် နေ့ညမရွေး အလုပ်လုပ်သည်။ သူ၏ ပတ်ဝန်းကျင်ရှိ လူများကိုလည်း သူကဲ့သို့အလုပ်လုပ်ကြရန် တွန်းထိုး၍စေခိုင်းသည်။ တိုင်းတစ်ပါးသား ကျွမ်းကျင်သူများ၊ ရုရှတောင်သူလယ်သမားများစသည်ဖြင့် အလုပ်လုပ်ရန် ခေါ်လာသမျှလူများသည် ပင်ပန်းကြီးစွာလုပ်ခဲ့ကြရာ နွေပေါက်သည်နှင့် ပင်လယ်ကူးသင်္ဘောစင်းရေ ၃၀ ပြီးသည်။ ပစ္စည်းများသယ်ယူရန် လူများကိုသယ်ပို့ရန် ဖောင်ပေါင်း ၁၀၀၀ တည်ဆောက်၍ပြီးစီးသည်။

နွေပေါက်သော မေလတွင် ပီတာသည် အာဇော့ဗ်ခံတပ်ကို နောက်

တစ်ကြိမ်တိုက်ခိုက်ပြန်ရာ အောင်ပွဲရရှိသည်။ ပီတာသည် စစ်ဆိုသည်မှာ လွယ်လှသောကိစ္စမဟုတ်သည့်အကြောင်းကို နားလည်သွားသည်။ ဥရောပသားတို့နှင့် ယှဉ်ပြိုင်နိုင်ရန်မှာ သူတို့တတ်မြောက်သည့် အတတ်ပညာတို့ကို မိမိတို့လည်းကောင်းစွာ တတ်မြောက်အောင် သင်ယူရဦးမည်ဟု သဘောပေါက် နားလည်သွားသည်။ အခြားဥရောပသားများနှင့် တန်းတူရည်တူ ပညာတတ်မြောက်မှသာ အင်အားပြိုင်သည့်ပွဲတွင် အောင်မြင်နိုင်ချေရှိသည်ကို ကောင်းစွာသိနားလည်ခဲ့သည်။ ပီတာသည် အဇော့ဖ်ပင်လယ်၏ အတွင်းပိုင်းတွင် သင်္ဘောကျင်းတည်ဆောက်ကာ သင်္ဘောများကိုတည်ဆောက်ရသော် ကောင်းမည်ဟု တွေးတောကာ ဥရောပတိုက်ဘက်သို့ သံအဖွဲ့တစ်ဖွဲ့ စေလွှတ်ရန်စီစဉ်သည်။ အာဇော့ဖ်ပင်လယ်ကမ်းပေါ်တွင် တာဂန်ရော့ခ်ဟုတွင်သော ခံတပ်မြို့တစ်မြို့ကိုလည်း တည်ဆောက်ခဲ့သည်။ ထိုမြို့သို့ စာရေးသူ ရောက်ခဲ့သည်ဖြစ်ရာ မြို့၏တည်နေပုံသည် ပင်လယ်ကိုစီးမိုး၍ ကြည့်နိုင်သည့် အနေအထားတွင်ရှိသည်။ ထို့အပြင် ဂရိတို့ထွန်းကားစဉ်ကတည်းက ပင်လယ်နက်ကမ်းခြေတွင် ဂရိတို့တည်ထောင်ခဲ့သော မြို့ပြနိုင်ငံ (ကိုလိုနီ) များသည် ရေကန်တစ်ကန်၏ပတ်ပတ်လည်တွင် ဖားသူငယ်များ ထိုင်နေသကဲ့သို့ပင်ဖြစ်သည်ဟု ဆိုထားသည့်အတိုင်း ပင်လယ်နက်သို့ ထွက်ပေါက်ရှိသော အာဇော့ဖ်၏ ကုန်းမြင့်ကမ်းခြေတွင် ဂရိတို့၏လက်ရာ အိမ်ကြီးများကို ယခုတိုင်ထိန်းသိမ်းထားနိုင်သည်ကို ကြည့်ရှုလေ့လာနိုင်ခဲ့သည်။ အိမ်တည်ရှိရာနေရာမှထွက်၍ ပင်လယ်ဘက် မျှော်ကြည့်နိုင်ရန် အကွင်းအကွက်ကျသည့်နေရာတွင် နေနှာရီများ ကျောက်သားပေါ်တွင်ထွင်းထားကာ ကျောက်သားထိုင်ခုံများလည်း ရှိသည်။ ပင်လယ်ကမ်းစပ်အထိ ဆိုးဆင်းသွားသော ကျောက်ဖြူသား လှေကားကြီးကလည်း အိမ်တည်နေပုံကို ပိုမိုခံ့ညားစေလေသည်။ တာဂန်ရော့ခ်သည် များစွာကျယ်ဝန်းလှခြင်းမရှိသည့်တိုင် သူ၏ပင်ကိုအရပ်အမောင်းအတိုင်း ထုလုပ်ထားသော မဟာပီတာ၏ရုပ်တုသည် ကြည့်ရှုသူများအပေါ် စီးစီးမိုးမိုး ရှိနေသကဲ့သို့ မြို့ကွက်သည် ပင်လယ်ပြင်အပေါ် စီးစီးမိုးမိုးရှိနေလေသည်။



ပီတာ၏ဘဝသည် စတင်ကတည်းက သာယာဖြောင့်ဖြူးလှသည်ဟု မဆိုနိုင်ချေ။ သူသည် ၉ နှစ်သားတွင် သူ၏နောင်တော်နှင့်တွဲကာ ဇာဘုရင်အဖြစ် ဘိသိက်ခံရသည်ဟုဆိုသော်လည်း အကလေးမျှသာဖြစ်သောကြောင့် မယ်တော်နှင့် အပေါင်းပါများ၏ ရင်ခွင်ပိုက်အုပ်ချုပ်ခြင်းကို ခံရသည်။ ထိုသို့နေရာမှ မယ်တော်၏မျိုးနွယ်စုနှင့် သူနှင့်တွဲကာအုပ်ချုပ်ရသော နောင်တော်၏ မျိုးနွယ်စုတို့၏ပဋိပက္ခကြောင့် နန်းတော်စောင့်တပ်များ ပုန်ကန်သည်ဟုဆိုကာ ပြိုင်ဘက်များက ပီတာတို့ဘက်သားများကို သတ်ဖြတ်ကာ အာဏာသိမ်းခဲ့သည့်အကြောင်းကို ဖော်ပြခဲ့ပြီးပြီဖြစ်သည်။ အာဏာသိမ်းသူများသည် ပီတာတို့၏ဘက်တော်သားများကို သတ်ဖြတ်နေကြသည့် မြင်ကွင်းကို ပီတာ မြင်လိုက်ရသည်။ သူ၏အကြီးတော်သည် သူ၏ရှေ့မှာပင် ရက်စက်စွာသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်ကိုလည်း သူမြင်ရသည်။ ထိုအချိန်မှစ၍ ချောမောသောသူ၏မျက်နှာသည် တစ်ခါတစ်ရံ အကြည့်ရဆိုးစွာ အကြောဆွဲ၍သွားတတ်သည်ဟုဆိုသည်။

ထိုသို့ကြမ်းတမ်းသောအဖြစ်များနှင့် ကြုံရသည့်တိုင် သူ၏နောင်တော်သည် နိုင်ငံအတွက် မျှော်လင့်ချက်မရှိလောက်အောင် အားနည်းချူချာသူဖြစ်သောကြောင့် ဆန့်ကျင်ဘက်အင်အားစုဖြစ်သော နန်းတော်စောင့်တပ်များကပင် ပီတာကို ဇာဘုရင်အငယ်အဖြစ် ဘိသိက်သွန်းပေးပါရန် တိုက်တွန်းခဲ့ကြသည်ဟုဆိုသည်။ ပီတာသည် ဘဝကို ကြမ်းတမ်းစွာစခဲ့သည့်နောက် ကြမ်းတမ်းစွာပင် ဆက်လက်ချီတက်ခဲ့သူ မဟာခံသည့် မင်းတစ်ပါးအဖြစ်ကို ယူနိုင်ခဲ့သည်။

## ဇာဘုရင် ပီတာ၏ မဟာသံအဖွဲ့ကြီး

အာဇော့ဗ်ပင်လယ်ကို စိုးမိုးနိုင်သည့်နောက်တွင် ဥရောပနိုင်ငံများက သူ့ကို မသိကျိုးကျွန်မပြုနိုင်တော့ပြီဟု ဆုံးဖြတ်ကာ ဇာဘုရင်ပီတာက သံအဖွဲ့ကြီးတစ်ဖွဲ့ကို ဥရောပနိုင်ငံများသို့ စေလွှတ်ခဲ့သည်။ ဇာဘုရင်ပီတာအနေ

ဖြင့် အနောက်ဥရောပနိုင်ငံများကို စိတ်ဝင်စားသည့်ပြင် အော်တိုမန်အင်ပါယာကဲ့သို့သော မူဆလင်နိုင်ငံကို တိုက်ခိုက်ရာတွင် ဥရောပနိုင်ငံအချင်းချင်း စုစည်းတိုက်ခိုက်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ ရုရှမင်းများထဲတွင် သံအဖွဲ့နှင့်အတူရောနှော၍ ခရီးထွက်သူမှာ ပီတာတစ်ဦးသာ ရှိသည်။ သံအဖွဲ့တွင် လူဦးရေ ၂၅၀ ပါဝင်ကာ ၁၆၉၇ ခုတွင် မော်စကိုမှ စတင်ထွက်ခွာသည်။ သံအဖွဲ့ကို ဦးဆောင်သူမှာ ပီတာနှင့်အကျွမ်းဝင်လှသော ဆွစ်လူမျိုး Franz Lefort ဖြစ်သည်။ သံအဖွဲ့တွင် ဇာဘုရင်သည် ရုပ်ဖျက်ကာ Peter Mikhailov ဟူသော အမည်ဖြင့် ပါဝင်ခဲ့သည်။

ပီတာနှင့်ပတ်သက်၍ လိုသည့်ဘက်က ရေးသူများရှိသလို မလိုသည့်ဘက်က ရေးသူများလည်းရှိသည်။ မလိုသူများကလည်း ပီတာသည် ငယ်စဉ်ကပင် ဟန်လုပ်၍ကစားရသည်ကို ခုံမင်သည်။ ထို့ကြောင့် သာမန်လူယောင်ဆောင်၍ သံအဖွဲ့တွင်ပါသည်မှာ သူ၏ကလေးဆန်သောဝါသနာဖြင့် ကစားနည်းတစ်မျိုးကို ကစားနေခြင်းဖြစ်သည်ဟုဆိုသည်။ အချို့ကမူ သိသင့်သိထိုက်သော ကိစ္စများကို သဘာဝအတိုင်းလေ့လာနိုင်ရန် ပီတာက ရုပ်ဖျက်၍ သံအဖွဲ့တွင် လိုက်ပါလာသည်။ သို့သော် ပီတာ၏ထူးခြားသော ကိုယ်ရည်ကိုယ်သွေးကို အိမ်ရှင်နိုင်ငံများအဖြစ် သံအဖွဲ့ကို လက်ခံသည့် နိုင်ငံများမှ ဘုရင်များ မင်းညီမင်းသားများနှင့် သာမန်လူများသည် မြင်သည်နှင့် ရိပ်မိသိရှိသွားခဲ့သည်။ လမ်းပေါ်တွင် သွားလာနေသည့်အချိန်မှာပင် လူအများက ဝိုင်းရံလာကာ စကားပြောတတ်ကြသည်ဟု ဆိုသည်။ ပီတာကလည်း လိုအပ်သည့်အခါများတွင် နိုင်ငံရေးနှင့်ပတ်သက်၍ ကိုယ်တိုင်ဦးဆောင်၍ ဆွေးနွေးခဲ့သည်။

ဇာဘုရင်ပီတာသည် ပျော်လိုပါးလို စည်းစိမ်ခံလိုသဖြင့် ခရီးထွက်ခဲ့သည်ဆိုလျှင် ဤသို့သောနည်းကို မသုံးတန်ရာဟုသာ ဆိုရမည်။ သူ၏အမူအရာ အလေ့အကျင့်သည် ဥရောပတိုက်သားအများနှင့် မတူသည်မှာလည်း သဘာဝကျသည်။ အကြောင်းမှာ ရုရှသည် ဥရောပဟုဆိုသော်လည်း လူမျိုးအရ ယဉ်ကျေးမှုအရ အနောက်ဥရောပနိုင်ငံများနှင့် ဆက်သွယ်ခြင်း



ရင်းနှီးခြင်းမရှိသဖြင့် အနောက်နိုင်ငံသားများအနေဖြင့် ရုရှလူမျိုးဆိုလျှင် ဇာဘုရင်ပင်ဖြစ်စေ ကြမ်းတမ်းလှချည့် ရိုင်းစိုင်းလှချည့်ဟု ယူဆကြမည်ဖြစ်သည်။ ထို့ပြင် ပီတာကိုယ်တိုင်ကလည်း သူနှင့်ခေတ်ပြိုင် ရုရှနိုင်ငံသားအထူးသဖြင့် မင်းညီမင်းသားများနှင့် လားလားမှမတူ တစ်မူထူးခြားသောသူတစ်ဦးဖြစ်နေပြန်သည်။ ငယ်စဉ်ကစ၍ ဖြတ်သန်းလာခဲ့ရသော မနှစ်မြို့ဖွယ်ကိစ္စများ၊ အန္တရာယ်များ၊ မသေချာမရေရာသော ဘဝအတွေ့အကြုံများသည် သူ၏စိတ်နေသဘာဝနှင့် အမူအရာများကို များစွာထူးခြားစေမည်၊ ကြမ်းတမ်းစေမည်မှာ သေချာပါသည်။

ထို့ကြောင့် ပီတာ၏ခရီးစဉ်တွင် ပီတာစူးစမ်းသမျှ လေ့လာသမျှတို့ကို လက်ခံ၍ ပြသရှင်းလင်းရသော အိမ်ရှင်များအနေဖြင့် မနှစ်မြို့နိုင်လောက်အောင် ဖြစ်ရသည့်အကြိမ် များစွာကြုံရသည်ဟု ရေးသားထားချက်များသည် မှန်ကန်မည်ဖြစ်ပါသည်။ ပီတာ၏အနေဖြင့်လည်း ပြသသမျှကိစ္စများထဲမှ သိချင်သည့်ကိစ္စများကို ထပ်၍စူးစမ်းသည်မှာ သူ၏နိုင်ငံကို အနောက်နိုင်ငံများမှာကဲ့သို့ တိုးတက်စေချင်သောကြောင့်ဖြစ်သည်။ တိုးတက်ရာတွင်လည်း လျှင်လျှင်မြန်မြန် တိုးတက်စေချင်သောကြောင့် ဖြစ်ပေသည်။

ဇာဘုရင် ပီတာအနေဖြင့် ထူးထူးခြားခြား စိတ်ဝင်စားသည်မှာ ပင်လယ်ကူးသင်္ဘောများ တည်ဆောက်ခြင်းပင်ဖြစ်သည်။ သို့သော် သူသည် စက်မှုလက်မှု အတတ်ပညာအားလုံးကို စိတ်ပါဝင်စားစွာ လေ့လာခဲ့သည်။ ထို့အတူ အနောက်နိုင်ငံသားများ၏ ဓလေ့ထုံးစံများ၊ နေပုံထိုင်ပုံ ဝတ်ပုံစားပုံများကအစ မြင်မြင်သမျှကို သူ၏နိုင်ငံတွင် မည်သို့အံဝင်ခွင်ကျဖြစ်အောင် အသုံးပြုမည်ကို တွေးတောရင်း မှတ်သားခဲ့သည်။

သူသည် သံအဖွဲ့နှင့် တောက်လျှောက်လိုက်ပါခြင်းမရှိဘဲ တစ်ကိုယ်တည်း ခွဲထွက်၍ အခြားနိုင်ငံများသို့လည်း သွားခဲ့သေးသည်။ ပီတာ သွားခဲ့သည့်ဒေသများမှာ ဗြိတိသျှကျွန်းစုများ၊ ပရပ်ရှား၊ ဟော်လန်၊ အင်္ဂလန်၊ ဟာပ်ဘ်စဘာတ်အင်ပိုင်ယာ ဩော်လ်တစ်ဒေသနှင့် ဆွီဒင်နိုင်ငံစသည့် ဒေသအရပ်ရပ်သို့လည်း ခရီးဆန့်ခဲ့သေးသည်။

ပီတာဘုရင်သည် ဟော်လန်နိုင်ငံသင်္ဘောကျင်းတွင် ဘုရင်တစ်ပါးဟု လူအများမသိစေဘဲ သာမန်သင်္ဘောသားတစ်ယောက်ကဲ့သို့ သင်္ဘောတည်ဆောက်သည့် အတတ်ပညာကို သင်ယူခဲ့သည့်အကြောင်းကို စာအုပ်များစွာတွင် စိတ်ဝင်စားဖွယ် ဖတ်ရှုရသည်။ သူသည် ဒပ်ချ်တို့၏ သင်္ဘောတည်ဆောက်နည်းထက် အင်္ဂလိပ်တို့၏ သင်္ဘောတည်ဆောက်နည်းက သာလွန်ကောင်းမွန်သည်ဟု ကြားသဖြင့် အင်္ဂလန်သို့သွားရောက်၍ လူသာမန်တစ်ဦးကဲ့သို့ နေထိုင်လုပ်ကိုင်ကာ ပညာသင်ယူခဲ့သေးသည်။ မည်သို့ပင် အရပ်သားတစ်ယောက်ကဲ့သို့ နေထိုင်၍ အရပ်သားများနှင့်ရောနှောကာ စားသောက်ပျော်ပါးနေသော်လည်း ထက်မြက်သော ဇာဘုရင်တစ်ဦးပီပီ ၁၈ လကြာမြင့်သည့် ခရီးစဉ်တွင် လူပေါင်း ၇၅၀ ခန့်ကို ရုရှသို့လိုက်ပါ၍ အလုပ်လုပ်ရန် စည်းရုံးနိုင်ခဲ့သည်။ အထူးသဖြင့် ဒပ်ချ်လူမျိုးတို့ကို စည်းရုံးခဲ့သည်။ ရေကြောင်းခရီးသွားလာရေးအတွက် ပဓာနကျသော ဒပ်ချ်လူမျိုးတို့အပြင် ဆရာဝန်များ၊ လက်မှုပညာသည်များ၊ စစ်သည်တော်များစသည်ဖြင့် လုပ်ငန်းခွင်အမျိုးမျိုးတွင် ရုရှလူမျိုးများကို သင်ကြားပြသပေးနိုင်သူများလည်း ပါဝင်ခဲ့သည်။ ထိုသူတို့သည် ရုရှလူမျိုးများကို သင်ကြားပြသရုံမက သူတို့ကျွမ်းကျင်သော လုပ်ငန်းများတွင်လည်း ကိုယ်တိုင်ပါဝင် လုပ်ကိုင်ခွင့် ရခဲ့သည်။

ပီတာသည် အသက်ငယ်ရွယ်သူဖြစ်သည်။ ပြင်ပနိုင်ငံများနှင့်လည်း ထိတွေ့မှုလုံးဝမရှိဘဲ နေခဲ့ရာမှ ပြင်ပသို့ ကိုယ်တိုင်ကိုယ်ကျထွက်ကာ အတတ်ပညာ၊ ဗဟုသုတနှင့် ပညာတတ်လူအင်အားများကို စုဆောင်းနေသည့်အချိန်တွင် ထိုကိစ္စတစ်ခုတည်းကိုသာ စိတ်ပါဝင်စား၍ သူ၏နိုင်ငံတော်ကို မေ့ထားသူ မဟုတ်ချေ။

သူသည် ဗီယင်နာမှတစ်ဆင့် အီတလီသို့ကူးတော့မည့်ဆဲဆဲတွင် မော်စကို၌ထားရှိခဲ့သော အထောက်တော်ထံမှ နန်းတော်စောင့်တပ်များ ပုန်ကန်ကြပြန်ပြီဟူသော သတင်းကိုကြားသည်နှင့် ၁၆၉၈ ခုတွင် မော်စကိုသို့ အမြန်ပြန်ခဲ့သည်။ နန်းတော်စောင့်တပ်များသည် မကြာခဏဆိုသလို



ပုန်ကန်ခဲ့ကြသည်။ ထိုအကြိမ်ပုန်ကန်သည်မှာ ပီတာကို နန်းမှချ၍ ဆိုဖီယာကို နန်းပြန်တင်ရန် ဖြစ်သည်။ ပီတာသည် ၁၈ လ ကြာအောင် မော်စကိုမှ အဝေးသို့သွားနေသည်ဖြစ်ရာ ဆန့်ကျင်ဘက်အုပ်စုအနေဖြင့် လျှို့ဝှက်သော အကြံအစည်များကို အကောင်အထည်ဖော်ရန် အချိန်များစွာ ရခဲ့ပေသည်။ ပီတာ ပြန်၍မရောက်မီမှာပင် ထိုပုန်ကန်မှုကို နှိမ်နင်းလိုက်နိုင်ကြသည်။ သို့သော် ဇာဘုရင်ပီတာသည် နန်းတော်စောင့်တပ်သားများနှင့် အပေါင်းပါတို့ကို ပြင်းပြင်းထန်ထန် ရက်ရက်စက်စက် အပြစ်ပေးရာတွင် သူကိုယ်တိုင်ကိုယ်ထိလက်ရောက် ပါဝင်ခဲ့သည်။ အစ်မတော် ဆိုဖီယာကို ဤအကြိမ်တွင် သီလရှင်အဝတ်ခိုင်းကာ အလွန်ကြပ်ကြပ်မတ်မတ် ထားလိုက်သည်။ ပီတာသည် သူ၏မိဖုရားကိုလည်း သူပုန်များဘက်မှ ပါသည်ဟုဆိုကာ သီလရှင်ကျောင်းသို့ ပို့ခဲ့သည်။

## သူတကာ့မုတ်ဆိတ် ရိတ်သည့် ဘုရင်

စာရေးသူသည် မဟာပီတာကို စိတ်ဝင်စားသူတစ်ယောက် ဖြစ်ပါသည်။ သူ၏အပြစ်အနာအဆာများ ရက်စက်မှုများကို မနှစ်သက်သော်လည်း သူ့နိုင်ငံအကျိုးအတွက် သယ်ပိုးရွက်ဆောင်မှုများအတွက် လေးစားမိပါသည်။ ချစ်ခင်မိပါသည်။ ထို့ကြောင့် သူ၏အကြောင်းကို ကြိုးကြားကြိုးကြားဆိုသလို ရေးခဲ့ဖူးသည်။ ပထမဆုံးရေးသော ဆောင်းပါး၏ခေါင်းစဉ်မှာ အထက်တွင် ဖော်ပြထားသကဲ့သို့ "သူတကာ့မုတ်ဆိတ် ရိတ်သည့်ဘုရင်" ဖြစ်ပါသည်။

အနောက်နိုင်ငံများမှ သူပုန်ရန်ကြောင့် ရုရှသို့ပြန်လာပြီးသည့်နောက်တွင် သူမြင်ခဲ့ကြားခဲ့ရသည့်ကိစ္စများကို အရင်းတည်ကာ ရုရှကို ပြုပြင်ပြောင်းလဲသည့်ကိစ္စများကို ချက်ချင်းပင်ဆောင်ရွက်ခဲ့သည်။ တစ်နေ့သော် ညီလာခံသဘင်သို့ ဝင်လာသည့်မှူးကြီးမတ်ရာများကို ဇာဘုရင် ပီတာက ကပ်ကြေးတစ်လက်ကိုကိုင်ကာ ဆီး၍ကြိုသည်။ ထို့နောက် မှူးကြီးမတ်ရာတစ်ယောက်စီ၏ ရှည်လျားသော မုတ်ဆိတ်များကို ကိုယ်တိုင်လိုက်၍

ဖြတ်တော်မူသည်ဟူ၏။ ရက်စက်သောဘုရင်တစ်ယောက်၏ လုပ်ဆောင်မှုကို မည်သူမှ ဆန့်ကျင်ရဲမည်မဟုတ်ချေ။ နန်းတွင်းတွင် မှူးကြီးမတ်ရာများ မှတ်ဆိတ်အဖြတ်ခံနေရသည့်အချိန်တွင် မော်စကိုမြို့၏ လမ်းဆုံလမ်းမ လမ်းလေးခွတွင် စောင့်နေသော ဘုရင့်စစ်သည်တော်များက လမ်းသွားလမ်းလာများ၏ မှတ်ဆိတ်ဖားရားကို အမိန့်တော်ပြ၍ ဖြတ်ကြသည်ဟုဆိုပါသည်။

ထို့နောက် အမိန့်တစ်ခုထုတ်ပြန်လိုက်သည်။ ရုရှလူမျိုးတိုင်း ကျားမ,မဟူ နေ့တိုင်း ရေချိုးရမည်။ အနောက်နိုင်ငံသားများ ဝတ်ဆင်သည့်အတိုင်း ဝတ်ဆင်ရမည်။ ရုရှများစားနေကျဖြစ်သော ဂေါ်ဖီထုပ်ချဉ်ကဲ့သို့သော အစားအစာများကို မစားရ။ အာဟာရဖြစ်မည့်အစားအစာများကို စားရမည်။ မိန်းမများသည် ယောကျ်ားများနှင့်အတူ ပွဲလမ်းသဘင်သို့တွဲ၍ တက်ပိုင်ခွင့်ရှိသည်။ အနောက်နိုင်ငံသားများ၏ အလေ့အထများအတိုင်း ပွဲလမ်းသဘင်ကျင်းပနိုင်သည်စသည်ဖြင့် ထူးခြားသောအမိန့်ကို ထုတ်ပြန်လေသည်။ ရှေးကျသော ရုရှလူမျိုးများသည်လည်း များစွာစိတ်ဆင်းရဲ ကျဉ်းကျပ်ခဲ့ပေလိမ့်မည်။ ငယ်သူများအဖို့ ထူးခြားသဖြင့် လွတ်လပ်မှုများသဖြင့် စိတ်ဝင်စားလိမ့်မည်။

ထိုအမိန့်ကို ထုတ်ပြန်သည်ဟုဆိုသည်နှင့် အနောက်နိုင်ငံများကလည်း ဇာဘုရင်ပီတာကို များစွာသရော်ခဲ့ကြသည်။ ပြုပြင်ပြောင်းလဲရေးတစ်ခုလုပ်သည်မှာ ဤသို့သော အရေးမကြီးလှသည့် အပေါ်ယံပြုပြင်ပြောင်းလဲရေးကို လုပ်ရသည်မဟုတ်။ ထိုသို့သော အပေါ်ယံပြောင်းလဲမှုသည် မည်သို့မျှ ရုရှကို ရှေ့တန်းသို့ရောက်လာစေမည်မဟုတ်ဟု ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချလေသည်။ ရုရှနိုင်ငံသားအများအပြားကလည်း ထိုသို့ပင် ပြောဆိုကောင်း ပြောဆိုခဲ့ကြပါလိမ့်မည်။ သို့သော် မဟာပီတာဘဝသို့ ရောက်သည့်တိုင်အောင် ထက်မြက်သောဇာဘုရင်ပီတာသည် လာတော့မည့်ပြုပြင်ပြောင်းလဲရေးကြီးများအတွက် ကြိုတင်၍ လူအများစိတ်ကို နိုးကြားအောင် ထုတ်ပြန်လိုက်သော အမိန့်များသည်ဖြစ်သည့်အကြောင်း မကြာမြင့်မီမှာပင် ပြသခဲ့လေသည်။



## ဘောလ်တစ်ရေကြောင်းကို ဇာဘုရင်ပီတာ သိမ်းပိုက်ခြင်း

ပီတာသည် ထူးခြားသောသူတစ်ယောက်ဖြစ်၍ ရုရှကို ခေတ်နောက်ကျခြင်းဟူသော ဥဒ္ဒအမှောင်ကြီးထဲမှ ခွဲ၍ထုတ်ယူလိုက်နိုင်ခြင်းဖြစ်သည်။ သူ၏ဆန်းပြားသော လုပ်ဆောင်ချက်များသည် မအောင်မြင်မီအချိန်တွင် အထင်အမြင်သေးစရာ ကောင်းမည်၊ သရော်စရာကောင်းမည်။ သို့သော် သူလုပ်ဆောင်သမျှသည် ဦးတည်ချက်မဲ့သော လုပ်ဆောင်မှုများမဟုတ်ချေ။

ပီတာ၏ ကြမ်းတမ်းမှုများ၊ ဒေါသပေါက်ကွဲမှုများ၊ ထိုစဉ်က အနောက်ဥရောပရှိနိုင်ငံမှ မင်းညီမင်းသားများ ဘုရင်များ လိုက်နာသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ စိတ်ထင်သလို နေထိုင်မှုများသည် သူ၏ထက်မြက်သော မင်းတစ်ပါး၏လုပ်ဆောင်မှုများကို ဖုံးလွှမ်းမသွားစေနိုင်ပေ။

ယခုတင်ပြမည့် ဘောလ်တစ်ပင်လယ်ကို သိမ်းပိုက်ခြင်းသည် ဦးတည်ချက်မဲ့ လုပ်ဆောင်ခြင်းမဟုတ်ချေ။ အာဇော့ဗ်ကို သိမ်းပိုက်စဉ်က ရုရှတောင်ပိုင်းနယ်များကို တာတာများ လာရောက်ထိပါးခြင်းမှ ကာကွယ်ရန်ဟူသော ဦးတည်ချက်၊ ပင်လယ်နက်သို့ ထွက်ပေါက်ရှာသော ဦးတည်ချက် ထားခဲ့သည်။ ယခုတင်ပြတော့မည့် မြောက်ပိုင်းစစ်ပွဲကြီး (၁၇၀၀–၁၇၂၁)သည် ဘောလ်တစ် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ကို သိမ်းပိုက်အုပ်စိုးနိုင်ရန်၊ ဘောလ်တစ်ပင်လယ်ထွက်ပေါက်ကို ရယူကာ ကုန်သွယ်သွားလာရေး နိုင်ငံခြား ဆက်ဆံရေးလမ်းကြောင်းများ ပွင့်လန်းလာစေရန်ဟူသော ဦးတည်ချက်များဖြင့် တိုက်ခိုက်ခဲ့သော စစ်ပွဲကြီးဖြစ်သည်။ ပီတာသည် အနောက်ဥရောပနိုင်ငံများသို့ သွားရောက်စဉ်က အော်တိုမန်အင်ပါယာကို တိုက်ခိုက်ရန် ဥရောပအင်အားစုများကို စည်းရုံးသော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော် ဆွီဒင်နှင့်တိုက်ခိုက်ရာတွင် ပီတာနှင့်ပူးပေါင်းသူများ ရှိခဲ့သည်။ ဒိန်းမတ်နိုင်ငံ၊ ပိုလန်၊ ဆက်ဆွန်နီစသည်တို့သည် ရုရှဘက်မှ ပါဝင်တိုက်ခိုက်ကြသည်။

ထိုအချိန်က ဆွီဒင်သည် ဥရောပတွင် အကောင်းဆုံးတပ်မတော်ကြီးကို ပိုင်ဆိုင်သောနိုင်ငံဖြစ်သည်။ ထင်ရှားသော စစ်သူကြီးလည်းရှိသည်။ ထိုသူမှာ ငယ်ရွယ်ပျိုမြစ်သော ဒွာဒသမမြောက် ချားလ်စ်ဘုရင်ကိုယ်တိုင်ပင်ဖြစ်သည်။ ထိုကဲ့သို့သော စစ်ပြိုင်ဘက်နှင့်ရင်ဆိုင်ရသဖြင့် အလွန်ခေတ်နောက်ကျနေသော ရုရှားတပ်မတော်နှင့် ရုရှားနိုင်ငံသည် များစွာအထိနာခဲ့သည်။

ထိုသို့အထိနာသည်ကို နှင့်နှင့်သီးသီး ရေးသားမှတ်တမ်းတင်ထားသော စာအုပ်များလည်းရှိသည်။ အပြောကြီးသော ရည်ရွယ်ချက်ကြီးမားသော ပီတာသည် ဆွီဒင်တပ်များနှင့်ယှဉ်သည့်အခါ ပြန်၍လှည့်မကြည့်စတမ်း တပ်များကိုရုပ်၍ ပြေးရသည်၊ ဥရောပတစ်ခွင်လုံးတွင် ရယ်မောစရာအတိ ဖြစ်စေခဲ့သည်ဟူသော စကားများဖြင့် သရော်သည်။ သို့သော် ထိုသို့ရေးသားသောသူသည်ပင် ပီတာသည် ထိုသို့အရှက်တကွဲ အကျိုးနည်းဖြစ်စေခဲ့သည်ကို မမှုခဲ့ချေ။ သူသည် သူ၏တပ်များကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတွင်းတွင်လည်း ပြုပြင်ပြောင်းလဲရေးများ ဆက်လက်လုပ်ဆောင်သည်။

ထိုသို့ ရန်သူနှင့်ရင်ဆိုင်ရာမှ သင်ခန်းစာယူကာ ပီတာသည် သူ၏တပ်များကို ခေတ်မီအောင် ပြုပြင်ပြောင်းလဲခဲ့သည်။ ၃ နှစ်အကြာတွင် ပီတာ၏လုပ်ဆောင်ချက်များ အကောင်အထည်ပေါ်လာကာ ဆွီဒင်တပ်များကို အချိပေါင်းများစွာတွင် အနိုင်ရရှိအောင် တိုက်နိုင်ခဲ့သည်။ ပီတာအတွက် အနောက်ဘက်သို့ လှမ်းမျှော်၍ကြည့်နိုင်သော ပြတင်းပေါက်ပွင့်သွားသည်ဟုဆိုရပေမည်။ ဇာဘုရင်ပီတာသည် မူလက ဆွီဒင်ခံတပ်တည်ရှိခဲ့သော ဖင်လန်ရေလက်ကြား၏ အရှေ့ဘက်ကမ်းပေါ်တွင် စိန့်ပီတာစဘတ်ဂ်ဟုဘွဲ့ချည်သောမင်းနေပြည်ကို တည်ခဲ့လေသည်။ ဆွီဒင်ဘက်ကလည်း ရုရှနိုင်ငံတွင်းသို့ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ကာ လက်လွှတ်ခဲ့သည့်မြေနှင့် အခွင့်အလမ်းများကို ပြန်လည်ရယူနိုင်အောင် ကြိုးစားခဲ့ပါသေးသည်။ သို့သော် ဖြစ်ပြီးသားအခြေအနေကို ပြန်လည်ပြောင်းပစ်နိုင်ခွင့် မရခဲ့ချေ။ မူလက ဆွီဒင်၏လက်အောက်ခံနယ်ပယ်ဖြစ်ခဲ့သော ဖင်လန်ကို လုံးဝနီးပါးသိမ်းပိုက်လိုက်နိုင်သည်။



ရုရှတို့၏ ရေတပ်မတော်သစ်သည် ပီတာက တိုက်ရိုက်အုပ်ချုပ်သော အသစ်ဖွဲ့စည်းထားသည့် ရေတပ်မတော်ဖြစ်သည်။ ထိုရေတပ်မတော်နှင့် ကြည်းတပ်မတော်တို့ ပူးပေါင်းကာ ဆွီဒင်တပ်များကို အမိမြေမှ တွန်းလှန်ထုတ်လိုက်သည်သာမက ဆွီဒင်နယ်များအထိ လိုက်လံသိမ်းပိုက်နိုင်ခဲ့သည်။ ၁၇၂၁ ခုတွင် ချုပ်ဆိုသော (Nystad) စာချုပ်အရ ဆွီဒင်က ရုရှကို (Livonia, Estonia, Latvia, Ingria, part of Karelia နှင့် ရေလက်ကြားအတွင်းရှိ ကျွန်းအချို့ကို ရရှိခဲ့သည်။

ရုရှဘက်ကလည်း ဖင်လန်ဒေသကို လုံးဝနီးပါး ပြန်၍ပေးရသည့်ပြင် ဆွီဒင်ငွေ ၂ သန်းပေးရသော်လည်း စစ်ရေးလုံခြုံရေးအရ အရေးကြီးသော စိန့်ပီတာစဘတ်ဂ်မြို့တော်နှင့်လည်း မျက်နှာချင်းဆိုင်ဖြစ်သော ဖင်လန်နယ်စပ်ဒေသတစ်လျှောက်ကို ရရှိခဲ့သည်။ ထိုသို့စစ်ကြီးပြီးဆုံးသည့်အထိမ်းအမှတ်အဖြစ် ကျင်းပသည့် လေးနက်သောခမ်းနားသော ပွဲသဘင်ကြီးတွင် ရုရှဆီနိတ်က ဇာဘုရင်ပီတာကို မဟာဟူသောဘွဲ့၊ အဖနိုင်ငံ၏ဖခင်ဟူသောဘွဲ့၊ ဧကရာဇ်ဟူသောဘွဲ့တို့ကို လက်ခံပါရန် တောင်းပန်၍ပေးအပ်သည်။ ထိုအချိန်မှစ၍ ပီတာသည်လည်း ဧကရာဇ်ပီတာဖြစ်လာကာ မော်စကိုဒေသကို ဗဟိုပြုသော ရုရှဒေသအားလုံးလည်း ဧကရာဇ်နိုင်ငံတော်အဖြစ်သို့ ရောက်ရှိလာလေသည်။

## မဟာပီတာ၏ ပြုပြင်ပြောင်းလဲရေးများ

စစ်ပွဲများဖြစ်ပွားနေစဉ် အတောအတွင်းတွင် မဟာပီတာသည် ပြည်တွင်းပြုပြင်ပြောင်းလဲရေးများကို ဆက်လက်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အချိန်အခါ အခြေအနေအရ လိုအပ်လျှင်လိုအပ်သလို ပြောင်းလဲပြုပြင်ရန် အမိန့်ချမှတ်ရခြင်း၊ ပြဋ္ဌာန်းချက်များ ထုတ်ပြန်ရခြင်းစသည့် အလုပ်များကို လုပ်ဆောင်ရသည်။ တစ်ခါတစ်ရံ ပြဋ္ဌာန်းချက်များသည် အဆက်အစပ်မရှိသလိုဖြစ်နေသဖြင့် ပြန်လည်ရှင်းလင်းရသည်မှာ ပို၍ခက်ခဲသည်။ မဟာ

ပီတာ၏ ပြုပြင်ပြောင်းလဲရေးများမှာ အချို့သောခေါင်းဆောင်များ သုံးတတ်သည့် စစ်ရေးတွင် ပိုမိုအားတက်အောင်သုံးသည့် ပရိယာယ်မျိုးမဟုတ်ချေ။ သူသည် ရုရှအုပ်ချုပ်ရေးနှင့် ရုရှနိုင်ငံတစ်ခုလုံးကို အနောက်ဥရောပနိုင်ငံများကဲ့သို့ ခေတ်မီစေချင်သည်။ အနောက်ဆန်စေချင်သည်။

အနောက်ဆန်စေချင်သည်ဟုဆိုရာတွင် အနောက်ဥရောပနိုင်ငံများသို့ သူကိုယ်တိုင်သွားရောက်ကာ မြင်မြင်သမျှကို လေ့လာသည့်အခါတွင် စားသောက်သည့်နည်းများ၊ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်သော တစ်ကိုယ်ရေ သန့်ရှင်းမှုများတွင် အားနည်းချက်များရှိနေသည်ကို တွေ့ရသည်။ လူမှုဆက်ဆံရေးတွင်လည်း အရှေ့လည်းမဟုတ် အနောက်လည်းမပီသည့် ရုရှတွင် မိန်းမသားများကို နောက်တန်းတွင်ထားသည်ကို သူသဘောမတွေ့ခဲ့ချေ။ ထို့ကြောင့် အထက်တွင်တင်ပြခဲ့သော ထူးခြားသည့်အမိန့်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်ပေသည်။ အနောက်နိုင်ငံများကလည်း ရုရှကို ရှေးယခင်ကတည်းက အထင်အမြင်သေးတတ်သည်ဖြစ်ရာ မဟာပီတာ ထုတ်ပြန်သောအမိန့်များမှာ ကလေးဆန်သည်။ အပေါ်ယံကြောရှုမြင်မှုဖြင့် ပြုပြင်ပြောင်းလဲရေး လုပ်နေသည်စသည်ဖြင့် ဝေဖန်သည်မှာ အချိန်စောနေပေသည်။

ပီတာသည် ကလေးဆန်စွာ စိတ်ကူးရတိုင်း ပြုပြင်ပြောင်းလဲရေးများကို လုပ်နေသည့်ပုံပေါက်သော်လည်း အားလုံးပြီးစီးသွားသည့်အချိန်တွင် ပီပြင်သော နည်းစနစ်ကျနသော ပြောင်းလဲရေးများဖြစ်သည့်အကြောင်းကို အားလုံးက လက်ခံလာရလေသည်။ သူသည် ပြုပြင်ပြောင်းလဲရေးများကို စစ်ပွဲများဖြစ်ပွားနေစဉ်အတွင်းတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း စစ်ပွဲများတွင် ပြည်သူလူထုက စိတ်အားတက်ကြွစွာ ပါဝင်ဆင်နွှဲစေလိုသောကြောင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း သိသာထင်ရှားသည်။

မဟာပီတာသည် ပြည်တွင်းပြုပြင်ပြောင်းလဲရေးများကို လုပ်ဆောင်နေစဉ်က သရော်ခဲ့ကြသော အနောက်ဥရောပနိုင်ငံများသည် ပီတာ၏ခြေလှမ်းများ ကျဲလာသည်ကို မြင်ကြရသည်။ ၁၇၁၂ ခုတွင် မဟာပီတာသည် သူ၏မြို့တော်ကို မော်စကိုမှ စိန့်ပီတာစဘတ်မြို့တော်သို့ ပြောင်းရွှေ့ခဲ့သည်။



သူသည် ဆွီဒင်နှင့်စစ်ပွဲများဆင်နွှဲရာတွင် သာမန်အားဖြင့် စစ်စိတ်စစ်သွေးတက်ကြွသူ မင်းပျိုမင်းလွင်တစ်ဦးအနေဖြင့် စစ်ရေးစွမ်းရည် ပြလိုသောသဘောဖြင့် ဆင်နွှဲခြင်းမဟုတ်ပေ။ သူသည် ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဟု ပြောနိုင်လောက်သော တစ်နှစ်တွင် သုံးလလောက်သာ ရေကြောင်းပွင့်သော မြောက်ပင်လယ်မှတစ်ပါး အခြားသောရေကြောင်းထွက်ပေါက် မရှိသည့် ရုရှအတွက် တိုးတက်နိုင်ဖို့ရန်မှာ ရေကြောင်းထွက်ပေါက်များ ရှိမှဖြစ်မည်ကို ကောင်းစွာသိနားလည်သည်။ ထို့ကြောင့် ပင်လယ်နက်ထွက်ပေါက်အတွက် အော်တိုမန်အင်ပါယာနှင့် စစ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ အာဇော့ဗ် ပင်လယ်ကမ်းခြေတွင် တာဂန်ရော့အမည်ဖြင့် ခံတပ်မြို့တည်လိုက်ခြင်းမှာလည်း ရေကြောင်းပိုင်ဆိုင်မှုကို လုံခြုံမှုပေးနိုင်ရန် ဖြစ်သည်။

ယခုလည်း ဆွီဒင်နှင့်စစ်ပြိုင်ကာ ဆွီဒင်ပိုင် ဖင်လန်ရေလက်ကြားကို သိမ်းယူနိုင်သည်အထိ အောင်ပွဲရအောင် ခက်ခဲစွာကြိုးစား၍ တိုက်ယူခဲ့သည်။ ၁၇၀၃ ခုတွင် ညက်ဗာမြစ်တွင်းရှိ ဇာယာချိကျွန်းကလေးပေါ်တွင် ပီတာနှင့်ပေါလ်ခံတပ်ကို စတင်ဆောက်လုပ်ခဲ့သည်။ စိန့်ပေါလ်နှင့် စိန့်ပီတာကို ရည်စူးဆောက်လုပ်ခြင်းဖြစ်သည်။ ပီတာသည် ဖင်လန်ရေလက်ကြားကို စီးမိုးထားနိုင်သောနေရာတွင် မြို့တော်တစ်ခုတည်ဆောက်ရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်သည်။ သူသည် အနောက်ကိုအမီလိုက်ရန် အနောက်ကို မြင်နေနိုင်သော ပြတင်းပေါက်တစ်ခုလိုသည်။ သွားလာဆက်သွယ်ရန် လမ်းပေါက်လိုသည်။ ထို့ကြောင့် အေးလှသောဒေသ စွတ်စိုထိုင်းမှိုင်း၍ လုံခြုံရေးနည်းပါးသော ဒေသဖြစ်သည့် ညက်ဗာမြစ်၏ မြစ်ဝကျွန်းပေါ်တွင် မော်စကိုမြို့အစား အစိုးရရုံးစိုက်ရာ မြို့တော်သစ်ဖြစ်လာသည့် စိန့်ပီတာစဘတ်ဂ်မြို့တော်ကို တည်ဆောက်ခဲ့သည်။

ပီတာနှင့်ပေါလ်ခံတပ်ကို ဆောက်လုပ်စဉ်က မြေသားနံရံကို သုံးခဲ့သော်လည်း မြို့တော်ဆောက်လုပ်ရာတွင် အုတ်များကို ဝယ်ယူခဲ့သည်။ စိန့်ပီတာစဘတ်ဂ်မြို့တော်ကို တည်ဆောက်ရာတွင် လူများ၏အသက်ကို စတေး၍ တည်ဆောက်သည်ဟုဆိုပါက လူအများကို အရှင်လတ်လတ်

မြေမြှုပ်၍ မြို့တည်သည်ဟု ရက်တရက် ထင်မှတ်ကြမည်ဖြစ်သည်။ ထိုသို့ မဟုတ်ပါ။ မြို့တော်တည်ဆောက်ရန် ဆင့်ခေါ်ထားသောသူများသည် ထိုဒေသ၏ အအေးဒဏ်ကြောင့်လည်းကောင်း၊ စွတ်စိုမှုကြောင့်လည်းကောင်း၊ အစားရေစာရှားပါးမှုကြောင့်လည်းကောင်း မြို့တော်တည်ဆောက်နေစဉ် အစောပိုင်းကာလအတွင်းမှာပင် လူဦးရေ ၁၀၀,၀၀၀ ခန့် သေဆုံးခဲ့သည်ကို ညွှန်းဆို၍ လူအများ၏အသက်ကိုစတေး၍ တည်ဆောက်ခဲ့သည်ဟု ပြောဆိုခြင်းဖြစ်ပါသည်။ ၁၇၁၂ ခုတွင် ဇကရာဇ်ဘုရင်၏ရုံးတော်၊ မင်းညီမင်းသားများ၊ နယ်စားများ မြို့စားများ၊ ဆီနိတ်နှင့် နိုင်ငံခြားသံရုံးများသည် မော်စကိုမှ စိန့်ပီတာစဘတ်ဂ်သို့ ရွှေ့ခဲ့ရသည်။ ပီတာသည် သူ၏မင်းညီမင်းသား မှူးမတ်များကို လှပသည့်နန်းတော် ရုံးတော်များကို ဆောက်လုပ်ရန် အမိန့်ပေးသည်။ ထိုခေတ်မှစ၍ ပီတာ၏အရိုက်အရာကို ဆက်ခံသောသူများသည် ဒပ်ချ်လူမျိုး အီတလီလူမျိုး ဗိသုကာများကို ငှားရမ်းကာ ဥရောပဗိသုကာလက်ရာဖြင့် အိမ်ကြီးအိမ်ကောင်းများကို တည်ဆောက်သည့်အလေ့ ထွန်းကားလာသည်။ စိန့်ပီတာစဘတ်ဂ်မြို့တော်သည် ဇကရာဇ်၏အလိုကိုလိုက်ရန် အားသန်၍ ငွေကြေးလည်းတတ်နိုင်သော မင်းညီမင်းသားများ၏ အိမ်ကြီးအိမ်ကောင်းများဖြင့် လျှင်မြန်စွာတိုးတက်လာသည်။

ထို့ပြင် မြို့တော်တည်ဆောက်ရေးတွင် လျှင်မြန်စေရန် စရိုတ်ကာမိရန် ညက်တမြစ်ဝကျွန်းပေါ်တွင် သွားလာနေသော သင်္ဘောများကို အိမ်ဆောက်ပစ္စည်းများဖြစ်သည့် အုတ် သဲ ကျောက်များဖြင့် အခွန်စည်းကြပ်သည်။ ထိုစဉ်က ရေဝင်၍ ရွှံ့နွံတောဖြစ်နေသော မြို့တော်၏အောက်ခံမြေမှ ရေများကို ထုတ်၍ အောက်ခံမြေမြင့်လာစေရန် အုတ်ခဲကျိုးများ မြေများဖို့ရန် လိုအပ်သည်ဖြစ်ရာ သင်္ဘောများဖြင့် လန်ဒန်မြို့မီးလောင်ပြင်မှ အုတ်ခဲကျိုးများ မြေများသယ်ယူတင်သွင်းလာသည်တို့ကို သုံးခဲ့ကြရသည်။ ထိုသို့လျှင်လျှင်မြန်မြန် မြို့တော်ဖြစ်သစ်တင်ခြင်းသည် အခြားသော ပြုပြင်ပြောင်းလဲရေးများအတွက် ဘူမိနက်သန် နေရာမှန်ရွေးလိုက်ခြင်းပင်ဖြစ်သည်။ ပီတာကို လိုလားသောစိတ်ဖြင့် သုံးသပ်သောသူများက ပီတာသည် သီအိုရီသမား



မဟုတ်၊ လက်တွေ့ကျသူ ရှေ့ရေးကို ကောင်းစွာမျှော်မြင်နိုင်သူဖြစ်သည်ဟု ဆိုကြသည်။

ပီတာ၏ပြုပြင်ပြောင်းလဲရေးများအနက် တပ်မတော်ကို ပြုပြင်ပြောင်းလဲလိုက်ခြင်း၊ ရေတပ်မတော်ကို အဆင့်မြင့်စွာ တည်ဆောက်လိုက်ခြင်းတို့သည် အောင်မြင်မှုအရှိဆုံးသော ပြုပြင်ပြောင်းလဲရေးများဖြစ်ကြသည်။ ထို့ပြင် ဇကရာဇ်မဟာပီတာသည် အဖွဲ့ဝင် ၁၀ ဦး နောက်တွင် ၁၁ ဦးပါသော ဆီနိတ်ကို ဖွဲ့စည်းသည်။ ထိုဆီနိတ်သည် တရားရေး၊ စီးပွားရေးနှင့်အုပ်ချုပ်ရေးတာဝန်များကို ဇကရာဇ်မဟာပီတာ အခြားသို့ရောက်နေချိန်တွင် တာဝန်ယူရမည် ဖြစ်သည်။ မဟာပီတာမြို့တော်သို့ ပြန်လည်ရောက်ရှိသည့်အချိန်တွင်လည်း ဆီနိတ်သည် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး အဆင့်မြင့် အရာရှိကြီးတစ်ဦးကိုလည်း ခန့်ထားလေကာ ထိုသူသည် ဇကရာဇ်နှင့် ဆီနိတ်တို့၏ကြားတွင် ဆက်သွယ်ပေးကာ လုပ်ငန်းဆောင်ရွက်၍ အဆင်ပြေပြေအောင် စီစဉ်ပေးလေသည်။ ပီတာကိုယ်တိုင်ပြောသော ဝေါဟာရကို သုံးရပါမူ ထိုသူသည် 'ဇကရာဇ်၏မျက်လုံး' ဖြစ်ပေသည်။

ပီတာသည် မော်စကိုနယ်တစ်ခွင်တွင်လည်း ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်လေသည်။ ထိုသို့ပြုလုပ်ရာတွင် စီမံကိန်းက ကောင်းသော်လည်း အကောင်အထည်ဖော်ရမည့် လူထု၏အသိပညာနည်းပါးမှုကြောင့် မအောင်မြင်ခဲ့ပေ။ ပီတာမထိန်းနိုင်ခဲ့သည့်အချက်မှာ အဂတိလိုက်စားခြင်းပင်ဖြစ်သည်။

ပီတာသည် ရုရှအယူသည်းခရစ်ယာန်ဝါဒီကျောင်းတော်ကို ပြုပြင်ရာတွင်မူ များစွာအောင်မြင်ခဲ့ပါသည်။ ၁၇၂၁ ခုတွင် အယူသည်းခရစ်ယာန်ဝါဒီတို့၏ ဂိုဏ်းအုပ်ဘုန်းတော်ကြီး ကွယ်လွန်ခဲ့ရာ ထိုပုဂ္ဂိုလ်၏နေရာတွင် တစ်ဦးတစ်ယောက်ကို ဆက်ခံခွင့် မပေးတော့ဘဲ ဘုန်းတော်ကြီး ၁၁ ဦးပါဝင်သော သာသနာရေးဆိုင်ရာအဖွဲ့ကြီးက နေရာယူခဲ့ရသည်။ အဆင့်မြင့်အစိုးရအရာရှိကြီးတစ်ဦးကလည်း ထိုသာသနာရေးဆိုင်ရာအဖွဲ့ကြီး၏ လုပ်ငန်းဆောင်တာများကို ဇကရာဇ်ကိုယ်စား ကြီးကြပ်ပေးရလေသည်။ ဇကရာဇ်က သာသနာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ်တွင် စိတ်ဝင်စားမှု

ကြီးကြပ်မှုများ မလုပ်ခဲ့ချေ။ သို့သော် ခရစ်ယာန်ကျောင်းတော်၏ ဖွဲ့စည်းပုံ၊ ပိုင်ဆိုင်မှုများနှင့် ပေါ်လစီများကိုမူ စိတ်ဝင်စားစွာ ကြီးကြပ်စေသည်။

ဧကရာဇ်မဟာပီတာ မပြုပြင်နိုင်သည့်အရာမှာ ရုရှလူမှုရေးဖြစ်သည်။ မြေရှင်ပဒေသရာဇ်များနှင့် မြေကျွန်များဟူသည့် လူတန်းစားကွဲပြားမှုကို ရှိခဲ့သည့်အတိုင်း ထားခဲ့ရသည်။ သို့သော် ပီတာ၏လက်ထက်တွင် ရာထူးတက်ရန်၊ ရာထူးမြင့်မားရန်မှာ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ပဒေသရာဇ်အနွယ်မှ မွေးဖွားလာမှု၊ မျိုးရိုးစဉ်လာစသည်တို့ဖြင့် မဆုံးဖြတ်တော့ဘဲ အစွမ်းအစ ပြသနိုင်မှု၊ နိုင်ငံတော်အတွက် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နိုင်မှုအပေါ် အခြေပြု၍ ဆုံးဖြတ်လာလေသည်။

ပီတာ၏ စစ်ရေးအောင်မြင်မှုများသည် ရုရှစီးပွားရေးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်ခဲ့သည်။ သတ္တုတွင်းလုပ်ငန်း သံရေကျိုလုပ်ငန်းများ တိုးတက်လာသည်။ ထိုလုပ်ငန်းများမှ ကြည်းတပ်မတော်အတွက် လက်နက်များနှင့် ရေတပ်မတော်အတွက် သင်္ဘောများတိုးတက်ထုတ်လုပ်ရန် ကုန်ကြမ်းများ ထွက်လေသည်။ အဝတ်အထည်လုပ်ငန်းလည်း တိုးတက်လာသည်။

သို့သော် ပညာရေးနှင့် ယဉ်ကျေးမှုတိုးတက်ပြောင်းလဲရေးကို ပီတာက များစွာဦးစားပေးဆောင်ရွက်ခဲ့သည်။ ပီတာ ကွယ်လွန်ခါနီးတွင် သိပ္ပံအကယ်ဒမီအဆောက်အဦကြီးကို တည်ဆောက်ပြီးစီးခဲ့သည်။ ကွယ်လွန်ပြီး မကြာမီ ဖွင့်လှစ်ခဲ့ကြသည်။

ဧကရာဇ်မဟာပီတာသည် ထူးခြားသောလူသား ထူးခြားသောဘုရင်တစ်ပါးဖြစ်သည်။ သူအသက်ထင်ရှားရှိစဉ်ကလည်း သူ့ကို ချစ်သူမုန်းသူများခဲ့မည်မှာ သေချာသည်။ အကြောင်းမှာ သူလုပ်လိုသောအကြောင်းအချက်များကိုသာ စိုက်လိုက်မတ်တတ် စဉ်းစားတတ်ကာ သူလိုချင်သလိုရအောင် တွန်းတတ်သောသူဖြစ်သောကြောင့်ပင်။ သူကိုယ်တိုင်ကလည်း ချစ်သူမုန်းသူများခဲ့သည်။ သူသည် မယ်တော်ထိမ်းမြားပေးသော မိဖုရားကို မချစ်မနှစ်သက်သဖြင့် ဘုန်းတော်ကြီးကျောင်းသို့ ပို့ခဲ့သည်။ ထိုမိဖုရားမှမွေးသော သားဖြစ်သူ



ကိုလည်း သူ၏အကျင့်စရိုက်နှင့် မတူရကောင်းလားဟူသော ပြစ်ချက်ဖြင့် မချစ် မနှစ်သက်နိုင်ပေ။ ထိုမင်းသားငယ် ရုရှမှထွက်ပြေးသောအခါတွင် ရအောင်ပြန်လည်ခေါ်ယူကာ အကျဉ်းချထားလေသည်။ ထိုသားငယ်သည် ပြန်လည်ရောက်ရှိလာသောအခါ ရာဇဝတ်သားတစ်ယောက်ကို စစ်ဆေးသကဲ့သို့ စစ်ဆေးသည်။ ထိုမင်းသား အလက်ဇီက ခမည်းတော်ကိုပုန်ကန်ရန် ကြံစည်မိကြောင်း ဖြောင့်ချက်ပေးသည်။ မဟာပီတာသည် သားတော်ကို ပီတာနှင့်ပေါလ်ခံတပ်တွင် အကျဉ်းချထားစဉ် မင်းသားသည် အကျဉ်းထောင်ထဲတွင် သေဆုံးခဲ့သည်။ မင်းသား၏အလောင်းကို ထိုခံတပ်ထဲတွင်ရှိသော ခေါင်းလောင်းစင်ပေါ်သို့တက်သည့် လှေကား၏လှေကားခုံအောက်တွင် မြှုပ်နှံခဲ့သည်။ ထိုသို့မြှုပ်နှံရခြင်းမှာ နေ့စဉ်နေ့စဉ် ခေါင်းလောင်းထိုးရန် တက်ရသည့် သာမန်လူတစ်ဦး၏ ခြေထောက်အောက်သို့ ရောက်စေရန်ဖြစ်သည်ဟု ဆိုသည်။ မဟာပီတာသည် သူ့ကမုန်းသူတို့အတွက် ကြောက်ဖွယ်ကောင်းသောသူ ဖြစ်ပြန်သည်။ မဟာပီတာသည် သူ့ကိုမလိုလားသူများ သူ့ကမလိုလားသူများကို ကိုယ်တိုင်ရက်စက်စွာ ကွပ်မျက်ခဲ့သည့်အကြိမ်လည်း များစွာရှိသည်။

မဟာပီတာက ချစ်ပြန်လျှင်လည်း သည်းသည်းလှုပ် ဖြစ်တတ်ပြန်သည်။ ဥပမာဆောင်ရသော် ရုရှစာပေ ကမ္ဘာ့စာပေတို့တွင် ထင်ရှားသော အလက်ဇန္ဒာ ဆယ်ဂျ်ရေးယယ်ဗစ်ချ် ပွတ်ရှကင်ဆိုသူ စာဆိုတော်ကြီး၏ ဘေးဖြစ်သူ ပီတာ၏ နီဂရိုးကလေးဆိုသူနှင့် ပတ်သက်၍ ဥပမာပြနိုင်သည်။ မိသားစုအစဉ်အဆက် လက်ဆင့်ကမ်းစကားအရ အဘိဆီးနီးယား (အီသီယိုးပီးယား) မင်းသားငယ်တစ်ယောက်သည် အဖမ်းခံရကာ ကွန်စတင်တီနိုပို (အီစတန်ဘူ) ကျွန်ဈေးတွင် တင်ကာ ရောင်းချခြင်းကို ခံခဲ့ရသည်။ ထိုကလေးကို မဟာပီတာကတွေ့ရှိကာ ဝယ်ယူခဲ့သည်။ မဟာပီတာတို့ ခေတ်က အသားမည်းသောသူကလေးများကို ချစ်စနိုး မွေးလေ့ရှိကြသည်။ ထိုပီတာ၏နီဂရိုး (ရှေးခေတ်အခေါ်) ကလေး၏အမည်မှာ အေဗရာဟင်ဟန်နီဘော ဖြစ်သည်။ သူသည် ပီတာ၏ သွေးသောက်ရဲဘော်ရဲဘက် ဖြစ်

လာခဲ့သည်။ စာပေတတ်ကျွမ်းကာ ဉာဏ်ကောင်းသောပီတာက သားအရင်းသဖွယ် ချစ်ခင်သော ပီတာကိုလည်း ဖခင်အရင်းသဖွယ် ချစ်ခင်သော ထိုအေဗရာဟင်သည် လူပျိုတစ်ယောက်ဖြစ်လာပြီးနောက် တစ်စတစ်စ ညှိုးချုံးလာကာ တစ်နေ့တွင် ပီတာ၏ထံသို့ဝင်၍ နိုင်ငံရပ်ခြားသို့ ထွက်ခွာခွင့်တောင်းသည်။

အကြောင်းရင်းကိုစစ်သော် သူသည် ရုရှသူကောင်းမျိုးနွယ်ဝင် အမျိုးသမီးတစ်ယောက်ကို ချစ်ခင်မြတ်နိုးမိသဖြင့် ချစ်ရေးဆိုရာ ထိုအမျိုးသမီးကရော မိဘများကပါ မတူမတန် လုမ်းရပါမည်လားဟု ရက်စက်စွာပြောဆိုလိုက်သည်။ အေဗရာဟင်ကလည်း ထိုအမျိုးသမီးကို မရသဖြင့် ညှိုးချုံးသောစိတ်ဖြင့် ရုရှားမှထွက်သွားချင်မိပါကြောင်း မဟာပီတာကို ပြောပြရာသည်။ မဟာပီတာသည် ထိုအမျိုးကောင်းသမီး၏အိမ်သို့ ကိုယ်တိုင်ကြွချီခဲ့သည်။ အရပ် ၇ ပေခန့်ရှိသော ခန့်ထည်သော အာဏာစက်ပြင်းထန်သော မဟာပီတာက သမီးတောင်းသည်တွင် ငြင်းပယ်ရန်ဝံ့စားသူ မရှိနိုင်ချေ။ ပီတာသည် သူတောင်းခဲ့သောသတို့သမီးကို သူ့အချစ်တော် နီဂရိုးကလေးနှင့် ပေးစားသည်။ ပွတ်ရှကင်၏ အမိဘက်မှ မိခင်သည် အေဗရာဟင်၏ မြေးတော်စပ်လေသည်။


ထိုသို့သော ထူးခြားသည်ဖြစ်ရပ်များသည် ထူးခြားသည့်လူသား မဟာပီတာမှသာ ဆောင်ရွက်ချက်များ၏ ရလဒ်ဖြစ်ပေသည်။

ပီတာသည် ယခုခေတ်ရုရှကို အင်အားကြီးနိုင်ငံ အဆင့်အတန်းရှိထားသည်အထိ တိုးတက်အောင် အုတ်မြစ်ချပေးနိုင်ခဲ့သော သူတစ်ယောက်ဖြစ်သည်။ သူ၏ကိုယ်ရည်ကိုယ်သွေးသည်လည်း ယခုခေတ်ရုရှတိုင်အောင် လွှမ်းခြုံထားနိုင်ခဲ့သည်ဟုပင် ဆိုနိုင်လေသည်။ သူ၏အမျှော်အမြင်ကြီးမှုကြောင့် ရုရှသည် ကုန်းတွင်းပိတ်နိုင်ငံတစ်ခုအဖြစ်မှ ပင်လယ်ဆိပ်ကမ်းများကိုပိုင်ဆိုင်သော နိုင်ငံဖြစ်လာလေသည်။ သူသည် ပင်ကိုထက်မြက်သော ဉာဏ်ရှိသည်။ တက်ကြွပျော်ရွှင်တတ်သူဖြစ်သည်။ ရဲရင့်သော လုံ့လဝီရိယကြီးမားသော သံမဏိစိတ်ထားရှိသော သူတစ်ယောက်ဖြစ်သည်။ သူသည် သူ၏ပုံစံအတိုင်း ရုရှကိုပြောင်းလဲနိုင်အောင် ကြိုးစားရင်း အသက်အလွှန်ငယ်



သေးသော ၅၀ ကျော်စအရွယ်တွင် ရက်အနည်းငယ်ဖျားနာကာ ကွယ်လွန်ခဲ့သည်။ ထိုသို့ ဖျားနာရသည့်အကြောင်းရင်းမှာ အေးမြလွန်းသော မြောက်ပင်လယ်တွင် တံငါလှေတစ်စင်း နစ်မြုပ်သည်ကို မြင်သည်နှင့် သူ၏သင်္ဘောမှ ကိုယ်တိုင်ရေထဲဆင်း၍ ကယ်ဆယ်သောကြောင့် အအေးမိဖျားနာခြင်း ဖြစ်သည်ဟုဆိုသည်။

ထူးခြားသောလူသားများသည် သူတို့ကြုံတွေ့ရသော ပြဿနာများကို ထူးခြားစွာ တုံ့ပြန်တတ်ရာ နိုင်ငံအတွက် အကျိုးများစွာရခဲ့သော်လည်း နစ်နာသူများလည်း များစွာရှိမည်။ အကျိုးခံစားရသူများလည်း များစွာရှိမည်ပင်။ သူတို့၏ ဘဝကိုပုံဖော်ရာတွင်လည်း တစ်ဖက်စောင်းနင်း ဖြစ်နေတတ်သည်မှာ ဓမ္မတာပင်။ ချစ်သူများ၏ စူးနစ်သောချစ်ခြင်းမေတ္တာ မုန်းသူများ၏ တူးခြစ်ခါးသီးသော ဒေါသအမျက်တို့၏ လွှမ်းဆွဲမှုကြောင့် သူတို့၏ ရုပ်သွင်သည် ပီပြင်စွာရေးဆွဲရန်သော်လည်းကောင်း သူတို့၏အကြောင်းကို မှန်ကန်စွာ ရေးဖွဲ့ရန်သော်လည်းကောင်း ခက်ခဲမည်ဖြစ်သည်။ ။





ပထမမြောက် နပိုလီယံ

စာအုပ်များစုဝေးရာ

## ပထမမြောက် နပိုလီယံ

## ပထမမြောက် နပိုလီယံ ပေါ်ပေါက်လာသည့် နောက်ခံသမိုင်း ၁

နပိုလီယံသည် ပြင်သစ်ဘုရင်အဖြစ် ကျော်ကြားထင်ရှားသော်လည်း ပြင်သစ်နိုင်ငံသားလည်းမဟုတ်၊ ပြင်သစ်သွေးလည်း မစစ်ပေ။ သူသည် ပြင်သစ်တို့၏ လက်အောက်နယ်ပယ်တစ်ခုဖြစ်သော ကော်ဆီးကားကျွန်းတွင် မွေးဖွားခဲ့၍ သူသည် အီတလီသွေးပါသော ကော်ဆီကားနယ်သားတစ်ဦးသာ ဖြစ်ခဲ့သည်။

ပထမမြောက် နပိုလီယံကေရာစ်ဘွဲ့ကို ခံယူခဲ့သော်လည်း မြန်မာရာဇဝင်လာ စကားဖြင့်ပြောရပါမူ ငတပါးဘုရင်ဖြစ်သည်။ သူ၏အကြောင်းကို မတင်ပြမီ သူ၏မွေးစားနိုင်ငံဖြစ်ခဲ့သည့် (ယခုခေတ်) ပြင်သစ်နိုင်ငံ၏ အကြောင်းကို တင်ပြမည်ဖြစ်ပါသည်။

ပြင်သစ်နိုင်ငံ၏ ရုံးသုံးအမည်မှာ ပြင်သစ်သမ္မတနိုင်ငံ ဖြစ်သည်။ အနောက်ဥရောပနိုင်ငံများအနက် ပမာနစက်မှုနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပြင်သစ်သည် ရုရှားနှင့် ယူကရိန်းပြီးလျှင် တတိယမြောက်အကျယ်ဝန်းဆုံး နိုင်ငံဖြစ်သည်။ လူဦးရေအရဆိုလျှင် ဥရောပတွင် စတုတ္ထလိုက်သောနိုင်ငံဖြစ်သည်။ ပြင်သစ်သမ္မတနိုင်ငံထဲတွင် ပင်လယ်ရပ်ခြားပိုင်နက် ၁၀ ခုရှိသည်။ ပြင်သစ်ကိုလိုနီခေတ်က အကျန်အကြွင်းပိုင်နက်များဖြစ်သည်။ ပါရီသည် ပြင်သစ်၏ အကျယ်ဝန်းဆုံးမြို့ဖြစ်ကာ မြို့တော်လည်း ဖြစ်သည်။

ပြင်သစ်၏အရှေ့မြောက်ဘက်တွင် ဘယ်လ်ဂျီယန်၊ လူဇင်ဘတ်တို့နှင့် နယ်နိမိတ်ချင်းစပ်လျက်ရှိသည်။ အရှေ့ဘက်တွင် ဂျာမနီ၊ ဆွစ်ဇာလန်၊ အီတလီတို့နှင့် နယ်နိမိတ်ချင်းစပ်သည်။ အနောက်တောင်ဘက်တွင် စပိန်၊ အင်ဒိုရာတို့နှင့်စပ်လျက် တည်ရှိသည်။ ပြင်သစ်၏ အနောက်မြောက်ဘက်

တွင် အင်္ဂလိပ်ရေလက်ကြားက ဝိုင်းလျက်ရှိသည်။ ဒိုဗာအမည်ရှိသော နေရာတွင် ပြင်သစ်နှင့် အင်္ဂလန်ကို ၂၁ မိုင်မျှသာ ကွာဝေးတော့သည်။ ပြင်သစ်သည် ပင်လယ်သုံးခုကို မျက်နှာမူလျက်ရှိသည်။ အနောက်ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ၊ မြောက်ဘက်တွင် မြောက်ပင်လယ်။ အရှေ့တောင်တွင် မြေထဲပင်လယ် တို့ဖြစ်ကြသည်။

ပြင်သစ်သည် ရှုမျှော်ခင်းမျိုးစုံရှိသော နိုင်ငံဖြစ်သည်။ ကမ်းခြေမြေနိမ့်ပိုင်းများ၊ မြောက်ပိုင်းတွင် ကျယ်ပြန့်သောမြေပြင်ကျယ်များ၊ တောင်ထူထပ်သော တောင်ဘက်နယ်များ၊ အရှေ့ဘက်တွင် စိမ်းလန်းသောတောင်ကြားများနှင့် နှင်းဆောင်းအဲလ်ပ်စ်တောင်တန်းများ တည်ရှိသည်။ ပြင်သစ်နိုင်ငံ၏နယ်နိမိတ်တစ်လျှောက်တွင် တောင်ကုန်းတောင်တန်းများ တည်ရှိသည်။ နိုင်ငံ၏အနောက်မြောက်ဘက်ပိုင်းမှာမူ အကာအကွယ်မဲ့လျက်ရှိသည်။ ပြင်သစ်တွင် မြစ်မပေါင်းများစွာ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ထိုမြစ်များမှာ ဆိန်းမြစ် (Seine)၊ လွိုင်ယာမြစ် (Loire)၊ ဂါရွန်နီ (Garonne) နှင့် ရုံးမြစ် (Rhone)တို့ဖြစ်ကြသည်။

ပြင်သစ်နိုင်ငံတွင် မြို့ပြလူနေမှုစနစ် ထွန်းကားသည်။ လူဦးရေသုံးပုံနှစ်ပုံမှာ မြို့ကြီးများတွင် နေထိုင်ကြသည်။ ပါရီမြို့တော်၏ အလယ်ပိုင်းတွင် လူဦးရေတစ်သန်းကျော် နေထိုင်လျက်ရှိသည်။ ပြင်သစ်နိုင်ငံတွင် လူဦးရေ အထူထပ်ဆုံးနေရာတစ်ခုဟု ဆိုနိုင်သည်။ ပြင်သစ်လူမျိုးများသည် ကမ္ဘာပေါ်တွင် အကြွယ်ဝဆုံး၊ အကျန်းမာဆုံး၊ ပညာအတတ်ဆုံးလူများထဲတွင်ပါဝင်သည်။ သို့သော် ပြင်သစ်တွင် နေထိုင်သူများထဲတွင်လည်း ဆင်းရဲသူများ အများအပြားရှိနေသေးသည်ဖြစ်ရာ လူမှုဖူလုံရေးကိုလည်း စနစ်တကျထားရှိသည်။ ပြင်သစ်နိုင်ငံသားများသည် ပြင်သစ်ဘာသာစကားကို ပြောကြသည်။ ပြင်သစ်သည် ပင်မဘာသာစကားဖြစ်သည်။ လွှမ်းမိုးမှုအရှိဆုံးကိုးကွယ်ယုံကြည်မှုမှာ ရိုမန်ကက်သလစ်ဘာသာ ဖြစ်သည်။

ပြင်သစ်ယဉ်ကျေးမှု တစ်နည်းဆိုသော် အနုပညာနှင့် စာပေသည် ဥရောပတိုက်ကို လွှမ်းခြုံလွှမ်းမိုးလျက်ရှိသည်။ ပြင်သစ်နိုင်ငံ၏ မြို့တော်



ပါရီသည် ယဉ်ကျေးမှုအထွန်းကားဆုံး မြို့တော်များအနက်မှ တစ်မြို့ဖြစ်သည်။ အလယ်ခေတ်မှစ၍ ပါရီသည် ယဉ်ကျေးမှုဗဟိုချက်မ ဖြစ်လာခဲ့သည်။ ကမ္ဘာပေါ်တွင် ထင်ရှားသော ပြင်သစ်ပညာရှင်များ အနုပညာသည်များထဲတွင် ဒဿနပညာရှင်များ၊ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ပန်းပုဆရာများ၊ ဗိသုကာများ၊ သီချင်းရေးသူများ၊ ဓာတ်ညွှန်းရေးဆရာများ၊ ရုပ်ရှင်ဒါရိုက်တာများ ပါဝင်သည်။

ပြင်သစ်တို့၏ စာပေနှင့်အနုပညာသည် ထူးခြားစွာ ကမ္ဘာကျော်ခဲ့သည်။ ဉာဏ်သစ်လောင်းခေတ်နှင့် အသိအမြင်ပွင့်လင်းသော ခေတ်တို့တွင်လည်း ပြင်သစ်၏ဦးဆောင်မှုသည် ထူးခြားစွာ ပြောပလောက်သည့် ကိစ္စဖြစ်ခဲ့သည်။ ၁၉ ရာစုတွင် ထွန်းကားလာသော အင်ပရက်ရှင်ဝါဒဟုခေါ်သော ပန်းချီရေးဆွဲနည်းစနစ်သစ်သည် ပြင်သစ်တွင် စတင်ပေါ်ပေါက်ခဲ့သည်။ ၂၀ ရာစု ပြင်သစ်တွင် ဒါဒါဝါဒ ဆာရီယယ်ဝါဒစသည့် ထူးခြားဆန်းပြားသော စာအရေးအသားများ အနုပညာများ ထွန်းကားလာသည်။

ပြင်သစ်စားသောက်ဖွယ်ရာများသည်လည်း ကမ္ဘာတွင် ထင်ရှားကျော်ကြားခဲ့သည်မှာ ကြာပြီဖြစ်သည်။ ထို့ပြင် အဝတ်အစား ဆန်းဆန်းပြားပြား လှလှပပ ဝတ်လိုသော ခြေးရေတက်တို့သည် ပြင်သစ်ဖက်ရှင်ကိုမှ မျက်စိတွေ့ကြသည်မှာ ကြာခဲ့ပြီဖြစ်သည်။ ပြင်သစ်သည် အစားအသောက် အဝတ်အထည် အနေအထိုင်နှင့်ပတ်သက်၍ ကျော်ကြားထင်ရှားသကဲ့သို့ ပြင်သစ်လူမျိုးတို့၏ ခံစားချက် အတွေးအခေါ်များနှင့် ပတ်သက်၍လည်း ထင်ရှားကျော်ကြားသည်။

ပြင်သစ်နိုင်ငံ၏အကြောင်း ပါရီမြို့တော်၏အကြောင်းတို့ကို ပြောပါက အဆင့်မြင့်ယဉ်ကျေးမှု ဗိသုကာလက်ရာကြီးတစ်ခုဖြစ်သော ဗာဆိုင်းလ်နန်းတော်၏အကြောင်းကို ထည့်သွင်းပြောဆိုခြင်းမပြုက ပြည့်စုံမည်မဟုတ်ချေ။ ထိုဗာဆိုင်းနန်းတော်သည် ပါရီမြို့တော်၏ အပြင်ဘက်တွင်ရှိသည်။ လူဝီဘုရင် ၁၃ ၏လက်ထက်တွင် တောကစားထွက်သည့်အခါ၌ နားနေသည့် စခန်းကလေးဖြစ်ခဲ့သည်။ ထိုစခန်းကလေးကို လူဝီ ၁၄ လက်ထက်တွင်

နန်းတော်ကြီးတစ်ခုအဖြစ် ဆောက်လုပ်ခဲ့ခြင်းဖြစ်သေသည်။ လူဝီ ၁၄ သည် ၁၆၄၃ မှ ၁၇၁၅ အထိ ပြင်သစ်တွင် စိုးစံခဲ့သည်။ ထိုမင်းသည် ဘုရင်မင်းမြတ်ကို ဘုရားသခင်က အာဏာအပ်နှင်းထားသည်ဟူသော အယူအဆ (Devine right policy) ကို လုံးဝဥသုံ လက်ခံကျင့်သုံးခဲ့သော မင်းဖြစ်ခဲ့သည်။ ထို့ကြောင့် သက်ဦးဆံပိုင် ပဒေသရာဇ်အဖြစ် သူ့လက်ထက်က ပြည်သူပြည်သားများကို ဖိနှိပ်၍ အုပ်ချုပ်ခဲ့သည်။

ပါရီ၏အနောက်တောင်ဘက်တွင် တည်ဆောက်ခဲ့သော ဗာဆိုင်းလ်ကို သူ၏စံနန်းအဖြစ် သုံးခဲ့သည်။ ထိုနန်းတော်ကို ၁၇ ရာစုနှစ် နောက်ပိုင်းတွင် ပြတိုက်များ၊ အဆောင်များ၊ ခန်းမကျယ်ကြီးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

နန်းတော်၏အပြင်ဘက်တွင်လည်း ဥယျာဉ် ပန်းမန် ရေကန် ရေပန်းများ ရုပ်တုများဖြင့် သာယာလှပစွာ တန်ဆာဆင်ထားခဲ့သည်။ ထိုသို့တင့်တယ်သော နန်းတော်ကြီးအတွင်းတွင် ခန်းမဆောင်အမျိုးမျိုးတွင် ဆင်ယင်ထားသောပစ္စည်းများအလိုက် အမည်ပေးထားလေသည်။ ထိုသို့လှပခမ်းနားလှသော အဆောက်အဦများဆောက်လုပ်ရာတွင် ပြည်သူပြည်သားများထံမှ အခွန်အတုတ်များကို တိုး၍ကောက်ခံကြသည်။

လူဝီ ၁၄ သည် ပြင်သစ်နိုင်ငံကို အင်အားကြီးမားသော ယဉ်ကျေးမှုမြင့်မားသော နိုင်ငံတစ်နိုင်ငံအဖြစ် သူ့အားဆက်ခံသူများအတွက် ထားခဲ့ချင်သည်။ ထို့ကြောင့် ပြင်သစ်တပ်မတော်ကို အင်အားဖြည့်တင်းသည်။ ယဉ်ကျေးမှုကို မြှင့်တင်ရာတွင် စာပေပညာရှင်များ အနုပညာရှင်များကို ချီးမြှင့်မြှောက်စားသည်။ သူ၏လက်ထက်တွင် ပြင်သစ်ပြည်ကို အရှေ့ဘက်တွင်လည်းကောင်း၊ မြောက်ဘက်တွင်လည်းကောင်း ချဲ့ထွင်ခဲ့သည်။ ထိုသို့သော အမှုကိစ္စများကို ဆောင်ရွက်ရာတွင် မင်းဖြစ်သူအနေဖြင့် တန်ခိုးတော်ဓာတိုးတက်လာသော်လည်း အောက်ခြေမှ ပြင်သစ်နိုင်ငံသား အများအပြားမှာ လွန်စွာအတိဒုက္ခရောက်ခဲ့ရသည်။ အခွန်များ တိုးမြှင့်ကောက်ခံခြင်းကြောင့်လည်းကောင်း၊ စစ်ပွဲများတွင် တာဝန်ထမ်းဆောင်ရန် ဆင့်ခေါ်ရာသို့ လိုက်ရသောကြောင့်လည်း ကောင်း ဒုက္ခရောက်ကြရခြင်းဖြစ်သည်။



လူဝီ ၁၄ ကွယ်လွန်သည့်အခါ သူ၏ထီးနန်းကို မြစ်တော်သူက လူဝီ ၁၅ ဘွဲ့နှင့်ဆက်ခံသည်။ သူသည် ၁၇၁၀ ခု ဖေဖော်ဝါရီလ ၁၅ ရက်တွင် ဗာဆိုင်းလ်တွင် မွေးဖွားသည်။

သူသည်လည်း ခမည်းတော် မယ်တော် နောင်တော်များက ဘိုးတော်ထက်စော၍ ကွယ်လွန်ကြသောကြောင့် အသက် ၅ နှစ် အရွယ်မှစ၍ ထီးနန်း ဆက်ခံရသည်။ ရင်ခွင်ပိုက်အုပ်ချုပ်သူမှ Phillippe ii , Duc d' Orleans ဖြစ်သည်။ ရင်ခွင်ပိုက်အုပ်ချုပ်သူက လူဝီ ၁၅ အသက် ၁၁ နှစ်ရှိသည့်အချိန်တွင် ပဉ္စမမြောက် စပိန်ဘုရင်၏သမီးတော်ကလေး မာရီယားနားနှင့် စေ့စပ်ခဲ့သည်။ သို့သော် ပထမရင်ခွင်ပိုက်အုပ်ချုပ်သူ ကွယ်လွန်သည့်အချိန်တွင် အမတ်ချုပ်ကြီးအဖြစ် လူဝီဟင်နရီ (Louis Henri duc de bourbon-conde) က ပထမစေ့စပ်ခြင်းကို ပယ်ဖျက်ကာ လူဝီ ၁၅ ကို ပိုလန်နန်းကျဘုရင်၏ သမီးတော်နှင့် ထိမ်းမြားပေးစားခဲ့သည်။ ထိုသို့ထိမ်းမြားလက်ထပ်ခြင်းများသည် မိမိတို့နိုင်ငံအကျိုး ပိုမိုရရှိအောင် တောင့်တင်းခိုင်မာသော မဟာမိတ်ကိုရှာရန် ဆောင်ရွက်ကြသော်လည်း တစ်ခါတစ်ရံမှားယွင်းကာ စစ်မက်ဖြစ်ပွားသည်အထိ ဖြစ်ခဲ့ရသည်။

လူဝီ ၁၅ သည် မိမိကိုယ်ကိုယ် ယုံကြည်ကိုးစားသသောစိတ်နည်းပါးသော သူတစ်ဦးဖြစ်သည်။ သူသည် သူ၏ဝန်ကြီးများကိုပင် ချုပ်ကိုင်နိုင်ရန် မစွမ်းသဖြင့် ကိုယ်ကျိုးရှာသောဝန်ကြီးများ မင်းညီမင်းသားများများပြားလာသည်။

လူဝီ ၁၅သည် ထီးရေးနန်းရေး အခြေအနေကိုထိန်းသိမ်းရန် ကြိုးပမ်းပါသေးသည်။ သို့သော် ထိုသို့ထိန်းသိမ်းခြင်းသည် မအောင်မြင်ခဲ့ချေ။ ဘုရင်တစ်ပါးအနေဖြင့် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်သည်မှာ မောင်းမမိဿံ အများအပြားထားခြင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းစသည်တို့ဖြစ်သည်။

သူသည် မြေးဖြစ်သူ လူဝီ ၁၆ ကို ကြည့်ရင်း အင်း၊ သည်ကလေးတော့ ခံရတော့မယ်ဟု ပြောခဲ့သလို ငါမရှိတာနဲ့ စုပြုံကျဆင်းတော့မှာပဲဟုလည်း ဆိုခဲ့သည်ကိုထောက်၍ သူ၏လုပ်ရပ် အဟုတ်မဟုတ်သည့်

အကြောင်းကို သိနားလည်ခဲ့သည်။ သို့သော် ဉာဏ်လည်းမကောင်းသည့်ပြင် ကိုယ်ကျိုးလည်း မစွန့်နိုင်သည့်အတွက် နောင်မှရောက်ရားပှသောစိတ်ဖြင့် နိုင်ငံအတွက်သာမက ဆက်ခံမည့်အရိုက်အရာအပေါ်မှာပင် ထောက်ထားခြင်း မရှိဘဲ နန်းစံ သက် ၅၉ နှစ်ကြာအောင် စည်းစိမ်ခံစား၍သွားခဲ့သည်။

လူဝီ ၁၅ ကွယ်လွန်ချိန်တွင် မြေးတော်သူ လူဝီ ၁၆ နန်းတက်လာသည်။ လူဝီ ၁၅ မကွယ်လွန်မီကတည်းက ဩစတြီးယားမင်းသမီး မာရီအင်တွိုင်းနက်နှင့် ပေးစားခဲ့သည်။ ယခုတင်ပြခဲ့သည့်အထဲမှာပင် မင်းသားနှင့် မင်းသမီးများသည် အရွယ်မရောကမီမှာပင် လူမျိုးမတူ ဘာသာစကားမတူသော နိုင်ငံများမှ မင်းသား မင်းသမီးများနှင့် စပ်ဟပ်ပေးစားခြင်းခံရသည်ကို တစ်ခါမက ဖော်ပြခဲ့ပြီဖြစ်သည်။ ဥရောပ မြေရှင်ပဒေသရာဇ်များသည် အကျိုးရှိမည်ဆိုပါက သားပေးသမီးယူ လုပ်တတ်ကြသည်ကို သိနားလည်နိုင်သည်။ ကောင်းစွာအရွယ်မရောက်သေးသော မင်းသမီးကလေးကို လူပို့ပေါက်စ အစားလည်းကြီးသော မင်းသားငယ်က ဧည့်ခံဝတ်ပြုခြင်းမပြုနိုင်အောင်ပင် မင်္ဂလာစားပွဲကြီးတွင် အစားကိုသာ ကုန်း၍စားနေခဲ့သည်ဟု ဆိုသည်။ ထိုသို့များစွာနုနယ်သေးသော မင်းသား မင်းသမီးများသည် ရင့်ကျက်ချိန်မရအောင် လူကြီးများက ကျားရုပ်များကိုရွှေ့သလို ရွှေ့ခြင်းကို ခံယူခဲ့ရသဖြင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများမှာ များလှစွာ၏။

လူဝီ ၁၆ သည် အစားလည်းကြူးသည်။ ပျင်းလည်းပျင်းသည်။ မင်းသားတစ်ပါးတတ်အပ်သော ပညာများကိုလည်း တတ်လည်းမတတ်၊ လိုက်လည်း မလိုက်စားခဲ့ဟု ဆိုသည်။ အမဲလိုက်ခြင်းကို ဥရောပ မင်းညီမင်းသားများသည် အားကစားတစ်ခုအဖြစ် ယခုတိုင် လိုက်စားဆဲဖြစ်သည်။ လူဝီ ၁၆ လည်း အမဲလိုက်တတ်သည်။ သူသည် ဗာဆိုင်းလ်နန်းတော်နယ်မြေတွင်းတွင် မွေးမြူထားသော သမင်ကလေးများကို နန်းတော်ပြတင်းပေါင်ပေါ်တွင် သေနတ်ပြောင်းတင်၍ ကောင်းစွာချိန်ကာ ပစ်တတ်သည်ဟု ဆိုသည်။

သူ၏ထူးခြားမှုမှာ သော့များကိုပြင်ဆင်ရန် ဝါသနာကြီးခြင်းဖြစ်သည်။



သော့ခလောက်အမျိုးမျိုး သော့တံအမျိုးမျိုးကို ခါးတွင်ချိတ်ကာ နန်းတော်တွင်းတွင် လျှောက်သွားနေတတ်သည့် သော့ပြင်သမားများနှင့် ရင်းနှီးစွာ ပေါင်းသင်းနေတတ်သည့် ဘုရင်သည် မိဖုရားဖြစ်သူကိုလည်း စိတ်မဝင်စားပေ။ သူတို့သည် ထင်ရာစိုင်းနေသော ကလေးနှစ်ယောက်လို ကျင့်ကြံကြသည်။ မေရီအင်တွိုင်းနက်ကလည်း ပျော်စရာအမျိုးမျိုးကို ရှာကြံကာ ပျော်အောင် နေသည်။ ဝတ်စရာဆင်စရာများကို ဝယ်ယူသုံးဖြုန်းသည်။ ထိုသို့ မင်းနှင့်မိဖုရား သုံးကြဖြုန်းကြသည်ကို ရှေးယခင်ကလူများသည် မြင်အောင်လည်း မကြည့်တတ်ခဲ့ကြချေ။ မြင်ခဲ့သော်လည်း ထုံးစံပဲလေဟုဆိုကာ သေသည့်တိုင် ခါးချိုး၍ ပင်ပန်းကြီးစွာ ကုန်းရုန်းကာ ကျွန်ခံခဲ့ကြသည်။ လူဝီ ၁၆ နှင့် မေရီအင်တွိုင်းနက်တို့ ထီးနန်းစိုးစံချိန်သည် ၁၈ ရာစုသို့ ရောက်ပြီ။ ၁၈ ရာစုပင် ကုန်ခါနီးပြီ။ ယခင်ကတည်းက ရှိခဲ့သောထုံးစံအဖြစ်ယူဆကာ နေတတ်သော ပြင်သစ်နိုင်ငံသားများအစား ပညာတတ်သူ ဗဟုသုတကြွယ်ဝသူ ပစ္စည်းဥစ္စာပေါများသူ ဘူဇွာခေါ် လူလတ်တန်းစားများ ထွန်းကားပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။

ဉာဏ်နည်းသူ ဘုရင်နှင့်မိဖုရားတို့သည်လည်းကောင်း၊ မင်းလိုလိုက် မင်းကြိုက်ပြောကာ ကိုယ်ကျိုးရှာခဲ့ကြသူများသည်လည်းကောင်း ပတ်ဝန်းကျင်တွင် ပြောင်းလဲဖြစ်ပေါ်နေသည့် အခြေအနေများကို မသိနားမလည်ကြချေ။ မြေရှင်ပဒေသရာဇ်စနစ်ဟူသော အိပ်မက်ထဲမှ မနိုးထနိုင်လောက်အောင် ဖြစ်နေခဲ့သည်။ မင်းနှင့်မိဖုရားကို ပဒေသရာဇ်အိပ်မက်ထဲမှ မနိုးထနိုင်အောင် မင်းလိုလိုက် မင်းကြိုက်ပြောကာ ကိုယ်ကျိုးရှာနေသူများကလည်း ကြံစည်၍ မြှောက်ပင့်နေခဲ့လေသည်။

ပတ်ဝန်းကျင်တွင် မသိနားမလည်သူများက သာမန်အားဖြင့် မကျေနပ်ရုံ မကြိုက်ရုံလောက်သာဖြစ်နေသော်လည်း အသိအမြင်ပွင့်လင်းသူများကမူ ထွက်ပေါက်ကို မြင်တွေ့နေပြီဖြစ်သည်။ ထိုထွက်ပေါက်အတိုင်း လိုက်ဖို့ရာမှာ ဆင်းရဲသားများ မြေကျွန်များကပါ အုံကြွဖို့ရန်လိုသည်ဟု ထိုသူများက သိထားကြသည်။ ထို့ကြောင့် ဆင်းရဲသားများပါလာအောင် စုစည်းခဲ့ကြသည်။

မေရီအင်တွိုင်းနက်ကို ပြင်သစ်မင်းသားနှင့် ထိမ်းမြားပေးစားကာ ချစ်ကြည်ရေးတည်ဆောက်ရန် ကြိုးစားခဲ့သော သြစတြီးယား တော်ဝင်မိသားစုကလည်း ပြင်သစ်တွင် ဘုရင်နှင့်အပြိုင် ထင်ရာစိုင်းနေသော မေရီအင်တွိုင်းနက်ကို သားသမီးပွားစီးကာ ရင့်ကျက်လာအောင် စာတစ်တန်ပေတစ်တန်ဖြင့်တစ်မျိုး၊ နောင်တော်ကိုယ်တိုင်လာရောက်ကာ နားချ၍တစ်ဖုံ ဘုရင်နှင့် မိဖုရားတို့ကို စိတ်ပြောင်းအောင် ဆောင်ရွက်ခဲ့ကြသည်။ သားသမီးများ မွေးဖွားလာသည်အထိ ရင့်ကျက်လာသည့်တိုင် ပြင်သစ်နိုင်ငံသားများက မေရီအင်တွိုင်းနက်ကို သူတို့၏မိဖုရားဟု မမြင်နိုင်ခဲ့ကြချေ။ သြစတြီးယားမဟုသာ ခေါ်ဆိုခဲ့ကြသည်။ သူကလည်း လူမြင်သူမြင် ဖြန်းတီးသုံးစွဲကာ အများအမြင်တွင် ချစ်ကြည်လေးစားဖွယ် အကွက်တစ်ကွက်မှ မရှိအောင် နေထိုင်ခဲ့သည်။ ထို့ကြောင့် ဘုရင်နှင့် မိဖုရားတို့သည် သူတို့၏ဘဏ္ဍာတော်တိုက်တွင် ငွေကြေးခန်းခြောက်ကာ အသုံးအစွဲကျပ်တည်းသွားသည်ဆိုသည့် အချက်ကိုသာ သိကြ၍ မည်သို့ဆောင်ရွက်ရမည်ကို မသိကြဘဲဖြစ်နေစဉ် မမျှော်လင့် မထင်မှတ်ခဲ့သည့်ဖြစ်ရပ်များ တရစပ်ပေါ်ပေါက်ခဲ့သည်။ ထိုဖြစ်ရပ်များကိုစုစည်းကာ ပြင်သစ်တော်လှန်ရေးဟု ခေါ်ဆိုပါသည်။

## ပထမမြောက် နပိုလီယံ ပေါ်ပေါက်လာသည့် နောက်ခံသမိုင်း ၂

ပြင်သစ်သမိုင်းတွင် ပြင်သစ်တော်လှန်ရေး (၁၇၈၉–၁၇၉၉) မပါဘဲနှင့် မပြည့်စုံနိုင်ပေ။ ထိုပြင်သစ်တော်လှန်ရေးသည် ပြင်သစ်လူမှုအဖွဲ့အစည်းကို ပြောင်းလဲပစ်လိုက်ရုံမက ပြင်သစ်နိုင်ငံရေးစနစ်ကိုလည်း ပြောင်းလဲပစ်လိုက်သည့် တော်လှန်ရေးဖြစ်ပေသည်။

နိုင်ငံရေးစနစ်ကို ပြောင်းလဲပစ်သည်ဟုဆိုရာတွင် သက်ဦးဆံပိုင်ဘုရင်စနစ်ကို ပြောင်းလဲပစ်ခြင်းဖြစ်သည်။ လူမှုအဖွဲ့အစည်းကို ပြောင်းလဲပစ်သည်ဟုဆိုရာတွင် သက်ဦးဆံပိုင်ဘုရင်များနှင့် မင်းညီမင်းသားများ အုပ်စိုး



သော မြေကျွန်များ ဆင်းရဲသားများ၏ဆက်ဆံရေးကို ပြောင်းလဲပစ်ခြင်းဖြစ်ပေသည်။ မြေကျွန်များ ဆင်းရဲသား လက်လုပ်လက်စားများသည် အသိအမြင် ဖွံ့ဖြိုးနိုင်ခွင့် မရရှိအောင် ဖိနှိပ်ထားခြင်းကို ခံခဲ့ကြရသည်။ ထိုသို့ခံခဲ့ကြရသူများသည် သူတို့ချည်းသက်သက် မြေရှင်ပဒေသရာဇ်များကို တော်လှန်ခဲ့ကြခြင်း မဟုတ်ပေ။ သူတို့ကိုဦးဆောင်မည့်သူများသည် ၁၈ ရာစုတွင် အားကောင်းလာပြီဖြစ်သည်။ ပဒေသရာဇ်မျိုးရိုးထဲမှ ပညာတတ်သူများ ကုန်သည်လူတန်းစားများထဲမှ ပညာတတ်သူ လူလတ်တန်းစားများ ရိုမန်ကက်သလစ်ကျောင်းတော်မှ အသိအမြင်ပွင့်လင်းသူများက စုစည်းပြီး ဦးဆောင်ကာ မြေရှင်ပဒေသရာဇ်တို့ကို တော်လှန်ခဲ့ကြခြင်း ဖြစ်ပေသည်။

ပြင်သစ်တော်လှန်ရေးကို **'၁၇၈၉ တော်လှန်ရေး'** ဟုလည်း ခေါ်ဆိုကြသည်။ တော်လှန်ရေးတစ်ခုပေါ် ပေါက်ခြင်းသည် မီးတောင်ပေါက်ခြင်းနှင့်တူသည်။ မီးတောင်သည် ပေါက်ကွဲသည့်အချိန်မှသာ လူသိများ၍ အန္တရာယ်ကြီးလှသည်ဟု သိကြသော်လည်း မြေ၏အတွင်းတွင်း ပူပြင်းလောင်မြိုက်နေသည်မှာ အတန်ကြာမှ ပေါက်ကွဲခြင်းဖြစ်သည်။

တော်လှန်ရေးဟု ရုတ်တရက်ဖြစ်ပေါ်လာသော အုံကြွမှုပေါက်ကွဲမှုကိုသာ မှတ်ယူ၍ ပြောတတ်ကြသော်လည်း အမှန်အားဖြင့် မီးတောင်ပေါက်သည့်ပမာ အတွင်းကျိတ်ခံစားမှု ပြင်းထန်သောကြောင့်သာ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သော ပြင်သစ်မြေရှင်ပဒေသရာဇ်များ၏ အပြုအမူသည် တင်ပြခဲ့သည့် မင်း ၃ ပါးမှသာ ပြုမူခဲ့သည်မဟုတ်ပါ။ ပြင်သစ်မင်းပေါင်းများစွာ ဥရောပမင်းပေါင်းများစွာတို့သည် သူတို့ခံစားစံစားနေရသည်မှာ ဘုရားသခင်က ရွေးချယ်ထားသော မင်းများဖြစ်သဖြင့် ခံစားစံစားနေရခြင်းဖြစ်သည်ဟု ယတိပြတ်ယုံကြည်ကာ နေခဲ့ကြသည်မှာ ကြာခဲ့ပြီ။ သူတို့၏ မြေကျွန်များအပေါ် ရက်စက်မှုသည်လည်း နှစ်ပေါင်းများစွာက ကျင့်သုံးခဲ့သော ဓလေ့ဖြစ်ခဲ့သည်။ ထိုသို့ ကြာမြင့်စွာ ကျင့်သုံးလာခဲ့သော ဓလေ့ကြောင့် တော်လှန်ရေးဖြစ်ပွားသည်ဟုဆိုလျှင် ထောင့်စေ့သောအဆို

မဟုတ်နိုင်ပေ။ ပြင်သစ်တော်လှန်ရေးဖြစ်ပွားရသည့် အကြောင်းရင်းခံ ၅ ချက်ကို သမိုင်းပညာရှင်များ ပြောတတ်ကြသည်။

၁။ မင်းညီမင်းသားမဟုတ်သော လူသာမန်များသည် တစ်နည်း လူလတ်တန်းစား ကုန်သည်များ၊ ကုန်ထုတ်လုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များသည် ၁၈ ရာစုတွင် ချမ်းသာကြွယ်ဝလာကြသည်။ အသိဉာဏ်ပွင့်လင်းလာကြသည်။ ဗဟုသုတများလာကြသည်။ ထိုသို့ တိုးတက်ဖွံ့ဖြိုးခြင်းသည် စက်မှုခေတ်ပြောင်းတော်လှန်ရေးကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထိုသူများကို ဘူဇွာများဟု ခေါ်ကြသည်။ သူတို့သည် ကြွယ်ဝကာ ကောင်းစွာနေနိုင်စားနိုင်သည်။ သို့သော် သူတို့က နိုင်ငံရေးအာဏာကို လုံးဝငြင်းပယ်ခြင်းခံရသော လူတန်းစားအဖြစ် နေရခြင်း၊ မင်းညီမင်းသားများသာ ရရှိနိုင်သော တော်ဝင်နေရာဌာနများကို မရရှိနိုင်ခြင်းတို့ကြောင့် ပဒေသရာဇ်စနစ်ကို မကျေနပ်နိုင်ကြပေ။

၂။ ပြင်သစ်မြေကျွန်များသည်လည်း နိုင်ငံရေးကို နားပါးမလည်သော လူများဘဝမှ ကြားစမြင်စဖြစ်လာကာ လူချင်းတူတူ သူချင်းမျှမျှ မနေရဘဲ မြေရှင်ပဒေသရာဇ်များ၏ မြေနှင့်ချည်နှောင်ထားသော စနစ်၏သားကောင်များအဖြစ် ဆင်းရဲကြီးစွာရုန်းကန်ကာ နေရသည့်ဘဝကို လုံးဝသည်းမခံနိုင်ကြတော့ချေ။

၃။ ပြင်သစ်သည် မြေရှင်ပဒေသရာဇ် ဓနရာဇ်များ၏ ချုပ်ချယ်မှုမှုအောက်စား မှုကြောင့် ပညာတတ်များ၊ စာရေးဆရာများ များစွာပေါ်ပေါက်ခဲ့သည်။ ထိုသူများထဲတွင် ဒဿနအသစ်များကို တင်ပြလာသောသူများ ရှိခဲ့သည်။ ထိုသူများသည် ပြင်သစ်နိုင်ငံ ရင်ဆိုင်နေရသော အဖြစ်များကိုကျော်လွှားနိုင်ရန် နိုင်ငံရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများ လိုအပ်သည်ဟု တင်ပြလာခဲ့လေသည်။ ထိုသို့သောစာများကို ပညာတတ်လူလတ်တန်းစားများက များစွာဖတ်ရှု ဆွေးနွေးခဲ့ကြသည်။



၄။ ပြင်သစ်ဘုရင်များသည် ကိုယ့်ကိုယ်ကိုယ် မဟာနိုင်မှန်း မသိလေရော့သလားဟု မေးရလောက်သည်အထိ ပြည်တွင်းရေးအင်အား နည်းပါးနေသည့်အချိန်မှာပင် ဥရောပအရေးအခင်းများတွင် ဝင်ရောက်စွက်ဖက်ခဲ့ကြသူများဖြစ်သည်။ ယခုလည်း အမေရိကန် တော်လှန်ရေး စစ်ပွဲ (၁၇၇၅– ၁၇၈၃) တွင် ဝင်ရောက်ဆင်နွှဲခဲ့ကြသည်။ အမေရိကန်ဘူဇွာများက အင်္ဂလန်ဘုရင် ပြဋ္ဌာန်းထားသော ကုန်သွယ်ရေး ဥပဒေများကြောင့် မကျေမနပ်ဖြစ်ကာ အင်္ဂလန်ဘုရင်ကို တော်လှန်ခဲ့ကြသော စစ်ပွဲတွင် ပြင်သစ်များက အမေရိကန်များဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖြစ်ရသည်မှာ အမေရိကန်တွင် ပြင်သစ်များ အခြေချနေထိုင်သည့်နယ်များ ရှိနေသောကြောင့်ဖြစ်သည်။ ထိုအမေရိကန် လွတ်လပ်ရေးစစ်ပွဲတွင် ပြင်သစ်က ၁၇၇၈ ခုတွင်လည်းကောင်း၊ စပိန်က ၁၇၇၉ တွင်လည်းကောင်း၊ နယ်သာလန်က ၁၇၈၀ တွင်လည်းကောင်း ဝင်ရောက်ဆင်နွှဲခဲ့သည်။ ယော့တောင်းတွင် အင်္ဂလိပ်များ လက်နက်ချသွားရခြင်းသည် ပြင်သစ်တို့ ဝင်ရောက်ကူသောကြောင့်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုကား ပေါ်ပေါက်ခဲ့ပါ၏။ ပြင်သစ်မှာမူ စီးပွားရေးကျဆင်းနေခြင်းသည် ကပ်အသွင်သို့ ရောက်သွားခဲ့သည်။

၅။ ၁၇၈၈ ခုတွင် သီးနှံများပျက်သောကြောင့် ကြာရှည်ကြားများ စီးပွားပျက်ကပ်ကြောင့် ကသီနေသော ဆင်းရဲသားလူများစုသည် လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

အထက်တွင်ဖော်ပြခဲ့သော အချက် ၅ ချက်အနက် ပြင်သစ်တော်လှန်ရေး ပေါ်ပေါက်နိုင်သည့်တွန်းအားမှာ ကြေးရေတတ် ဗဟုသုတကြွယ်ဝသော ပညာတတ်သောလူလတ်တန်းစား ဘူဇွာများ ထွန်းကားလာခြင်းသည် ပဓာနအကြောင်းဟု ဆိုရမည်ဖြစ်၏။ ယခင်က မင်းများ မိဖုရားများ၏ အသုံးအဖြုန်း ကြီးခြင်းကို မြင်သော်လည်း ထိုအချက်သည် ဘုရားသခင် ရွေးချယ်တင်မြှောက်သောသူများ၏ ရပိုင်ခွင့်ဖြစ်သည်ဟုသာ မြင်ခဲ့ကြသည်။ ဆင်းရဲ

မွဲတေ သေကျေပျက်စီးရခြင်းသည်လည်း ဘုရားသခင်၏အလိုတော်အရသာ ဖြစ်ခဲ့သည်။

ပြင်သစ်တော်လှန်ရေးမဖြစ်ပွားမီက ပြင်သစ်ပြည်တွင် လူတန်းစား အုပ်စုသုံးစုရှိခဲ့သည်။ (Estates) ဟုခေါ်ဆိုသည့် ထိုအုပ်စုသုံးစုတွင် သာသနာ့ ဝန်ထမ်းများ the Clergy, ဘုရင်နှင့် မင်းညီမင်းသားများ မင်းဆွေမင်းမျိုးများ (သူကောင်းမျိုးများ) the nobility, အသည်သားများ the commoners များဖြစ်ကြသည်။ ရိုမန်ကက်သလစ်ကျောင်းတော်မှ သာသနာ့ဝန်ထမ်းများ သည် မင်းဆွေမင်းမျိုးများနှင့် မိတ်ဖက်လူတန်းစားများ ဖြစ်ကြသည်။ တစ်အုပ်စုနှင့်တစ်အုပ်စုတို့၏ အကျိုးအခွင့်ကို အပြန်အလှန် ကူညီယိုင်းပင်း ကြစမြဲဖြစ်သည်။ ဘုရားသခင် ရွေးကောက်တင်မြှောက်သော မင်းတရားဟု သည့် အယူအဆကို ရိုမန်ကက်သလစ်ကျောင်းတော်က တင်သည်။ အသည် သားများက မည်သည့်နည်းဖြင့်မျှ ဆန့်ကျင်ရန်မငဲ့စားအောင် ဟောပြောပို့ချခဲ့ ကြသည်။ ကျောင်းတော်ကပိုင်ဆိုင်သော စိုက်ပျိုးမြေများ၊ ကျောင်းတော်ပိုင် ပစ္စည်းများ၊ ကျောင်းတော်ပိုင် မြေကျွန်များစသည်ဖြင့် ကျောင်းတော်၏ ကြွယ်ဝမှု ကျောင်းတော်၏ လုပ်ပိုင်ခွင့်ကိုလည်း ဘုရင်က ခွင့်ပြုသည့်ပြင် ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။

တတိယအုပ်စုတွင် အစောပိုင်းက ငွေရှင်ကြေးရှင်များ မပါသေးချေ။ ထိုအချိန်က မသိနားမလည်သော မြေကျွန်များသည် အများစုဖြစ်သည်။ မသိနားမလည်သဖြင့် မြင်ပါသော်လည်း မစောကြောတတ်ကြပေ။

၁၈ ရာစုသို့ရောက်သည်တွင် ကြေးရေတတ်ကုန်သည်များသည် နယ် တကာအနှံ့သို့ ရောက်ခဲ့ကြသည်။ ကုန်ထုတ်လုပ်ငန်းများ တိုးတက်သည့် အကြောင်း ကျယ်ပြန့်သောကုန်သွယ်ရေးနည်းစနစ်များ စသည်တို့ကိုသာ လေ့လာခဲ့သည်မဟုတ်ဘဲ ပြင်သစ်တွင် ထွန်းကားနေသော အုပ်ချုပ်ရေးစနစ် နှင့်မတူသည့် စနစ်များကိုလည်း လေ့လာခဲ့ကြသည်။ စည်းမျဉ်းခံဘုရင်စနစ် ပေါ်ပေါက်လာပြီးသည့်နောက်မှ အင်္ဂလန်နိုင်ငံသို့ ဝင်ထွက်သွားလာခဲ့ကြသော ပြင်သစ်ကြေးရေတတ် ပညာတတ်များသည် စည်းမျဉ်းခံဘုရင်စနစ်ဆိုသည်မှာ



စည်းမျဉ်းကခွင့်ပြုသလောက်သာ ဘုရင်ဖြစ်သူက လုပ်ရှားဆောင်ရွက်နိုင်သည့် အကြောင်းကို သိလာကြသည်။ အမေရိကန် လွတ်လပ်ရေးစစ်ပွဲတွင် ပြင်သစ် တို့ပါဝင်ခဲ့ကြပြီးသည့်နောက် သမ္မတနိုင်ငံအုပ်ချုပ်ရေးဟူသော အသိသညာက ကြီးစိုးလာခဲ့ကြပြန်သည်။

တစ်ဖက်က ထိုသို့အုံကြွလှဆဲဆဲဖြစ်နေသည်ကို မသိသဖြင့် ဘုရင့် ဘဏ္ဍာတော်တိုက်ကို ပြန်လည်ဖြည့်ဆည်းရန် ပြင်သစ်ဘုရင်၏ ဘဏ္ဍာရေး ဝန်ကြီးက သာသနာရေးဆိုင်ရာ အကြီးအချုပ်များ၊ မင်းညီမင်းသားကြီးများ၊ နောက်မှပေါ်ပေါက်လာသော ကြေးရေတတ် ဘူဇွာအနည်းငယ်စသည့် သူများ ကို စုဝေးကာ ၁၇၈၇ ခုတွင် ပြုပြင်ပြောင်းလဲရေးတစ်ရပ်ကို တင်သွင်းခဲ့သည်။ ဘုရင့်ဘဏ္ဍာတော်ငွေလိုအပ်ချက်ကို ဖြည့်ဆည်းရန် ဖိတ်ကြားခြင်းခံရသည့် အခွင့်ထူးခံလူတန်းစားများထံမှ အခွန်အတုတ်များကို ကောက်ခံရန်ဖြစ်သည်။ ထိုအစည်းအဝေးက ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကို တာဝန်မယူ ကြဘဲ အက်စတိတ် ဂျင်နရယ်ဟု (Estate General) ခေါ်သော လူတန်း စား ပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သည့် အစည်းအဝေးပွဲကြီးကို ဖိတ် ခေါ်ရန် တိုက်တွန်းခဲ့သည်။ ထိုအစည်းအဝေးပွဲကြီးမျိုးကို မဆင့်ခေါ်ဘဲ ထားခဲ့ သည်မှာ ခရစ်နှစ် ၁၆၁၄ ခုကတည်းကပင် ဖြစ်သည်။

ထိုအစည်းအဝေးပွဲကြီးကို မဆင့်ခေါ်မီမှာပင် သူတို့၏အကျိုးကို ထိခိုက်မည့်ကိစ္စအတွက် စိုးရိမ်နေသော အထက်တန်းစားအမည်ခံများကာစ ဆူပူလှုပ်ရှားနေခဲ့ကြသည်။ လူဝီ ၁၆ သည် အများစိတ်ကြိုက်ဖြစ်အောင် ဘဏ္ဍာရေးဝန်ကြီးကို ပြောင်းပစ်လိုက်သည်။ နောက်တစ်နှစ် ၁၇၈၉ တွင် အက်စတိတ်ဂျင်နရယ်ကို ဆင့်ခေါ်ပါမည်ဟု ကတိပေးခဲ့သည်။ အက်စတိတ် ဂျင်နရယ် ဆင့်ခေါ်တော့မည်ဟုဆိုသည်နှင့် တက်ရောက်ခွင့်ရရှိရန် ရွေးကောက် ထားကြသည့်သူများသည် သူတို့၏မျှော်လင့်ချက်များ သူတို့၏ခံစားချက်များ ကို တင်သွင်းခဲ့ကြသည်။ ထိုတင်သွင်းစာများထဲတွင် ဘုရင့်အစိုးရအပေါ် ငြိုးသူရန်ဘက်အဖြစ် မြင်သည့်အကြောင်း မပါချေ။ ထိုအစည်းအဝေးကြီး သို့ တက်ရောက်ရန် သာသနာ့ဝန်ထမ်းများထဲမှ ကိုယ်စားလှယ် ၃၀၀၊

မင်းညီမင်းသားများထဲမှ ကိုယ်စားလှယ် ၃၀၀ နှင့် တတိယအုပ်စုဖြစ်သော အသည်သားများထဲမှ ၆၀၀ ရွေးချယ်ခဲ့ကြသည်။ တတိယအုပ်စုသည် အသည်သားဆင်းရဲသားဟု ယခင်အတိုင်းခေါ်ဆိုသော်လည်း တကယ်တမ်းမှာ ပညာတတ်ကြေးရတတ်များက ဦးဆောင်၍ ပါလာခဲ့ပြီဖြစ်သည်။ ၁၆၁၄ ခုက အခြေအနေနှင့် ၁၇၈၉ ခုက အခြေအနေမှာ ကွာခြားချင်တိုင်း ကွာခြား၍နေပြီဖြစ်သည်။

## ၁၇၈၉ ခုအတွင်းမှ ဖြစ်ရပ်များ

ဗာဆိုင်းလ်တွင် အစည်းအဝေးပွဲကြီး စတင်ကျင်းပသည့်နေ့ကစ၍ ပဓာနအကျဆုံးအချက်နှင့်ပတ်သက်၍ သဘောထားကွဲပြားခဲ့ကြသည်။ ရှေးယခင်က မဲခွဲသည့်အခါ အုပ်စုလိုက်သာ မဲထည့်ရသည်။ ထိုသို့မဲခွဲရာတွင် အခွင့်ထူးခံအုပ်စုနှစ်စုသည် အမြဲပင် တစ်ဖက်တည်းနေတတ်သဖြင့် တတိယအုပ်စုဖြစ်သော အသည်သားများသည် အမြဲပင် နှစ်မဲတစ်မဲဖြင့် ရှုံးခဲ့ကြသည်။ ထို့ကြောင့် တတိယအုပ်စုက တစ်ယောက်ချင်း တစ်မဲစီဖြင့် ကိစ္စအရပ်ရပ်ကို မဲခွဲရန် အဆိုတင်ခဲ့သည်။ ထိုကိစ္စသည် မပြီးမပြတ်နိုင်ဘဲ ရှိနေရာမှ ဇွန်လ ၁၇ ရက်နေ့တွင် တတိယအုပ်စုဝင်များသည် သူတို့ဘာသာ အမျိုးသားအစည်းအဝေး (National Assembly) ကို ကြေညာခဲ့သည်။ အခွင့်ထူးခံများက တတိယအုပ်စုဝင်များကို အစည်းအဝေးခန်းမ အပြင်တွင်ထား၍ အစည်းအဝေးခန်းမကို သော့ခတ်ထားခဲ့ရာ တတိယအုပ်စုသည် တင်းနစ်ကွင်းထဲတွင် စုဝေး၍ တောင်းဆိုချက်များကို ထုတ်ပြန်ကာ နေခဲ့သည်။ နောက်ဆုံးတွင် ဘုရင်က အုပ်စုသုံးစု တစ်စုတစ်စည်းတည်း စည်းဝေးနိုင်အောင် အခွင့်ပေးရလေသည်။

ဇူလိုင်က ၉ ရက်နေ့တွင် (National Constituent Assembly) ကို ဖွဲ့စည်းခဲ့သည်။ ၁၇၈၉ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကောလာဟလများကြောင့် လူထုသည် ထိတ်လန့်ကာ စုစည်းကြ၍ ဘက်စတီးလ်ထောင်ကြီး



ကို ဖျက်ဆီးခဲ့ကြသည်။ ဩဂုတ်လ ၄ ရက်နေ့တွင် မြေရှင်ပဒေသရာဇ် အုပ်ချုပ်ရေးနှင့် အခွန်အကောက်များကို ဖျက်သိမ်းကြောင်းကြေညာသည်။ ဩဂုတ် လ ၂၆ ရက်နေ့တွင် လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများ ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ အောက်တိုဘာ ၅ ရက်နေ့တွင် လူထုကြီးသည် ပါရီမြို့မှ ဗာဆိုင်းလ်သို့ချီတက်သွားပြီးနောက် နောက်တစ်နေ့တွင် ဘုရင်နှင့်မိဖုရားကို ဖမ်းဆီးကာ ပါရီသို့ခေါ်ဆောင်လာခဲ့သည်။ ထိုအချိန်တွင် ပြင်သစ်လူထုသည် မကြုံဖူးသောလွတ်လပ်ခြင်းဖြင့် အသားမကျနိုင်ဘဲ အမျိုးမျိုးသော လှုပ်ရှားမှုများပြုကာ နေခဲ့ကြသည်။ အဖွဲ့အမျိုးမျိုးဖွဲ့စည်းကာ သူတို့၏မျှော်မှန်းချက်များကို ပြောဆိုရေးသားထုတ်ပြန်၍ နေခဲ့သည်။ ဘက်စတီးလ်ထောင်ကို ဖျက်ဆီးသည့်နှစ်လည်နေ့တွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပ၍နေလေသည်။

## အစိုးရသစ်နှင့် အပြောင်းအလဲများ

အမျိုးသားနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ရေး အစည်းအရုံး (National constiuent assembly) သည် အစိုးရသစ်အဖြစ် မြေရှင်ပဒေသရာဇ်စနစ်ကို ဆက်လက်၍ဖျက်သိမ်းလျက်ရှိသည်။ ယခင်ကထုံးဓလေ့များနှင့် အာဏာရှိသော အဖွဲ့အစည်းများကိုလည်း နှိမ်နင်းခဲ့သည်။ လူလူချင်း သာတူညီမျှဖြစ်အောင် ကြိုးစားသည်။ (ထိုသို့ကြိုးစားသည်မှာလည်း ပါရီမြို့တော်ဝန်းကျင်တွင်သာ ဖြစ်လေသည်။ အကြောင်းမှာ ပြင်သစ်ကိုလိုနီများတွင် ကျွန်စနစ်များ ဆက်လက်တည်ရှိနေဆဲ ဖြစ်သောကြောင့်ပင်။) ထို့ပြင် အရွယ်ရောက်ပြီးသော ယောကျ်ားဦးရေတစ်ဝက်ခန့်ကို မဲထည့်ခွင့်ရရှိရန် ကြိုးစားခဲ့သည်။ ထိုကြိုးပမ်းချက်သည် လူနည်းစုအတွက်သာ ထိရောက်အောင်မြင်ခဲ့သည်။ ရိုမန်ကက်သလစ်ကျောင်းတော်ပိုင် မြေများကို အစိုးရသစ်က ပြည်သူပိုင်သိမ်းခဲ့သည်။ ထိုမြေများကို ဘုရင်နှင့်မိဖုရားလက်ထက်က တင်ရှိခဲ့သောကြွေးများကျေရန် ကြွေးရှင်များအား ပြန်လည်ဝေခြမ်း

ပေးကမ်းခဲ့ရာ ဘုန်းတော်ကြီးများနှင့် မြေပိုင်ရှင်များသည် အကျိုးကျေးဇူးများစွာ ရရှိခံစားရသောသူများ ဖြစ်ခဲ့သည်။ အချို့သော သီးစားလယ်သမားများလည်း မြေကွက်များ ဝယ်ခဲ့နိုင်သည်ဟုဆိုသည်။ ထိုသို့ ရိုမန်ကက်သလစ်ကျောင်းတော်ပိုင် မြေများကို သိမ်းယူပြီးနောက် ကျောင်းတော်ကို ပြုပြင်ပြောင်းလဲရန် စီမံခဲ့ကြပြန်သည်။ သို့သော် ထိုစီမံချက်ကို အကောင်အထည်မဖော်နိုင်အောင် ပြင်းထန်သောအငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည်။

မြေရှင်ပဒေသရာဇ်စနစ်ခေတ်က သုံးခဲ့သော အုပ်ချုပ်ရေးနည်းစနစ်များသည် ရှုပ်ထွေးသည်။ ထို့ကြောင့် အစိုးရအဖွဲ့သစ်သည် ပြင်သစ်နိုင်ငံကို တိုင်းများ ခရိုင်များစသည်ဖြင့် ပိုင်းခြားပြီးနောက် သူ့အပိုင်းနှင့်သူ တာဝန်ယူအုပ်ချုပ်မည့်သူများကို အဖွဲ့ဖွဲ့ကာ တာဝန်ပေးအပ်ခဲ့သည်။ အုပ်ချုပ်ရေးသာမက တရားစီရင်ရေးသည်လည်း ပြောင်းလဲသွားခဲ့လေသည်။

အမျိုးသားအစိုးရသည် လူဝီ ၁၆ နှင့်ပူးပေါင်းကာ စည်းမျဉ်းခံဘုရင်စနစ်ကို တည်ထောင်ရန် စီမံထားခဲ့သော်လည်း ဘုရင်နှင့်မိသားစုသည် သူတို့၏တော်ဝင်အကြံပေးပုဂ္ဂိုလ်များ၏ စကားကို နားယောင်ကာ ၁၇၉၁ ခုတွင် ပါရီရှိ သူတို့၏ယာယီစံနန်းတော်မှ ထွက်ပြေးခဲ့ကြသည်။ သို့သော် နယ်စပ်မကျော်ခင် ပြန်လည်ဖမ်းမိသွားကြလေသည်။

## ပြင်သစ်တော်လှန်ရေး၏ အသွင်သစ်များ

အစောပိုင်းက ပြင်သစ်တော်လှန်ရေးသမားများသည် စိတ်ရောကိုယ်ပါ ကြိုးစားပမ်းစားဖြင့် ပြင်သစ်ကို အသွင်သစ်ကိုဆောင်သည့် နိုင်ငံတော်ဖြစ်ရန် ကြိုးစားခဲ့ကြသည်။ သူတို့ကို ပြည်တွင်းမှာပင် ထောက်ခံသူများ အကျိုးရမရ အကဲခတ်နေသူများ ဆန့်ကျင်နေသူများစသည့် အုပ်စုအမျိုးမျိုးကို ရင်ဆိုင်နေခဲ့ရသည်။

အချို့သော သာသနာ့ဝန်ထမ်းများ မင်းညီမင်းသားများ ကြွယ်ဝသူများသည် ငွေကြေးအရင်းအနှီးများ အတတ်ပညာ အရင်းအနှီးများနှင့်တကွ



အင်္ဂလန်သို့ ပြည်ပြေးများအဖြစ် ထွက်ခွာသွားကြသည်။ အင်္ဂလန်အစိုးရသည် ထိုကဲ့သို့သောသူများကို များစွာလိုလားသူများဖြစ်သည်။ ပြင်သစ်နှင့် ပြိုင်ဘက်နိုင်ငံဖြစ်သည့်အတွက် ပြင်သစ်တွင် အားနည်းရှုပ်ထွေးစေမည့် အလုပ်များကို အင်္ဂလိပ်မြေပေါ်တွင် အခြေချကာ လုပ်ခွင့်ပင်ပေးလိုက်လေသေးသည်။ ထိုပြည်ပြေးများက ဥရောပတစ်ခွင်ရှိ ပဒေသရာဇ်ဘုရင်များကို ပြင်သစ်နိုင်ငံ၏ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ပါရန် တိုက်တွန်းခဲ့ကြသည်။ ပထမပိုင်းတွင် ဥရောပနိုင်ငံ ဘုရင်များက စိတ်ဝင်စားလှသည်ဟု မဆိုနိုင်သော်လည်း မေရီအင်တွိုင်းနက်၏ အမိမြေဖြစ်သည့် သြစတြီးယားဘုရင်က စစ်လိုလားသည်။ ၁၇၉၂ ခုတွင် သြစတြီးယားနှင့် ပြင်သစ်တို့ စစ်ဖြစ်ကြသည်။ စိတ်ဝင်စားဖွယ်အချက်မှာ တွိုလာရီနန်းတော်တွင် တော်လှန်ရေးသမားများ၏ စိတ်တိုင်းကျ နေထိုင်လျက်ရှိသော လူဝီ ၁၆ က စစ်ကြေညာခြင်းဖြစ်သည်။

စစ်ပွဲ၏ ပထမပိုင်းအချိန်တွင် ပြင်သစ်ဘက်က အထိနာခဲ့သည်။ စစ်သတင်းများကို ကြားရသည်နှင့် ဘုရင်အကောက်ကြံသည်ဟု အများက ယူဆသည်။ ထိုအချိန်တွင် ဘုရင်သည် အမှန်ပင်အကျဉ်းကျခဲ့သည်။ ထိုသို့ စစ်ရေးဖြင့် စိတ်မအေးစရာဖြစ်လာသည့်အချိန်တွင် မင်းညီမင်းသားများနှင့် ရိုမန်ကက်သလစ် သာသနာ့ဝန်ထမ်း အရေအတွက်များစွာမှာ စိတ်ဆိုးနေသော လူထု၏သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်။

စစ်ပွဲ၏ဒုတိယပိုင်းတွင် ပြင်သစ်တို့က စစ်ရေးတွင် အသာစီးရလာသည်။ ပြင်သစ်တို့သည် စစ်ရေးကျူးကျော်မှုကို ခံကြရသည့်အခါတွင် နိုးကြားလာသော မျိုးချစ်စိတ်ဓာတ်ဖြင့် တပ်မတော်ထဲသို့ ဝင်လာမစဲ တသဲသဲ ဖြစ်လာသည်။ ထို့ကြောင့် စစ်ရေးတွင် ပြင်သစ်ဘက်က အသာစီးရလာပြန်သည်။ ၁၇၉၂ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အမျိုးသားအစည်းအဝေးကြီးကို ခေါ်ယူ၍ ၂၁ ရက်နေ့တွင် ပြင်သစ်ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့သည်။ သမ္မတနိုင်ငံကို ထူထောင်ခဲ့သည်။ စစ်ရေးအရ အသာစီးရလာသည့်အချိန်တွင် ပြင်သစ်သမ္မတနိုင်ငံတွင်းတွင် အယူအဆများကွဲလာခဲ့သည်။ ဘုရင်ကို စည်းမျဉ်းခံ ဘုရင်အဖြစ်ဆက်ထားကာ ဘုန်းတော်ကြီးများက အာဏာကိုကိုင်စွဲကာ နိုင်ငံ

ကိုအုပ်ချုပ်လိုသည့်အုပ်စု၊ ပြည်သူလူထုအများစုကို နိုင်ငံရေးသြဇာနှင့် စီးပွားရေးလုပ်ပိုင်ခွင့်များ ပိုမိုပေးလိုသောအုပ်စုစသည်ဖြင့် ကွဲပြားခြားနားသည်။

၁၇၉၃ ခု ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အမျိုးသားအစည်းအရုံးကြီးက လူဝီ ၁၆ ကို သေဒဏ်ချမှတ်ခဲ့သည်။ ၉ လ အကြာတွင် မေရီအင်တွိုင်းနက် သည်လည်း လူဝီ ၁၆ နည်းတူ ဂီလော်တင်ခေါ် ခေါင်းဖြတ်စက်ဖြင့် သေဒဏ်စီရင်ခြင်းခံခဲ့ရသည်။

စစ်ပွဲ၏ဒုတိယပိုင်းတွင် ပြင်သစ်တပ်များ အထိနာပြန်သည်။ ဂရိတ်ဗြိတိန်နှင့် သြစတြီးယား ပရပ်ရှားတို့သည် ပထမ မဟာမိတ်အုပ်စုဖွဲ့စည်း၍ အခြားမင်းနိုင်ငံများကလည်း အားပေးခဲ့ကြသည်။ ပြင်သစ်သည် ဘယ်လ်ဂျီယန်နှင့် ရိုင်းလန်းဒေသများကို လက်လွှတ်ခဲ့ရသည်။ ပါရီမြို့တော်သားတို့သည်ပင် ချီတက်လာတော့မည့် ရန်သူတပ်များကို ကြောက်လန့်တကြားဖြစ်နေကြသည်။ စစ်ရေးကျဆုံးမှုများကြောင့် ပြင်သစ်တော်လှန်ရေးတွင် အထက်တန်းလွှာများသည် နေရာလက်လွှတ်ဖြစ်ကုန်ကြသည်။ အောက်ခြေလူတန်းစားများက အားသာလာသည်။ စစ်ရေးအောင်မြင်မှုကို အလေးထားကာ ချမ်းသာသူတို့ထံမှ အခွန်အတုတ်များ တိုး၍ကောက်ခံခြင်း၊ ဆင်းရဲသားများကို ထောက်ပံ့ခြင်း၊ ပြည်ပြေးများ၏ပစ္စည်းပစ္စယများကို သိမ်းယူခြင်းစသည့်လုပ်ငန်းများကို လုပ်လာကြရာ ပြည်သူလူထုအတွင်း ကသောင်းကနင်းဖြစ်လာသည်။ မကျေနပ်သူများလည်း များလာသည်။

ထိုသို့အုပ်စုများကွဲလာသည့်အချိန်တွင် အတူတူတော်လှန်ခဲ့ကြသည့်သူအချင်းချင်းကြားမှာပင် မယုံသင်္ကာဖြစ်လာကြသည်။ ၁၇၉၃ စက်တင်ဘာ ၅ ရက်မှ ၁၇၉၄ ဇူလိုင်လ ၂၇ ရက်နေ့အထိ ပြင်သစ်နိုင်ငံတွင် မသင်္ကာပါကဖမ်းနိုင် အစစ်အဆေးမရှိ ကွပ်မျက်နိုင်သည့် သွေးချောင်းစီးခေတ် ပေါ်ပေါက်လာသည်။ မူလက အတူတူလက်တွဲကာ တော်လှန်ရေး ဆင်နွှဲခဲ့ကြသူများသည် သူ့ကို ငါသတ် ငါ့ကို သူသတ်ဖြစ်လာကြသည်။ ထိုအချိန်အတွင်းတွင် လူ ၃၀၀,၀၀၀ ခန့်ဖမ်းခဲ့ကြသည်။ ၁၇,၀၀၀ ခန့် ခေါင်းဖြတ်ခံခဲ့ရသည်။ အချို့လူများသည် ခေါင်းဖြတ်စက်ပေါ် မရောက်မီ အကျဉ်းထောင်ထဲမှာပင်



သေဆုံးခဲ့ကြသည်။ လူမှုရေးစည်းမျဉ်းများကို ပစ်ပယ်ထားလိုက်ကြသည်။ စီးပွားရေး သာတူညီမျှရှိမှုဆိုသည်ကိုလည်း ပစ်ပယ်ထားလိုက်ကြသည်။ ထိုအချိန်တွင် မင်းညီမင်းသား သူကောင်းမျိုးများသည် စုစည်းကြပြန်ကာ အခြေအနေဆိုးကို အခွင့်ကောင်းယူ၍ အာဏာသိမ်းရန်ကြံစည်သည်။

ထိုအဖြစ်ကို တားမြစ်ချေမှုန်းလိုက်သည်မှာ **'နပိုလီယံဘိုနာပတ်'** ဆိုသူ ပို့မှူးစ်သောဗိုလ်ချုပ်တစ်ဦးဖြစ်သည်။ ထိုနေ့မှာ ၁၇၉၅ ခု အောက်တိုဘာလ ၅ ရက်နေ့ဖြစ်သည်။

## ပထမမြောက် နပိုလီယံ

ပြင်သစ်နိုင်ငံ၏ ကေရာဇ်အဖြစ် ထင်ရှားကျော်ကြားခဲ့သော နပိုလီယံ၏အကြောင်းကို ကော်ဆီးကားကျွန်းသား ဝေပါးဘုရင်ဟူသော ခေါင်းစဉ်ကိုယူကာ ရေးသားခဲ့ပြီးဖြစ်သည်။ သူသည် ပြင်သစ်လူမျိုးမဟုတ်ဘဲ အီတလီကျွန်းဆွယ်၏ အနောက်ဘက်တွင် ကော်ဆီးကားနှင့် ဆာဒီးနီးယားဟူ၍ ကျွန်းနှစ်ခု တောင်မြောက်တန်းကာရှိသည့်အနက် မြောက်ဘက်မှ ကျွန်းဖြစ်သော ကော်ဆီးကားကျွန်းသားဖြစ်သည်။ သူသည် ပြင်သစ်သွေးထက် အီတလီသွေးပို၍ ပါသောသူဖြစ်သည်။ ဘူဘွန်မင်းဆက် ကျဆုံးပြီးနောက် မည်သည့်ပြင်သစ်မင်းမျိုးနှင့်မျှ သွေးမစပ်သောသူတစ်ဦးဖြစ်သည်။

သူသည် ၁၇၆၉ ခု ဩဂုတ်လ ၁၅ ရက်တွင် ကော်ဆီးကားကျွန်း၌ မွေးဖွားခဲ့သူဖြစ်သည်။ သူသည် ကာလိုဘိုနာပတ်၏ သားသမီး ၈ ယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။ ကာလိုဘိုနာပတ်ရော သူ၏ဇနီးသည်ပါ ကော်ဆီးကား- အီတလီ မင်းညီမင်းသားများမှ ဆင်းသက်ကြသူများဖြစ်သည်ဟု သူ၏ဖခင်ဖြစ်သူက သက်သေပြခဲ့သည်။ သို့သော် ဘိုနာပတ်အမျိုးထဲတွင် တစ်စုံတစ်ယောက်မျှ စစ်သည်တော်မဖြစ်ခဲ့ဖူးချေ။ ကာလိုသည် မူလက ရှေ့နေတစ်ယောက်ဖြစ်ကာ ကော်ဆီးကား လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ သို့သော် ပြင်သစ်များက ၁၇၆၈ တွင် ကော်ဆီးကား

ကိုသိမ်းပိုက်ပြီးသည့်နောက် တရားရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် အစိုးရရှေ့နေ၊ တရားသူကြီးစသည့်တာဝန်များကို ထမ်းဆောင်ပြီးနောက် ပြင်သစ်မင်းညီမင်းသား အသိုက်အဝန်းသို့ မြို့စား တစ်ယောက်အဖြစ် ဝင်ရောက်ခဲ့သည်။ ထိုသို့အကွက်ကောင်းကို ဆုပ်ကိုင်နိုင်ဆောင် ကြိုးစားတတ်သောဖခင်ကြောင့် နပိုလီယံသည် ၁၆ ယောက်မြောက်လူဝီဘုရင်၏စရိတ်ဖြင့် ဘရိယန်းနေးနှင့် ပါရီတွင်တည်ရှိသော စစ်တက္ကသိုလ်သို့တက်ရောက် သင်ယူခွင့်ရရှိခဲ့သည်။ နပိုလီယံသည် စစ်တက္ကသိုလ်မှ ၁၇၈၁ ခုနှစ်တွင် ဘွဲ့ရခဲ့သည်။ ထိုအချိန်တွင် သူ၏အသက်မှာ ၁၆ နှစ်ရှိပြီဖြစ်သည်။ ထို့နောက် အမြောက်တပ်တွင် ဒုဗိုလ်အဖြစ်ဖြင့် ဝင်ရောက်ခဲ့သည်။ တော်လှန်ရေးစတင်သည့်အခါတွင် သူသည် ကော်ဆီးကား အမျိုးသားကာကွယ်ရေးတပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်တွင် တာဝန်ထမ်းဆောင်နေပြီဖြစ်သည်။ ၁၇၉၃ ခုတွင် ကော်ဆီးကားကျွန်းက လွတ်လပ်ရေးကြေညာခဲ့သည်။ ထိုအချိန်တွင် ဘိုနာပတ်သည် ပြင်သစ်မျိုးချစ်တစ်ဦးအနေဖြင့်ရော ရီပတ်ဘလစ်ကင်တစ်ဦးအနေဖြင့်ပါ ပြင်သစ်သို့ မိသားစုနှင့်အတူ ပြန်လည်ထွက်ပြေး လွတ်မြောက်ခဲ့သည်။

သူသည် ဗိုလ်ကြီးတစ်ယောက်အနေဖြင့် တူလွန်မြို့ကိုဝိုင်းရံထားသော တပ်သို့ တာဝန်ဖြင့်ပို့ခြင်းခံရသည်။ တူလွန်သည် ရေတပ်စခန်းမြို့တစ်မြို့ဖြစ်သည်။ ထိုမြို့သည် ဗြိတိသျှ ရေတပ်သင်္ဘောအုပ်စုတစ်စု၏ အားပေးအားမြှောက်ပြုမှုကြောင့် ပြင်သစ်သမ္မတနိုင်ငံတော်ကို ပုန်ကန်ခဲ့သဖြင့် ထိုသို့ဝိုင်းရံထားရခြင်းဖြစ်သည်။ နပိုလီယံသည် ဒဏ်ရာရသွားသော အမြောက်ဗိုလ်ချုပ်တစ်ဦး၏နေရာတွင် တာဝန်ယူရသည့်အခါ ဗြိတိသျှ ရေတပ်သင်္ဘောများကို လက်လှမ်းမီသည့်နေရာတွင် သူ၏အမြောက်များချကာ နေရာယူနိုင်ခဲ့သည်။ ထိုသို့ဖြင့် နပိုလီယံ တာန်ယူလိုက်သည့်အချိန်တွင် တူလွန်မြို့သည် ပြင်သစ်သမ္မတနိုင်ငံ၏ လက်တွင်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။ နပိုလီယံသည် ဗိုလ်မှူးချုပ်အဖြစ်သို့ အသက် ၂၄ နှစ်အရွယ်တွင် ရောက်ရှိခဲ့သည်။

၁၇၉၅ ခုတွင် အထက်တွင်ဖော်ပြပြီးသည့်အတိုင်း ပြင်သစ်နိုင်ငံ



ပါရီမြို့တွင် ဆူပူထကြွသောလူအုပ်ကြီးကို နပိုလီယံက လူစုကွဲအောင် ဆောင်ရွက်၍ ပြင်သစ်သမ္မတနိုင်ငံကို ကယ်တင်ခဲ့ပြန်သည်။ နပိုလီယံသည် ၁၇၉၆ ခုတွင် ဂျိုးဇက်ဖင်းဆိုသည့် ကလေးနှစ်ယောက်မိခင်ဖြစ်သူ မုဆိုးမ တစ်ဦးနှင့် လက်ထပ်ခဲ့သည်။ ထိုအမျိုးသမီး၏ခင်ပွန်းမှာ တော်လှန်ရေး စသည်တွင် ဂီလိုတင်ခေါ် ခေါင်းဖြတ်စက်ပေါ်တင်ကာ ကွပ်မျက်ခြင်း ခံခဲ့ရသည်။

၁၇၉၆ ခု အစောပိုင်းကာလတွင် နပိုလီယံကို ပြင်သစ်တပ်မတော်၏ တပ်မှူးအဖြစ်ခန့်အပ်ကာ အီတလီသို့စေလွှတ်ခြင်း ခံခဲ့ရသည်။ နပိုလီယံသည် ဩစတြီးယန်းဗိုလ်ချုပ် ၄ ဦးကို တစ်ဦးပြီးတစ်ဦး အောင်မြင်ခဲ့သည်။ ထိုဗိုလ်ချုပ်များတွင် လူအင်အားကြီးမားသည်။ ထိုဗိုလ်ချုပ်လေးဦး ကျရှုံးပြီးနောက် ဩစတြီးယားနှင့်မဟာမိတ်များအနေဖြင့် လက်နက်မချဘဲ မနေနိုင်တော့ချေ။ ထိုစစ်ပြေငြိမ်းရေးစာချုပ် (Campo Formio) အရ ပြင်သစ်သည် သူသိမ်းပိုက်ခဲ့ပြီးသော နယ်မြေများကို အပိုင်ရရှိခဲ့သည်။

အီတလီမြောက်ပိုင်းတွင် နပိုလီယံသည် (Cisalpine) အီတလီ သမ္မတနိုင်ငံကို ထူထောင်ခဲ့သည်။ နောက်ပိုင်းတွင် အီတလီမင်းနေပြည်ဟု တွင်ခဲ့သည်။ ထို့ပြင် ထိုဒေသမှသိမ်းပိုက်မိသော သန်းပေါင်းများစွာတန်သော ရတနာများကို ပြင်သစ်သမ္မတနိုင်ငံ ဘဏ္ဍာအဖြစ် ပေးပို့ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ပြင်သစ်နိုင်ငံတွင် သူ၏နေရာခိုင်မြဲစေရန် ကြံဆောင် ခြင်းဖြစ်သည်ဟု သမိုင်းဆရာများက ဆိုကြသည်။

၁၇၉၈ ခုတွင် ဗြိတိသျှတို့၏ အာရှတိုက်နှင့် ဆက်သွယ်ရောင်းဝယ် နေသော ကူးသန်းရောင်းဝယ်ရေးကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် အီဂျစ်ပြည်သို့ စစ်ဆင်ရေးတစ်ခုကို ဦးဆောင်၍ ချီတက်ခဲ့သည်။ ထိုအချိန်က အီဂျစ်နိုင်ငံ မှာ အော်တိုမန်အင်ပါယာတွင်းတွင် ပါဝင်လျက်ရှိသည်။ အီဂျစ်ကို နပိုလီယံ အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် သူ၏ရေတပ်ကို ဗြိတိသျှဗိုလ်ချုပ် ကြီး ဟော်ရေးရှိုးနယ်လ်ဆင်က ဖျက်ဆီးပစ်နိုင်ခဲ့သည်။ ထို့ကြောင့် နပိုလီယံ သည် သောင်တင်၍ ကျန်ရစ်လေသည်။

နပိုလီယံသည် ထိုသို့သောအဖြစ်ကို ရင်ဆိုင်ရသည့်တိုင် မတုန်လှုပ်ဘဲ အီဂျစ်တွင် ဆက်လက်နေထိုင်ကာ အီဂျစ်၏ အုပ်ချုပ်ရေးနှင့် ဥပဒေများကို ပြုပြင်ပြောင်းလဲခဲ့သည်။ မြေကျွန်စနစ်နှင့် မြေရှင်ပဒေသရာဇ်စနစ်ကိုလည်း ဖျက်သိမ်းခဲ့သည်။ လူများအတွက် အခြေခံအခွင့်အရေးများ ရရှိစေရမည်ဟုလည်း အာမခံခဲ့သည်။ နပိုလီယံသည် သူနှင့်အတူ ပညာရှင်များကို ခေါ်ဆောင်သွားသည်ဖြစ်ရာ သူတို့သည် ရှေးဟောင်းအီဂျစ်သမိုင်းကို သိပ္ပံနည်းကျနစွာ လေ့လာခဲ့ကြသည်။

၁၇၉၉ ခုတွင် ဆီးရီးယားကို တိုက်ခိုက်သိမ်းပိုက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော် အော်တိုမန်များကိုမူ အဘူကီယာ အရပ်၌ လုံးဝဥသုံအောင်မြင်ခဲ့သည်။ ထိုအချိန်၌ ပြင်သစ်သမ္မတနိုင်ငံတော်သည် အခြေအနေသစ်တစ်ရပ်နှင့် ရင်ဆိုင်နေရလေသည်။ ဩစတြီးယား ရုရှားနှင့် နိုင်ငံငယ်ကလေးများသည် ပြင်သစ်ကိုရင်ဆိုင်ရန် ဗြိတိန်နှင့်ပူးပေါင်း၍ မဟာမိတ်ဖွဲ့ခဲ့လေသည်။ ထိုသို့သောအခြေအနေတွင် နပိုလီယံသည် သူ၏တပ်ကို အီဂျစ်တွင်ထားခဲ့ပြီးနောက် ပြင်သစ်နိုင်ငံသို့ ပြန်ခဲ့လေသည်။ ပြင်သစ်သို့ရောက်ရှိပြီး ပါရီတွင် ပြင်သစ်အစိုးရကို သစ္စာဖောက်ဖျက် ဆန့်ကျင်သောသူများနှင့် ပူးပေါင်းခဲ့လေသည်။ ၁၇၉၉ ခုနိုဝင်ဘာ ၉–၁၀ တွင် နပိုလီယံနှင့် သူ၏အပေါင်းပါများသည် ပြင်သစ်တွင် အာဏာသိမ်းနိုင်ခဲ့သည်။ ထို့နောက် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့လေသည်။ အစိုးရသစ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေသစ်အရ နပိုလီယံ ဘိုနာပတ်သည် ပထမဦးဆုံး ရွေးကောက်တင်မြှောက်ခြင်းခံရသော ကောင်စယ်ဖြစ်လာသည်။ ထိုရာထူးအရ နပိုလီယံသည် အာဏာရှင်တစ်ဦးနီးပါး အာဏာရှိခဲ့သည်။

တစ်ဖက်က သမိုင်းဘီးသည် ရှေ့ဘက်သို့လည်လျှက်ရှိသော်လည်း နပိုလီယံသည် တော်လှန်ရေး၏ နောက်ဆုံးသင်္ကေတဖြစ်သော ဒါရိုက်ထရီအဖွဲ့ကိုဖျက်ကာ သူကိုယ်တိုင် ပထမမြောက်ကောင်စယ်အဖြစ်ကို ခံယူခဲ့ခြင်းသည် အာဏာရှင်စနစ်ကို သူကိုယ်တိုင်ခေါင်းဆောင်ကာ ပြန်လည်အသက်သွင်းလိုက်ခြင်းပင် ဖြစ်သည်။



ပြင်သစ်တွင် နပိုလီယံသည် ပြည်တွင်းရေးများ သာယာလာအောင် တစ်ဖက်က ကြိုးစားဆောင်ရွက်ခဲ့သည်။ တစ်ဖက်ကလည်း သူ၏အရှိန်အဝါ တိုးတက်အောင် ဝါဒဖြန့်စည်းရုံးသည့် အစီအစဉ်များ ပြုလုပ်စေခဲ့သည်။ နပိုလီယံ၏အပေါင်းပါများသည် နိုင်ငံတော်အပေါ် တင်ရှိနေသော နပိုလီယံ၏ကျေးဇူးကိုဖော်ပြသည့် အထိမ်းအမှတ်ပွဲ ပြုလုပ်ကြလေသည်။ ၁၈၀၂ ခု မေလတွင် ပြင်သစ်လူထုထံမှ ဆန္ဒခံယူပွဲတစ်ခုပြုလုပ်ရန် ဆုံးဖြတ်ချက်ချကြသည်။ ထိုဆန္ဒခံယူပွဲမှာ နပိုလီယံသည် တစ်သက်တာ ကောင်စယ်ဖြစ်ထိုက် မဖြစ်ထိုက်ဆိုသောပုစ္ဆာကို ဖြေရှင်းရန်ဖြစ်သည်။ ထိုနှစ် ဩဂုတ်လတွင် နပိုလီယံကို တစ်သက်တာ လူအများ၏ဆန္ဒအရ ကောင်စယ်အဖြစ် ရွေးချယ်လိုက်ကြသည်။ သူ၏အရာကိုဆက်ခံသူကိုလည်း သူကိုယ်တိုင် ရွေးချယ်ခွင့်ပေးလိုက်ကြသည်။

ထိုအစိုးရအဖွဲ့၏ ဖွဲ့စည်းအုပ်ချုပ်ပုံကို ၁၈၀၂ ခုတွင် ပြင်ဆင်၍ နပိုလီယံကို တစ်သက်တာကောင်စယ်ရာထူးကို ပေးခဲ့သည်။ ထိုသို့ရာထူးသစ်ပေးတိုင်း ပေးတိုင်းမှာပင် ရွေးချယ်တင်မြှောက်သူများက ထောက်ခံခဲ့ကြသည်ချည်းပင် ဖြစ်သည်ဟုဆိုသည်။ ထိုသို့သော အကျိုးရလဒ်များကို ရရှိခဲ့သည်မှာ နပိုလီယံ၏ စစ်ရေး နိုင်ငံရေး ကြိုးပမ်းမှုများကြောင့်လည်း ဖြစ်သည်။ ဥပမာ

၁၈၀၀ ပြည့်နှစ်တွင် နပိုလီယံသည်သူ၏ အာဏာကို ပိုမိုကျစ်လျစ်နိုင်မာစေရန် အဲလ်ပ်စ်တောင်တန်းကိုဖြတ်ကာ ဩစတြီးယားတပ်များကို မာရင်ဂို (Marengo) အရပ်တွင် အောင်မြင်စွာတိုက်နိုင်ခဲ့သည်။ ထို့နောက် နပိုလီယံသည် ဥရောပနိုင်ငံအားလုံးအတွက် ငြိမ်းချမ်းရေးရရှိရန် ညှိနှိုင်းခဲ့သည်။ ထိုငြိမ်းချမ်းရေးစာချုပ်အရ ရိုင်းမြစ် (Rhine) သည် ပြင်သစ်၏ အရှေ့ဘက်နယ်စပ် ဖြစ်လာခဲ့သည်။

ထိုအချိန်တွင် ဂရိတ်ဗြိတိန်သည် ပြင်သစ်ကိုတိုက်ခိုက်ရန် ဖွဲ့စည်းထားသော ဥရောပမဟာမိတ်အဖွဲ့ထဲမှ ပြင်သစ်နှင့် စစ်ဖြစ်ဆဲဟုဆိုရမည့် နိုင်ငံတစ်နိုင်ငံတည်းအဖြစ် ကျန်ရစ်ခဲ့သည်။ သို့သော် ဗြိတိန်သည်လည်း

စစ်ရေးတွင် စိတ်မပါတော့သဖြင့် ၁၈၀၂ ခု မတ်လ ၂၇ ရက်နေ့တွင် ပြင်သစ်နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုကြသည်။ ထိုငြိမ်းချမ်းရေးစာချုပ်ကို ဗြိတိသျှတို့အနေဖြင့် စစ်ပြီးဆုံးသည့်စာချုပ်ဟု ယူဆကြသည်။ ထိုစာချုပ်တွင် ဗြိတိသျှတို့က ပေးလိုက်ရသော အခွင့်အရေးများကို သင့်တော်သည့်အချိန်တွင် ပြန်လည်တောင်းဆိုမည်ဟုလည်း စီစဉ်ထားကြသည်။ ထိုစစ်ပြေငြိမ်းရေး စာချုပ်အရ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ အငြင်းပွားရန် စစ်မက်ဖြစ်ပွားရန် မလိုတော့ဟု ဗြိတိသျှတို့က ယူဆသည်။

ပြင်သစ်နိုင်ငံကို ဥရောပနိုင်ငံများက ဝိုင်းဝန်းတိုက်ခိုက်ခြင်းများ ရပ်ဆိုင်းသွားခြင်းသည် ဥရောပတစ်ဝှန်းရှိ နိုင်ငံများအတွက် ငြိမ်းချမ်းသော ကာလဖြစ်လာပေသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဗြိတိသျှတို့ကလည်း စစ်ပြေငြိမ်းသွားပြီဖြစ်၍ သံတမန်နည်းအရ ဆက်ဆံရန်သာရှိတော့သည်ဟု ယူဆခဲ့ကြသည်။ နပိုလီယံ၏အယူအဆမှာမူ ဗြိတိသျှတို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေလေသည်။ သူ့အတွက် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုသည့်အချိန်သည် လုပ်ငန်းသစ်စရန် သတ်မှတ်ချိန်ဖြစ်နေလေသည်။ သူသည် ဥရောပ၏ နယ်မြေထက်ဝက်ကို ပြင်သစ်၏ဈေးကွက်အဖြစ် ပြောင်းလဲပစ်လိုက်လေသည်။ ဗြိတိသျှကုန်သည်များမှာ ထိုအစီအစဉ်ကြောင့် နစ်နာခဲ့ကြသည်။

ထိုအချိန်တွင် နပိုလီယံသည် ပြည်တွင်းတွင် သူ့အားလိုလားသူများသည်ထက်များလာအောင် ကြိုးစားခဲ့သည်။ ထိုသို့ သူ့ကိုလိုလားလာအောင် ကြိုးစားရာတွင် နိုင်ငံသားများအတွက် တိုးတက်အောင် ပြုပြင်ပေးခြင်းဖြစ်သည်။

နပိုလီယံသည် ပုပ်ရဟန်းမင်းနှင့်လည်း သဘောတူညီချက်တစ်ခုကို ရရှိအောင်ယူခဲ့သည်။ ထိုသဘောတူညီချက်အရ ရိုမန်ကက်သလစ်ကျောင်းတော်နှင့် ပြင်သစ်တော်လှန်ရေးစတင်ကတည်းက ပေါ်ပေါက်ခဲ့သော အငြင်းပွားမှုများလည်း ပပျောက်ကာ ပြည်တွင်းရေးလည်း ငြိမ်သက်အေးချမ်းစေခဲ့လေသည်။ ပြင်သစ်အုပ်ချုပ်ရေးကိုလည်း ပြန်လည်စုစည်းနိုင်ခဲ့လေသည်။



နန်းတွင်းအုပ်ချုပ်ရေးစနစ်များကိုလည်း ပြန်လည်ပြုပြင်၍ ရိုးသားရှင်းလင်းစေခဲ့လေသည်။

စာသင်ကျောင်းများကိုလည်း ပညာရပ်ဆိုင်ရာ အုပ်ချုပ်ရေး၏အောက်တွင် တညီတညွတ်တည်းရှိစေခဲ့သည်။ ပြင်သစ်ဥပဒေများကိုလည်း ပြန်လည်စီစစ်ကာ ကုဒ်နပိုလီယံ (Code Napoleon) အောက်တွင်လည်းကောင်း အရပ်ဘက် ဥပဒေတွင်လည်းကောင်း အခြားသောကုဒ်ခြောက်ခုတွင်လည်းကောင်း ဆိုင်ရာဆိုင်ရာစီစစ်၍ ထည့်သွင်းထားစေခဲ့သည်။ ထိုဥပဒေများတွင် ပြင်သစ်တော်လှန်ရေးပြီးသည့်နောက် ရရှိခဲ့ကြသည့် အခွင့်အရေးများကို ဆက်လက်ခံစားရမည်ဟု အာမခံသည်။ ဥပဒေရှေ့မှောက်တွင် သာတူညီမျှဖြစ်စေရေး၊ လွတ်လပ်စွာ ကိုးကွယ်ခွင့် ရစေရေးတို့ကိုလည်း အာမခံခဲ့သည်။

၁၈၀၃ ခုနှစ်ကတည်းက နပိုလီယံကလည်း ဗြိတိန်ကို ကျူးကျော်ရန် စီစဉ်နေပြီဖြစ်သည်။ ဗြိတိန်ကလည်း ပြင်သစ်ကို လက်ဦးမှုယူကာ ရေကြောင်းတိုက်ပွဲများဆင်နွှဲခဲ့သည်။ နှစ်နှစ်အကြာတွင် ရုရှားနှင့်သြစတြီးယားကလည်း ဗြိတိန်နှင့်ပူးပေါင်းကာ မဟာမိတ်အဖွဲ့သစ်ကို ဖွဲ့ခဲ့လေသည်။ နပိုလီယံကလည်း ဗြိတိန်ကိုကျူးကျော်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့သည်။ ထို့နောက် သူ၏တပ်များကို သြစတြီးယားနှင့် ရုရှားတို့၏တပ်ဖွဲ့များကို ရင်ဆိုင်စေခဲ့သည်။ နပိုလီယံသည် ၁၈၀၄ ခုတွင် ဧကရာဇ်အဖြစ် ဘိသိက်ခံခဲ့သည်။ ပြင်သစ်တပ်များက သြစတြီးယားနှင့်ရုရှား ပူးပေါင်းထားသော တပ်များကို အော့စတာလစ်ဇ် တိုက်ပွဲ (Austerlitz) တွင် ၁၈၀၅ ခု ဒီဇင်ဘာလတွင် အောင်မြင်ခဲ့သည်။

နပိုလီယံသည် ၁၈၀၆ ခုတွင် အီတလီရှိ နေပယ်မင်းနိုင်ငံကို သိမ်းပိုက်ပြီးနောက် သူ၏အစ်ကိုဂျိုးဇက်ကို မင်းပြုစေသည်။ ဒပ်ချ်သမ္မတနိုင်ငံကိုလည်း ဟော်လန်မင်းနိုင်ငံအဖြစ် ပြောင်းလဲပစ်ကာ သူ၏ညီတော်သူလူဝီကို မင်းပြုစေသည်။ ထို့နောက် ဂျာမန်နယ်အကုန်နီးပါး ပါဝင်သော ရိုင်းနယ်ကိုလည်း သူ၏အာဏာစက်အောက်တွင် ထားခဲ့သည်။ ထိုအချိန်တွင် ပရပ်ရှားသည် ရုရှားနှင့်ပေါင်းကာ ရိုင်းနယ်ကို တိုက်ခိုက်ခဲ့သည်။ နပိုလီယံ

စာအုပ်များစုဝေးရာ

က ပရပ်ရှားတပ်များကို ၁၈၀၆ခုနှစ် ယေနာ (Jena)နှင့် အောယာစတတ်ထ် (Auerstadt) တွင်လည်းကောင်း၊ ဖရိဒ်လန် (Friedland)တွင် ရုရှစစ်တပ်ကိုလည်းကောင်း ဖျက်ဆီးပစ်လိုက်သည်။ ၁၈၀၇ ခု ဇူလိုင်လတွင် နပိုလီယံသည် ရုရှမှ ဇာဘုရင်နှင့် မဟာမိတ်ဖွဲ့ကာ တယ်လ်ဆစ်ဒ် စာချုပ်အရ ပရပ်ရှားပိုင်သော မြေအကျယ်အဝန်းကို များစွာလျှော့ချပစ်လိုက်သည်။ ထို့ပြင် နပိုလီယံသည် ပြင်သစ်ဧကရာဇ်နိုင်ငံတွင်းသို့ မင်းနေပြည်အများအပြားကို ထည့်သွင်းခဲ့သည်။ မင်းနေပြည်များကိုလည်း သူ၏သွေးရင်းသားရင်းများကိုသာ ပေးအပ်ခဲ့သည်။

နပိုလီယံ၏ အစီအစဉ်အရ ဥရောပတိုက်ကို ပြင်သစ်အနေဖြင့် ပိတ်ဆို့ထားခဲ့သည်။ ဥရောပသို့ ဗြိတိသျှကုန်များကို မတင်သွင်းရ။ ထိုနည်းဖြင့် ဈေးသည်များ၏နိုင်ငံ (ဗြိတိန်) ကို မွဲသွားစေရမည်ဟု ဆိုခဲ့သည်။ ၁၈၀၇ တွင် နပိုလီယံက ပေါ်တူဂီကို သိမ်းပိုက်ခဲ့သည်။ ၁၈၀၈ ခုတွင် သူ၏အစ်ကို ဂျိုးဇက်ကို စပိန်ဘုရင်အဖြစ် ခန့်အပ်ခဲ့သည်။ နေပယ်မင်းနိုင်ငံကို သူ၏ယောက်ဖတော်သူ မူရတ် အားပေးခဲ့သည်။ စပိန်သို့ ဂျိုးဇက်ရောက်သည်နှင့် ပုန်ကန်တော်လှန်မှုဖြစ်ပွားသည်။ ကျွန်းဆွယ်စစ်ပွဲဟု အမည်တွင်ခဲ့သည်။ နပိုလီယံရောက်ရှိသွားကာ အချိန်တိုအတွင်း အောင်ပွဲရခဲ့သည်။

သို့သော် နပိုလီယံ ပြန်လည်ထွက်ခွာလာသည်နှင့် ဗြိတိသျှ၏ ကူညီအားပေးမှုကိုရရှိသော စပိန်တပ်များနှင့် ပြောက်ကျားများက ၅ နှစ်ကြာအောင် ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ ကျွန်းဆွယ်စစ်ပွဲသည် လူပေါင်း ၁၀၀,၀၀၀ သေဆုံးခဲ့သော စစ်ပွဲဖြစ်သည်။ ငွေကြေးကုန်ကျမှုကား တွက်ဆ၍မရနိုင်ခဲ့ပေ။ သေချာသည်မှာ နပိုလီယံ၏ ဧကရာဇ်နိုင်ငံကို များစွာအားလျော့ပါးစေခဲ့သည်။

နပိုလီယံသည် ၁၈၀၉ ခုတွင် သြစတြီးယားကို ဝက်ဂရမ်အရပ်တွင် အနိုင်တိုက်ခိုက်ခဲ့သည်။ ထို့နောက် အီလီရီယမ်နယ်များ (ယခု ဆလိုဗေးနီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ ဆားဗီးယားနှင့်မွန်တီနဂရိ) ကို



ဖြစ်ကြသည်။ ထို့နောက် ပုပ်ရဟန်းမင်းပိုင်နယ်များကို ပယ်ဖျက်ပစ်လိုက်သည်။

၁၈၁၀ ခုတွင် နပိုလီယံသည် ဂျိုဇက်ဖင်းကို ကွာရှင်းခဲ့သည်။ ထို့နောက် သြစတြီးယားဧကရာဇ်၏သမီးတော် မင်းသမီး မာရီလူစီကို လက်ဆက်ခဲ့သည်။ ထိုမင်းသမီးသည် မေရီအင်တွိုင်းနက်၏တူမတော် တော်စပ်သည်။ နပိုလီယံသည် ရီပတ်ဘလစ်ကင် ဖြစ်သည်။ ပြင်သစ်ကိုချစ်သည်ဟု အချို့သောသမိုင်းဆရာများက ဆိုကြသည်။ အမှန်အားဖြင့်မူ နပိုလီယံ၏ စိတ်ထားသည် အခွင့်အရေးသမားများ၏ စိတ်ထားပင်ဖြစ်သည်။ သူသည် ကော်ဆီးကားတွင် နေရာမရနိုင်ရုံမက သေဘေးနှင့်ပင် နီးနေသောကြောင့် ပြင်သစ်ကို ပြန်ပြေးလာကာ စစ်ရေးတွင် နေရာရအောင်ယူခဲ့သည်။ နောက်ပိုင်းတွင်လည်း အီဂျစ်တွင် တပ်များကိုထားခဲ့ကာ ဆူပူမှုဖြစ်ပွားနေသော ပြင်သစ်သို့ပြန်ခဲ့သည်မှာ ပြင်သစ်ကိုကယ်တင်ရန်မဟုတ်ချေ။ အခြေအနေအပြောင်းအလဲတွင် လက်ဦးမှုယူရန်သာ ဖြစ်သည်။ လက်ဦးမှုလည်း ရရှိခဲ့သည်။ ရရှိလိုက်သည်မှာ တော်လှန်ရေးမှ မွေးဖွားလာသော သားတစ်ယောက်သည် ခေတ်ဟောင်းကို ခြေကန်၍ဆွဲနေသော ဧကရာဇ်ဘဝသို့ ပြန်လည်ရောက်ရှိသွားသည်အထိပင် ဖြစ်သည်။

နပိုလီယံ၏တပ်များသည် ဥရောပအနှံ့သို့ ရောက်ရှိခြင်း၏အကြောင်းရင်းမှာ ဖြစ်တည်စ ပြင်သစ်သမ္မတနိုင်ငံကို ပြင်သစ်ပတ်ဝန်းကျင်ရှိ သြစတြီးယား ဦးဆောင်သော ဥရောပမင်းနိုင်ငံများက ဝိုင်းဝန်းတိုက်ခိုက်နေသောကြောင့် ပြင်သစ်ကို ကာကွယ်ရန် ပြန်လည်တိုက်ခိုက်ရခြင်းဖြစ်သည်။ နပိုလီယံ ၏တပ်သားများသည် သာတူညီမျှမှု သွေးစည်းညီညွတ်မှု လွတ်လပ်မှု (Equeality, fraternity, Liberty) ဟူသော ကြွေးကြော်သံများဖြင့် တက်ကြွသောမျိုးချစ်စိတ်ဖြင့် ဥရောပအရပ်ဒေသအသီးသီးသို့ ချီတက်ခဲ့ကြခြင်းဖြစ်သည်။ နပိုလီယံကလည်း သူ၏ဧကရာဇ်နိုင်ငံတော်ကို စုစုစည်းစည်းဖြစ်စေရန်အလို့ငှာ ရောက်ရာဒေသများတွင် သမ္မတနိုင်ငံ အမည်ပေးခဲ့သည်။ ထိုသို့ ခေတ်ရှေ့ပြေးနေသောတပ်က နယ်အသီးသီးတွင် ပြင်သစ်တော်လှန်

ရေး၏ ကြွေးကြော်သံများကို အရောက်ပို့ဆောင်ပေးခြင်းကြောင့်တစ်ကြောင်း မှလကာ စုစုစည်းစည်းမရှိသေးသော ဒေသများတွင်လည်း စုစည်းကာ သမ္မတနိုင်ငံဟူသောအမည်ကို နပိုလီယံက ပေးခဲ့သဖြင့်လည်းကောင်း ဥရောပတွင် ပြည်ထောင်စုစိတ်ဓာတ်များ ပေါ်ပေါက်လာခဲ့လေသည်။ နပိုလီယံသည် သြစတြီးယား၏ ကေရာဇ်မှမွေးဖွားသော မင်းသွေးစစ်သည့် မင်းသမီးနှင့် လက်ဆက်ပြီးသည့်နောက် သူ၏လက်နက်နိုင်ငံတော်မှာ အကျယ်ပြန့်ကြီး ကျယ်ပြန့်လာခဲ့လေသည်။ သူကလည်း ကေရာဇ်တစ်ပါးပီပီ သူပိုင်နယ်များတွင် ပြည်တွင်းရေး ငြိမ်သက်သာယာအောင် ဖန်တီးပေးနိုင်ခဲ့သည်။

သူ၏လက်နက်နိုင်ငံအတွင်းရှိ မင်းနိုင်ငံတိုင်းတွင် ကုဒ်နပိုလီယံကို ဥပဒေအဖြစ် ကိုင်စွဲကြရသည်။ မြေရှင်ပဒေသရာဇ်နှင့် မြေကျွန်စနစ်တို့ကို ဖျက်သိမ်းပစ်ခဲ့သည်။ ဘာသာရေးကိုးကွယ်ယုံကြည်မှုကိုလည်း လွတ်လပ်ခွင့်ပေးခဲ့သည်။ စပိန်တွင်မူ ထိုလွတ်လပ်ခွင့်ကို မပေးနိုင်ခဲ့ပေ။ စပိန်သည် ရိုမန်ကက်သလစ်ကျောင်းတော် အင်အားကြီးမားသည့်ပြင် အစ္စလမ်ဘာသာဝင်များနှင့် ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်ခဲ့ရသော နိုင်ငံဖြစ်သောကြောင့်ပင်။ နပိုလီယံ သိမ်းမိသောနိုင်ငံတိုင်းတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြဋ္ဌာန်းစေသည်။ ယောက်ျားများ မဲထည့်ခွင့်ရရှိစေသည်။ အခွင့်အရေးများ ပြဋ္ဌာန်းပေးသော ပါလီမန်လည်း ထားရှိစေခဲ့သည်။ ပြင်သစ်ပုံစံအတိုင်း အုပ်ချုပ်သော အုပ်ချုပ်ရေး တရားစီရင်ရေးများကိုလည်း ပြဋ္ဌာန်းစေသည်။ ကျောင်းများကို ဖွင့်လှစ်စေ၍ ကိုးကွယ်ယုံကြည်မှုနှင့် အဆင့်အတန်းကိုမကြည့်ဘဲ အရည်အချင်းရှိပါက လက်ခံသင်ကြားပေးစေသည်။ နိုင်ငံတိုင်းတွင် သိပ္ပံနှင့် ဝိဇ္ဇာပညာရပ်များ တိုးတက်စေရန် အကာယ်ဒမီများ တက္ကသိုလ်များ ဖွင့်လှစ်ပေးစေခဲ့သည်။ ထူးချွန်သောပညာရှင်များ အထူးသဖြင့် သိပ္ပံပညာရှင်များအတွက် လုံလောက်သောဘဏ်ပူဇော်ခများကို ပေးခဲ့သည်။ စည်းမျဉ်းခံဘုရင် အုပ်ချုပ်သော အစိုးရသည် ကတိပေးရုံသာ ရရှိသောအခွင့်အရေးဖြစ်သည်။ မည်သို့ဆိုစေ တိုးတက်ဖွံ့ဖြိုးမှုနှင့် အရည်အချင်းပြည့်ဝမှုတို့နှင့် ပတ်သက်၍ နိုင်ငံသားတိုင်းက ချီးကျူးဝမ်းသာဖြစ်ကြသည်။ နပိုလီယံခေတ် ကျဆုံးချိန်အထိ



သူ၏ခေတ်က စစ်ပွဲများအတွက် အခွန်အတုတ်ကြီးလေးစွာ ထမ်းဆောင်ရခြင်း စစ်တပ်ထဲသို့ဝင်၍ စစ်ထွက်ရခြင်းတို့ကို မေ့ပျောက်ပစ်ကာ သူ့ခေတ်က ရရှိခဲ့သောအကျိုးကျေးဇူးများကို တသသဖြစ်ကာ သတိရကြလေသည်။

၁၈၁၂ ခုနှစ်တွင် မူလက မဟာမိတ်များဖြစ်ခဲ့ကြသော ရုရှား ဇာဘုရင် ပထမမြောက် အလက်ဇန္ဒားနှင့် နပိုလီယံတို့သည် အချင်းချင်းသဘောထားကွဲကာ ရန်သူဘဝသို့ ရောက်ခဲ့ကြသည်။ ထုံးစံအတိုင်းပင် နပိုလီယံသည် စစ်အင်အားကိုစုစည်းကာ ပိုလန်တွင်စခန်းချ၍ အလက်ဇန္ဒားကို ထိတ်လန့်လာအောင် ကြိုးစားခဲ့သည်။ ရုရှားဇာဘုရင်နှင့် စေ့စပ်၍မရနိုင်တော့ပြီဟု သေချာစွာသိသည့်အချိန်တွင် နပိုလီယံသည် အင်အား ၆ သိန်း ရှိသော တပ်မတော်ကြီးကို ဦးဆောင်ကာ ရုရှားနယ်မြေတွင်းသို့ ဝင်ခဲ့လေသည်။ ထိုတပ်မတော်ကြီးထဲတွင် ပရပ်ရှားတပ်များနှင့် သြစတြီးယားတပ်များလည်း ပါဝင်လေသည်။

ရုရှားနယ်မြေတွင်းသို့ နပိုလီယံဝင်လာပြီဟုဆိုသည်နှင့် ရုရှားတို့သည် မြေလှန်မီးရှို့စနစ်ကိုသုံးကာ တပ်များရော အရပ်သားများပါ နောက်သို့ ဆုတ်ခွာသွားခဲ့ကြသည်။ ဇွန်လကတည်းက ရုရှားနယ်နိမိတ်တွင်းသို့ဝင်ခဲ့သော နပိုလီယံ၏တပ်များသည် စက်တင်ဘာလဆန်းအထိ မော်စကိုမြို့တော်အနီးသို့ မကပ်နိုင်သေးပေ။ စက်တင်ဘာလ ၇ ရက်နေ့တွင် ရုရှားစစ်သူကြီး ဦးဆောင်သောတပ်များနှင့် ဘိုရိုဒီနိုအရပ်တွင် ထိပ်တိုက်တွေ့ကြကာ ပြင်းထန်သော သွေးချောင်းစီးတိုက်ပွဲကြီး တိုက်ခဲ့ကြသည်။ သို့သော် အနိုင်အရှုံးမှာမူ မပြတ်သားခဲ့ပေ။ နောက်တစ်ပတ်အကြာတွင် နပိုလီယံသည် မော်စကိုသို့ ဝင်ရောက်နိုင်ခဲ့သည်။ ရုရှားများကိုမူ မတွေ့ရတော့ချေ။ နပိုလီယံတို့ ဝင်ရောက်သောနေ့တွင် မော်စကို၌ မီးအကြီးအကျယ်လောင်လေသည်။ မြို့ထက်ဝက်မက မီးထဲပါသွားလေသည်။ ထိုသို့သောအခြေအနေမှာပင် အလက်ဇန္ဒားက နပိုလီယံနှင့်တွေ့ဆုံရန် ငြင်းဆိုခဲ့သည်။

မော်စကိုတွင် နပိုလီယံ၏တပ်များသည် လူသားရန်သူများ၏ တိုက်ခိုက်ခြင်းကို မခံခဲ့ရဘဲ ရာသီဥတု၏ ပြင်းထန်သောတိုက်ခိုက်မှုကြောင့် စား

စရာလည်း မရှိ၊ မှီခိုနေထိုင်စရာလည်း မရှိချေ။ ရွေးစရာလမ်းမှာ ပြန်၍ ဆုတ်ရန်သာရှိတော့သည်။ ထိုအချိန်တွင် ဆောင်းကာလကလည်း စော၍ ဝင်ရောက်လာလေသည်။ အပြန်လမ်းတွင် ဘာရီဇီနားမြစ်ကို ခက်ခဲစွာ ဖြတ်ကျော်ပြီးနောက် တပ်ထွက်ခါစက ၆ သိန်းရှိသည့် တပ်သားဦးရေမှာ ၁၀,၀၀၀ မျှသာကျန်တော့သည်။

ထိုသို့ နပိုလီယံ တပ်ပျက်၍ ပြန်ခဲ့ရသည်ဟုဆိုသော သတင်းသည် ဥရောပနိုင်ငံအသီးသီးက နပိုလီယံကို အာခံရန် အားအင်များတက်သွားစေလေသည်။ ဂျာမနီတွင် တပ်ဆုတ်ခဲ့ရသည့်သတင်းကို ကြားပြီးသည့်နောက် ချက်ချင်းဆိုသလိုပင် ပြင်သစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပေါ်ပေါက်လာသည်။ မော်စကိုသို့ချီတက်စဉ်က ပါခဲ့သောပရပ်ရှားတပ်ရင်းသည် တပ်မတော်ကြီးမှ ထွက်ခွာခဲ့ရုံသာမက ပြင်သစ်များကို ပြန်လည်တိုက်ခိုက်ခဲ့သည်။ ဩစတြီးယား အာဏာပိုင်တို့ကလည်း သူတို့၏တပ်များကို ပြန်လည်ရုပ်သိမ်းခဲ့သည့်ပြင် ရန်လိုသောသဘောထားကို ထင်ရှားစွာပြခဲ့လေသည်။ အီတလီကလည်း နပိုလီယံကို ကျောခိုင်းခဲ့လေသည်။

ပြင်သစ်မှာပင် နပိုလီယံ ဧကရာဇ်အုပ်ချုပ်ရေးကို မကျေနပ်သည့် အပြုအမူများကို ထင်ရှားစွာပြသလာကြလေသည်။ ပါရီတွင် နပိုလီယံကို မကျေနပ်သော ဗိုလ်ချုပ်တစ်ဦးက နပိုလီယံ ရုရှတွင်ကျဆုံးပြီဆိုသော ကောလာဟလကို ထုတ်ပြန်ကာ အာဏာသိမ်းရန် ကြံစည်ခဲ့သေးသည်။ ထိုကိစ္စသည် နပိုလီယံကို တပ်မတော်ကြီးကို မစောင့်ဆိုင်းဘဲ ရှေ့မှကြိုကာ ပါရီအရောက် ခရီးပြင်းနှင်ခဲ့ခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်ပေသည်။ ပါရီသို့ အချိန်မီပြန်ရောက်ပြီးနောက် နပိုလီယံသည် အာဏာရှင်စနစ်ကို ပို၍တင်းကျပ်စွာ ဆုပ်ကိုင်ခဲ့သည်။ ငွေကြေးများကို အကြောင်းအမျိုးမျိုးပြကာ ကောက်ခံခဲ့သည်။ တပ်မတော်အတွက် တပ်သားများကို ထပ်၍စုဆောင်းခဲ့သည်။

၁၈၁၃ ခုတွင် ပြင်သစ်ကို ဝိုင်းဝန်းတိုက်ခိုက်နေကြသည့် တပ်များမှာ ကြေးစားတပ်များ မဟုတ်တော့ချေ။ မိမိတို့နိုင်ငံ လွတ်မြောက်ရေးအတွက်



စိတ်အားထက်သန်စွာ တိုက်ခိုက်နေကြသော မျိုးချစ်များဖြစ်ကြသည်။ ပြင်သစ်လူမျိုးများလည်း ၁၇၉၂ နှင့် ၁၇၉၃ ခုတွင် ပြင်သစ်နိုင်ငံကို ဝိုင်းဝန်းတိုက်ခိုက်သူများကို ဤသို့သောသတ္တိ ဤသို့သောစိတ်အားထက်သန်မှုဖြင့် တွန်းလှန်ခဲ့ဖူးသည်။ ၁၈၁၃ ခုတွင်မူ ပြင်သစ်များ၏သတ္တိသွေးကား နိုပါသေး၏။ သို့သော် နပိုလီယံအတွက် အသက်စွန့်ကာ တိုက်ခိုက်ရန် စိတ်အားမထက်သန်နိုင်တော့ပေ။

နပိုလီယံသည် ၁၈၁၃ ခုတွင် ရုရှများနှင့် ပရပ်ရှားတို့ကို တိုက်ပွဲနှစ်ပွဲမျှ အောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့သည်။ သို့သော် သူ၏တပ်များမှာ အင်အားလျော့ပါးလှပြီဖြစ်၍ အင်အားဖြည့်တင်းရန် များစွာလိုအပ်နေပြီဖြစ်သည်။ နောက်ဆုံးတွင် ဩစတြီးယားနှင့် စစ်ပြေငြိမ်းရန် နပိုလီယံ သဘောတူခဲ့ရသည်။ ထိုကိစ္စကိုဆောင်ရွက်ရန် ပရပ်ဂ်မြို့တွင် ကွန်ဂရက်တစ်ခု ကျင်းပခဲ့သည်။ ထိုကွန်ဂရက်တွင် ဩစတြီးယား၏ တောင်းဆိုချက်မှာ လျှော့ကန်သင့်မြတ်ပါသည်။ ပြင်သစ်လက်နက်နိုင်ငံတော်ကို မူလက နယ်နိမိတ် အပိုင်းအခြားအတိုင်း ပြန်လည်ထားရှိရန်၊ ဝါဆောနယ်စားပိုင်နက်နှင့် ရိုင်းပြည်နယ်ကို ဖျက်သိမ်းပစ်ရန်တို့ ဖြစ်ကြသည်။ ပရပ်ရှားသည်လည်း ၁၈၀၅ ခု နယ်နိမိတ်အတိုင်း ပြန်လည်ရရှိရန်ဖြစ်သည်။ နပိုလီယံသည် ထိုအချက်များကို သဘောတူရန်ကိစ္စအတွက် အချိန်များစွာယူကာ စဉ်းစားနေသည်။ ဩဂုတ်လ ၁၀ ရက်နေ့အထိ သူ၏အဖြေကို မရရှိသောကြောင့် ကွန်ဂရက်ကို ရုပ်သိမ်းကာ ဩစတြီးယားက စစ်ကြေညာလေသည်။

ပြင်သစ်တပ်မတော်၏အခြေအနေမှာ ရှေ့ဦးကာလက အခြေအနေထက် ပိုမိုဆိုးဝါးလာသည်။ ပြင်သစ်ကိုဆန့်ကျင်ရန် ဖွဲ့စည်းထားသော မဟာမိတ်များသည် တစ်နေ့တခြား လူအင်အားများလာခဲ့သည်။ ပြင်သစ်တပ်မတော်တွင်းတွင် ပါဝင်ခဲ့သော ဂျာမန်တပ်ရင်းများသည် တစ်ရင်းပြီးတစ်ရင်း ရန်သူများနှင့် သွားရောက်ပူးပေါင်းခဲ့သည်။

နပိုလီယံသည် သူ့ဘဝအတွက် အကြီးမားဆုံး ကျဆုံးခြင်းကို လိုက်ပ်ဇစ် တိုက်ပွဲတွင် ရင်ဆိုင်ရသည်။ ရန်သူများသည် မဟာမိတ်များအဖြစ်

အင်အားစုစည်းပြီး လာရောက်တိုက်ခိုက်ခြင်းဖြစ်သည်။ ၁၈၁၃ ခု အောက်တိုဘာလ ၁၆-၁၉ ရက်များတွင် နပိုလီယံ၏တပ်မတော်ကြီးသည် အစိတ်စိတ် အမွှာမွှာကွဲသွားခဲ့သည်။ စစ်ရှုံးခြင်းမှသည် လျှင်မြန်သောနှုန်းဖြင့် မထူနိုင်အောင်ကျဆုံးခြင်းသို့ ရောက်ရှိသွားသည်။ စပိန်မှ ပြင်သစ်တပ်များသည်လည်း နောက်သို့ဆုတ်ခွာရအောင် ဖိ၍တိုက်ခိုက်ခြင်းကိုခံခဲ့ရသည်။ ဇွန်လတွင် စစ်ရှုံးခဲ့သည်။ အောက်တိုဘာလတွင် ဗြိတိသျှတို့က ပိုင်ရင်းနီး၏မြောက်ဘက်မှ ပြင်သစ်တပ်များကို ဖိ၍တိုက်နေခဲ့သည်။ အီတလီနှင့် ဩစတြီးယားတို့ကလည်း ဖိ၍တိုက်ခိုက်နေပြန်သည်။ တစ်နယ်ပြီးတစ်နယ်သိမ်းနေပြန်သည်။

ထိုအချိန်တွင် မူရတ် (နပိုလီယံ၏ယောက်ဖ) သည် သူ့ကို နေပယ်လ်စ်၏ မင်းအဖြစ်ကိုပေးခဲ့သည့် ယောက်ဖတော်ကို သစ္စာဖောက်ကာ ဗီယင်နာနန်းတော်တွင် သဘောတူညီမှုရယူခဲ့သည်။ ဘယ်လ်ဂျီယန်များ ဒပ်ချ်များကလည်း နပိုလီယံကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

၁၈၁၄ခု ဇန်နဝါရီလမှစ၍ ပြင်သစ်နိုင်ငံ၏နယ်နိမိတ် အရပ်လေးမျက်နှာတွင် ရန်သူများက ဝိုင်းဆို့တိုက်ခိုက်လျက်ရှိကြသည်။ သူတို့ကလိမ္မာပါးနပ်စွာ ကြေညာကြသည်။ သူတို့ဦးတည်တိုက်ခိုက်နေသည်မှာ ပြင်သစ်နိုင်ငံသားများ မဟုတ်။ နပိုလီယံ တစ်ဦးတည်းကိုသာ ဖြစ်သည်။ တိုက်ခိုက်ရခြင်း၏အကြောင်းရင်းမှာလည်း ၁၈၁၃ ခုနှစ် နိုဝင်ဘာလကတည်းက နပိုလီယံသည် ဩစတြီးယားနန်းရင်းဝန်ကြီး မက်တားနစ်၏အဆိုပြုချက်များကို ငြင်းဆန်ခဲ့သောအကြောင်းကြောင့်ဖြစ်သည်။ အကယ်၍သာ နပိုလီယံက မက်တားနစ်၏အဆိုပြုချက်ကို လက်ခံခဲ့ပါက ပြင်သင်သည် သဘာဝနယ်နိမိတ်ကို ယခုထက်တိုင် ဆက်လက်ထိန်းထားနိုင်မည်ဖြစ်ကြောင်းကိုလည်း ထုတ်ပြန်ကြသည်။ စကေရာဇ်နပိုလီယံသည် ၁၈၁၄ ခု ပထမပိုင်း သုံးလအတွင်း စုဆောင်းထားသော တပ်သားသစ်များနှင့် မဟာမိတ်တို့၏ ထိုးစစ်ကို တွန်းလှန်နိုင်ခြင်းမရှိပေ။ အကြောင်းမှာ မဟာမိတ်တို့သည် လူအင်အားအရ များစွာအားသာလျက်ရှိသည်။ တပ်သားအင်အား



တိုးတက်လာစေရန် ပြင်သစ်နိုင်ငံသားများကိုလည်း လှုံ့ဆော်၍မရနိုင်တော့ပေ။ နိုင်ငံသားအများစုက များစွာဒုက္ခခံပြီး နိုင်ငံကိုထိန်းသိမ်းခဲ့ပါလျက် နပိုလီယံ၏ကိုယ်ကျိုးကြည့်မှု၊ မလိမ္မာမှုတို့ကြောင့် ဤသို့သော အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်ဟုဆိုကာ နာကြည်းလျက်ရှိနေကြသည်။ တရားဥပဒေစိုးမိုးရေးအဖွဲ့နှင့် ဆီနိတ်တို့သည် ယခင်က ပျော့ပျောင်းစွာဆက်ဆံခဲ့ကြသော်လည်း ယခုအခါတွင် နပိုလီယံထံမှ ငြိမ်းချမ်းရေး လူမှုရေး လွတ်လပ်ခွင့်နှင့် နိုင်ငံရေးလွတ်လပ်ခွင့်တို့ကို တောင်းဆိုနေကြပြီဖြစ်သည်။

၁၈၁၄ ခုမတ်လတွင် ဩစတြီးယား ရုရှား ပရပ်ရှားနှင့် ဂရိတ်ဗြိတိန်တို့သည် ချောမွန့်စာချုပ် (Chaumont)အရ အချင်းချင်း အနှစ် ၂၀ အတွင်း မခွဲခွာစတမ်းနှင့် မည်သူနှင့်မျှ သီးခြားငြိမ်းချမ်းရေးစာချုပ် မချုပ်ဆိုရေးကို ကတိကဝတ် ပြုကြသည်။ ထို့ပြင် နပိုလီယံကို ဖြုတ်မချနိုင်မချင်း ဆက်လက်တိုက်ပွဲဝင်ရန် ကတိသစ္စာ ပြုခဲ့ကြသည်။

မဟာမိတ်တပ်များသည် မတ်လ ၃၀ ရက်နေ့တွင် ပါရီမြို့ဝန်းကျင်သို့ရောက်သည့်အချိန်၌ နပိုလီယံက မဟာမိတ်တို့ကို နောက်ပိုင်းမှ ဝင်ရောက်တိုက်ခိုက်ရန် မြို့အရှေ့ဘက်သို့ထွက်ခွာသွားခဲ့သည်။ ပါရီမြို့မှ တာဝန်ရှိသူတို့သည် နပိုလီယံကို လေးမြတ်ကြည်ညိုခြင်း ကင်းနေပြီဖြစ်သဖြင့် မဟာမိတ်များနှင့် လျှင်မြန်စွာတွေ့ဆုံခဲ့ကြသည်။ ကြားဖြတ်အုပ်ချုပ်ရေးအဖွဲ့၏ဥက္ကဋ္ဌအဖြစ် (Talleyrand)က ဧကရာဇ်ကို အရာမှချကြောင်း ကြေညာသည်။ ထို့နောက် ပြင်သစ်လူထုကို အသိမပေးဘဲ လူဝီ ၁၈ ထံ သွားရောက်၍ ညှိနှိုင်းတိုင်ပင်သည်။ ထို လူဝီ ၁၈ မှာ ဂီလိုတင်ပေါ်တွင် အသတ်ခံရသော လူဝီ ၁၆ ၏ညီတော်ဖြစ်သည်။ နပိုလီယံသည် ဖောင်တိန်ဘလူးသို့ ရောက်ရှိမှသာ ရှိနေသေးသည့်အချိန်တွင် ပဲရစ်သည် ရန်သူ့လက်သို့ ကျသွားပြီဖြစ်ကြောင်း ကြားသိရသည်။ ဆက်လက်ဆန့်ကျင်နေ၍ အကျိုးမရှိကြောင်း ဝိုင်းဝန်းနားချကြသဖြင့် ဧပြီလ ၆ ရက်နေ့ တွင် ထီးနန်းစွန့်ခဲ့သည်။

ဖောင်တိန်ဘလူးစာချုပ်အရ (Fontainebleau Treaty)မဟာမိတ်များသည် နပိုလီယံကို အယ်လ်ဘာကျွန်းကို သူပိုင်ကျွန်းအဖြစ် ပေးအပ်

ကြသည်။ တစ်နှစ်လျှင် ဖရန့်ငွေ ၂,၀၀၀,၀၀၀ (သန်းနှစ်ဆယ်) ကို ပြင်သစ်မှပေးမည် ဖြစ်သည်။ အဈောင်တမ်းတပ်ဖွဲ့ ၄၀၀ ကိုလည်း သူ့လုံခြုံရေးအတွက် ပေးထားမည်ဖြစ်သည်။ ထို့ပြင် သူ့ကို ဧကရာဇ်အဖြစ် ဆက်လက်ခေါ်ဆိုမည်ဖြစ်သည်။ နပိုလီယံသည် အမည်ခံဧကရာဇ် လခစားအကျဉ်းသားအဖြစ်နေရမည်ကို မနှစ်သက်သဖြင့် သူ့ကိုယ်သူသတ်သေရန် ကြိုးစားပါသေးသည်။ မအောင်မြင်ခဲ့သဖြင့် သူ၏ကိုယ်ရံတော်တပ်ကို နှုတ်ဆက်စကားပြောပြီးနောက် ခရီးထွက်ခဲ့သည်။ လမ်းခရီးသည် မသာယာလှသည့်ပြင် သူ့ကိုလုပ်ကြံမည့်ဘေးမှလည်း သီသီကလေးလွတ်ကာ မေလ ၄ ရက်နေ့တွင် အယ်လ်ဘာကျွန်းသို့ ဆိုက်ရောက်ခဲ့သည်။

## အယ်လ်ဘာကျွန်းမှာ ရက် ၁၀၀

*'ကနေ့ကစပြီး တရားသဖြင့် အေးအေးချမ်းချမ်းနေရတဲ့ဘဝမှာ ငါနေချင်ပါတယ်'* ဟု အယ်လ်ဘာကျွန်းသို့ အရောက်တွင် နပိုလီယံက ပြောခဲ့သည်။ သူ့အကြောင်းကို ကောင်းစွာသိသူများသည် ထိုအပြောကို မယုံကြည်ကြပေ။ သူသည် အင်အားကြီးမားသလို စိတ်ကူးလည်းယဉ်တတ်သည်။ အသက်ကလည်း ၄၅ နှစ်သာ ရှိသေးသည်။ အညံ့ခံနေရသည့်ဘဝတွင် အရှုံးပေးကာ မည်သို့အေးအေးနေနိုင်ပါမည်နည်း။

ပြင်သစ်၏အဖြစ်ကိုလည်း ပြန်၍ကြည့်သင့်သေးသည်။ ဘူဘွန်မင်းဆက်မှ လူဝီ ၁၈ ပြန်လာခြင်းကို ပြင်သစ်နိုင်ငံသားများက မည်သို့မျှ မကျေနပ်နိုင်ပေ။ ဧကရာဇ်နပိုလီယံကို အလွန့်အလွန်ငြီးငွေ့နေသည်မှာ မှန်ပါသည်။ သို့သော် ဘူဘွန်များကိုတော့ စိတ်ကုန်လှပါပြီဟု ဆိုကြမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံသားများသည် ပြင်သစ်တော်လှန်ရေး၏ အသီးအပွင့်များ တော်လှန်ရေးအပြီးတွင် လူချင်းတူတူ သူချင်းမျှမျှဖြစ်ခဲ့ရသည်များကို မေ့ပျောက်နိုင်ခြင်း မရှိခဲ့ပေ။ လူဝီ ၁၈ ပြန်လာပုံကလည်း သူတို့အတွက် အထင်မကြီးချင်စရာ။ နိုင်ငံခြားသို့သွားရောက်နေထိုင်ခဲ့သော ပြည်ပြေး



သူကောင်းမျိုးများကလည်း လူဝီ ၁၈ နောက်ပါးမှ ပါလာခဲ့ကြပြန်သည်။ ထိုသူတို့သည် ဘာမျှပို၍တတ်သိနားလည်ခြင်းမရှိခဲ့သလို သူတို့ကောင်းစားခဲ့သည့် ဘဝကိုလည်း မည်သို့မျှ မေ့ပျောက်ခြင်းမရှိခဲ့ပေ။ သူတို့သည် တော်လှန်ရေးမှရခဲ့သော အကျိုးအမြတ်များကို ဖျက်ဆီးမည့်သူများဖြစ်သည်ဟု ပြင်သစ်လူမျိုးအများက တွေးတောခဲ့ကြသည်။ ထိုသို့စိတ်မပါ လက်မပါဖြစ်နေရာမှ မယုံသင်္ကာဖြစ်လာခဲ့သည်။ ယခင်က မုန်းတီးခဲ့သည်များ ပြန်လည် နီးကြားလာပြန်သည်။ ဆန့်ကျင်ဘက်အားများ စုစည်းခဲ့ကြသည်။ တိတ်တခိုး ပူးပေါင်းကြံစည်မှုများ ပေါ်ပေါက်လာခဲ့ကြသည်။

နပိုလီယံသည် သူ၏အထောက်တော်မှတစ်ဆင့် ဥရောပ၏အခြေအနေများကို စုံစမ်းနေခဲ့ သိနေခဲ့သည်။ ဗီယင်နာ ကွန်ဂရက်တွင် ပါဝင်သော မဟာမိတ်ကိုယ်စားလှယ်များသည် ဥရောပ၏ကံကြမ္မာကို ဆုံးဖြတ်နေသည်ကိုလည်း သူသိသည်။ ကော်ဆီးကားနှင့် အီတလီအကြားရှိ အယ်လ်ဘာကျွန်းပေါ်တွင် သူ့ကိုထားခြင်းသည် မဟာမိတ်များအတွက် မလုံခြုံသဖြင့် အဝေးဒေသမှ ကျွန်းတစ်ကျွန်းအပေါ်တွင်ထားပါက ပို၍ကောင်းမည်ဟု တောင်းဆိုဆွေးနွေးကြသူများ ရှိလာသည်ကိုလည်း သူသိသည်။ သူသည် ဩစတြီးယားအစိုးရအား သူ့ထံသို့ မိဖုရားမာရီလူစီနှင့် သားကို လာရောက်ခွင့်မပေးရကောင်းလားဟု ပြစ်တင်ဝေဖန်သည်။ အမှန်အားဖြင့် ထိုသို့မဟုတ်ပါ။ မိဖုရားသည် အချစ်သစ်တွေ့နေပြီဖြစ်သဖြင့် သူ့ထံသို့ မလာရောက်လိုတော့ပါ။ ထိုသို့ဖြစ်အောင်လည်း အောင်သွယ်တော်များက တာဝန်ကျေပွန်ခဲ့ပါသည်။

ပြင်သစ်အစိုးရကလည်း သူ့ထံသို့ ထောက်ပံ့ကြေး ပို့မပေးတော့ပါ။ ထို့ကြောင့်နပိုလီယံသည် ချွတ်ခြုံကျတော့မည့် အခြေအနေကို ရင်ဆိုင်ရတော့မည်လောဟု ထိတ်လန့်နေခဲ့သည်။ ထိုသို့သောအခြေအနေမျိုးနှင့် ရင်မဆိုင်ရလေအောင် နပိုလီယံ၏သဘာဝအတိုင်း လျှင်မြန်စွာလှုပ်ရှားခဲ့သည်။ သူသည် လျှပ်စီးလက်သကဲ့သို့ လျှင်မြန်စွာ ပြင်သစ်သို့ပြန်လာခဲ့သည်။ ၁၈၁၅ ခု မတ်လ ၁ ရက် နေ့တွင် ကိန်းစ်တွင်ရောက်ရှိသည်။ သူ၏ကိုယ်ရံ

တော် တပ်ရင်းတစ်ရင်းဖြင့် အဲလ်ဗ်စ်တောင်တန်းကို ဖြတ်ကျော်လိုက်သည့်အခါ ရီပတ်ဘလစ်ကင် လယ်သမားများသည် သူ့အနီးတွင်ဝိုင်းရံနေခဲ့ကြသည်။ သူတို့သည် ဧကရာဇ်ဘုရင်ကို ကြိုဆိုခြင်းမဟုတ်။ တော်လှန်ရေးမှ မွေးဖွားပေးသောသားတစ်ယောက်ကို ကြိုဆိုခြင်းဖြစ်သည်။ သူ့ကိုဖမ်းဆီးရန် လွှတ်လိုက်သောတပ်သားများကလည်း တော်လှန်ရေးခေါင်းဆောင်ဟောင်းတစ်ယောက်အဖြစ် သူ့ဘက်သို့ လိုက်ခဲ့သည်။ မတ်လ ၂၀ ရက်နေ့တွင် သူသည် ပါရီသို့ ပြန်ရောက်ခဲ့သည်။ နပိုလီယံ အာဏာပြန်ရသည်မှာ တော်လှန်ရေးစိတ်ဓာတ်ကြောင့်သာ ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က နန်းစွန့်ခဲ့ရသည့် ဧကရာဇ်တစ်ဦးဖြစ်သောကြောင့် မဟုတ်ပေ။

နပိုလီယံသည် တော်လှန်ရေးသမားများနှင့်ပေါင်းသော် ပြည်သူလူထု၏လေးစားခြင်းကို ပြန်ရနိုင်သော်လည်း သူပေါင်းရမည့်သူများကို သူစိတ်မချပေ။ ထို့ကြောင့် လူဝီ ၁၈ ၏ နိုင်ငံရေးအဖွဲ့နှင့်ထူးမခြားနားသည့် နိုင်ငံရေးအဖွဲ့ကိုသာ ဖွဲ့စည်းနိုင်ခဲ့သည်။ ဤသို့ဖြင့် လျှပ်စီးလက်သလို ပြန်လာခဲ့ပြီး လျှပ်စီးလက်သလိုပင် ကျဆုံးခဲ့ရပြန်သည်။

၁၈၁၅ ခု ဂျွန်လ ၁၈ ရက်နေ့တွင် ဝါတာလူးစစ်ပွဲတွင် ကျွန်းဆွယ်စစ်ပွဲမှ အောင်ပွဲရစစ်သူကြီး ဝယ်လင်တန်နှင့် နပိုလီယံ ရင်ဆိုင်ခဲ့ရသည်။ ပြင်းထန်ရက်စက်သောတိုက်ပွဲကို နှစ်ဘက်စလုံးက အားသွန်ခွန်စိုက် တိုက်ခိုက်ခဲ့ကြသည်။ နပိုလီယံသည် နိုင်ချေရှိနေပါလျက် ဗြိတိသျှတို့ဘက်သို့ ပရပ်ရှားတပ်များက စစ်ကူလာသည့်အချိန်တွင် မည်မျှပင်သူ့ရဲကောင်း စိတ်ဓာတ် ရှိပါစေ၊ တပ်သားများက မည်မျှပင် အသက်စွန့်တိုက်ကြပါစေ၊ အားချင်းမမျှတော့သဖြင့် နပိုလီယံတို့ဘက်မှ စစ်ရှုံးခဲ့ပေသည်။

ပါရီသို့စစ်ရှုံးသူအဖြစ် ပြန်လည်ခေါ်ဆောင်လာပြီးနောက် ပါလီမန်က နပိုလီယံကို အာဏာစွန့်ခိုင်းသည်။ ၁၈၁၅ ဂျွန်လ ၂၂ ရက်နေ့တွင် နပိုလီယံ အာဏာစွန့်သည်။ သူသည် အမေရိကန်ပြည်ထောင်စုသို့ သွားလိုသည်။ သို့သော် ဗြိတိသျှတို့က ခွင့်မပြုခဲ့ပေ။ ဗြိတိသျှအစိုးရက အတ္တလန္တိတ်သမုဒ္ဒရာတောင်ပိုင်းရှိ စိန့်ဟယ်လီနာကျွန်းသို့ နပိုလီယံကို ပို့လိုက်ကြသည်။



နပိုလီယံ စိန့်ဟယ်လီနာကျွန်းသို့ သွားသည့်အခါ သူ၏သစ္စာရှိအမှုထမ်းအချို့သည် ဇနီးမယားများကိုပါခေါ်၍ လိုက်ပါသွားလေသည်။ စိန့်ဟယ်လီနာကျွန်းတွင် နပိုလီယံ နေရသည်မှာ ဒုတိယဘုရင်ခံအတွက် ဆောက်ထားသည့်အိမ်ဖြစ်သည်။ အစားအစာများကို ကောင်းကောင်းနှင့် အလျှံပယ်ကျွေးခဲ့သည်။ နပိုလီယံသည် ထိုကျွန်းပေါ်တွင် သွားချင်သည့်နေရာကို သွားနိုင်သော်လည်း သူနေရသည့်အိမ်ဝိုင်းအပြင်သို့ တစ်ခါမျှမထွက်ဘဲ ကွယ်လွန်သည့်တိုင် နေထိုင်သွားခဲ့သည်။ အကြောင်းမှာသူ သွားလေရာတွင် အင်္ဂလိပ်အရာရှိတစ်ဦး လိုက်ပါရမည်ဖြစ်သောကြောင့် သုံ့ပန်းဘဝကို မေ့ချင်သော နပိုလီယံက အပြင်သို့မသွားခြင်းဖြစ်နိုင်သည်။ သူသည် ကျွန်းပေါ်တွင် နေစဉ်ကာလ၌ စာရေးသည်။ စာဖတ်သည်။ စကားများစွာ ပြောသည်။ အင်္ဂလိပ်စာကို သင်ယူသည်။ အင်္ဂလိပ်သတင်းစာများကို ဖတ်နိုင်သည်အထိ တတ်ခဲ့သည်။ ညတိုင်တွင် စာဖတ်ပြသည်ကိုလည်း နားထောင်သည်။ ပြင်သစ်စာအုပ်များစွာကိုလည်း ဥရောပမှ ပို့ပေးသည်ကို ဖတ်ရှုသည်။

အချို့သောသူများက သူသည် ကောင်းကောင်းစား၊ ကောင်းကောင်းနေခွင့်ရသော်လည်း လှုပ်ရှားမှုနည်းပါးသဖြင့် အရွယ်ကျလွယ်သည်။ ကျန်းမာရေး အခြေအနေကျဆင်းသွားသည်ဟု ဆိုကြသည်။ စိတ်ဆင်းရဲခြင်းသည်လည်း အကြောင်းတစ်ခုဖြစ်မည်။ ကိုယ်ရေးကိုယ်တာ စိတ်မချမ်းသာစရာလည်း များသည်စသည်ဖြင့် သူ၏ကျန်းမာရေးအခြေအနေ မကောင်းသည့်ကိစ္စနှင့်ပတ်သက်၍ ပြောခဲ့ကြသည်။

အမှန်မှာ နပိုလီယံသည် စိန်အဆိပ်ကို နှစ်ရှည်လများ နည်းနည်းချင်းကျွေး၍ ကျန်းမာရေးထိခိုက်ကာ သေအောင်လုပ်ကြံခြင်းကို ခံသွားခဲ့ရသည့်အကြောင်းကို နောက်ပိုင်းမှ သိကြရခြင်းဖြစ်သည်။ ထိုသို့သံသယဖြစ်ဖွယ်ကိစ္စကို သူ၏အပါးတွင် လိုက်၍နေသော နန်းတွင်းသားတစ်ဦးက နေ့စဉ်ဘုရင်မင်းမြတ် မည်သို့ခံစားရသည်။ မည်သည့်အစားအစာကို စားသည်။ မည်သည့်စကားကို ပြောသည်စသည်ဖြင့် အပ်ကျမ‌ပ်ကျ စာဖြင့်ရေးသားမှတ်တမ်းတင်ထားခဲ့သည်။ ထိုမှတ်စုထဲတွင်ပါသော ရောဂါလက္ခဏာများ

ကြောင့် အလေလောင်းကိုဖော်၍ စစ်ဆေးသည့်အခါ စိန်အဆိပ်များကို တွေ့ရှိခြင်းတို့ကို ပေါင်းစပ်ကာ စိန်အဆိပ်သင့် သေခြင်းဖြစ်ကြောင်း သိကြရသည်။ အစားအစာထဲတွင် နည်းနည်းချင်းထည့်၍ အနံ့အရသာမရှိသော ပြင်းသော်လည်း နည်း၍ ချက်ချင်းမသိနိုင်သည့်နည်းဖြင့် အဆိပ်ခတ်လုပ်ကြံခြင်းကို နပိုလီယံ ခံခဲ့ရခြင်းဖြစ်ပေသည်။

နပိုလီယံသည် ၁၈၇၁ ခုမှစ၍ နေမကောင်းထိုင်မသာ ဖြစ်လာခဲ့သည်။ ၁၈၂၁ ခုနှစ်ဆန်းမှစ၍ ရောဂါပြင်းထန်လာခဲ့သည်။ မတ်လတွင် အိပ်ရာမှ မထနိုင်တော့ပေ။ ဧပြီလတွင် သူ၏နောက်ဆုံး သေတမ်းစာတွင် ရေးထည့်သွားသည်မှာ ကြေကွဲစရာကောင်းပေသည်။ “*ကျုပ်၏အရိုးပြာများကို စိန်းမြစ်ကမ်းပါးများပေါ်တွင် အိပ်စက်နားနေစေချင်သည်။ ကျုပ်အလွန်ချစ်ခဲ့သော ပြင်သစ်လူမျိုးတို့၏အလယ်တွင် ရှိနေစေချင်သည်။ . . . အချိန်မစေ့ခင် ကျုပ်သေခဲ့ရခြင်းဖြစ်သည်။ အင်္ဂလိပ်အထက်တန်းစားများက သူသတ်များကို ငှား၍ သတ်စေခဲ့ခြင်းဖြစ်သည်*” ဟုပါသည်။

နပိုလီယံသည် ၁၈၂၁ ခု မေလ ၅ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၅၂ မပြည့်တတ်သေးပေ။ စိန့်ဟယ်လီနာ ကျွန်းပေါ်တွင်လည်း သာယာသောနေရာတွင် ကောင်းစွာမြှုပ်နှံခဲ့သည်။ အမည်ကို ဖော်ပြထားခြင်းမရှိဘဲ “ဤနေရာတွင် လဲလျောင်းသည်” ဟုသာ ဖော်ပြထားသည်။ ၁၈၄၀တွင် သူ၏ရုပ်ကလာပ်ကို ပြင်သစ်သို့ ပြန်လည်သယ်ယူခွင့်ရခဲ့သည်။ ဘုရင်လူဝီဖိလစ်က တောင်းဆိုသောကြောင့် ဗြိတိသျှကို ပြန်လည်ပို့ပေးခဲ့ခြင်းဖြစ်သည်။ ဘုရင်လူဝီဖိလစ်က ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်ခဲ့သည်။ ယခုထက်တိုင် ထိုစဉ်က မြှုပ်နှံသည့်နေရာတွင် တည်ရှိသည်။

ပြင်သစ်နိုင်ငံသားမဟုတ်သော နပိုလီယံသည် ပြင်သစ်၏နေရာအနှံ့ အပြားတွင် သူ၏လက်ရာခြေရာများ အမှတ်ရဖွယ်များကို ထားရစ်ခဲ့သည်။ ထိုအမှတ်ရဖွယ်များကြောင့် သူသည် သတိတရရှိခြင်းကို အမြဲခံယူခဲ့ရသူ တစ်ဦးဖြစ်သည်။ ပါရီရှိ အောင်ပွဲရမုခ်ဦး (Arc de Triomphe) သည်



မြို့တော်၏ဗဟိုချက်မတွင် ရှိသည်။ ထိုမုခ်ဦးသည် သူ၏အောင်ပွဲများကို အကြောင်းပြု၍ တည်ဆောက်ထားသော မုခ်ဦးဖြစ်သည်။ ပဥ္စမပြောက် သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံတွင် သူ၏ဝိညာဉ် ကိန်းလျက်ရှိသည်။ ယခုတိုင် ပြင်သစ်နိုင်ငံ၏ အခြေခံဥပဒေသည် ကုဒ်နပိုလီယံ ဖြစ်သည်။ အုပ်ချုပ်ရေးစနစ်နှင့် တရားစီရင်ရေးစနစ်တို့သည် နပိုလီယံ၏စနစ်များ ဖြစ်ကြသည်။ နိုင်ငံတော်က ကြီးကြပ်သော ပညာရေးစနစ်သည် နပိုလီယံက အစတည်ပေးခဲ့၍ ယခုတိုင် ရှင်သန်ဆဲဖြစ်သည်။ နပိုလီယံ၏ ထက်သန်သော ပြုပြင်ပြောင်းလဲရေးများသည် ဥရောပနိုင်ငံများတွင် ၁၉ ရာစု၌ ဖြစ်ပွားမည့် တော်လှန်ရေးများအတွက် အခြေခံဖြစ်ခဲ့သည်။ ယခုခေတ် ဥရောပ နိုင်ငံများတွင် တည်ရှိနေသော တရားဥပဒေများသည် ကုဒ်နပိုလီယံ၏ လွှမ်းမိုးမှုနှင့် မကင်းကြချေ။

နပိုလီယံသည် အမြဲတစေ ချီတက်နေသောသူဖြစ်သည်။ မည်သည့်အခါမျှ စိတ်မကျေနပ်နိုင်။ မည်သည့်အခါမျှ စိတ်လုံခြုံခြင်းကို မရနိုင်သော သူတစ်ဦးဖြစ်သည်။ အာဏာဟာ ငါ့ရဲ့အပျော်မယားပဲဟု ပြောလေ့ရှိသည်။ သူ၏ဘဝသည် အလုပ်တွင်အခြေပြုသော ဘဝဖြစ်သည်။ လူမှုရေးလုပ်ငန်းများမှာပင် အလုပ်ကိစ္စပါဝင်နေသည်။ ပျော်ပွဲရွှင်ပွဲများနှင့် အနားယူခြင်းတို့ကို ကြာရှည်ကြာများ မခံစားတတ်ပေ။ အစားကိုလည်း ကောင်းကောင်း မစားတတ်။ အရက်ကောင်းကောင်းကိုလည်း မသောက်တတ်ချေ။ ကိစ္စရှိပါက သူသည် ဆွဲဆောင်မှုကောင်းသော ချစ်ခင်ဖွယ်ကောင်းသောသူ တစ်ယောက် ဖြစ်လာနိုင်သည်။ သူသည် မိသားစုနှင့်မိတ်ဆွေများအပေါ် အမှန်တကယ်ချစ်ခင်တတ်၍ သစ္စာလည်းရှိသည်။ သို့သော် မည်သူမျှ သူ၏အလုပ်ကို ထိပါးနိုင်ခြင်း မရှိခဲ့ချေ။ အလုပ်သည်သာ နပိုလီယံ၏ဘဝတွင် ပထမဖြစ်သည်။ နပိုလီယံသည် အာဏာရှင်ဖြစ်သည်။ မင်းဆိုးမင်းညစ်ဖြစ်သည်။ သို့သော် လူထု၏အာဏာဖြင့်သာ နိုင်ငံကိုအုပ်ချုပ်နိုင်သည်ဟု ယုံကြည်သော သူလည်း ဖြစ်ခဲ့ပြန်သည်။ သူသည် အသိအမြင်ပွင့်လင်းသော မဟာခံသင့်သည့် ဧကရာဇ်တစ်ပါးဖြစ်သည်။ ပြင်သစ်အတွက် လိုအပ်သော အဖွဲ့အစည်း

များကို ထူထောင်ပေးခဲ့သည့်အပြင် ဥရောပတွင်လည်း လိုအပ်သောအဖွဲ့ အစည်းများ ဖြစ်ပေါ်စေခဲ့သည်။ ဥရောပတွင် တူညီသော တရားဥပဒေအတွက် အခြေချပေးခဲ့သည်။ စစ်ရေးနှင့်ပတ်သက်၍လည်း ပါရမီရှင်တစ်ဦးဖြစ်သည်ဟု အများက လက်ခံကြသည်။

နပိုလီယံသည် ဤဆောင်းပါးရှည်ကြီးများ၏ အစောပိုင်းက ဖော်ပြခဲ့သော သမိုင်းတွင် ထင်ရှားခဲ့သည့်သူလေးဦးနှင့် ခေတ်ချင်း စနစ်ချင်း အဖြစ်ချင်း မတူဟုဆိုနိုင်သော်လည်း ချစ်သူမုန်းသူများသည့် နေရာတွင်မူ တူလှပါသည်။ ထိုသို့တူနိုင်ရန် ထက်မြက်သည်၊ ရဲရင့်သည်၊ စွန့်စားသည်၊ ကြိုးစားသည်၊ အများ၏ကောင်းကျိုးအတွက်လည်း လုပ်ပေးနိုင်ခဲ့သည်၊ သူတို့၏လုပ်ဆောင်ချက်များသည် သမိုင်းစဉ်တွင် ပေါ်ပေါက်ခဲ့သော အပြောင်းအလဲများစွာက ပျက်အောင်မဖျက်နိုင်သဖြင့် ဥဒါန်းတွင်၍ ကျန်ရစ်သည်။

ဖော်ပြခဲ့သည့်ကောင်းကွက်များအပြင် ထက်မြက်ရုံမက ရက်စက်သည်၊ ဉာဏ်ကြီးရုံမက လှည့်စားတတ်သည်၊ သူတစ်ပါး ကောင်းကျိုးကို ဆောင်နိုင်ရုံမက သူ့အတွက်လည်း များစွာရအောင်ယူတတ်သည်။ သတ္တိရှိသည်ဟုဆိုရာတွင် အလျှော်အစားကို မကြောက်သော လောင်းကစားသမားကဲ့သို့ ကျင့်တတ်သည်စသည်ဖြင့် အပြစ်တင်စရာလည်း များလှသည်။

နပိုလီယံသည် သမိုင်းဘီးကို နောက်ပြန်ဆွဲရာတွင် အဆွဲလွန်သဖြင့် သမိုင်းဘီးညှပ်ကာ ပျက်စီးခဲ့သော သူတစ်ဦးဖြစ်သည်။ သူတစ်ဦးတည်း၏ အမည်သည် ထင်းနေအောင်ကျန်ခဲ့သော်လည်း သူ့အတွက် လိုလားစွာ အသက်စွန့်ရသူ အတင်းအကျပ်စေခိုင်းသည်တို့ကို ဆောင်ရွက်ရသဖြင့် သေကျေကြသူများကား စာရင်းပျောက် အင်းပျောက်ဖြစ်နေ၍သာ မသိနိုင်ပြီ။ မည်သို့ဆိုစေ နပိုလီယံသည် ချစ်ထိုက်သလို လွန်စွာမှလည်း မုန်းထိုက်သူတစ်ဦးအဖြစ် ခေတ်ပြိုင်လူအများ၏ စိတ်နှလုံးတွင်သာမက ဘဝထဲအထိပါ နက်နက်နဲနဲ စူးဝင်ထိရှ၍ ကျန်ရစ်ခဲ့သည့်သူတစ်ဦးဟု ရဲရဲဝံ့ဝံ့ကောက်ချက်ချနိုင်ပါသည်။ ။

ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)

## ကျမ်းကိုးများ


1. Cryorstal, David. (Editor), 1999. The Cambridge Paperback Encyclopedia. New Delhi:The Cambridge University Press.
2. Davies, H. A. 1959. An Outline History of the World. Great Britain. Oxford University Press.
3. Hayes, Carlton J. and Parker Thomas Moon., 1952. Modern History. New York. The Macmillan Company.
4. Kennedy, Paul, 1987. The Rise and Fall of the Great Powers. New York. Random House.
5. Majumdar,R.C., H.C. Raychaudhuri and Kalikinkar Datta, 1965. An Advanced History of India, New York. ST Martin's Press.
6 Moncrieff, A. R.. Hope, European History: Great Leaders & Landmarks from Early to Modern Times. Volumn 1.(No Publishing Date) London. The Gresham Publishing Co. LTD.
7. Nehru, Jawaharwal.1960. The Discoyery of India. Fourth Edition. Asia Publishing House.
8. The Dorling Kindersley Children's Illustrated Encyclopedia.1997. London.Slovakia.
9. Encyclospedia Britanica Delux Edition 2005.CD-Rom.
10. Mcrosoft (r) Encarter, Reference Library 2004.
11. Oxford Children's Encyclopedia.6, 1999,Spain, Oxford University Press.
12. The World Book Encyclopedia, Volumes 1 to 10. 1994. World Book, Inc.

## ဒေါက်တာမတင်ဝင်း၏ ထုတ်ဝေပြီးစာအုပ်များ

၁။ ရာဇဝင်ထဲက မိန်းမသား
၂။ နိုင်ငံတကာစစ်မီးလျှံများ၏သမိုင်းအစ
၃။ ထင်ရှားသောကမ္ဘာ့သူ့ခမိန်များ
၄။ လက်နိပ်စက်နှင့် မျက်နှာချင်းဆိုင်ထိုင်နေတဲ့မိန်းမ
၅။ မြည်းတစ်ကောင်နှင့်မတင်ဝင်း
၆။ မှတ်သားဖွယ်သောစကားများ
၇။ သမီးကိုပြောပြမြစ်သောပုံပြင်များ
၈။ မေမေပြောတဲ့ရှေးရှေးစကား
၉။ ဘိုးဘိုးအောင်၏ဝလုံးလေးများ
၁၀။ စစ်သူကြီးများ စစ်ဘုရင်များ
၁၁။ မင်းယောကျ်ား မင်းမိန်းမများ
၁၂။ သမိုင်းစဉ်တွင် နေရာယူခြင်း
၁၃။ လူငယ်များနှင့် စကားပြောခြင်း
၁၄။ ပလုတ်တုတ်ပုံပြင်များ
၁၅။ မင်းကျန်စစ်ကိုချစ်တဲ့သူများ
၁၆။ ဇာတ်နဲ့အစဉ်အလာ
၂၇။ အလုပ်ဆိုတာအင်အားပါ
၁၈။ အလုပ်နဲ့ဘဝကိုတည်ဆောက်ခြင်း
၁၉။ ကြီးပွားသူ ထူးချွန်သူနှင့်အလုပ်
၂၀။ အောင်မြင်ခြင်း ပျော်ရွှင်ခြင်းနှင့် မိသားစု
၂၁။ လူတို့ဇာတ်တွင် ဝင်စားခြင်း
၂၂။ လွတ်လပ်ပေါ့ပါးသောစိတ်ထားရှိပါစေ
၂၃။ သားနဲ့မိဘ
၂၄။ ငယ်ငယ်ကကြားခဲ့ဖူးတဲ့မိန်းမများအကြောင်း
၂၅။ ဝဋ်ဆိုတာလည်တတ်တဲ့သဘောရှိတယ်
၂၆။ ဒါလေးကို ဖတ်ကြည့်ပါဦး
၂၇။ အတွေးပါသောဇာတ်ကြောင်းများ
၂၈။ အောင်ဟိတ်နဲ့လူ
၂၉။ ဘုံအနှမ်းမှ လူဆန်းများ
၃၀။ အလှရတနာသိုက် မွှေ့လိုက်စမ်းမယ်
၃၁။ ကိုယ်ပဲလူကြီး ကိုယ်ပဲကလေး
၃၂။ လောကကို ဆရာတင်၍
၃၃။ မပျက်စီးအောင် ဒါတွေရှောင်
၃၄။ အတွေးမိုးစက်များ
၃၅။ ကြည်စင်ပွင့်လင်းသောစိတ်အထာဖြင့်
၃၆။ ပညာလိုလျှင်ပိုမြူမျှစ်တယ်
၃၇။ စကားနင်းပွင့်များ
၃၈။ လက်ဆင့်ကမ်းရတနာ
၃၉။ ပုလဲတစ်လုံး ရွှံတစ်လုံး
၄၀။ ထက်မြက်ထူးချွန်သူတို့၏ နှုတ်ထွက်စကားများ
၄၁။ ရေကြည်ချမ်းမြ
၄၂။ သမီးလိမ္မာမရှာ
၄၃။ ကြည်ညိုဖွယ်ရာမာတာများ
၄၄။ မုံသက္ကာအတွေးများ
၄၅။ ကုန်းဘောင်ကိုဆန်၍
၄၆။ ကမ္ဘာအနှံ့ပတ်ကြမယ်
၄၇။ သားလိမ္မာလှ သုဝဏ္ဏ
၄၈။ ပုံပြင်ကြိုက်သူ ဝင်စားသူ
၄၉။ ဓိတကနှင့်ကိုယ်ပိုင်ဂုဏ်
၅၀။ အဖေနဲ့အမေ
၅၁။ မင်းဆယ်ပါးရာဇဝင်
၅၂။ လူ့စွမ်းကောင်းများ
၅၃။ ရာဇဝင်ပုံရိပ်များ
၅၄။ သံယောဇဉ်ရုပ်သွင်များ
၅၅။ ဇာတ်တော်လာဆင်များ
၅၆။ နိုင်ငံနှစ်ဆယ် မြို့နှစ်ဆယ်
၅၇။ ဇာတ်လိုက်
၅၈။ မဟာသဓေသုခမိန်၏ပြဿနာများ
၅၉။ မနေ့မှသဘောတွေ့များ
၆၀။ အာရှနိုင်ငံများကို ဖုံးယူသိမ်းယူခဲ့ကြသည့် နယ်ချဲ့များ
၆၁။ အောင်ရာအောင်ကြောင်း ကောင်းသည့်စကားများ
၆၂။ မင်းယောကျ်ားတို့ရဲ့ စကားရာဇဝင်
၆၃။ ရှင်ခြင်းနှင့်သေခြင်းကြားမှ ကျွန်မတို့တစ်တွေ
၆၄။ သပြေညိုအောင်ပန်း ကမ်းလိုက်ပါတယ်
၆၅။ ဆရာကိုချစ်လျှင် စာကိုချစ်သည်
၆၆။ ရေနံစွမ်းအင် ပထမကမ္ဘာစစ်တွင်းသို့ ဝင်ခဲ့ပြီ
၆၇။ မိမိကိုယ်ကို သတ်သေသူများ
၆၈။ အားပေါတဲ့ ဧတနာစကားများ
၆၉။ သစ်ပင်စိုက်စမ်း ချစ်စမ်းစေချင်
၇၀။ လှပချင်ရင် စိတ်ကိုလည်းပြင် ရုပ်လည်းပြင်ပါ
၇၁။ ဘယ်လိုလုပ်ရမ့်
၇၂။ ချစ်ပန်းပွဲတင်
၇၃။ စာပေထဲမှ ရတနာများ
၇၄။ ကိုယ်ရည်ကိုယ်သွေး
၇၅။ ကိုယ်တွေ့နဲ့နော ပြောချင်တဲ့အကြောင်းကလေးတွေ
၇၆။ ချစ်သူ မုန်းသူများသည် ကျော်ကြားသူများ

စာအုပ်များစုဝေးရာ



# ချစ်သူ မုန်းသူ များသည့် ကျော်ကြားသူများ

ဒေါက်တာမတင်ဝင်း

(ပညာရေးတက္ကသိုလ်)